www.burmeseclassic.com

ရွှေပဒေသာစာပေ

# ပပသဒ္ဒါမောင်

## ရင်ကိုရိုက်ချိုး ရက်တဲ့မောင်

အချစ်

လုံးချင်းဝတ္ထုသစ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မမသဒ္ဒါမောင်

## ငွေကိုရှက်ချိုးရကြတဲ့

မောင်

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၂၇၅၁၀၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၂၄၇၁၀၁၁ |
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊<br>၂၀၁၂၊ ဖေဖော်ဝါရီ။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂)<br>ရွှေဥစာပေတိုက်<br>တိုက် ၄။ အခန်း ၁၀၊<br>ပြည်တော်သစ်ရိပ်သာ၊<br>ပုဇွန်တောင်၊ ရန်ကုန်။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၀၀)<br>ရွှေပဒေသာအော့ဖ်ဆက်<br>အမှတ်(၃၃)၊ ကျိုတော်လမ်း<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်။ |
| ဖြန့်ဈေး | - | ၁၆၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

မမသန္တါမောင် ၈၉၅.၈၃

ရင်ကိုရိုက်ချိုးရက်တဲ့မောင် / မမသန္တါမောင် ။ – ရန်ကုန်

ရွှေဥစာပေ ၊ ၂၀၁၁ ။

၃၈၀ – စာ ၊ ၁၂.၇ × ၁၈ စင်တီ ။

(၁) ရင်ကိုရိုက်ချိုးရက်ထဲ့မောင်



'ချစ်တယ်'ဆိုတဲ့စကားလုံးကို နှုတ်ဖျားက ပေါ့ပေါ့တန်တန်ပြောထွက်ခဲ့တာ မဟုတ်ရပါဘူး…ရင်တွင်းမှာ ရှိနေတဲ့နှလုံးသားက နက်နက်ရှိုင်းရှိုင်းခံစားပြီးမှ ထုတ်ပြောပြခဲ့တာမျိုးပါ'မောင်'…

'အချစ်'ဆိုတာ ဘာသာပြန်လို့ရတာမျိုးမဟုတ်သလိုအခြေရှိနေတဲ့ ခပ်လွယ်လွယ်ပုစ္ဆာမျိုးလည်း မဟုတ်ပါဘူး…နှိုင်းယှဉ်လို့မရ၊ တိုင်းတာလို့မတန်တဲ့'စ'မျိုးနဲ့ 'မောင့်' အပေါ်မှာ နှင့်နှင့်သည်းသည်း ချစ်မြတ်နိုးခဲ့မိတာပါကွယ်…

ဝမ်းနည်းကြေကွဲမှုတွေနဲ့ကြုံခဲ့ရင် 'မောင့်'ကိုယ်စားကျွန်မသာ မျက်ရည်ကျပါရစေ…ဝမ်းသာကြည်နူးမှုနဲ့ ကြုံရင်တော့ 'မောင်'ကိုယ်တိုင် ပြုံးပါလေ…

နာကျင်ခါးသည်းရတာမျိုးနဲ့ကြုံရင်တော့ ဒါတွေကို 'မောင့်'ကိုယ်စား ကျွန်မပဲ ရင်ဝယ်ပိုက်ပြီး သိမ်းဆည်း ခံစားပေးပါ့မယ်…

'မောင့်'မျက်နှာ တစ်ချက်ညှိုးတာမျိုးကို မလိုလားသလိုအစဉ်အမြဲလန်းဆန်းပြုံးပျော်နေတာမျိုးကိုပဲ ကျွန်မက မြင်ချင်ပါတယ်…



www.burmeseclassic.com

www.burmeseclassic.com



စာနာမှုများစွာ...နားလည်ခြင်းများစွာနဲ့ အသက်တမျှချစ်မိခဲ့တဲ့ ကျွန်မရဲ့ရင်ကို 'မောင်' ရက်ရက်စက်စက်ရိုက်ချိုးပြီး အမုန်းတွေ ဖန်ဆင်းပေးလိမ့်မယ်လို့ လုံးဝမမျှော်လင့်ခဲ့မိတာ အမှန်ပါပဲ...

'နာကြည်းခြင်း' ဆိုတဲ့စကားလုံးကို ကျွန်မ တတ်မြောက်အောင် 'မောင်'သင်ပေးခဲ့ပြီးတဲ့နောက် ဟင်းလင်းပွင့်ကျန်ရစ်ခဲ့ရတဲ့ ကန္တာရရင်ခွင်ကျယ်ထဲမှာ ခြောက်သွေ့နေတဲ့နှလုံးသွေးစက်အစအနလေးတွေသာ ကြွင်းကျန်ရစ်ခဲ့တာလေ...

'မျက်ရည်'ဆိုတာကမှ ဒီဘဝမှာ ကျွန်မရဲ့ထာဝရလက်တွဲရမယ့် အဖော်မွန်မှန်း သိရှိပြီးတဲ့နောက် ကမ္ဘာကြီးတစ်ခုလုံး ကွယ်ပျောက်သွားခဲ့ရတာ အမှန်ပါ'မောင်'ရယ်...

လွန်းနန္ဒာအောင်



## အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com



**Please,**

**Don't break my chest!**

ကျေးဇူးပြု၍…

တို့ရင်ကို မရိုက်ချိုးပါနဲ့…



## အခန်း (၁)

Hotel ဝင်းထဲသို့ ကားကိုချိုးဝင်လိုက်ပါ၏။ ကွန်ကရစ်ခင်းထားသည့် လမ်းတစ်ဖက်တစ်ချက်စီမှာ စိုက်ထားသည့် ရေတမာပင်တို့၏ အုပ်မိုးမှုကြောင့် နေပျောက်မထိုးအောင် လမ်းကို အရိပ်ရစေပြီး အေးစိမ့်နေလေသည်။ ခပ်ကျဲကျဲချထားသည့်အလှပန်းအိုးများမှ ပန်းအစုံတို့ကလည်း အစီအရီပွင့်လန်းနေကြပါ၏။

ကားပါကင်မှာ ကားကိုရပ်လိုက်သည်နှင့် အပြေးအလွှား ရောက်လာသည့်ဝန်ထမ်းလေးထံသို့ ကားသော့ကို ဖျတ်ခနဲပစ်ပေးလိုက်ပါသည်။ ခုတော့, ညီ့သည်တွေ ကားရပ်ဇရာနေရာ



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်ပါက သူမ၏ကားကို တစ်နေရာရာမှာ ရွှေ့ပေးလို့ရရန် လိုလိုမယ်မယ် အပ်ထားခြင်းဖြစ်လေသည်။

ကားရပ်ခဲ့ရာနေရာမှ တစ်လှမ်းချင်း လျှောက်လာခဲ့ပြီး Hotel ၏အပြင်ပန်းအခြေအနေတို့ကို မျက်လုံးဝေ့ကြည့်သည့် အလုပ်ကိုလည်း မမေ့မလျော့၊ လှမ်းနေသည့် ခြေလှမ်းတို့ကလည်း အလျှောက်မပျက်။ Doorman ရပ်စောင့်နေသည့် မှန်တံခါးရှေ့မှာ ခြေစုံရပ်လိုက်စဉ် အတွင်းမှဝန်ထမ်းတွေ လှုပ်လှုပ်ရှားရှားဖြစ်သွားကြလေ၏။

"လာပြီ, လာပြီ. . . အားလုံးသတိ"

တီးတိုးသတိပေးလိုက်သည့်ထင့်၊ Reception ကောင်တာရှေ့မှာ စီတန်းရပ်လိုက်သည့် ညှိကြိုဝန်ထမ်း, Cleaning, House Keeper နှင့် Supervisor အသီးသီးက ခပ်တောင့်တောင့်လေးဖြစ်နေကြလေ၏။ Kitchen မှလွဲ၍ ဝန်ထမ်းအားလုံး စုံနေတာမှန်း, ကြည့်ရုံနှင့် သိစေပါသည်။

မှန်တံခါးကို တွန်းဖွင့်ပေးလိုက်သည်နှင့် ကြွေပြားခင်းကြမ်းပြင်ထက်မှာ ရှူးဖိနပ်သံ တဒေါက်ဒေါက်မြည်လာလေ၏။





သူမ,မျက်မှန်ကို တစ်ချက်ပင့်တင်လိုက်စဉ် ဝန်ထမ်းတို့၏မျက်လွှာက အလိုလိုချသွားပါသည်။ ခက်တာပဲ. . . 'လွှန်း'ကို ဝန်ထမ်းတွေ ရှိန့်ကြောက်ကြီးဖြစ်နေကြတယ်ထင်ပါရဲ့။

အသက်ရှူသံမျှပင် မကြားရသည့် ညှိခန်းဆောင်ထဲသို့ တစ်လှမ်းချင်းဝင်ခဲ့လျက် ကောင်တာပေါ်တွေကို လက်ညှိုးဖြင့် အစမှဆွဲ၍ ဆွဲသုတ်လျှောက်လာစဉ် Reception Supervisor မိုးမိုးသူမျက်နှာက ဆီးရွက်လောက်သာ ရှိတော့၏။ ဖုန်တစ်စက် ကိုင်မိတာနဲ့ အသက်ထွက်မတတ် ကြောက်ရလွှန်းသည်ကိုး။

"မိုးမိုးသူ"

"ရှင်. . . မမ"

"ဒီအလုပ်နံအိုးက မနေ့ကတည်းက မဟုတ်လား။ ဘာဖြစ်လို့ မလဲသေးတာလဲ"

"ဟို, သစ်ခွက် မညှိုးသေးတာနဲ့"

"မလိုချင်ဘူး, နေ့စဉ် ညှိသည်အဝင်အထွက် ရှိနေတာ. . . ဒါကိုသတိထားမိသွားရင် ဘာပြောကြမလဲဆိုတာ မင်း



www.burmeseclassic.com

www.burmeseclassic.com



မစဉ်းစားမိဘူးလား။ ချက်ချင်းလဲပါ"

"ဟုတ်ကဲ့ပါ မမ"

Tissue Paper ဖြင့် လက်ကိုသုတ်ရင်း ဝန်ထမ်းတွေ နှစ်တန်းစီထားသည့်ကြားထဲသို့ ပြန်လျှောက်လာခဲ့၏။ ပထမ ကောင်တာကို သုတ်သွားကတည်းက တစ်ခြမ်းကိုကြည့်ပြီးပြီမို့ အခု နောက်တစ်ခြမ်းကြည့်ပြီးရင် ပြင်စရာလူကို မြင်တော့မှာလေ။

"မင်း၊ ဆံပင်ရှည်နေတာကို ညှပ်ပါ. . . ဒီ Hotel က ဝန်ထမ်းတွေကို စည်းကမ်းသေဝပ်ပြီး Smart ကျတဲ့ Style မျိုးပဲ ရှိစေချင်တယ်။ ခေတ်လူငယ် Style မျိုး ထားချင်တာကို ခွင့်ပြုပေမယ့် မိုးထောင်တာတွေ အမြီးချွန်တာတွေ ကုတ်ထောက်တဲ့ဆံပင်မျိုး ခွင့်မပြုဘူး။ ဒါကိုမှမလိုက်နာနိုင်ရင် ဒီ Hotel ဝန်ထမ်းလာမလုပ်နဲ့။ ငါပြောတာ နားလည်လား"

"ဟုတ်ကဲ့ပါ၊ မနက်ဖြန် ဒီပုံစံမဖြစ်စေရတော့ပါဘူး"

"ကောင်းပြီ၊ မင်း၊ မိန်းကလေးတွေ အလုကြိုက်တာကို နားလည်ပေးနိုင်ပေမယ့် ဒီလိုနှုတ်ခမ်းဆိုးဆေး ရဲနေအောင်





ဆိုးတာကို ပိတ်ပင်ထားမှန်း မင်းမသိဘူးလား"

"ရှင်!"

"စည်းကမ်းချက်တွေ မသင်ပေးထားဘူးလား မိုးမိုးသူ"

"သင်ပေးထားပါတယ် မမ"

"ဒါတောင် မင်းလက်အောက်က အငယ်တွေက ဘာလို့ မလိုက်နာသလဲ"

အားလုံး တောင့်ခနဲဖြစ်သွားကြပါ၏။ Hotel ပိုင်ရှင်ကို ဤမျှမကြောက်ရပါဘဲ ပိုင်ရှင်လက်လွှဲပေးထားတဲ့ ဒီမန်နေဂျာကို အသေကြောက်ရတာလေ။ မျက်နှာလေးက လှပါလျက်နဲ့ အမြဲတည်နေတာ၊ မျက်လုံးတို့က ရင်ထဲဖောက်ဝင်လာတယ်လို့ ထင်ရအောင် စူးရှတောက်ပလွန်းတာကို။

အသံက ချိုပါလျက်နှင့် တမင် မာမာဆတ်ဆတ်ပြောတတ်ပြီး ထွက်လာသမျှစကားလုံးတို့က တစ်ဖက်သား ရင်အောင့်စဖွယ် အလုံးအကြီးကြီးတွေကို။ ဆံပင်တိုတို တိုကပ်ကပ်ကို ယောက်ျားလေးပုံစံ ဖမ်းထားပြီး လှပလွန်းတဲ့မျက်နှာထက်မှာ ကိုင်းမည်းမည်း ဝန်းရံထားသည့် မျက်မှန်ကြောင့် ရှိရင်းစွဲအသက်



www.burmeseclassic.com

www.burmeseclassic.com



ထက် ပိုရင့်နေသယောင်။

ဝတ်ထားရော. . . ရှပ်ပုံစံ blouse. . . ဖြောင်တွေကို အောက်က Style Pants တွေနှင့်သာ တွဲဝတ်ကာ ယောကျ်ား လေးရှူးတွေသာ ဝတ်တာမို့ မိန်းမဆန်ဆန် နွဲ့နွဲ့နှောင်းနှောင်း တစ်စက်လေးမှမရှိ။ သူမလက်ထဲမှာ ဒီနေ့လုပ်ရမည့်စာရင်းမှတ် Note Book ခပ်လတ်လတ်နှင့် Hand Phone သာရှိပြီး မည်သည့် မိန်းမအသုံးအဆောင်ပစ္စည်းမျှ မကိုင်ချေ။

ဤသို့ဤသို့သော မန်နေဂျာမမကို ရှေ့တင်ရော ကွယ်ရာမှာပါ အတင်းမပြောရဲအောင် ကြောက်ရလန့်ရသည်ကိုး။

"နောက်တစ်ယောက်, မင်း. . . ဒါ Hotel ဆိုတာ သိရဲ့လား"

"သိ. . . သိပါတယ်"

"သိတယ်ဆိုရင် ဒီလိုအပွသည်ပုံစံမျိုး ဆံပင်ဖားလျား နဲ့ အလုပ်လာမဆင်းနဲ့။ ဒါ Model တွေ Catwalk လျှောက်ရတဲ့ Stage မဟုတ်ဘူး။ ဆံပင်ကို အတိုထားရင်ထား, မထားရင် သေသေသပ်သပ်ထုံးရမယ်ဆိုတာ မင်းတို့ကို အလုပ်စခန့်





ကတည်းက စည်းကမ်းချက်စာရွက်ထဲမှာ ထည့်ထားပြီးသား။ အဲဒါကိုမမြင်ရအောင် မင်းမျက်လုံး ကန်းနေသလား"

"သမီး ခေါင်းလျှော်လာလို့ပါ"

"မလိုချင်ဘူး, ခေါင်းလျှော်ထားလည်း ခြောက်အောင်သုတ်ပြီး ထုံးရမှာပေါ့။ နီနီရှိန်. . . ငါ့ကို Complain တက်မယ်မကြံနဲ့။ ပြီးတော့ ဒေါက်. . . ဒေါက်စီးရင် လူကိုအန္တရာယ်ဖြစ်နိုင်တဲ့အမြင့် မစီးရလို့ Rule ထဲမှာ ပါမှန်း မင်း သိကိုသိရမယ်။ ဘာလဲ. . . မင်းက တခြား Staff ထက် ထူးပြီး အကဲစမ်းတာလား. . . ဟုတ်လား"

"မဟုတ်. . . မဟုတ်ပါဘူး"

"မဟုတ်ရင် ဆင်ခြင်ပေါ့, ပြင်ပေါ့၊ ဒီလိုတွေ နေ့တိုင်း ငါမပြောနိုင်ဘူး။ ဒီသေးသေးမွှားမွှားကိစ္စတွေ လိုက်ပြောနေရရင် ငါတကယ်လုပ်ရမယ့်အလုပ်ချိန်ကို ထိခိုက်တယ်ဆိုတာ သိသင့်ကြတာပေါ့။ နောက်ကို ဒီလိုလုံးဝမပြောရပါစေနဲ့။ ဟိုချာတိတ်! ရှပ်အကျီကြယ်သီးကို စုံအောင်တပ်ပြီးမှ bow ကိုတပ်ပါ။ နောက်တစ်ခါ စည်းကမ်းသတ်မှတ်ချက်နဲ့ ငြိစွန်းရင် အမေးအမြန်းမရှိ



www.burmeseclassic.com

www.burmeseclassic.com



အထုတ်ပဲ။ ဒါ Last Warning...အားလုံး နားလည်လား''

''ဟုတ်ကဲ့''

''duty ဝင်နိုင်ပြီ၊ မိုးမိုးသူ, ရှစ်နာရီခွဲတိတိ 'မ'ရုံးခန်းကို လာခဲ့ပါ''

''ဟုတ်ကဲ့ပါ မမ''

ဝှူးခနဲသက်ပြင်းမှုတ်လိုက်ကြသလို အခုမှပဲ အသက်ဝဝရှူနိုင်တော့တာလေ။ အားလုံး ကိုယ့်နေရာ ကိုယ်တာဝန်ယူရန် ရွေ့သွားကြသလို သူမခြေလှမ်းတို့က Hotel နောက်ဘက်ပိုင်း Bakery နှင့် Kitchen ဆောင်ဘက် လျှောက်သွားပါ၏။

> **လမ်းဘေးက ကျောက်ခဲလေးကို ကောက်ယူခဲ့တာ ကိုယ့်လက်ထဲကကျောက်ခဲကို အဖိုးတန်ကျောက်လေးဖြစ်စေချင်သလား... လမ်းခင်းတဲ့ ကျောက်စရစ်ခဲပဲ ဖြစ်စေချင်မလား ခဥ်းစား...**

နားထဲကြားယောင်မိသည့်အသံကြောင့် အပြုံးတစ်ခုက





မျက်နှာထက် လုစ်ခနဲပေါ်လေ၏။ ဟုတ်ပါတယ်. . . 'လွှမ်း'လို လမ်းဘေးက ကျောက်ခဲလေးကို 'ဦးကျော်'သွေးပေးခဲ့လို့ ကိုယ့်ကိုယ်ကို တန်ဖိုးရှိလာအောင် နေထိုင်တတ်ခဲ့တာပါ။ ဘယ်သူမှ မလိုချင်တော့လို့ ပစ်ထားခဲ့တဲ့ကျောက်ခဲလေးကို ဦးကျော်သာ မကောက်ယူခဲ့ရင် ဒီလောကကြီးမှာ 'လွှမ်းနန္ဒာအောင်'ဆိုတဲ့ အမည်နဲ့ ကောင်မလေးတစ်ယောက် ရှင်သန်နိုင်မှာ မဟုတ်တော့ပါဘူးလေ။

''မန်နေဂျာလာပြီ''

သတိပေးသံသဲ့သဲ့ ကြားလိုက်ရပြီး Bakery အဝမှာ ဝန်ထမ်းတွေ စီတန်းရပ်လိုက်ကြလေ၏။ လွှမ်းမှာများ Alum ပေးတဲ့စက် တပ်ထားလို့လား။ လွှမ်း ရောက်လာတာနဲ့ အားလုံး သတိအလိုလိုဆွဲထားပြီးသား ဖြစ်နေကြတာလေ။

''Breakfast နဲ့ပတ်သက်ပြီး ပြဿနာဖြစ်တာများ ရှိလား ဦးကောင်းဇံ''

''မရှိပါဘူး မမ''

''မုန့်ဖိုတွေကို ဂရုစိုက်ပါ။ မုန့်တွေထဲမှာ ဘယ်လိုအပြစ်



www.burmeseclassic.com

www.burmeseclassic.com



အနာအဆာမှ မရှိပါစေနဲ့"

"ဟုတ်ကဲ့ပါ"

"ဝန်ထမ်းတွေရဲ့တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ အထူးသဖြင့် Glove (လက်အိတ်)တွေ သုံးဖို့မမေ့ပါနဲ့။ Cap ဆောင်းတဲ့အခါ ဆံပင်တွေကိုလုံအောင် အုပ်ပြီးသားဖြစ်ပါစေ"

"ဟုတ်ကဲ့ပါ"

"ဒီနေ့ Special Snacks က ဘာလဲ"

"Special Sandwish...ပါ မမ"

"အသားကောင်းရရဲ့လား"

"ရပါတယ် မမ၊ လာပို့ပေးတဲ့လူက လတ်လတ်ဆတ်ဆတ်အသားမျိုးပဲ လာပို့ပေးတာပါ"

"လိုတာရှိရင်ပြောပါ"

"ဟုတ်ကဲ့ပါ"

ခေါင်းကို ဆတ်ခနဲညိတ်ပြလိုက်ပြီး အသာပြန်လှည့်လာခဲ့ပါ၏။ Kitchen ထဲမှာ စတင်ချက်ပြုတ်နေပြီမို့ အနံ့အသက်တွေက လွင့်လာပါ၏။ အိတ်ကပ်ထဲမှလက်ကိုင်ပဝါကိုထုတ်ပြီး





နှာခေါင်းနှင့်ပါးစပ်ကို အုပ်ထားလိုက်မိသည်။ လွန်းက ဒီလိုအနံ့တွေရရင် ခေါင်းနောက်တတ်သည်လေ။

"ဪ, မမ"

"နေ,နေ, ကိုမင်းသူ၊ အလုပ်သမားတွေ အလုပ်မပျက်ပါစေနဲ့၊ ဆက်လုပ်ကြပါ"

Kitchen Supervisor ကို လက်ကာပြကာ ချက်ပြုတ်နေသည့်ကြားထဲသို့ ခပ်မြန်မြန်ဖြတ်လျှောက်ကာ ကြည့်ခဲ့ပါ၏။ အလုပ်သမားတွေ သေသေသပ်သပ်နှင့် သန့်သန့်ရှင်းရှင်းလုပ်ကိုင်နေတာကို စစ်ဆေးပြီးမှ ပြန်ထွက်လာခဲ့ပါသည်။

"Room service အခြေအနေသိချင်တယ် မိုးမိုးသူ"

"ရှိပါတယ် မမ"

ညွှဲဆောင်ရောက်သည်နှင့် အသံပေးလိုက်တာမို့ မိုးမိုးသူက ကောင်တာနောက်မှာ ရှိနေရာမှ အမြန်ခပ်သွက်သွက်ထွက်လိုက်လာခဲ့ရတော့၏။ (၈)နာရီခွဲတိတိ ရုံးခန်းကိုလာခဲ့လို့ ပြောထားတာမို့ လက်မှနာရီကို ကြည့်လိုက်မိလေသည်။

ကြည့်စမ်း!. . . သူမတို့မှန်နေဂျာ အချိန်မှန်းထားတာ



www.burmeseclassic.com

www.burmeseclassic.com



ကွက်တိပါပဲလား။ အခုပဲ (၈)နာရီခွဲရန် (၅)မိနစ်သာ လိုတော့တာ
လေ။

❒❒❒



## အခန်း (၂)

"ပြဿနာတစ်စုံတစ်ရာ ရှိသေးလား"

"နည်းနည်းတော့ ရှိပါတယ် မမ"

"ဘယ်အခန်းတွေကလဲ"

"နှစ်လွှာက (101) မှာတည်းတဲ့ Guess ပါ"

"လာပြန်ပြီလား One O One..."

"ဟုတ်ပါတယ်၊ Foreigner တွေက အေးဆေးပါပဲ။
ဒီက လူမျိုးခြားတွေပဲ အမြဲပြဿနာရှာတတ်တာပါ"

File တွေစစ်ကာ လက်မှတ်ထိုးပေးလိုက်ပါ၏။ ခုဒီ



www.burmeseclassic.com

www.burmeseclassic.com



Room No. (101) က အမြဲ ပြဿနာသမားတွေ လာတည်းတတ်တာလေ။ View ကလည်း ကောင်း၊ နေရာကလည်း ကျ၊ နေရောင်လည်းရသည့် ထိုအခန်းကို ဌေ့သည်တိုင်း အမြဲလိုကြပါ၏။ အရမ်းအမြင့်ကြီးလည်းမဟုတ်တာမို့ လာတည်းသည့်ဧည့်သည်တိုင်း နှစ်သက်ကြသလို အမြဲပြဿနာရှာတတ်သည့် လူတွေပဲ တည်းကြတာ များလေသည်။

"အခု ဘာပြဿနာရှာပြန်ပြီလဲ"

"အခန်းထဲမှာ ဆေးလိပ်သောက်ပြီး ပြာတွေကို စည်းကမ်းတကျမထားဘူး။ စားသောက်စရာတွေကိုလည်း အဲဒီလိုပစ်စလက်ခတ် ထားတတ်တယ်။ အဲဒီအခန်းကို ဘယ်ဝန်ထမ်းမှ တာဝန်မယူချင်ကြဘူး။ နောက်ပြီးတော့ ပေးထားတဲ့ Service Cost ထက် ပိုပြီးလိုချင်တယ်။ ရေနွေးဘူး ထည့်ပေးထားတာကို နောက်ထပ်ယူရင် ဒေါ်လာ,ထပ်ပေးရမယ်ဆိုတာ သိသိကြီးနဲ့ အလကား ထပ်တောင်းတာ၊ ပြောလို့ကိုမရဘူး မမရဲ့"

တရှည်တလျား ရှင်းပြနေသည့် မိုးမိုးသူစကားကြောင့် သက်ပြင်းကို ရှိုက်လိုက်မိပါ၏။





**စိတ်ရှည်ပါ...စိတ်ရှည်တဲ့လူဟာ စိတ်မြန်တဲ့လူထက် ပိုပြီး တိကျပြတ်သား မှန်ကန်တဲ့ဆုံးဖြတ်ချက်ကို ချနိုင်တယ်...**

ရှည်ရတော့မှာပေါ့. . . မရမက ဆွဲဆန့်ပြီး တတ်နိုင်သလောက် ရှည်ရှည်ထားရတော့မှာလေ။ ဒီ Hotel ကို တာဝန်ယူရကတည်းက သူမရဲ့စိတ်တွေကို အတတ်နိုင်ဆုံး ရှည်အောင်ထားနေရတာပါပဲ။

"အဲဒီ့အခန်းကို ယောကျ်ားလေးဝန်ထမ်းကိုပဲ တာဝန်ပေးပါ မိုးမိုးသူ။ မိန်းကလေးတွေ မထားမိစေနဲ့။ ပြဿနာမဖြစ်အောင် ကြိုသတိထား"

"ဟုတ်ကဲ့ပါ မမ"

"သွားလို့ရပြီ"

File လှမ်းယူကာ ဦးညွှတ်ပြလိုက်ပြီး သူမရုံးခန်းအတွင်းမှ မိုးမိုးသူ ထွက်သွားလေတော့၏။ အခန်းထဲ တိတ်ဆိတ်ငြိမ်သက်သွားသည်မှာ သူမအသက်ရှူသံကိုသာ ပုံမှန်ပြန်ကြားနေ



www.burmeseclassic.com

www.burmeseclassic.com



ရတာလေ။ ဆံုလည်ကုလားထိုင်မှ ဖျတ်ခနဲထကာ နံရံမှန်ချပ်များရှိရာဆီ လျှောက်လိုက်ပြီး လိုက်ကာကို အသာဆွဲဖယ်လိုက်ပါသည်။

သူမရုံးခန်းက Hotel ၏ ညာဘက်အခြမ်းမှာ ရှိပြီး အောက်မှာ တည်ထားသည့်ရေကူးကန်တွေကို အတိုင်းသားမြင်နေရလေ၏။ ကန်အကြီးက လူကြီးတွေအတွက်ဖြစ်ပြီး ဒီဘက်တစ်ခြမ်းရှိ ကန်အသေးလေးက ကလေးတွေအတွက် သီးသန့်ဖြစ်ပါသည်။ ဘယ်အချိန်ငုံ့ကြည့်ကြည့် ရေကန်ပြာပြာလေးက သူမရင်ကို ငြိမ်းအေးစေတာမဟုတ်လား။

သက်ပြင်းငွေ့ငွေ့က ထွက်သွားပြန်ပါ၏။ မိုးပြာရောင်ဆိုတာ သူမ Favourite Colour ဖြစ်ပေမယ့် အခုတော့ အာရုံသိပ်မထားဖြစ်တော့တာ အမှန်ပါလေ။

"တူ! "

Phone သံကြောင့် ဆတ်ခနဲလှည့်လာခဲ့ပါ၏။ စားပွဲထက်မှ Phone အနက်ကလေးနားမှာ ခဏမျှရပ်လိုက်မိသည်။ လက်ကို Phone ကိုင်ရန် Ready ပြင်ထားပေမယ့် မကိုင်ဖြစ်





သေး

"တူ!. . ."

နောက်တစ်ကြိမ်ထပ်မြည်လေမှ Phone ကိုကောက်ကိုင်လိုက်ပါ၏။ ဒီလိုကိုင်ဖို့ သူမကို ဦးကျော်ပဲ သင်ပေးထားတာမဟုတ်လား။

"ဟယ်လို! Horizon Hotel ကပါ၊ ဘာများ ကူညီပေးရမှာပါလဲရှင်"

"ညီမလေး. . . ကိုကိုပါ"

"ဩော်, ကိုကိုလား။ ပြောလေ"

Phone No ကို မဖတ်မိရအောင် သတိလစ်ရတယ်လို့တယ်။ နံမှာ အသာအယာဝင်ထိုင်လိုက်ပြီး နားစွင့်နေမိ၏။ ကိုကိုက သူမ Hand Phone ကို မဆက်ဘဲ ဘာကြောင့် Hotel Phone ကို ဆက်ရတာပါလိမ့်။

"ဒီတစ်ပတ် ကိုကို ပြန်မလာနိုင်ဘူးဆိုတာ လှမ်းပြောတာ"

အင်း. . . သူ့ခရဲ့အစ်ကို ပီသပါရဲ့။ စကားကို တန်ခေး



www.burmeseclassic.com

www.burmeseclassic.com



မဆင်ဘဲ လိုရင်းတိုရှင်းပြောတတ်တာ ညီနန္ဒအောင်နဲ့ လွန်းနန္ဒာအောင်တို့ မောင်နှမနှစ်ယောက်ပဲ ရှိကြတာ ထင်ပါရဲ့။

တကယ်ဆို 'နေကောင်းရဲ့လား' 'အလုပ်အဆင်ပြေရဲ့လား' 'ကျန်းမာရေးကို ဂရုစိုက်ဦး' စသည်ဖြင့် နိဒါန်းပျိုးသင့်တာပေါ့နော်။

အင်းပေါ့လေ. . . ဟိန်းကျော်ဇေရဲ့လက်ထွက် တပည့်တွေမို့ ဆရာတူလေသံနဲ့ ဘယ်ပျော့ပြောင်းနိုင်ပါတော့မလဲ။ အဲဒီလို အပိုစကားတွေ မပြောတတ်အောင် ပုံစံခွက်ထဲမှာ ရှင်သန်ခွင့်ရခဲ့တာ ခုဆို (၈)နှစ်ကျော်နေပြီလေ။

"အင်း"

"ကိုကြီးဆီကို ညီမလေးပဲ သွားတွေ့လိုက်ပါ"

မအင်းနိုင်ပါလေတော့။ ကိုကိုခေါ်တဲ့ ကိုကြီးဆိုတာက သူမရဲ့ဦးကျော်လေ။ ခါတိုင်း မောင်နှမနှစ်ယောက်အတူတူ ဦးကျော်နှင့် သွားတွေ့ရတာ အကြောင်းမဟုတ်။ သူမပြောရမယ့် စကားစုက အနည်းအကျဉ်းမျှသာလေ။ အမြဲ ကိုကိုကပဲ ကုမ္ပဏီကိစ္စတွေကို အများကြီး တိကျစွာ တင်ပြနိုင်ခဲ့တာကိုး။





အခု သူမတစ်ဦးတည်း ဦးကျော်ကို ဘာတွေပြောရမှာပါလိမ့်။ ဘဝမှာ ရတနာငါးပါးပြီးရင် အဓိကဦးဆောင်တဲ့ကျေးဇူးရှင်ကိုပါ မရှိမဖြစ် ပူဇော်ကိုးကွယ်ရမှာ အမှန်လေ။ ရိုသေသမှုနဲ့ မော့ကြည့်ခွင့်ရချင်ပေမယ့် သူမတို့နှင့်စကားပြောတိုင်း မျက်လုံးချင်းမဆုံဘဲ ကျောခိုင်းပေးထားတဲ့ ဦးကျော်ကို စကားပြောရတာလောက် ခက်ခဲတာ ဘာမှမရှိတော့ပေ။

ငယ်စဉ်တုန်းကတော့ (၁၈ နှစ်အရွယ်မှာ) ဦးကျော်ဤသို့စကားပြောပုံကို မတူမတန်သလိုဆက်ဆံသည်ဟု စိတ်ထဲထင်ခဲ့ပေမယ့် အမှန်တကယ်တော့ မျက်လွှာချ ငြိမ်သက်ပြီး တစ်ဖက်လူရဲ့စကားသံကို အာရုံစိုက်နားထောင်တတ်သည့်အကျင့်ဟု နောက်ပိုင်းမှ သိခွင့်ရခဲ့တာပါ။ သို့သော် သူမနှင့်ကိုကိုကတော့ ဦးကျော်နှင့်ဆန့်ကျင်စွာ လူတစ်ဖက်သားနှင့် စကားပြောတိုင်း မျက်လုံးချင်းဆိုင်ပြီး တစ်ဖက်လူ ဘာမှပြန်မပြောရဲအောင် (ငြိမ်းခြောက်တဲ့သဘောမျိုးနဲ့) စူးရှတဲ့အကြည့်တို့ကိုသာ ပိုင်ဆိုင်ခဲ့လေ၏။

"Phone ပဲ ဆက်မယ်မကြံနဲ့နော်၊ လူကြီးကို မရိုသေ



www.burmeseclassic.com

www.burmeseclassic.com



ရာ ကျမယ်''

''အင်းပါ''

စိတ်ထဲတွေးနေမိတာကို ကိုကို မြင်လေသလား။ တစ်နှစ်သာခြားပြီး မွေးလာခဲ့သည့်အစ်ကိုမို့ သူမဘဝ၏ခင်တွယ်ရာ တစ်ဦးတည်းသောလူသားတစ်ယောက်ပါလေ။

''ကိုကို ဒီမှာ ငွေသိမ်းလို့မပြတ်သေးလို့ နေရဦးမှာ။ ဒုတိယပတ်လောက်မှပဲ ပြန်လာလို့ရမယ်။ ညီမလေးပဲ ကိုကြီးနဲ့တွေ့မှ ပြောပေးပါ. . . နော်''

''အင်း''

''ဪ, မေ့တော့မလို့ လဆန်း (၃)ရက်နေ့ ညနေတိုင်း ကိုကြီးပြနေကျဆေးရုံကို ပို့ပေးရမှာလေ။ ကိုကို ပြန်မလာဖြစ်တာမို့ အဲဒီနေ့ ညီမလေးပဲ လိုက်ပို့ပေးလိုက်ဦး''

''ဖြစ်ပါ့မလား''

''ဘာလို့မဖြစ်ရမှာလဲ၊ ဆေးရုံမှာ လူများရင် စောင့်ရတတ်လို့ လိုက်ပို့နိုင်းတာ''

''ဦးကျော့်ဆူရင် ဘယ့်နှယ်လုပ်မလဲ ကိုကိုရဲ့''





''ဆူလည်း ခံလိုက်၊ ဒါပဲ, ဒါပဲ. . . အလုပ်တွေလုပ်ဖို့ ရှိသေးတယ်''

ကဲ, တွေ့လား. . . ကိုယ်ပြောချင်တာကို ပြောပြီးတာနဲ့ Phone ကို ချလိုက်တာက သူမနဲ့ထပ်တူနေတာလေ။ သက်ပြင်းငွေ့ငွေ့ကို ချလိုက်ပြီး ဒီနေ့တစ်နေ့တာ လုပ်ရမည့်စာရင်းဇယားစစ်တာတို့ကို စိတ်ထဲနှစ်လိုက်ရပါ၏။

ဘဝမှာ လိုတိုင်းရခဲ့တာမျိုး ရှိကောင်းရှိနိုင်မှာပါ။ သို့သော် သူမဘဝမှာတော့ လိုတိုင်းမရခဲ့သလို, ဖြစ်ချင်တိုင်းလည်း မဖြစ်ခဲ့ပါချေ။ မည်သူမဆို ကိုယ်လိုချင်တဲ့အရာ၊ ကိုယ်ဖြစ်ချင်တဲ့အတိုင်း ရချင်ဖြစ်ချင်ကြမှာ အမှန်ပါလေ။

ညနေ (၆)နာရီထိုးမှ မှာစရာရှိတာတွေကို မှာခဲ့ပြီး စောစောပြန်ခဲ့ပါ၏။ ကားမောင်းတော့လည်း တစ်ယောက်တည်း၊ အိမ်ကိုရောက်ပြီး သော့ဖွင့်ပြန်တော့လည်း တစ်ယောက်တည်း။ ကွန်ဒိုတိုက်ခန်းမှာ ကားထားစရာရှိတာမို့ ဒီတိုက်ခန်းကို ဝယ်ဖြစ်ခဲ့တာပါ။

Lonely တဲ့၊ တကယ့်ကို အထီးကျန်ဆန်ဆန်နေတိုင်



www.burmeseclassic.com

www.burmeseclassic.com

ရခြင်းပါ။ သိပ်မကြာခင်မှာ ချစ်ရသူနဲ့လက်ထပ်သွားတော့မယ့် ကိုကိုသာ သူမအနီးမှာ မရှိတော့ရင် တကယ့်ကိုမှ အထီးကျန်ဘဝနဲ့ ရှိနေရတော့မှာလေ။

တိုက်ခန်းမီးတွေကို ဖွင့်၊ ရေချိုးခန်းထဲ ဝင်ခဲ့၏။ ရေချိုးတာကို မိနစ် (၂၀)ခန့်သာ အကုန်ခံပြီး ပြန်ထွက်လာတော့ ရေနွေးဆူနေချေပြီ။ ဓာတ်ဘူးထဲမှ ခပ်နွေးနွေးသာ ရှိတော့သည့် ရေနွေးအဟောင်းကို စဥ့်အင်တုံထဲသို့ထည့်ကာ ဓာတ်ဘူးကို ရေနွေးသစ်ဖြည့်၏။

အင်တုံလေးကို မ,ယူလျက် အိပ်ခန်းတွင်းသို့သယ်လာပြီး ကုတင်ဘေးမှာ အသာချထားလိုက်ပါသည်။ ညအိပ်ဝတ်စုံကို ဒူးနားထိ အသာမကာ ကုတင်ပေါ်ထိုင်လိုက်ပြီး ခြေဖဝါးနှစ်ဖက်ကို ရေနွေးစိမ်လိုက်ပါ၏။

**လူမှာ မွေးလာကတည်းက ခြေနှစ်ချောင်း ပါလာပြီးသား၊ အဲဒီခြေနဲ့ ကိုယ့်ကိုယ်ကို ရပ်တည်ရမှာ...ကိုယ့်အားကိုယ်ကိုးရမှာ...သူများကို မှီခိုချင်စိတ်ဖြစ်လာရင်**





**အဲဒီလူမှာ ကျောရိုးမပါလို့၊ အသက်ရှုသွင်းဖို့ နှာခေါင်းမပါလို့ပဲမှတ်...**

ခြေထောက်ကို ရေသုတ်ပြီး ခပ်ဖွဖွဆုပ်နယ်ကာ ခြေချောင်းများကို လက်ဖြင့်ဆုပ်ကိုင် လှည့်နေမိ၏။ ခြေဖနောင့်ကို အသာလှည့်ရင်း ဦးကျော်၏စကားသံကို ကြားယောင်မိစဥ် နှုတ်ခမ်းတစ်ဖက်က အလိုလိုမဲ့သွားရလေသည်။

ဒီခြေထောက်တွေနဲ့ နင်းလျှောက်လာခဲ့တဲ့ခရီးက အရမ်းကို ကြမ်းတမ်း ခက်ခဲလွန်းခဲ့တာလေ။ ဒီခြေထောက်တွေက လျှောက်ဖို့ပဲဖြစ်လာခဲ့ရတာပါ ဦးကျော်။ မရပ်မနား ရှေ့ကိုလျှောက်နေဖို့ပါ။ တည်ငြိမ်စွာ ရပ်တည်နိုင်တဲ့အခွင့်အရေးက ဘယ်အချိန်ဘယ်ကာလမှာမှ ရနိုင်မှာတဲ့လဲ။

❐❐❐



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"ဒီနေ့ မမ မလာနိုင်ဘူး။ အားလုံးအဆင်ပြေအောင် စီစဉ်ပါ။ အချိန်ရရင်တော့ ညနေဘက် တစ်ခေါက်တော့ လှည့်လာခဲ့မယ်။ ဒါပဲ"

Phone ပိတ်လိုက်ပြီး မှန်ထဲမှာ ကိုယ့်ကိုယ်ကို တစ်ချက်ကြည့်လိုက်ပါ၏။ မျက်နှာထက်မှာ Cream ပါးပါးလူးထားတာ မသိသာပေမယ့် မွှေးတေးတေးရနံ့လေးတော့ အနားကပ်ရင် ရနိုင်တာလေ။ အမွှေးနံ့သာတွေကို မမက်မော မနှစ်မြို့က်ပေမယ့် ဒီလိုသတိထားမိမှရသည့် ခပ်သင်းသင်းရနံ့မျိုးကိုတော့



www.burmeseclassic.com

www.burmeseclassic.com


သူမ သဘောကျလေသည်။

မှန်ထဲမှာ မြင်နေရသည့်မျက်ဝန်းတို့က တောက်ပနိုးလက်ခြင်းမရှိဘဲ မှေးမှိန်နေသယောင်။ ဟုတ်တယ်. . . ဦးကျော်ကို သွားတွေ့ရလို့ ကိုယ့်ကိုယ်ကို အလိုလိုသိမ်ငယ်စိတ်ဖြစ်လာတာကို ဘယ်လိုမှဖျောက်မရ။ တခြားလူတွေရဲ့ရှေ့မှာ မျက်နှာဝင့်ပြီး ကိုယ်မတ်နိုင်ပေမယ့် ဦးကျော်ရှေ့ရောက်ရင် ဟန်ကိုယ်မဆောင်နိုင်ဘဲ လူက အလိုလိုပျော့သွားရတာလေ။

ကိုယ့်ဘဝရဲ့ပွဲကိုင်ရှင်အပေါ်မှာ ဘယ်လိုဟန်ဆောင်မှုမျိုးမှ မရှိပေမယ့် ဦးကျော်ရဲ့မျက်နှာကိုမြင်တိုင်း ခေါင်းပေါ်မိနေတဲ့ ကျေးဇူးတရားများစွာကို အလိုလိုမြင်ယောင်လာပြီး အားငယ်ချင်လာတာကို ဘယ်လိုများလုပ်ရပါ့။

လက်ပတ်နာရီမှ မနက်(၈)နာရီထိုးသံ 'တီး!တီး!' ကြားရစဉ်မှာ ခြေလှမ်းကိုရှေ့ရတော့၏။ တံခါးတွေ ပြတင်းပေါက်တွေ အားလုံးပိတ်ပြီး မလိုအပ်တဲ့မီးတွေပါ ပိတ်လိုက်ပါသည်။ အိမ်မှာ လူမရှိချိန် တစ်စုံတစ်ရာအန္တရာယ်မရှိအောင် Main Switch ကိုပါ ချလိုက်ပြီးမှ တိုက်ခန်းတံခါးကို Lock ချလိုက်ပါ၏။



Lift ဖြင့် မြေညီထပ်ကို ဆင်းလာခဲ့ပြီး ကားထုတ်ခဲ့ပါသည်။ မီးပွိုင့်မှာ ကားရပ်ရစဉ် ဘေးမှာရပ်လာသည့်က ဖယ်ရီကားဖြစ်နေလေ၏။ မူကြိုဖယ်ရီပါလား. . . ကားပေါ်ပါလာသည့်ကလေးများ၏ စကားမပီမသနှင့် ရယ်မောသံသဲ့သဲ့က သူမထံလွင့်လာလေသည်။

နောက်ဆုံးမှာ ထိုင်နေသည့်ကလေးလေးက ဟိုဒီကြည့်ရင်းမှ သူမထံ အကြည့်ရောက်လာလေ၏။ မျက်လုံးဝိုင်းဝိုင်းလေးနှင့် ချစ်စရာလေးပါလား။ အတွေးမဆုံးခင် ကလေးက သူမကို လက်ဝှေ့ယမ်းပြလျက် နှုတ်ဆက်လိုက်သဖြင့် အံ့ဩသွားရလေသည်။ အလို! တစ်ခါမှမမြင်ဖူး, သိလည်းမသိဘဲနဲ့များ အရေးတယူ လက်ပြနှုတ်ဆက်ရတယ်လို့။

မျက်နှာတည်ထားတာက အလိုလိုလျော့ကျသွားပြီး ပြုံးလိုက်မိစဉ် တခြားကလေးတွေပါ သူမကားကို သတိပြုမိသွားလေသည်။ ကျွတ်စီကျွတ်စီဖြင့် တစ်ယောက်တစ်ပေါက်ပြောကာ အားလုံး လက်ဝှေ့ယမ်း နှုတ်ဆက်လိုက်ကြတာမို့ မနေသာတော့ပေ။ ဘယ်လက်တစ်ဖက်ကို မရည်ရွယ်ပါဘဲ ဖျတ်ခနဲထောင်


www.burmeseclassic.com

www.burmeseclassic.com



လျက် အသာလှမ်းနှုတ်ဆက်လိုက်မိလေ၏။

"တီတီ. . .တာ့တာ. . .ဝေး!"

တစ်ချက်ရယ်လိုက်မိပါ၏။ ဘယ့်နှယ်. . .ကလေး
စ,တာကိုမှ ခံလိုက်ရတယ်လို့။ မူကြိုကားလေး မောင်းထွက်
သွားပြီးစဉ်မှာ ခေါင်းကိုခါရမ်းလိုက်ပြီး အချက်ပြမီးဖွင့်လျက် ညာ
ဘက်လမ်းကို ချိုးကွေ့လိုက်ပါသည်။

သူ့မမျက်နှာ ဤမျှတည်ထားပါလျက် ဘာကြောင့်မှာ
ကလေးတွေ ချစ်ချင်ကြတာပါလိမ့်။ ဒီနေ့မနက်ပိုင်းမှာ မိဘ
ကလေးကျောင်းကို ဦးကျော်,သွားဦးမှာလား။ အဲဒီကျောင်း
ဦးကျော် တည်ထောင်ထားတဲ့ကျောင်းလေ။ ပထမ မြေကျ
ကျယ်ဝယ်ထားကာ ဘာမှမလုပ်ဖြစ်သေးဘဲ လွန်းတို့မောင်
နှင့်တွေ့ပြီးမှ အဲဒီမြေကွက်လပ်မှာ မိဘမဲ့ပြုစုစောင့်ရှောက်ရေး
ဂေဟာ ဖွင့်ဖြစ်ခဲ့တာပင်။

နဂိုက ချို့တဲ့သည့်မိသားစုဝင်များထဲမှ ပညာအ
တော်ပြီး ကျောင်းဆက်မနေနိုင်သည့်ကလေးတွေကို ဘွဲ့တ
ရသည်အထိ ထောက်ပံ့ပေးသည့်အလုပ်ကို လုပ်ခဲ့တာဖြစ်ပြီး





က်ပိုင်းမှာ ဒီလို နို့စို့အရွယ်လေးမှစ၍ မိဘမရှိသည့်ကလေး
ငယ်တို့ကို ဆေးရုံအသီးသီးမှ စာရင်းကောက်ကာ ကျွေးမွေး
စောင့်ရှောက်ခဲ့တာပါ။

'ပန်းပျိုးလက်' ဂေဟာမှ လိမ္မာယဉ်ကျေးလွန်းသည့်
လေးငယ်တွေကို သားသမီးမမွေးနိုင်သည့်ဖနီးမောင်နှံတို့ မွေး
ခွင့်ရှိပြီး အုပ်ထိန်းခွင့်ကိုသေချာစိစစ်ပြီးမှ ဦးကျော်ကိုယ်တိုင်
အပ်ပေးလေ့ရှိတာပင်။ တကယ်တော့ ဦးကျော်ဟာ လွန်းနဲ့
ကိုရဲ့မွေးစားဖခင်၊ မွေးစားအစ်ကိုကြီးဆိုလည်း အမှန်ပါလေ။

"တီ!"

ဟွန်းသံတစ်ချက်ပေးလိုက်ရုံဖြင့် ခြံတံခါးကြီးက Auto
သွားလေ၏။ ဦးကျော်ရဲ့အိမ်မှာ အပိုအလုပ်သမားရယ်လို့ သိပ်
ပါချေ။ ထမင်းချက် အဝတ်လျှော် ကြီးမြနှင့် ကားဒရိုင်ဘာ
မျိုးတို့နှစ်ဦးသာရှိပြီး ခြံတံခါး အိမ်တံခါးတို့ကို Remote
ဖွင့်လို့ရသည့် System ဖြင့် ပြုလုပ်ထားပါ၏။ ခြံဝမှာ
ရပ်လိုက်သည်နှင့် မည်သည့်သူသည်လာသည်ကို မြင်နိုင်
သည့် CCTV လို Camera တပ်ဆင်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားကို တိုက်အဖြူရောင်ကြီး၏ ဆင်ဝင်အောက် ရပ်လိုက်သည်နှင့် အိမ်တံခါးက ပွင့်နေချေပြီ။ ဒီကိုလာတိုင်း ဦးကျော်အတွက် စားစရာတစ်ခုခု ဝယ်လာချင်တိုင်း 'အပိုတွေမလုပ်နဲ့ ကိုကြီး မကြိုက်ဘူး'ဟု ကိုကို အမြဲသတိပေးလေ့ရှိတာကြောင့် လွန်းတို့ လက်ဗလာဖြင့်သာ ရောက်ခဲ့ရတာမဟုတ်ပါလား။

ဖိနပ်ကို လှေကားထစ်မှာချွတ်ကာ အိမ်ထဲဝင်လိုက်ပါ၏။ အညိုရောင်ကော်ဇော၏ နူးညံ့အိစက်သည့် အထိအတွေ့မှာ ကြမ်းရှသည့်ခြေဖဝါးကြောင့် ကတ္တီပါကော်ဇောကြီးကို အားနာစိတ် ဖြစ်မိလေသည်။ အရှင်းဆုံးပြောရရင် လွန်းဆိုတာ ဤခန်းလုံးပြည့်ခင်းထားသည့်ကော်ဇောထက် သိမ်ငယ်သေးနုပ်တဲ့ သတ္တဝါလေးပင်မဟုတ်ပါလား။

''ထိုင်လေ''

အမိန့်သံကြောင့် ကျွန်းလှေကားကြီးပေါ်သို့ မော့ကြည့်လိုက်မိ၏။ Steel လက်ရန်းကို လက်တစ်ဖက် ထိန်းကိုင်လျက် ကျန်တစ်ဖက်က တုတ်ကောက်ကိုထောက်ကာ ဖြည်းဖြည်းချင်း ဆင်းလာနေသည်က ဦးကျော်ရယ်ပါ။ တည်ကြည် ခန့်ထည်လွန်း





သည့်မျက်နှာကို တစ်ချက်ကြည့်ပြီးသည်နှင့် အကြည့်ကို ဖျတ်ခနဲလွှဲ၊ မျက်လွှာချလျက် ခုံမှာဝင်ထိုင်လိုက်ပါ၏။

တုတ်ကောက်မှာ ရာဘာအစွပ် တပ်ထားတာမို့ အသံမမြည်ပေမယ့် ကော်ဇောပေါ်ထောက်သည့် တဒုတ်ဒုတ်အသံကို နားစွင့်နေမိသည်။ ခဏအကြာမှာ လွန်းနှင့်မျက်စောင်းထိုးရှိခုံမှာ ဝင်ထိုင်လိုက်သံကို ကြားလိုက်ရလေ၏။ ခြေဖမိုးဖြူဖြူထက်မှာ တင်နေသည့် ပုဆိုးအနက်ကွက်လေးထံ ရောက်သွားပြန်သည့် မျက်ဝန်းကို လွှဲဖယ်လိုက်စဉ် ဦးကျော့်ထံမှစကားသံ ထွက်လာလေသည်။

''ညီရော''

''ကိုကိုပြန်မရောက်သေးဘူး ဦးကျော်၊ Second week မှာ ပြန်ရောက်မယ်လို့ လွန်း့ဆီ Phone ဆက်ပါတယ်''

''စာရင်းတွေ မပြတ်သေးလို့လား''

''ဟုတ်''

''Hotel အခြေအနေ ဘယ်လိုလဲ''

''ညော့သည်တချို့ ပြဿနာရှာတတ်တာကလွဲပြီး သိပ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးမားမားပြဿနာမရှိပါဘူး ဦးကျော်''

''ဘာပြဿနာတွေ ရှာနေလို့လဲ''

''ဒီလိုပါပဲ၊ အဲဒီပြဿနာလောက်တော့ လွှမ်း ဖြေရှင်းလို့ရပါတယ်''

''Engineer တွေကို Hotel တစ်ခုလုံး Circuit တွေ ပြန်စစ်နိုင်းဦး။ Electric circuit တွေ ဆယ်နှစ်ပြည့်နေပြီ။ ပြီးတော့ Water cooler တွေ Steam Pipe တွေကအစ ပြန်စစ်နိုင်းပါ။ လိုအပ်တဲ့ပစ္စည်းစာရင်း သေချာရေးပြီး ပြင်စရာ လဲစရာ အားလုံးလုပ်၊ လိုသလောက်ငွေကို ပြော''

''ဟုတ်''

ဒါပဲလား. . . အလုပ်ကိစ္စကလွဲပြီး အပိုစကားပြောစရာ မရှိဘူးပေါ့နော်။ အရင်လို လွှမ်းကို အားပေးနှစ်သိမ့်ပေးတဲ့စကား တချို့လေးတော့ ပြောသင့်တာပေါ့။ ကိုကိုမပါဘဲ ဦးကျော်ဆီကို လွှမ်း ဒီတစ်ခေါက်ပဲ ရောက်ခဲ့တာလေ။ ဒါလည်း ဒီပုံစံရေခဲတုံးကြီးလို အေးစက်စက်ကြီးပဲ ပြောဆိုနေပုံပါပဲလားနော်။

''တခြား ဘာလိုသေးလဲ''





''နောက်မှပြောပါမယ် ဦးကျော်''

''ပြီးရင် ပြန်တော့''

ကဲ, နှင်ချလေပြီ။ ကိုကိုနဲ့ဆို စကားစမပြတ်အောင် နာရီအတော်ကြာ ပြောလေ့ရှိပေမယ့် လွှမ်းနဲ့ပြောတာဖြင့် မိနစ် (၂၀)တောင်မှ မကြာတာလေ။ ဘယ်လိုသဘောနဲ့များ အတင်းကို နှင်နေတာပါလိမ့်။ ဆေးရုံပို့ဖို့ကိစ္စ, 'ပန်းပျိုးလက်'ဂေဟာ သွားဖို့ကိစ္စ ရှိသေးတာကို ဘယ်လိုအစပျိုးပြီး ပြောရပါ့မလဲ။

''ပြောစရာရှိသေးလို့လား လွှမ်းနန္ဒာ''

''ဟုတ်''

''ဒါရင်လည်း လိုရင်းမြန်မြန်ပြောမှပေါ့။ အချိန်ကုန်ခံပြီး ဆက်ထိုင်နေရသလား''

ဆွံ့ပြန်ပါရောလား. . . အဲဒါကြောင့် လွှမ်းတစ်ယောက်တည်း မလာရဲတာလေ။ ကိုယ့်အောက်က ဝန်ထမ်းတွေအပေါ်မှာတော့ မာမာတင်းတင်းပြတ်ပြတ်သားသားပြောဆိုရဲပေမယ့် ဦးကျော်ရှေ့ရောက်ရင် လေသံကို အလိုလိုတုန်ပြီး တိုးလျှသွားရတာလေ။



www.burmeseclassic.com

www.burmeseclassic.com



ကဲ, ဦးကျော်နဲ့အဖော်လိုက်ပေးမယ့်ကိစ္စကို ဘယ်လိုအစဖော်ပြီး ပြောရပါတော့မလဲ။ အခုကတည်းက အချိန်ကုန်ခံပြီး ထိုင်နေရသလားလို့ အပြစ်တင်နေတဲ့ဟာလေ။

''ကိုကိုက ဦးကျော်နဲ့ ဒီနေ့လိုက်ပေးရမယ်လို့ မှာထားလို့ပါ''

''ညီက''

''ဟုတ်''

''ငါ့ကို ဘာအဖော်လိုက်ပေးစရာလိုလို့လဲ။ အမိပ္ပာယ်မရှိတာ''

''ဒီညနေ ဆေးရုံရက်ချိန်းဆိုတာရယ်၊ ပြီးတော့ ဒီမနက်ပိုင်း ဦးကျော်ရဲ့ပန်းပျိုးလက်ကို သွားမယ်ဆိုရင်လည်း လိုက်ပေးလို့ ပြောထားလို့ပါ''

''ရက်ချိန်း. . . ကျစ်! ဟုတ်သားပဲ။ ကိစ္စဝိစ္စတွေ များနေတာနဲ့ တိုကင်မှာဖို့ကိုတောင် မေ့နေလိုက်တာ။ ဟုတ်တယ်, ကလေးတွေအတွက် အားကစားပြိုင်ပွဲလုပ်ပေးဖို့ ပြောထားတာ၊ ဒီနေ့စီစဉ်ပေးရမှာ''





''ဆေးရုံကို လွှန်း Phone ဆက်ပေးရမလားဟင်''

''နေနေ, ငါ ဂိလာနဒုက္ခသည်မဟုတ်ဘူး''

ကဲ, စေတနာနဲ့ပြောနေပါလျက် အဲဒီလို ပိသာလေးဘောပစ်ပြောချတတ်တာလေ။ လွှန်းကို Phone မဆက်ခိုင်းပေမယ့် စင်ပေါ်မှာ Charging သွင်းလျက်သားရှိနေသည့် Hand Phone ကိုတော့ ထယူပေးလိုက်မိပါ၏။

မလိုအပ်ဘူးလား. . . ဒီလိုလက်တိုလက်တောင်းခိုင်းလို့ရတဲ့ လူငယ်လေးတစ်ယောက်တလေတော့ ဦးကျော်အနားမှာ ရှိသင့်တာကိုလေ။

❒❒❒



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"လိုက်ချင်လို့လား"

"ဟုတ်"

"ကျစ်! ကိုယ့်အလုပ်ကိုယ်မလုပ်ဘဲ ဘယ့်နှယ် ငါနဲ့
လိုက်ပြီး ရှုပ်ချင်ရတာလဲ" ၊

"ဦးကျော်ကလည်း"

"ကဲကဲ, ကလေးတွေနဲ့ တွေ့ချင်ရင်တော့ အခုလိုက်
ခဲ့ချေ။ ညနေကျရင် ဆေးရုံတော့ မလိုက်နဲ့တော့။ ငါ, မောင်
နဲ့ပဲ သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com


အမယ်လေး. . . ဒီလောက်လိုက်လိုက်လျောလျော ရှိတာကိုပဲ ဝမ်းသာလုံးဆို့ရပါရဲ့။ သိပ်ကြီးမပြောရပါဘဲ လိုလိုချင်ချင်ခေါ်တာကြောင့်လေ။ ကျေးဇူးတင်လိုက်တာဟု မပြောဖြစ်ပေမယ့် စိတ်ထဲကတော့ ပြောဖြစ်လေ၏။

ရေချိုးတာကို နာရီဝက်စောင့်ပြီးစဉ်မှာ အပြင်ထွက်ရန် ဝတ်ဆင်၍ ဆင်းလာသည့်ဦးကျော်ကို ငေးခနဲကြည့်လိုက်မိပါသည်။ ကျက်သရေရှိပြီး ခန့်ထည်လိုက်တာနော်။ လွန်းနဲ့စဆုံစဉ်တုန်းကလည်း ဒီလိုသန့်သန့်ပြန့်ပြန့်လေးနဲ့ပုံစံပဲလေ။

တမင်လူကြီး Style ဖမ်းပြီး ခန့်အောင် ဝတ်ထားတာတောင်မှ ဦးကျော်အသက်ကို (၄၀) လို့ ဘယ်သူက ထင်မှာတဲ့လဲ။ လွန်းထက် (၁၄)နှစ်ကျော်၊ ကိုကို့ထက် (၁၂)နှစ်ကျော်အသက်ကြီးပေမယ့် ဦးကျော်ဟာ (၃၀)ကျော်လို့ ထင်ရအောင်ကိုပဲ နုဖတ်အရွယ်တင်လွန်းတာ အမှန်ပါ။ အင်းပေါ့လေ. . . ဦးကျော်က လွန်းတို့မောင်နှမလို လောကဓံစစ်ပွဲကိုမှ ဝင်မနွှဲရတဲ့လူသားတစ်ဦးပေကိုး။

"ပြောတာမကြားဘူးလား"



"ဟင်!. . . ဘာကိုလဲ ဦးကျော်"

"စာကြည့်ခန်းထဲက အံဆွဲ D ထဲမှာ File နှစ်ခုရှိတယ်။ အဲဒါ သွားယူလာပေးလို့။ ငါ ဒေါ်မြကို မှာစရာရှိတာ သွားပြောဦးမယ်"

ပြောပြီးသည်နှင့် မီးဖိုခန်းဘက် ဦးကျော် လျှောက်သွားပြီမို့ စာကြည့်ခန်းရှိရာဆီသို့ လွန်း အမြန်လျှောက်လာခဲ့ရပါ၏။ တံခါးကိုတွန်းဖွင့်လိုက်စဉ် များပြားလှစွာသော စာအုပ်စင်ရှိအထပ်တို့မှာ စာအုပ်ပေါင်း ရာထောင်ချီ ရှိနေတာကို တအံ့တသြမြင်ရလေသည်။ ကိုကိုသာ ဒီအခန်းထဲဝင်ဖူးတာမို့ လွန်းအတွက် ဒီနေ့ကတော့ အဆန်းတကြယ်ဖြစ်နေရတာလေ။

စာလုံးလေးတွေ စီရေးထားသည့်အံဆွဲများအနက်မှ D ကို အမြန်ရှာတွေ့ရသဖြင့် ဆွဲဖွင့်လိုက်ပါ၏။ 'ပန်းပျိုးလက်' ထောက်ပံ့စာရင်းနှင့် 'ပန်းပျိုးလက် ကျန်းမာရေးစစ်တမ်း'ဟု ခေါင်းစဉ်တပ်ထားသည့် File နှစ်ခုကိုနှိုက်ယူ၍ ပိုက်ကာ အံဆွဲကို ပိတ်လိုက်ပါသည်။ လွန်း စာကြည့်ခန်းထဲမှ ထွက်လာတော့ ဦးကျော်က ကားထဲမှာ ထိုင်နေချေပြီ။ အလို! ဦးကျော်ထိုင်နေ


www.burmeseclassic.com

www.burmeseclassic.com

တာ လွန်းရဲ့ကားထဲ ဖြစ်နေပါရောလား။

"ကိုမျိုးကို မခေါ်တော့ဘူးလား ဦးကျော်"

"ဘာလုပ်မှာလဲ၊ ကားမောင်းဖို့ မင်းပါတာပဲ. . . လူကို ထပ်ခေါ်စရာလား။ ခြံထဲမှာ လုပ်စရာရှိတာတွေ လုပ်နိုင်ထား တာကမှ တာဝန်တစ်ခု ပြီးသေးတယ်။ သွားစို့"

ကားပေါ်တက်ထိုင်လျက် File နှစ်ခုကို ဦးကျော်၏လက် ထဲသို့ လှမ်းပေးလိုက်ပါ၏။ ခါတိုင်းဆို ကိုကိုနဲ့သာ ရှေ့ခန်းက ထိုင်ပြီး လွန်းက နောက်ခန်းကသာ လိုက်ရတာလေ။ အခုတော့ ဦးကျော်နဲ့အတူတူထိုင်ပြီး အပြင်ထွက်ခွင့်ရတာ အဘယ်မျှ ကံ ကောင်းလိုက်ပါသလဲ။

ကားစက်နှိုးပြီး ခြံထဲမှ မောင်းထွက်လာခဲ့၏။ ဆိတ်ငြိမ် ရပ်ကွက်မို့ ကားစက်သံညက်ညက်လေးမှလွဲ၍ မည်သည့်အသံ မှ မကြားရပါချေ။ ကားစီးတိုင်း ကားမှန်ကို ချထားလေ့ရှိတာမို့ လေအဝှေ့မှာ လွန်းထံသို့ ခပ်သင်းသင်းရနံ့လေး လွင့်ပျံ့လာလေ သည်။ ရေမွှေးလား. . . Body spray လား. . . Roll on လား။ 'ဦးကျော် ဘာတွေဆွတ်လာတာလဲ'ဟု မေးချင်သော်ငြား ဤမျှ





အထိ မရင်းနှီးသည့် သူစိမ်းတွေပါလေ။-

"အလုပ်တွေချည်း ဖိလုပ်နေရင် Stress တအားများ သိမ့်မယ်။ ငါမပါလည်း တစ်လတစ်ခါလောက် ပန်းပျိုးလက်မှာ Rest...သွားယူဦး။ ကလေးတွေနဲ့စကားပြောရင် စိတ်ကို သက် သာပြီး လူကိုလန်းဆန်းသွားစေတယ်"

ဒါလည်း အမိန့်ပဲလား. . . ဒီလိုနေ, ဒီလိုထိုင်, ဒီလို ပြော, ဒီလိုလုပ်ဆိုပြီး လက်ညှိုးထောင် ပုံသွင်းပေးခဲ့တဲ့ကာလ က ဘယ်အချိန်ထိ ရှည်ကြာနေဦးမှာပါလိမ့်နော်။ ဦးကျော်ပြော တိုင်း Yes!...ဆိုပြီး ညိတ်လေ့ရှိသည့်ခေါင်းက အရင်ဘဝက ရုတ်သင်ညိုဖြစ်ခဲ့ဖူးလို့ပဲ ထင်ပါရဲ့။

"ဘာမှပြန်မဖြေဘူးတော့လား၊ လူကြီးက ပြောနေရင် Responds တစ်ခုခုပြန်ပြောမှပေါ့ လွန်းနန္ဒာ။ ငါတစ်ယောက် တည်း အရူးလိုပြောနေရမှာလား"

"လွန်း, အချိန်ပေးပါ့မယ် ဦးကျော်ရဲ့"

"ကျစ်! အဲဒီအတွက် အချိန်သပ်သပ်ပေးရမယ်လို့ ပြော တာမှမဟုတ်ဘဲ။ အလုပ်တွေပိတ်တဲ့အချိန် စိတ်အပန်းဖြေဖို့နေရာ



www.burmeseclassic.com

www.burmeseclassic.com

ကို ညွှန်ပြနေတဲ့ဟာ။ ဒါလေးတောင် သဘောမပေါက်ဘူးလား"

အဟောက်ခံရပြန်ချေပြီ။ ဒီလောက် သတိထားနေပေ လျှက်နဲ့ အပြစ်ပြောစရာက ရှာကြံဖြစ်ရတယ်လို့။ စိတ်ဆိုးတိုင်း ငြိမ်ပြီး ဘာစကားမှပြောလေ့မရှိတတ်တာမို့ လွှမ်းငြိမ်နေရင် သူ ကိုစိတ်ဆိုးနေပြီဟု ထင်သွားမှာကိုလည်း စိုးရိမ်ရတာက တစ် ဖက်ပါလေ။

"ဟုတ်ကဲ့"

"ဘာကို ဟုတ်ကဲ့တာလဲ"

"လွှမ်း သွားဖြစ်မှာပါ"

"အင်း"

"လစဉ် Weight ချိန်ပါလို့ သတိပေးထားတာလည် မေ့နေတယ်မဟုတ်လား"

"ဟင်!. . . လွှမ်း ချိန်ပါတယ် ဦးကျော်ရဲ့"

"ကျန်ခဲ့တဲ့လက ဘယ်နှပေါင်လဲ"

"Hunderd... ပါ"

"နည်းတယ်၊ ဒါကြောင့် ဒီလောက်ပိန်လွှမ်းနေတာ





အာဟာရမျှတအောင်စားပြီး လိုအပ်ရင် အားဆေးသောက်မှဖြစ် မှာပေါ့။ ဒီ Hotel လေးတစ်ခုတည်းကို ဦးဆောင်ခိုင်းထားတာ၊ ဘာများအလုပ်ရှုပ် ပင်ပန်းစရာရှိလို့လဲ။ ညီလို ကုမ္ပဏီခွဲသုံးလေး ခု ကိုင်ရရင် ဘယ်လိုလုပ်မလဲ လွှမ်းနန္ဒာ။ အစ်ကိုက ရှေ့ကနေ ခေါင်းဆောင်ပီသစွာ စံနမူနာပြ လုပ်နေရင် မင်းက နောက်လိုက် ကောင်း ပီသမှပေါ့။ ကိုယ့်ကိုယ်ကို ဂရုမစိုက်နိုင်ရင်. . . လက် အောက်က Staff တွေကို ဘယ်လို Control လုပ်နိုင်ပါတော့ မလဲ။ အစာစားချိန် မမှန်ဘူးလား. . . ဟုတ်သလား"

"ဟုတ်ပါတယ်"

"မင်းကိုယ်မင်း လူဆိုတာကိုရော သတိရသေးရဲ့လား လွှမ်းနန္ဒာ၊ နေ့စဉ် တာဝန်အရ စက်ရုပ်တစ်ရုပ်လို လှုပ်ရှားလုပ် ဆောင်နေရင်တောင်မှ ကိုယ်ခန္ဓာအတွက် လိုအပ်တာမှန်သမျှ သင့်တင့်မျှတအောင် ဖြည့်တင်းပေးရမှာကို မှတ်ထားစမ်း။ ဘယ့် နှယ်. . . ကလေးလည်း မဟုတ်တော့ဘဲ အစအဆုံးလိုက်သင် ပေးနေရတာ အလုပ်ကိုမဟုတ်ဘူး"

ကလေးမဟုတ်လို့ ခက်နေတာပေါ့။ ကလေးသာဆိုရင်



www.burmeseclassic.com

www.burmeseclassic.com

ဒီလောက်အဆူခံရတာနဲ့ မြဲခနဲငိုချလိုက်လောက်ပြီ။ ခုတော့ ဦးကျော်ကို လန့်တာရော၊ ရှိန်တာရော၊ ကြောက်တာတွေပါ အကုန်စုပေါင်းပြီး ဘာတစ်ခွန်းမှ ပြန်မပြောမိပါတော့တာလေ။ ဆူလေ၊ ဆူသာဆူ၊ တစ်လမှတစ်ခါလေး မျက်နှာမြင်တွေ့ခွင့်ရတာ။ ကြုံတုန်း စိတ်ကြိုက်သာ ဆူလိုက်ပါ ဦးကျော်။

"မီးဝါနေပြီလေ၊ နီတော့မှာ. . . အရှိန်လျှော့။ စိတ်က ဘယ်လွင့်နေတာလဲ။ ငယ်ငယ်ရွယ်ရွယ်နဲ့ သေတော့မယ်"

Brake ကို အမြန်နင်းလိုက်မိပါ၏။ လူကူးမျဉ်းကြားထက် ရှေ့ဘီးနင်းမိသလိုဖြစ်သွားတာမို့ ကားကို အနည်းငယ် Back ပြန်ဆုတ်လိုက်ရပါသည်။ ဒုက္ခပါပဲ. . . ဦးကျော် အနီးဆုံးရှိနေချိန်ကျမှ ကယောင်ကတမ်းတွေဖြစ်ရတယ်လို့။

"ငါ့ပါးစပ်ပိတ်ထားမှပဲ ဖြစ်မယ်ထင်တယ်"

"မဟုတ်တာ၊ ဦးကျော်ကြောင့်မဟုတ်ပါဘူး"

"ဒါဆိုလည်း စိတ်က ကားမောင်းတဲ့ဆီမှာ အာရုံစိုက်ထားလေ။ စိမ်းပြီ"

သက်ပြင်းကို ခိုးရှိုက်လိုက်မိပါ၏။ အသက်ရှူကြပ်တယ်





ဆိုတာ ဒီလိုအခြေအနေမျိုးကို ခေါ်တာပဲဖြစ်မယ်ထင်ပါရဲ့။ လက်ခုံပြင်မှာ မဖြစ်ဖူးသည့်ချွေးစီးတွေ ထွက်လာတာကြောင့် dash board ပေါ်ရှိ Tissue ဘူးထဲမှ Tissue paper ကိုနှိုက်ယူတာ ကားမောင်းရင်း လက်သုတ်လိုက်မိလေ၏။

"အဲဒီလောက် စိတ်မလှုပ်ရှားမိစေနဲ့လေ။ ဟိုရောက်တာနဲ့ ရေအေးလေး သောက်လိုက်ဦး"

"ဟုတ်"

ကားကို ဂေဟာဝင်းအတွင်းသို့ မောင်းဝင်လာခဲ့ပါ၏။ ကားသံကြောင့် ကျောင်းအုပ်ကြီးက ဂေဟာအဆောင်ဝမှာ ရပ်စောင့်လျက် ကြိုဆိုနေလေသည်။

"ကိုကျော်ဖေ့ရောက်တာ. . . ရက်စောနေသလားလို့။ ကျွန်မက နောက်နှစ်ရက်လောက်မှ လာမယ်ထင်ထားတာရှင့်"

"ဟုတ်ပါတယ် ဆရာမကြီး၊ ဒီနေ့ ကုမ္ပဏီမသွားဖြစ်တာနဲ့ပဲ ဒီကိုထွက်လာတာ"

"မနန္ဒာပဲလား၊ ကိုနန္ဒ မပါဘူးလားရှင့်"

"ကိုကို မန္တလေးသွားနေလို့ပါ ဆရာမကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ အထဲကိုကြွကြပါရှင်"

အဆောင်တွင်းသို့ ခပ်မှန်မှန်ဝင်ခဲ့ကြပါ၏။ အခန်းကျယ် များထဲမှာ အရွယ်စုံအသီးသီးရှိနေသည့် ကလေးများ၏ ကစား ရွှတ်နေကြသံက နားဝင်ပီယံ သာလှလေသည်။ လသားကလေး များအခန်းမှာတော့ သဘာဝငိုသံသဲ့သဲ့မျှ ထွက်နေပါ၏။

"ဒေါက်တာမိုးသက်ထွန်း အချိန်မှန်လာပါရဲ့လား ဆရာ မကြီး"

"လာပါတယ် ကိုကျော်ဇေ၊ ရက်ခြား ပုံမှန် မနက်ပိုင်း လာပေးပါတယ်။ တကယ်လို့ ဖျားနာတာမျိုးဖြစ်ရင် Phone ဆက်ခေါ်ရင်လည်း ချက်ချင်းရောက်လာတတ်ပါတယ်"

ဦးကျော်က ခေါင်းညိတ်ပြလိုက်လေ၏။ ရုံးခန်းတွင်း မှာ ဆွေးနွေးစရာ စီစဉ်စရာတို့ကို ပြုလုပ်ပြီးတော့မှ ကလေးတွေ ထမင်းကျွေးချိန်မှာ တစ်ဝိုင်းချင်း လိုက်စစ်လေသည်။ နေ့စဉ် အာဟာရစာရင်းကိုကြည့်ကာ လိုအပ်တာကို မှာပါ၏။ ပြီးတော့ မှ ဝင်းထဲမှာ လျှောက်ကြည့်ပြီး ကလေးကစားကွင်း တိုးချဲ့ရန်ကို လည်းကောင်း၊ အပင်ကြီးတွေ မလွတ်ပါက ခုတ်ထွင်ရှင်းလင်း





ရန်လည်းကောင်း သေချာမှာကြားလေ၏။

လစဉ်ထောက်ပံ့ကြေးစာရင်း အဝင်အထွက်ကို စိစစ်ပြီး ာက် ဒီလအတွက် အသုံးစရိတ်ကို ဆရာမကြီးဒေါ်မေသက် အပ်နှံခဲ့ပါသည်။ နေ့လယ် (၂)နာရီလောက်မှ အားလုံးပြီးစီး သို့ ပန်းပျိုးလက်မှ ပြန်ခဲ့ကြပါ၏။ ညနေ (၄)နာရီမှာ ဆေးရုံ ကြိုတင်မှာထားပြီးသားမို့ အချိန်မလင့်စေရန် သတိထား လေသည်။

❐❐❐



www.burmeseclassic.com

www.burmeseclassic.com



# အခန်း• (၃)

"လူနည်းတုန်း ဝင်ပြလိုက်လေ"

"အာ. . . လွှန်းမှ ဘာမှမဖြစ်တာကို၊ ဦးကျော် ဆေးရုံလာပြတာက ပိုအရေးကြီးပါတယ်"

"လူကြီးက ဒါဆို ဒါပဲလိုက်လုပ်ရမှာပေါ့ လွှန်းနန္ဒာ။ ဘယ်လိုဖြစ်ပြီး ကလန်ကဆန်လုပ်ချင်နေရတာလဲ။ နန္ဒမရှိတုန်း မင်း ပုံစံမကျတော့ဘူးနော်"

"မဟုတ်ပါဘူး"

"မဟုတ်ရင် ပြောစကားနားထောင်လေ။ လာ. . . ဝင်တော့"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုဖြင့် လွှမ်း၏ကျောကို အသာတွန်းပြီးမှ အထွေထွေအထူးကုပါရဂူ၏ဆေးခန်းအတွင်းသို့ ဝင်စေလေ၏။ ဒုက္ခပါပဲ, လွှမ်းမှာ ခြေလက် မကြာခဏကိုက်တာကလွဲပြီး ဘာမှ ထွေထွေထူးထူးမဖြစ်ပါဘဲ အတင်းပဲပြနိုင်းနေတော့တာပါလား နော်။

"နံပါတ်ဘယ်လောက်လဲမသိဘူး၊ စာအုပ်ထပ်ထားပါသလားရှင့်"

"မထပ်ထားဘူး သမီးရဲ့၊ အခုမှစပြတဲ့ သူပါ။ ဘယ်သူမှ အပြင်မှမရှိတော့လို့ ဝင်နိုင်းလိုက်တာ"

"ဩော်, ရပါတယ်ရှင်၊ တိုကင်နံပါတ်ယူထားသူတွေ ရောက်မလာသေးလို့ ပြရင်ဖြစ်ပါတယ်။ ဝင်လိုက်ပါ မမ, ကျွန်မ ခေါ်တော့ဆီ စာအုပ်ဝင်ပို့လိုက်ပါ့မယ်ရှင်"

ကဲ, လူကြီးအရာအနေနဲ့ ဦးကျော်ပြောနေတာမို့ စာရေးမလေးက စာအုပ်အသစ်ထုပ်ထဲမှ တစ်အုပ်ကိုထုတ်ကာ နာမည်ရေးရန် ပြင်ဆင်ချေပြီ။

"နာမည်ပြောပါ"





"လွှမ်းနန္ဒာအောင်"

"အသက်က"

"၂၆ နှစ်"

"နေရပ်လိပ်စာက"

". . ."

ဟော. . . လွှမ်းကိုယ်စား ဖြေသွားလိုက်တာမှ ဖြူးနေတာပါလား။ စိတ်ထဲမှာ လွှမ်းတို့တွေကို ဤမျှဂရုတစိုက်ရှိမည်ဟု ထင်မထားတာလေ။ ဒါဆို လွှမ်းနဲ့ကိုကို့အသက်တွေကို ဦးကျော် ကောင်းကောင်းကြီးမှတ်ထားတာပါလား။

"ဝင်လို့ရပါပြီရှင်၊ လာပါ မမ, ဦးရော လိုက်မှာပါလားရှင်"

"လိုက်မယ်"

"ဟင်!. . . ဦးကျော်ကလည်း"

"မရှည်ပါနဲ့၊ သွားဆိုသွား"

လိုက်ကာအသာဖယ်၍ ဝင်သွားသည့်စာရေးမလေး၏နောက်သို့ လိုက်ဝင်ခဲ့မိပြီး ခြေလှမ်းက တုန့်ခနဲရပ်သွားရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



မရပ်ဘဲ ရှိပါ့မလား. . . လွှန်း ပြရမယ့်ဆရာဝန်က အမျိုးသား ဆရာဝန် ခပ်ငယ်ငယ်ဖြစ်နေတာလေ။ ဘယ့်နှယ်! အမျိုးသမီး ဆရာဝန်နဲ့မတွေ့ဘဲ ယောကျ်ားဆရာဝန်နဲ့မှ တည့်တည့်ကြီးလာ တိုးရတယ်လို့။ သေစမ်း!. . .

"ကုတင်ပေါ်တက်ပါ"

ဆရာဝန်လေးက စားပွဲထက် တင်ပေးလိုက်သည့်စာ အုပ်ကို တစ်ချက်ကြည့်ကာ ပြောလိုက်ပါ၏။ လူ့နာကိုမကြည့် သေးဘဲ စာရင်းစာအုပ်ထဲသို့ ခုနကပြသွားသည့်လူနာအမည်နှင့် ကုသသည့်ဆေးစာရင်းကို ထည့်ရေးပြီးမှ ထိုင်ရာမှ ထရပ်လိုက် လေ၏။

"ဟောဗျာ!. . . ဘယ်သူများလဲလို့ လေးလေးပါလား။ ဘာဖြစ်လို့လဲ"

"ဒေါက်တာက"

"ကျွန်တော် ဦးမြတ်ဘော်ရဲ့သားအငယ်လေ လေးလေး ရဲ့။ ကောင်းဆက်ဘော်ပါ"

"ဪ"





"မမှတ်မိဘူးထင်တယ်၊ ကျွန်တော် ဆယ်တန်းအောင် ပြီး မွေးနေ့လုပ်တုန်းက ပွဲကို လေးလေး လာဖူးပါတယ်"

"အင်း၊ ကြာပြီဆိုတော့လေ"

"ဟုတ်တာပေါ့. . . လေးလေးလို အလုပ်များတဲ့သူက ဘယ်မှတ်နိုင်ပါ့မလဲ။ ဒါ, တူမလေးလား"

"အင်း"

"လှဲလိုက်ပါ ညီမလေး။ ဘာဖြစ်သလဲ"

အမယ်လေးနော်. . . အခုမှ အမျိုးစပ်နေတဲ့ဆရာဝန် နဲ့ လာတွေ့နေရတယ်လို့၊ မျက်နှာချိုချိုဖြင့် စမ်းသပ်ပေးနေသည့် ဆရာဝန်လေးကို စိတ်ဆိုးရအခက်, မျက်နှာလည်း ပူနေရတာ လေ။

"Weight ကျသွားလို့ သွေးအားနည်းတယ်ယူဆပြီး လာပြတာပဲ ဒေါက်တာ"

"ကျွန်တော့်ကို ကောင်းဆက်လို့ပဲ ခေါ်ပါ လေးလေး ရယ်။ ညီမလေး, အသက်ကို ပြင်းပြင်းရှူကြည့်ပါ. . . ဟုတ် ပြီ၊ နောက်တစ်ခါ. . . လန့်နေသလား Heart beat အရမ်း



www.burmeseclassic.com

www.burmeseclassic.com

မြန်နေလို့"

ဆရာဝန်လေးက ပေါ့ပေါ့ပါးပါးရယ်မောကာ ပြောနေပေမယ့် ဒီမှာတော့ ရင်တွေတုန်နေရတာ မပြောပါနဲ့တော့။ လွန်းတစ်သက် သူစိမ်းဆိုလို့ လူတစ်ယောက်နဲ့သာ အရင်းနှီးဆုံးရှိခဲ့တာလေ။ အခုလို ဘာမှမသက်ဆိုင်တဲ့ဆရာဝန်တစ်ယောက်ရဲ့ ရောဂါစမ်းသပ်မှုကြောင့် ဘယ်လိုကြီးမှန်းမသိတဲ့ခံစားချက်က ရင်ထဲမှာ တစ်မျိုးပါပဲ။

''ရင်ဘတ်က အောင့်တတ်သလား''

''ဟင့်အင်း''

"သေချာလား''

"ဟုတ်''

''မျက်လုံးအပေါ်ဘက်ကို ကြည့်ကြည့်ပါဦး၊ ရော့၊ လျှာထုတ်ပြပါ''

ဒုက္ခပါပဲလားနော်၊ တကယ့်ကိုစေ့စေ့စပ်စပ်ကြီးကို စစ်နေတော့တာပါပဲ။ ဦးကျော်ရှေ့မှာ နေရထိုင်ရခက်ပါတယ်ဆိုနေမှ ပေါက်ကရတွေ လုပ်နိုင်းနေရတယ်လို့။





"မောတတ်သေးလား''

"ဒီလိုပါပဲ''

"အလုပ်ပင်ပန်းလို့ မောတာမျိုးကို ပြောတာမဟုတ်ဘူးနော်။ နည်းနည်းလှုပ်ရှားလိုက်တာနဲ့ ရင်ထဲမောလာတာမျိုးကို ဆိုလိုတာ။ ရော့၊ ခဏထိုင်လိုက်ပါဦး။ အသက်ပြင်းပြင်းရှူပါ''

ကုတင်ထက် ထိုင်နိုင်းပြီး ကျောကို နားကျပ်ဖြင့် စမ်းပြန်လေ၏။ ပြဿနာပဲ. . . ဦးကျော်နဲ့ရင်းနှီးတယ်ဆိုပြီး အသေးစိတ်ကို စစ်ပြနေတော့တာလေ။ မြန်မြန်ပြီးပါတော့။ ဆေးဘယ်လောက်သောက်ဆိုရင်လည်း မညည်းမညူသောက်ပါ့မယ်ရှင်။

''လက်ချောင်းလေးတွေ ကြည့်ဦးမယ်''

လာပြန်ပြီ၊ တစ်ခုပြီးတစ်ခု မပြီးမစီးတော့ပါလား။ လွန်းလက်နှစ်ဖက်စလုံးကို သေချာစစ်နေသည့်ဆရာဝန်လေးကို မျက်စောင်းခဲလိုက်မိတော့၏။ အမြင်ကပ်လာပြီနော်၊ တကယ်ပြောနေတာ။

"ခြေထောက်ကိုက်တာမျိုး ဖြစ်သေးလား''

"ဟင်''



www.burmeseclassic.com

www.burmeseclassic.com

"မိုးရေထိတဲ့အခါမျိုး၊ ဆောင်းတွင်းအေးတဲ့အခါမျိုးမှာ တစစ်စစ်ကိုက်တတ်လား မေးတာလေ"

"တစ်ခါတလေတော့ ကိုက်တတ်ပါတယ်"

"လေးလေးတူမကို Heart Specialist နဲ့ပြလိုက်ရင်ကောင်းမယ်။ Tuesday ဆို ဒီမှာ မမ duty ဝင်တယ်လေ။ မမနဲ့ပြလိုက်ပေါ့"

"သူဘာဖြစ်လို့လဲ"

"Arthritis (အဆစ်ရောင်ရောဂါ) ဖြစ်မယ် လေးလေးရဲ့။ လေးဖက်နာဆိုတာမျိုးက နှလုံးနဲ့ဆိုင်တာမို့ မမနဲ့ပြတာ ပိုကောင်းလို့ပါ"

"ဘယ်လို"

"ပြီးတော့ ပိုးစစ်ပြီး ဆေးထိုးတာ အရမ်းနာတယ် လေးလေးရဲ့။ နာမှာကြောက်ရင်တော့ အစားရှောင်ပြီး မြန်မာဆေးစွဲသောက်ရင် မြန်မြန်ပျောက်မှာမို့လို့ အကြံပေးလိုက်တယ်နော်။ ဆေးထိုးခံရမှာကြောက်တယ်မှတ်လား"

ခေါင်းကို ဆတ်ခနဲညိတ်ပြတော့ ထိုဆရာဝန်လေးက





ချိုပြုံးနှင့်လေ၏။ အတော်သဘောကောင်းတဲ့ ဆရာဝန်ပါပဲလားနော်။

"ကျွန်တော် အိမ်ရောက်ရင် မမကိုပြောထားပေးမယ်လေ။ Tuesday မနက် ကိုးနာရီ သူ့ထိုင်မှာဆိုတော့ နာမည်စာရင်းပေးထားလို့ ရတာပေါ့။ ညီမလေး မှတ်ထားလိုက်နော်။ မမက Heart Specialist ဒေါက်တာမေမြတ်ဘော်တဲ့"

"ဟုတ်"

"လွှမ်းနန္ဒာအောင်, (၂၆)နှစ်နော်၊ နာမည်လေး လှတယ်။ ရော့. . . သဘက်ခါ လာပြဖို့မမေ့ပါနဲ့"

"ဘာဆေးမှမပေးဘူးလား မောင်ကောင်းဆက်"

"ပေးထားတယ် လေးလေးရဲ့၊ ကောင်တာမှာ စာအုပ်ပြပြီး ထုတ်လိုက်ပါ။ ဆေးသောက်တော့ မပျင်းနဲ့ဦးနော်"

"ကျေးဇူးပါပဲ ဒေါက်တာ"

သိပ်ပြောလေ့မရှိသည့်စကားသံက ခပ်တောင့်တောင့်ထွက်လာတော့ ဒေါက်တာကောင်းဆက်ဘော် ပြုံးပြန်၏။ လက်ထဲလှမ်းပေးသည့် ဆေးစာအုပ်ကို လှမ်းယူလိုက်စဉ် ခပ်တိုးတိုး



www.burmeseclassic.com

www.burmeseclassic.com

မေးပြန်လေသည်။

"ဘယ်မှာလုပ်သလဲ"

"Hotel မှာ"

"လေးလေးရဲ့ Horizon မှာလား"

"ဟုတ်တယ်"

"GM...လား"

"မဟုတ်ဘူး, မန်နေဂျာ"

"ဪ"

စပ်စုရန်ကောဟု မိုက်ကြည့်ကြည့်လိုက်ချင်ပေမယ့် မကြည့်ဖြစ်ဘဲ လှည့်ထွက်လာခဲ့ရလေ၏။ ဦးကျော်ကို ဆေးခန်းပြရဦးမှာလေ။ လေများနေလို့ ဘယ်ရပ့်မလဲ။ မရည်ရွယ်ပါဘဲ ဦးကျော်လက်မောင်းကို ဆွဲလိုက်မိစဉ် ဦးကျော် မရုန်းပါချေ။

"ပြန်ပါဦးမယ် မောင်ကောင်းဆက်"

"ဟုတ်ကဲ့ပါ လေးလေး"

ဦးကျော်ကိုပြတော့ အတော်ကြာလေ၏။ အရိုးအကြော ပြလူနာတွေက များလှသည်ကိုး။ ဆေးခန်းပြပြီးတော့ ည (၈)





ကျော်ချေပြီ။ ကားဖြင့်ပြန်ပို့ပေးစဉ် ဦးကျော် အသံတိတ်နေသော၏။ ဘာတွေများ စဉ်းစားနေပါလိမ့်။ သိချင်သော်ငြား မမေးပါချေ။

တိုက်ရှေ့မှာ ကားရပ်ပေးပြီး တံခါးဖွင့်ပေးတော့ အားရှုံ့ထရသည့် ဦးကျော်လက်မောင်းကို ဆွဲထူမိပြန်၏။ တည်ကြည်သည့်အကြည့်တစ်စုံက လွန်းကိုငုံ့ကြည့်လာပြန်လေသည်။

"အဂါနေ့ ကိုယ့်ဖာသာကိုယ် သွားမှာလား။ လိုက်ပေးဦးမလား"

"နေပါစေ ဦးကျော်ရဲ့"

"ဘာနေပါစေလဲ၊ မသွားဘဲမနေနဲ့ လွန်းနန္ဒာ။ အပ်နှံချင်းရင် ပျောက်နိုင်တာကို ပေါက်ဆိန်နဲ့ အပေါက်မခံချင်နဲ့။ ပါပဲ. . . မှောင်နေပြီ, ပြန်တော့။ ကားကိုဂရုစိုက်မောင်း"

ဒါလည်း အမိန့်ပေါ့နော်။ သက်ပြင်းကိုသာ ရှိုက်ထုတ်လိုက်မိတော့၏။

❒❒❒



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"မပေါ့နဲ့နော်၊ သွားပြုဖြစ်အောင် သွားဦး"

ကဲ, ဆေးခန်းပြရမယ့်သတင်းက ကိုကို့ဆီကိုတောင် ရောက်သွားပါပေါ့လား။ ဦးကျော်ကတော့လေ. . . ကိုကို စိတ်ပူအောင် ဘာလို့ပြောလိုက်တာပါလိမ့်။

"ပြောနေတာကြားလား"

လာပြန်ပြီ၊ ဦးကျော်နဲ့တစ်လေသံတည်းပါပဲလား။ လွန်းဆိုးနဲ့လို့ရတာဆို၍ ကိုကိုတစ်ဦးတည်းသာရှိပြီး ဒီအစ်ကိုအပေါ်မှာလည်း သိပ်မဆိုးဖြစ်တာလေ။

ရွှေဝဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကြားတယ်"

"ဘာကြားတာလဲ အလုပ်ရှုပ်နေတယ်ဆိုပြီး အကြောင်း မပြန်နဲ့၊ ဘယ့်နှယ်, လူကြီးကို ဆေးခန်းလိုက်ပြပေးဖို့ မှာပါတယ်။ လူကြီးက ညည်းကို ဆေးခန်းပြန်ပို့ရတယ်လို့"

"အာ. . . ကိုကိုကလည်း မသိဘဲနဲ့ လွှန်းကိုချည်း ဗိ ဆူမနေနဲ့လေ။ Weight ကျနေပြီဆိုပြီး လွှန်းကို ဆေးခန်းထဲ အတင်းတွန်းပို့လို့ ပြခဲ့ရတာကို"

"အေးလေ, အဲဒါကြောင့် ညည်းမှာ ဘာရောဂါရှိသလဲ ဆိုတဲ့ Sign ပြတာကို သိရတာမဟုတ်လား။ မဟုတ်ရင် အချိန် လွန်မှ နောင်တရတာမျိုး ဖြစ်တော့မပေါ့။ ဒီရောဂါမျိုးက မြန် မြန်မကုရင် အိပ်ရာထဲ ဗုန်းဗုန်းလဲပြီး သေတတ်တယ်ဆိုတာ နင်မကြားဖူးဘူးလား မိလွှန်းရဲ့. . . ဟင်"

အမယ်လေးနော်, ကိုကိုပြောမှပဲ လွှန်းက မနက်ဖြန် သဘက်ခါပဲ အသက်ထွက်တော့မယ့်လူ ဖြစ်ရတယ်လို့။ ဘယ် အရာကိုမှ မကြောက်တတ်တဲ့ညီမလေးကို ခြိမ်းခြောက်ရတယ် လို့ ဒီလောက်ခေါင်းမာတဲ့ကောင်မလေးကို စည်းနဲ့ကမ်းနဲ့နေ





အခဲ့ပေးမယ့် မျက်စိဒေါက်ထောက်ပြီး ဂရုမစိုက်မိခဲ့တဲ့အတွက် ဘဝမှာ ချစ်ခြင်းရဲ့ဖျားယောင်းသွေးဆောင်မှုကို ခံရတာဆိုပြီး နောင်တတွေ တစ်လှေကြီး ရစေခဲ့တာအမှန်ပါပဲ။

လောကအလယ်မှာ မျက်နှာမွဲနှစ်ယောက်တည်း ကျန် ရစ်ခဲ့တာမို့ ပညာတစ်ပိုင်းတစ်စနဲ့ရပ်ပြီး လွှန်းကိုသာ ဘွဲ့ရရန် အတင်းကြီး တွန်းတင်ပေးခဲ့ပါလျက်နဲ့ လှေကားတစ်ဝက်မှာ ဒီ ညီမက ခြေချော်ကျရတယ်လို့။ ရှေ့ဆက်ဖို့ ခွန်အားမရှိတော့ သည့်နှယ် ယိုင်လဲခဲ့ရတဲ့ အငယ်ကိုသာ ဦးစားပေးခဲ့လို့ ချစ်ဦး သူကို လက်လွှတ်ဆုံးရှုံးခဲ့ရတာကလည်း လွှန်းရဲ့ကိုကိုပါပဲ။

လွှန်းရဲ့စိတ် အနည်ထိုင်ချိန်၊ မောင်နှမနှစ်ယောက်ရဲ့ စီးပွားရေးအလုပ်အကိုင် အခြေတကျဖြစ်တော့မှ 'ယဉ်မင်းလွင်' ဆိုသည့်မိန်းကလေးနှင့် ကိုကို ထပ်ဆုံခဲ့ရတာပါ။ ဦးကျော်ရဲ့ မိတ်ဆွေသမီးမို့ ကိုယ့်အခြေအနေ ကိုယ့်အဆင့်အတန်းကို သိ နေတာကြောင့် တစ်လုံးတစ်ပါဒမှ မဖွင့်ဟပါဘဲ ကိုကို့အကြည့် ကိုကို့အပြုံးတွေကတစ်ဆင့် အဓိပ္ပာယ်ဖွင့်နိုင်ခဲ့တဲ့'ယဉ်ယဉ်'တစ် ယောက် ကိုကိုနဲ့အနီးဆုံးကို မရောက့်,ရောက်အောင် ကြိုးကပ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာမို့ ဒီဇာတ်လမ်း စတင်ခဲ့တာပါလေ။

"ပြောနေတာ ကြားရဲ့လား"

"ကြားပါတယ် ကိုကိုရာ"

"ကြားရင်လည်း လိုက်နာဖို့ အတိအကျလုပ်မယ်လို့ ပြောရမှာပေါ့။ ကိုကိုမရှိတာနဲ့ ကိုကြီးရဲ့စကားကို နားမထောင်ဘဲ ကလန်ကဆန်လုပ်ချင်တယ်လို့ပြောတာ ကောင်းသလား။ ကိုယ့်ကို ဒီလိုစောင့်ရှောက်လမ်းပြနေတဲ့ လူကြီးရဲ့အမိန့်ကို နင် ဆန့်ကျင်နေရင် နင့်လက်အောက်က ဝန်ထမ်းတွေကို နင်ဘယ်လိုအုပ်ချုပ်မလဲ ညီမလေးရယ်"

အား!. . . ဦးကျော်တော့ ဘယ်အခြေအနေထိ ကိုကို့ကို တိုင်ထားတယ်မသိ။ လွှန်းကိုဆူနေတဲ့ ကိုကို့စကားတို့က နားတွေပင် ပူလှချေပြီ။ ခက်ပါရဲ့နော်, အဝေးရောက်နေတာကို တောင်မှ ထောင့်စေ့အောင် ဆူနေရတယ်လို့။

"လွှန်းက အလုပ်နဲ့ကိုယ်ရေးကိုယ်တာကို ခွဲခြားပြီး သိပါတယ် ကိုကိုရယ်။ စိတ်မပူပါနဲ့"

"မပူလို့ဖြစ်မလား၊ ကိုကို့မှာ ပြေးကြည့်မှ ဒီညီမလေး





အစ်ယောက်တည်းရှိတာကို။ ညည်းကိုမှမပူရင် ဘယ်သူ့ကိုသွားပူရမှာလဲ"

"ယဉ်ယဉ့်ကို ပူပေါ့ကိုကိုရဲ့"

"ကျစ်!. . . စကားအကောင်းပြောနေရင် ဖောက်မလာနဲ့ကွာ"

"ဟုတ်တယ်လေ, ကိုကို့ယဉ်ယဉ်က လွှန်းထက် ၉၅၂ တောင် ပိုတဲ့ဟာပဲ"

"မကျစ်နဲ့ လွှန်းရာ၊ မတူတာကို"

"မတူလို့ ပြောတာလေ၊ မမှန်လို့လား"

"လျှောက်ပြောမနေနဲ့၊ ညည်းသာ ပထမလူထက်ပိုပြီး ချစ်ရမယ့်သူကို မတွေ့အောင်သာ ရှောင်ပါဦး"

"ကိုကိုနော်"

"ဆေးခန်းပြဖြစ်အောင်ပြဖို့ မမေ့နဲ့။ ဒါပဲ. . . ဒါပဲ"

Phone ကျသွားချေပြီ။ ပထမလူတဲ့လား. . . အချစ်ဦးမို့ အရူးအမူးချစ်ခဲ့မိတာ လွှန်း,ဝန်ခံပါတယ်လေ။ 'မိုးယံပိုင်' ဆိုတဲ့အမည်ကို မေ့ထားပစ်ခဲ့တာ အခုဆို (၈)နှစ်ကျော်ခဲ့ပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



သတိမရချင်ပေမယ့် ကောင်းကင်ကိုမော့ကြည့်မိတိုင်း ဖြစ်တည်လာတဲ့ခံပြင်းစိတ်က လွမ်းစိတ်ကို ဖြေသာခဲ့တာအမှန်ပါ။

ရှည်းစားဦးဇာတ်လမ်းတိုင်းရဲ့ အဆုံးသတ်ဟာ မလှပတတ်ဘူးဆိုတာကို ယုံတမ်းစကားလို့ပဲ သတ်မှတ်ခဲ့မိတာ လွန်းရဲ့အမှားပါပဲလား။ အချစ်ဆိုတာကို ရင်ခုန်ခံစားတတ်ခဲ့မိချိန်မှာ အမုန်းဆိုတဲ့ ခါးသည်းခြင်းကိုပါ တစ်ပါတည်း လက်ခံခဲ့ရလိမ့်မယ်လို့ ဘယ်သူက ထင်မှာတဲ့လဲ။

ငြိတွယ်ခြင်းရဲ့အစနိဒါန်းမှာ 'မောင်'ဆိုတဲ့သညာတစ်ခုက လွန်းရဲ့နှလုံးသားမျက်နှာပြင်ထက် ကမ္ပည်းတင်ခဲ့တာ အိပ်မက်မှမဟုတ်ခဲ့တာပဲကွယ်။ ချုန်ရစ်ခြင်းရဲ့အဆုံးသတ်မှာ ကျန်ရစ်ခြင်းဆိုတာ နုငယ်လွန်းတဲ့အရွယ် လူသားတစ်ဦးအတွက် သေစေနိုင်တဲ့ ကျည်ဆံတစ်တောင့်ပါပဲ။

အသည်းကွဲတယ်ဆိုတာ ရုပ်ရှင်တွေ ဝတ္ထုတွေထဲမှာသာ ရေးထွင်းကြတဲ့ စာရေးသူတွေရဲ့ ကညစ်မင်ရှည်တစ်ခုသာဖြစ်ပါစေလား။ လက်တွေ့ရှင်သန်နေရတဲ့ဘဝမှာ ပုံပြင်မဟုတ်တဲ့ တကယ့်အဖြစ်အပျက်တစ်ခုက လွန်းရဲ့ရင်တစ်ခုလုံးကို ရိုက်ချိုး ချေမွရက်စက်ခဲ့တာလေ။





'မောင်' . . . အလွမ်းဆိုတာကို တစ်ခါမှမခံစားခဲ့ဖူးတဲ့ ကောင်မလေးကို ဒဏ်ရာအနာတရနဲ့ ကျန်ရစ်ခဲ့စေဖို့ သေမိန့်ပေးခဲ့လေသလား။ 'ချစ်တယ်'ဆိုတဲ့ တိုတောင်း လေးနက်တဲ့အဖြေတစ်ခုကို ရင်နဲ့ရင်းပြီးမှ 'မောင့်'ကိုပေးခဲ့မိတာတွေကို မောင်သိနေလျက်နဲ့ ဒီလိုမျိုးလုပ်ရက်ရတယ်လို့ကွယ်။

"မမ"

". . ."

"မမ"

"ဟင် . . ."

မျက်နှာကို လက်ဝါးပြင်ထက် အုပ်ကာ ငြိမ်သက်နေရာမှ လန့်သွားရလေ၏။ ပြေးလွှားနေသည့်အတိတ်ရုပ်ဆီမှ ပစ္စုပ္ပန်ဆီးရူးကို ရုပ်ချည်းပြန်ရောက်သွားတာမို့ ရင်ထဲ နင့်ခနဲဖြစ်သွားရသည်မှာ အမှန်ပါလေ။

"ဘာကိစ္စရှိလို့လဲ မိုးမိုးသူ"

မျက်နှာကို တစ်ချက်ပွတ်လိုက်မိရင်း မေးလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေတော့ ရှိမနေလောက်ပါဘူးနော်။ လွှန်းက လွှယ်လွှယ်နဲ့ မျက်ရည်ကျတတ်တဲ့ ဆယ်ကျော်သက်ကောင်မလေးမှ မဟုတ်တော့တာလေ။

"ကျွန်မ တံခါးနှစ်ချက်ခေါက်ကတည်းက မမ အသံထွက်မလာလို့ စိုးရိမ်တကြီးနဲ့ ဝင်လာခဲ့တာပါ။ မမ နေကောင်းရဲ့လားဟင်"

"ကျစ်!. . . လိုရင်းကိစ္စကိုပဲ ပြောလေ၊ ဘာလို့ အပိုစကားတွေ ပြောနေရတာလဲ"

"မမ လက်မှတ်ထိုးဖို့ ယူလာပေးတာပါ"

စားပွဲထက် ချပေးလာသည့် File ကို တစ်ချက်စစ်ကာ လက်မှတ်ထိုးပေးလိုက်ပါ၏။

ကြည့်စမ်း! ခဏလေး စက္ကန့်ပိုင်းမျှလောက်နဲ့ လွှန်းသတိလက်လွှတ်ဖြစ်သွားရတာပါလား။ File ကို မိုးမိုးသူထံ ပြန်ကမ်းပေးလိုက်ပြီး လက်မှနာရီကို တစ်ချက် ကြည့်လိုက်မိပါ၏။

အလို! ညနေငါးနာရီပင် ခွဲနေချေပြီ။





**မျက်ရည်ဆိုတာ အရှုံး...အလကားကျလာတဲ့အရာမျိုး မဟုတ်ဘူး...ဒါမျိုးကို ရင်အနာခံပြီး ရှင်ဘတ်ထဲမထည့်နဲ့...**

သက်ပြင်းကို ရှိုက်လိုက်မိလေ၏။ မှန်ပါတယ် ဦးကျော်၊ မျက်ရည်ဆိုတာ လွှန်းအတွက် အရှုံးတစ်ခုပါပဲ။ အဲဒီမျက်ရည်တွေကြောင့်ပဲ ရှေ့တည့်တည့်က အန္တရာယ်ကိုမမြင်တတ်ခဲ့တာ။ အဲဒီမျက်ရည်တွေကြောင့်သာ အသက်ဆုံးရှုံးမှာကို မကြောက်တတ်ခဲ့တာလေ။

'လမ်းခွဲကြစို့' ဆိုတဲ့ စကားလုံးလေးလုံးရဲ့အဆုံးသတ်မှာ လွှန်း အသက်ရှူရပ်ခဲ့ရတာ အမှန်ပါပဲ။ ကမ္ဘာကြီးတစ်ခုလုံး အလင်းပျောက်ကွယ်သွားသည့်နှယ် လွှန်းရှေ့မှာ မည်းမှောင်သွားတော့တာလေ။ မေးခွန်းတွေ ပလုံစီအောင် ထုတ်ချင်ခဲ့ပေမယ့် လွှန်းကို ကျောပေးထားတဲ့မောင့်ကိုသာ ငေးကြည့်နေမိခဲ့တာပါကွယ်။

မောင့်အတွက်ကတော့ ချစ်သူတစ်ယောက်ကို စွန့်လွှတ်ဖို့ဆိုတာ ပါးပါးလေးဖြစ်ကောင်းဖြစ်နေမှာပါပဲ။ လွှန်းမှာသာ လွှန်း



www.burmeseclassic.com

www.burmeseclassic.com



မှာသာ. . . ရင်ထဲ နင့်နင့်သည်းသည်းနဲ့ အကြီးကြီးနာကျင်ခဲ့ရတာပါလေ။ အချစ်ကြီးချစ်ခဲ့မိသူမို့ မုန်းရကောင်းမှန်းလည်းမသိခဲ့၊ နာရကောင်းမှန်းလည်းမတတ်အောင် လွန်းကမ္ဘာမှာ အမှောင်တိုက် ဖုံးလွှမ်းခဲ့ရတာအမှန်ပါ။

'မောင်'ဆိုတာ လွန်းဘဝကို ချစ်ခြင်းဖြင့် ထွန်းလင်းစေခဲ့တဲ့ အလင်းတန်းလေးတစ်ခုလိုပဲ လွန်း တင်စားခဲ့ပါလျက် လက်တွေ့မှာ ဘာကြောင့် အရောမထင်ခဲ့ရတာပါလိမ့်။

ချစ်သူဆိုတာ ရင်ခုန်သံချင်း ထပ်တူကျလို့ လက်ခံရွေးချယ်ပြီး လက်တွဲခဲ့ကြတဲ့ သူစိမ်းနှစ်ဦးမှန်း မောင် အသိဆုံးဖြစ်ပါလျက် ဘာကြောင့်များ လွန်းအပေါ် ပစ်ပစ်ခါခါထားရစ်ခဲ့ရတာလဲ။ နှစ်ဦးသား ဆုံးဖြတ်ထားတဲ့လမ်းက အဆုံးမဲ့ပါကွယ်။ ဒါကို သိသိကြီးနဲ့ မောင်မို့ လက်တွဲဖြုတ်ရက်ခဲ့ရတယ်လို့။

အကြောင်းပြချက်တစ်စုံတစ်ရာ ရှိမနေဘဲ ဘယ်လိုပြစ်ချက်မျိုးနဲ့ လွန်းကို ပစ်ပယ်ခဲ့ပါသလဲ။ သာမန်မိန်းကလေးတွေနဲ့တန်းတူ အလှတရား, ပညာ, ကိုယ်ကျင့်သိက္ခာတို့ ပိုင်ဆိုင်ထားပါလျက်နဲ့ မောင် နှိုင်းယှဉ်ပြခဲ့တာက အဆင့်အတန်းတဲ့လား။





ဘဝပေးကုသိုလ်ကံကြောင့် မတူညီတဲ့တန်းတစ်ခုကို မောင်ကြိုမြင်တတ်ခဲ့ရင် ဘာကြောင့် လွန်းကိုချစ်တယ်လို့ ပေါ့ပေါ့လေး ပြောခဲ့တာပါလဲ။

'လွမ်းစရာရှိရင် နာစရာနဲ့ဖြေ'လို့ ဆိုရိုးရှိပေမယ့် လွန်းမှာကတော့ လွမ်းချင်စဖွယ် သံယောဇဉ်အပိုင်းအစလေးတောင်မှ မကြွင်းကျန်ရစ်ခဲ့တာလေ။

□□□



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

မှန်တင်ခုံထက်ရှိ လက်ပတ်နာရီအနက်ရောင်လေးကို သူပတ်လိုက်ရင်း မှန်ထဲမှာ ကိုယ့်ကိုယ်ကို ပြန်စစ်ဆေးလိုက်မိပါစေ။ ဆံပင်တောင် နည်းနည်းရှည်ချင်လာသလိုပါပဲလား။ အရင်တုန်းကတော့ ဆံနွယ်ရှည်တွေကို အမြတ်တနိုးတန်ဖိုးထားပြီး ထားခဲ့ပေမယ့် သူနဲ့သံယောဇဉ်ပြတ်တဲ့နေ့ကစပြီး နောက်ရက်မှာ လွှန်းရဲ့ဆံပင်တွေကို အကုန်ညှပ်ပစ်ခဲ့တာလေ။

ရှုးတယ်လို့ပဲ ဆိုလေမလား။ မကြာခဏနမ်းရှိုက်ခံခဲ့ရနေတဲ့ အငွေ့အသက်တွေကို မလိုချင်တော့တဲ့ဆန္ဒကြောင့်ပါ။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြတ်ပြီဆိုမှတော့ သူနှစ်သက်သမျှ ဘာမဆို အကုန်ရုပ်သိမ်းလိုက် တာ အမှန်ဆုံးမဟုတ်လား။ တစ်ချိန်က ခပ်ကျဲကျဲလူးဖူးတဲ့ ပါး ပြင်ထက်မှာ သနပ်ခါးရနံ့ ပျယ်ခဲ့တာ အတော်ကြာခဲ့ပါပြီလေ။

မျက်မှန်ကို Hand Towel အပျော့စားလေးဖြင့် အသာ ဖုန်သုတ်လိုက်ပြီး မျက်နှာမှာ တပ်လိုက်၏။ ဝတ်ထားသည့် Coat ကို ပိုသပ်ရပ်စေရန် ခါးအောက်စနားကို ဆွဲဆန့်လိုက်ပြီး အဆုံး သတ်ကြည့်လိုက်မိသည်။ ဝိန်ပါးသည့်ခန္ဓာကို ဟိုဒီလှည့်မကြည့် ဖြစ်တာ အတော်ကြာပြီပဲ။ ဒါကြောင့် လွန်းကို Weight ကျ လွန်းတယ်လို့ ဦးကျော် ပြောတာပေါ့နော်။

ယူနေကျ Note book, Hand Phone နှင့် ကားသော့ ကို အံဆွဲထဲမှ နှိုက်ယူကာ လုပ်နေကျအတိုင်း အခန်းမီးမှိတ် Main ချတာတို့ကို လုပ်လိုက်ပါ၏။ အခန်းတံခါးသော့ဖွင့်ကာ Lift ရှိရာဆီသို့ Corridor လမ်းတစ်လျှောက် ခပ်သွက်သွက် လျှောက်လာခဲ့သည်။

မြေညီထပ်ကိုရောက်ခဲ့တော့ ကားသိမ်းထားရာဆီသို့ လျှောက်ခဲ့စဉ် ခြေလှမ်းတို့က တုံ့ခနဲရပ်သွားရပါ၏။ မရပ်ဘဲ





လား. . . လွန်းရဲ့ကားစက်ဖုံးကို မှီရပ်နေသည့်ဦးကျော်ကို တောစီးစီးတွေ့လိုက်ရတာလေ။

"ဦးကျော်"

"မာချက်ကတော့ ကမ်းကုန်ပါပဲလား လွန်းနန္ဒာ"

"ရှင်!. . . ဘာကိုပြောတာပါလဲ"

"ဒီနေ့ ဘာနေ့လဲ"

"Tuesday. . . အာ. . . ကျွတ်"

"မေ့နေလို့ဆိုပြီး အကြောင်းပြမယ်မှန်း ငါသိပြီးသား မိန်းကလေးဖြစ်ပြီး ဒီလောက်အထိ ခေါင်းမာလွန်းတာတော့ ဆင့်တော်ဘူး လွန်းနန္ဒာ။ သေချာမှာထားပါလျက်နဲ့ မင်း တမင် လုပ်တာ မှတ်လား။ မနေ့ကတည်းက ကြိုပြီး Booking လုပ် ကို သိသိကြီးနဲ့၊ နဂိုကတည်းက Heart Specialist ဆို လူနာတွေ ကျိတ်ကျိတ်တိုးလေ့ရှိတာကို မင်းမသိဘူးလား"

မျက်နှာမာကြီးနှင့် စူးခနဲကြည့်လိုက်သည့်မျက်ဝန်းတို့ ကြောင့် မျက်လွှာကိုချလိုက်မိပါသည်။ ဒီလိုကြည့်တဲ့မျက်လုံး ကို အကြည့်ဆုံအောင် မကြည့်ရဲတာ ဦးကျော်နဲ့စတင်ဆုံတဲ့



www.burmeseclassic.com

www.burmeseclassic.com

နေ့ကတည်းကပါပဲလား။ ဒီလောက် ရှစ်နှစ်တာ ပတ်သက်ခဲ့လျက် ခုချိန်ထိ ဦးကျော်နှင့် ရင်းရင်းနှီးနှီးမရှိတာ ဘာကြော ပါလိမ့်နော်။

ဘယ်လိုပြောရမှာပါလိမ့်။ ပြဿနာကိုဖြေရှင်းနည်း စားလိုက်သော်ငြား ဦးနှောက်က ချက်ချင်းအလုပ်မလုပ်တော့ တာပါလေ။ ပြီးတော့ ဦးကျော်ကို မတိကျတဲ့အကြောင်းပြချက် ကို ပြောလို့မှမရတာဘဲ။ ဘယ်သောအခါမှ မညာတတ်တဲ့ လွှမ်း ရဲ့ဖြူစင်တဲ့စိတ်ဓာတ်ကို ဖျက်လို့မှမရတာလေ။

**'ချော်လဲရောထိုင်'ဆိုတာ လူဖျင်းတွေရဲ့အလုပ်ပဲ။ လဲ ကျရင် ထူပေးမယ့်လက်ကိုမျှော်ပြီး အချိန်ကုန်ခံမှာလား... ကိုယ့်ကိုယ်ကို အားယူပြီး ထူမတ်မှာလား...ချက်ချင်းဆုံး ဖြတ်သင့်တယ်...**

ကဲ, ခေါင်းထဲမှာ ပေါ်လာပြန်ပါပြီ။ ဦးကျော်ရဲ့ဒဿ စကားလုံးတွေလေ။ တကယ်လဲကျခဲ့တုန်းက လွှမ်းကိုလက်ကမ်း ပြီး ထူမတ်ပေးခဲ့တာက ဦးကျော်ကိုယ်တိုင်ပါပဲမဟုတ်လား။





''လွှမ်း သတိမရလို့ပါ ဦးကျော်ရဲ့''

''သိတယ်, သိတယ်, ဒီလို Reason ပေးမယ်ဆိုတာ လို့ အစောကြီးကတည်းက စီစဉ်ထားတာ။ မနေ့ကတည်း ဒါ နာမည်ကြိုပေးထားတယ်။ တိုကင်နံပါတ် (7)တဲ့၊ အခု စောစောသွားရမှာ. . . တက်''

ကဲ, ကောင်းရော၊ ခြေမသန်တဲ့လူက လွှမ်းကို ဆေးရုံ ပို့မှာတဲ့လေ။ တက်ဆိုပြီးပြောပေမယ့် လွှမ်းရဲ့ကားကိုပဲ ကျော် လိုက်စီးမှာမဟုတ်လား။ ကိုကိုသိရင်တော့ လွှမ်း ခေါင်း ပြီနော်။

''ဘာလုပ်နေတာလဲ, တံခါးဖွင့်လေ''

ပေးပြန်ပြီ အမိန့်တွေ။ စိတ်တိုလာပြီနော်။ အဆိုတော် နီလို 'အမိန့်တွေပေးတာ မကျေနပ်ဘူး'ဆိုပြီး. . . သီချင်း ယ်ကြီးသာ ဆိုပြလိုက်ချင်ပါရဲ့။

တံခါးဖွင့်ပေးပြီး ကားပေါ်တက်ရန်ပြင်စဉ် ကူဖို့ပြင်တော့ လက်ကို ဦးကျော်က ဖျတ်ခနဲရိုက်၍ ဖယ်စေ၏။ မကြိုက် လား. . . ကိုကိုနဲ့ဆိုရင်တော့ ဘာမဆိုလက်သင့်ခံပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



လွှန်းကိုဆို ခွဲခြားခွဲခြားသိပ်လုပ်ပြတာလေ။

"မကိုင်နဲ့, ငါ ဒုက္ခိတမဟုတ်ဘူး"

ကြည့်! စေတနာကို ဥပေက္ခာပြုရက်ရတယ်လို့။ ကာ

မောင်းထွက်တော့ ဦးကျော်က Phone ကို ဖွင့်လိုက်လေ

အချိန်ကို အလဟဿမဖြစ်စေတာ နိစ္စဒူဝပါပဲလား။

"အေး. . . ငါ"

အမယ်လေးနော်၊ ဒါ Boss လေသံလား။ တစ်ဖ

က ဘယ်လိုနားထောင်မယ်မှန်းမသိပေမယ့် လွှန်းနားထဲမှာတေ

အသံတောင့်တောင့်ကြီး ဝင်ရတာအမှန်ပင်။

"နင်တို့အစ်မ ဆေးရုံသွားပြမှာမို့ နောက်ကျလိမ့်မ

ဆယ်နာရီလောက်မှရောက်မှာ။ သူမရှိတာနဲ့ ပြီးစလွယ်လုပ်ထ

မယ် မကြံနဲ့။ အားလုံးအဆင်ပြေပါစေ, နားလည်လား. . . ဒါ

ဒါပဲလား, လွှန်းအတွက် Hotel ကိုလှမ်းပြီး သတ

ကြိုပို့တာပေါ့လေ။ ဩချလောက်ရပါရဲ့ ဦးဟိန်းကျော်ရေ

ကိုယ့်အလုပ်တွေကို ပစ်ထားပြီး လွှန်းကို ဂရုစိုက်ရသတဲ့လ

"ဆေးရုံပြပြီးလို့ အခြေအနေမဟန်ရင်. . . မင်း, ဘ





မမောင်းရတော့ဘူး လွှန်းနန္ဒာ"

"ဟာ. . . ဘယ်ဖြစ်မှာလဲ ဦးကျော်ရဲ့"

"မဖြစ်လို့မရဘူး၊ မင်းအတွက် Driver Stand by ခန့်ပေးမယ်၊ နှလုံးသမားဆိုတာ မြန်းခနဲ ဒိုင်းခနဲ ထဖောက်တတ်တာကွ။ ကားမောင်းလို့မဖြစ်ဘူး၊ အန္တရာယ်ရှိတယ်"

"လွှန်းက သေလုမျောပါးဝေဒနာသည်မှမဟုတ်တာဘဲ ဦးကျော်ရယ်"

"မရှည်နဲ့, ငါက ဒါဆိုရင် ဒါပဲလိုက်လုပ်ရမှာပေါ့ လွှန်းနန္ဒာ။ မင်း, ဘယ်သူ့အားကိုးနဲ့ ငါ့ကိုအာခံနေတာလဲ"

မျက်နှာရှုံ့ကာ အသံတိတ်သွားရတော့၏။ လွှန်းတော့ ဝဋ်လည်တာပဲ ထင်ပါရဲ့။ လက်အောက်ငယ်သားတွေကို မော်ပြီး မကြည့်ရဲအောင် ဗိုဟောက်ခဲ့သမျှ အခု ကောင်းကောင်းကြီး အထုအထောင်းခံရတော့တာလေ။

ဝန်ထမ်းတွေရဲ့လေသံက ပျော့ပျော့တိုးတိုးလေးနဲ့ ရှင်းပြတာကိုတောင် လက်မခံဘဲ ဝေါက်ပြ ဟောက်ပြ လုပ်ခဲ့သမျှ လွှန်းရဲ့လေသံခပ်မာမာ (အနည်းငယ်တိုးသော) လေသံကို ဦး



www.burmeseclassic.com

www.burmeseclassic.com



ကျော် လက်မခံတာ ဘယ်ဆန်းပါ့မလဲ။ အပြစ်ကလည်း ကြီးကြီးမားမားရှိနေတာကိုး။

ဒီနေ့မပြုဖြစ်ရင်လည်း နောက်မှရက်ချိန်းပြီး ပြုလို့ရတာပဲဟု စောဒကတက်ပြီး ပြောချင်လိုက်ပေမယ့် မပြောဖြစ်ဘဲ လည်ချောင်းတွင်းသို့သာ မျိုချလိုက်ရတော့၏။ ခံပေဦးတော့ လွှန်းနန္ဒာ. . . နင်က တခြားသူစိမ်းတွေရှေ့မှာ 'တူ'ဖြစ်ခွင့်ရပေမယ့် ဦးကျော်ရှေ့ရောက်ရင်တော့ အမြဲပဲ 'ပေ'ဘဝ ရောက်နေတော့တာလေ။

"ကားကိုဖြည်းဖြည်းမောင်းလေ၊ မင်းကိုယ်မင်း ပြိုင်ကားပြေးလမ်းပေါ် မောင်းနေတဲ့ ချန်ပီယံများ ထင်နေသလား။ ကားတွေ ဒီလောက်ရှုပ်နေတာ သတိထားနိုင်မှ တော်ကာချမှာပေါ့။ ဘယ်လိုမိန်းကလေးလဲ"

ဟင်းနော်. . . တခြားမိန်းကလေးတွေလိုမျိုး မူယာမာယာများပြီး စိတ်ကောက်ပြလိုက်ချင်တာ မပြောပါနဲ့။ ရှာကြံပြီးတော့ကို ဆူနေတာလေ။ ကားရှိန်ကိုလျှော့လိုက်စဉ် နောက်ကားတွေမှ ဟွန်းသံတွေ ထွက်လာပြန်လေ၏။





"အဲဒါ ငါ့ကိုရွဲ့တာလား!"

"မဟုတ်ပါဘူး"

"လွှန်းနန္ဒာ"

ဂူးခနဲဆောင့်ထွက်မိတော့ ဦးကျော်လက်က လွှန်းလက်ခုံပေါ် ရောက်လာတော့၏။ စီရာတိုင်ကို ကွေ့လိုက်တာမို့ လမ်းဘားဘက်ကို ထိုးလိုက်သလို ကားဘရိတ်ကိုပါ နင်းလိုက်ရလေသည်။ ကဲ, ကားတော့ ရပ်သွားပြီမဟုတ်လား။

"အသက်ကို ဝဝရှူ, ခေါင်းကိုမော့ထားလေ။ မျက်လုံးကိုမှိတ်ထား. . . ပြောတဲ့အတိုင်းလုပ်"

ဦးကျော်ပြောလိုက်မှပင် အသက်ရှူမဝသည့်နှယ် ဖြစ်သာလေ၏။ ကားမောင်းတိုင်း ကားမှန်ချကျင့်ရှိတာမို့ အသက်ရှူကြပ်တဲ့ဝေဒနာကို ဘယ်သောအခါမှ မခံစားခဲ့ရပါလေ။ အခုတော့ ဘေးနားမှာ စေ့စေ့စပ်စပ်လိုက်ပြောနေတာမို့ ဒီလိုတွေ ဖြစ်ကုန်တော့တာလေ။

"လွှန်းနန္ဒာ"

လက်မောင်းကို ကိုင်လှုပ်လိုက်တာကြောင့် မငြိမ်ချေး



www.burmeseclassic.com

www.burmeseclassic.com



သည့် ရင်ခုန်သံက ထပ်တစ်ဖန် ဆက်ခုန်လာတာကြောင့် မျက်နှာ တစ်ချက်မဲ့သွားရလေ၏။

မဖြစ်ဘူး. . . မဖြစ်တော့ပါလား။ ဒီလိုသာ ဦးကျော်, လွှမ်းကို လက်ပွန်းတတီး ဆက်ဆံပြောဆိုတဲ့ဒဏ်ကို လွှမ်းနှလုံးသားက ခံနိုင်ရည်မရှိတာ အမှန်ပါလားလေ။

"ခေါ်နေတာ ကြားရဲ့လား လွှမ်းနန္ဒာ"

"အင်း"

"အဆင်ပြေရဲ့လား, ကားဆက်မောင်းလို့ ရရဲ့လား။ မေးနေတာ ဖြေဦးလေ"

"ရတယ်"

"ဘာရတာလဲ. . . သေချာရဲ့လား"

ခေါင်းကိုသာ ဆတ်ခနဲညိတ်ပြလိုက်ရပါ၏။ အဖုံးဖွင့်ပြီး ကမ်းပေးလိုက်သည့် ရေသန့်ဘူးအသေးလေးကိုယူ၍ မော့သောက်လိုက်ရလေသည်။

ကဲ, မြန်မြန် ဆေးခန်းရောက်မှပါပဲ။ နို့မို့ ဦးကျော်ရဲ့ မေးခွန်းမှန်သမျှ အကုန်ပြန်ဖြေရဦးမှာလေ။ ကားစက်ကိုပြန်နှိုး





လိုက်ပြီး ဆေးရုံဆီသို့သာ အာရုံစိုက်မောင်းလိုက်ရတော့၏။

ဦးကျော်, ကျေးဇူးပြု၍ လွှမ်းကို အသက်ရှုမှားရအောင် မပြုစားလိုက်ပါနဲ့နော်။

❒❒❒



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

''နံပါတ်ပြောပါရှင်''

''Phone နဲ့ပဲ လှမ်းမှာထားတာပါ။ စာအုပ်မလုပ်ရသေးတဲ့ ပထမဆုံး Patient... ပါ။ နံပါတ်က (7) ပါ''

''ဪ, အန်ကယ်ဆက်ထားတဲ့ လွှမ်းနန္ဒာအောင် ဆိုတာပေါ့နော်။ စာအုပ်က နံပါတ် (၁၀)ထိ အထဲမှာရောက်နေပါပြီ။ အခု နံပါတ် (၆) ဝင်နေပါတယ်။ ခဏနေ ဝင်ရပါတော့မှာပါရှင်''

ခုံတန်းမှာပင် မထိုင်ဖြစ်တော့ဘဲ ဆရာဝန်ရှိနေသည့်



www.burmeseclassic.com

www.burmeseclassic.com



အခန်းဝမှာပင် ရပ်နေရန်အတွက် လက်မောင်းကို ဆွဲခေါ်လာသော ဦးကျော်နောက်သို့ ပါခဲ့ရလေ၏။ ဆေးကောင်တာရှေ့မှာ ရပ်နေသည့် စာရေးမလေးက နောက်ထပ်စာအုပ် ဆယ်အုပ်ကို ကိုင်ကာ လွန်းတို့နောက်မှ လိုက်ပါလာသည်။ အခန်းတံခါးကို တွန်းဖွင့်ဝင်သွားကာ ခေါင်းပြန်ပြူထွက်ရင်း လွန်းကိုလှည့်ပြောလေ၏။

"မမ, အခုလူနာထွက်လာရင် ဝင်ခဲ့နော်"

ခေါင်းသာ ညိတ်ပြလိုက်ရပါ၏။ အခန်းထဲမှ အန်တီကြီးတစ်ယောက် ထွက်လာတော့မှ လိုက်ကာကိုအသာဖယ်ကာ ဝင်လိုက်ပါသည်။

"ဟော! အခုမှ လာတာလား ညီမလေးရဲ့။ မမမောင်လေး ပြောထားကတည်းက မျှော်နေတာ"

အလိုလေးနော် . . . ဘယ်တုန်းကများ သိဖူးလို့ တရင်းတနှီး နှုတ်ဆက်လိုက်တာပါလိမ့်။ ဦးကျော်မျက်နှာကို ငုံကြည့်လိုက်မိစဉ် စိတ်ရှုပ်သည့်အရိပ်အရောင်ကို တွေ့ရလေ၏။ ဒေါက်တာကောင်းဆက်ဘော် ဘာတွေပြောထားလို့များ သူ့အစ်မဖြစ်သူ ဒေါက်တာမေမြတ်ဘော် ဤမျှအထိ ဖော်ရွေနေပါလိမ့်နော်။

ကုတင်ထက်လှဲပြီး BP တိုင်းတာတို့ စမ်းသပ်တာတို့ကို လုပ်ပေးချိန်ထိ အနီးမှာ ဦးကျော် ရှိနေသေးလေ၏။ ဆေးထိုးရတာမျိုး မရှိပေမယ့် ဦးကျော်ရှေ့မှာ ဒီလိုစမ်းသပ်မှုမျိုး ပြုလုပ်နေတာကိုတော့ အလိုလိုမျက်နှာပူရသည်လေ။

"လေးလေး, ဒီမှာပဲ ခဏစောင့်လိုက်နော်"

"ဘာလို့လဲ ဒေါက်တာ"

"ညီမလေးကို E.C.G ရိုက်ရမှာမို့ ဟိုဘက်အခန်းထဲ ခဏခေါ်သွားရမှာ။ လေးလေးလိုက်လို့ မဖြစ်ဘူးလေ"

"OK...OK, ကိုယ်သိပြီ အပြင်ကပဲ စောင့်တော့မယ်"

ဦးကျော်မျက်နှာ တစ်မျိုးလေးဖြစ်သွားပြီး အခန်းပြင်သို့ ပြန်ထွက်သွားလေ၏။ ဘေးခန်းတံခါးကိုတွန်းဖွင့်ကာ ဒေါက်တာကိုယ်တိုင်ပင် လွန်းကို E.C.G ရိုက်ပေးပါသည်။ ဘေးမှာရှိနေသည့် အကူ Nurse တွေက ဗိုင်းကူရုံသာ။

"ရပြီ, ဆေးကို ကောင်တာမှာ သွားထုတ်လိုက်နော်။ နှစ်ပတ်စာဖြစ်ဖြစ်, တစ်လစာဖြစ်ဖြစ် လိုသလောက်ထုတ်သွား







www.burmeseclassic.com

www.burmeseclassic.com



ပါ။ အကိုက်အခဲပျောက်ဆေးပါ သောက်ရမယ်။ Heart က လစဉ်မှန်မှန်ပြမှ ဖြစ်မယ်နော်။ မပေါ့နဲ့. . . အအေးမခံနဲ့၊ အပင်ပန်းမခံနဲ့"

"ဟုတ်ကဲ့"

"မောင်လေးနဲ့ အတော်ရင်းနှီးသလား"

"ရှင်! "

"ကောင်းက လေးလေးတူမ ဆေးခန်းလာပြတယ်။ မမဂရုစိုက်ကုပေးလိုက်ဆိုလို့ မေးကြည့်တာ"

"လွှန်းနဲ့မရင်းနှီးပါဘူး။ ဦးကျော်နဲ့သိတာပါ မမ"

"ဟုတ်ရဲ့လား၊ အဲဒီနေ့က အိမ်မှာ ညီမလေးအကြောင်းတွေ ပြောနေတာများ ရွှန်းရွှန်းကိုဝေလို့၊ မာမီတို့ကတောင် တအံ့တသြဖြစ်ကုန်တာ"

အလိုလေး. . . ဘယ်လိုများ ဖြစ်ကုန်တာပါလိမ့်နော်။ ခဏတဖြုတ်လေး တွေ့ဖူးလိုက်တာနဲ့ ဒီလောက်ထိ လိုလားတဲ့ အရိပ်အယောင်တွေ ပြောပြနေတာ ရိုးသားခြင်းများ ရှိပါရဲ့လား။ ဦးကျော်တော့ ပြဿနာရှာတော့မှာပါလားနော်။





"ညီမလေးမှာ ချစ်သူရှိလား"

"ဟင့်အင်း"

ဘုရားရေ! ဘယ်လိုမေးခွန်းကြီးပါလိမ့်။ တစ်ချိန်က ချစ် ထားခဲ့ပါလျက် မရှိဘူးလို့ပြောလိုက်မိတာ မှားများမှားသွား သလား။ အိုလေ, အခုလည်း လွှန်းမှာ ချစ်သူရှိတာမှမဟုတ်တာ၊ ပြောတဲ့အမှုကို ကျူးလွန်တာမှမဟုတ်တာနော်။

"တော်သေးတာပေါ့"

"ဘာကိုလဲဟင်"

ကျွစ်! ဒီနှုတ်က ဆပ်ဆော့မိပြန်ပါပြီ။ တော်တော်လျှာ ရှည်တဲ့ပါးစပ်ပါပဲလား။ ကိုယ့်ကိုယ်ကို ဒေါသဖြစ်ကာ မျက်မှောင် ကြုတ်လိုက်မိလေ၏။

"ကောင်းက အိမ်မှာ ဘယ်မိန်းကလေးနဲ့မှ ပတ်သက် ဒီလိုတစ်ခါမှမပြောဖူးဘူးလေ။ ညီမလေးနဲ့ပတ်သက်ပြီးတော့ ဒီလိုစကားတွေ ထွက်လာတာ။ မာမီကတောင် ပြောနေသေး ယ်, သားငယ် စိတ်ဝင်စားနေပြီလားတဲ့"

မျက်နှာပူလိုက်တာနော်။ ဒီလိုပြောလာဖို့အတွက် လွှန်း



www.burmeseclassic.com

www.burmeseclassic.com

က လမ်းကြောင်းလိုက်ပေးသလို ဖြစ်သွားရတာကိုး။ ဘယ်
ဖြစ်ပြီး တစ်ခါမြင်ရုံလေးနဲ့ အဲဒီဒေါက်တာက လွှန်းကိုစိတ်ဝ
စားသွားရတာပါလိမ့်။

"ပြီးပြီလား"

တံခါးဟာကာ လှမ်းမေးလိုက်သည့် ဦးကျော်ကြောင့် စ
သပ်ကုတင်ပေါ် ထိုင်နေရာမှ လှည့်ကြည့်လိုက်မိ၏။ စိတ်မရှ
တော့ဘူး ထင်ပါရဲ့။ လွှန်းကိုစောင့်နေရတာ နာရီဝက်ကျော်
ပြီကိုး။

"ပြီးပါပြီ လေးလေးရဲ့၊ ရပြီ ညီမလေး"

စာရေးမလေးက လွှန်းရဲ့စာအုပ်ကို ယူသွားပြီမို့ အခန်
တွင်းမှ ထွက်ခဲ့ရပါ၏။ ဆေးကောင်တာမှာ စောင့်ရပြန်တော့
ဦးကျော့်မျက်နှာက ပိုပြီးမှုန်ကုပ်ကုပ်ဖြစ်လာလေသည်။ ဆေးခန်
လာပြမှတော့ အချိန်ကုန်တော့မှာပေါ့ ဦးကျော်ရယ်။ ဒါကိုသိရဲ့
သားနဲ့ ဘာလို့လိုက်ပို့သေးလဲ။

အချိန်ကိုလေးစားပြီး တိတိကျကျအသုံးချတတ်တဲ့ ဦး
ကျော်အနေနဲ့ လွှန်းအတွက် အခုလို လိုက်ပို့ရတာဟာ တမင်





သက်သက် အချိန်ဖြုန်းတီးရာ ကျတာလေ။ ဒါနဲ့တောင်မှ ဘာ
လို့လိုက်လာခဲ့သေးလဲ။ အဖေါ်တူး မေးလိုက်ချင်သော်ငြား မမေး
ရဲပါ။

"ဆေးခန်းလေး တစ်ခါလာပြပါတယ်၊ ဆွေမျိုးခုနစ်
ဆက် လာစပ်နေသလားမှတ်တယ်။ အတော်လေကြောရှည်တဲ့
မောင်နှမပဲ"

ကားမောင်းရင်း ပြုံးလိုက်မိပါ၏။ ဦးကျော်တောင် ရေ
နွှတ်တတ်လာပြီပဲ။ အပိုစကားမပြောတတ်တဲ့လူတောင် ဤမျှ
စကားတွေထွက်လာအောင် ဟိုဒေါက်တာမောင်နှမနှစ်ယောက်
ပြုလုပ်နိုင်စွမ်းရှိသည်ကိုး။

"ဘာရယ်တာလဲ"

"မရယ်ပါဘူး ဦးကျော်ရဲ့"

"ဟိုက လိုလိုလားလားပြောဆိုဆက်ဆံတာနဲ့ စိတ်တွေ
ယိုင်မသွားနဲ့ လွှန်းနန္ဒာ။ တစ်ခါသေဖူးရင် ပျဉ်ပိုးနားလည်မှပေါ့"

နှုတ်ဆိတ်သွားရပါ၏။ တစ်ခါသေဖူးရင်တဲ့. . . ဟုတ်
ပါတယ်၊ လွှန်းက တကယ်ကိုသေဖူးခဲ့တာပါ။ ကိုကို့လိုမှ မဟုတ်


www.burmeseclassic.com

www.burmeseclassic.com

ဘဲ။ ကိုကိုတို့စုံတွဲကတော့ မပြေလည်တဲ့အကြောင်းကို တိတိကျကျဆွေးနွေးပြီးမှ နှစ်ဦးသဘောတူလမ်းခွဲခဲ့ကြတာပါ။ ကိုကို့ချစ်သူကတော့ မိဘသဘောတူသူနဲ့ လက်ထပ်သွားပြီး ကိုကိုတို့ဇာတ်လမ်းကို အဆုံးသတ်ခဲ့တာလေ။

လွှမ်းကတော့ ရင်နင့်အောင်မှ ချစ်ခဲ့ပါလျက်နဲ့ လွှမ်းရဲ့လက်ကို တမင်တကာဖြုတ်ချပြီး လွှမ်းရဲ့ရင်ကို ရက်ရက်စက်စက် ရိုက်ချိုးချေဖျက်ခဲ့တာပါ။ နာကျင်ခြင်းတွေ အတိုင်းအဆမဲ့ခံစားခဲ့ရတာလေ။

> **'ဘဝ'ဆိုတာ တိုက်ပွဲတစ်ခု...**
> **'အိပ်မက်မဟုတ်ဘူး...**
> **စိတ်ကူးတွေယဥ်ပြီး လမ်းလျှောက်နေတာက 'ဘဝ' မဟုတ်ဘူး...**

ဟုတ်ပါတယ်. . . ဦးကျော် ပြောဖူးခဲ့သလို ဘဝနဲ့အချစ်ကို လွှမ်း ခွဲခြားနားလည်တတ်ခဲ့တာအမှန်ပါ။ အချစ်တစ်ခုတည်းနဲ့ ဘဝကိုတည်ဆောက်နိုင်တယ်ဆိုတဲ့ ဆယ်ကျော်သက်အတွေး





မျိုးနဲ့ ရူးခဲ့တဲ့လွှမ်းကို လမ်းမပေါ်ရောက်အောင်လို့ ဦးကျော် ဆွဲတင်ပေးခဲ့တာလေ။

> **'လမ်း'ဆိုတာ သွားဖို့...**
> **'တံတား'ဆိုတာ ကူးဖို့...**
> **'လှေကား'ဆိုတာ တက်ဖို့...**
> **ရပ်ကြည့်နေရုံနဲ့ ခရီးတစ်ခုဖြစ်မလာဘူး...**

အရိုးစွဲနေအောင် မှတ်သားနိုင်ခဲ့တာပါ။ လမ်းလျှောက်တွေဝေပြီး ယိုင်လဲနေခဲ့တဲ့လွှမ်းကို အလင်းပြပေးခဲ့တဲ့ ဦးကျော်သာလျှင် လွှမ်းရဲ့မီးပြတိုက်တစ်ခုဆိုရင်လည်း မမှားပါဘူး။ ဒီလိုလူတစ်ယောက်ရဲ့အဆုံးအမကို လွှမ်းမှ မနာခံရင် ဘယ်လိုလုပ်မလဲ။

အခုလည်း ရှေ့ကို ကြိုမြင်ပြီး ပြောလိုက်တဲ့ ဦးကျော်စကားက လွှမ်းဦးနှောက်ထဲမှာ သတိပေးခေါင်းလောင်းသံ Alum မြည်သည့်နှယ် ကျယ်လောင်လွှမ်းနေတာလေ။

''နောက်လသွားရင် ဆရာဝန်ပြောင်းပြမှဖြစ်မယ်''



www.burmeseclassic.com

www.burmeseclassic.com



သဘောပေါ့။ လွန်းက ဘာ Complain တက်ရဲမှာတဲ့လဲ။ လွန်းထံမှ အသံမကြားရတော့ ဦးကျော်က လှည့်ကြည့်လာလေ၏။

ဆိတ်ဆိတ်နေမိပြန်တော့လည်း ဆူစရာတစ်ပြစ် ဖြစ်ပြန်ပြီထင်ပါရဲ့။

"ဒါက မကျေနပ်တဲ့သဘောလား"

"အာ. . . မဟုတ်တာ"

"ငါပြောတာ ဖြစ်ရဲ့လား"

"ဖြစ်တာချည်းပဲ"

"အဲဒါ အရေးမကြီးဘူး. . . မင်း, ဆေးမှန်မှန်သောက်ဖို့ မမေ့ပါနဲ့။ မဖြစ်သေးပါဘူး, မင်းအတွက် Secretary တစ်ယောက် အမြန်ဆုံးခန့်မှပါပဲ"

"ရပါတယ် ဦးကျော်၊ လွန်းအလုပ် လွန်းနိုင်ပါတယ်"

"အလုပ်နိုင်တာ မဆန်းဘူး၊ မင်းရဲ့ကျန်းမာရေးကို ဂရုစိုက်ဖို့က ပိုအဓိကကျတယ် လွန်းနန္ဒာ။ နှလုံးကွ. . . ပေါ့ပေါ့လေး မထင်နဲ့၊ တစ်ခုခုဖြစ်ခဲ့ရင် နန္ဒ,ရင်ကွဲလိမ့်မယ်"





သက်ပြင်းကိုသာ ကျိတ်ရှိုက်လိုက်မိပါ၏။ ကိုကိုရင်ကွဲ[illegible]ကိုပဲ စိုးရိမ်တာပေါ့လေ။ ဦးကျော်ကတော့ ဘာမှမခံစားရတော့[illegible]တဲ့လား. . . ခက်ပါရဲ့။

❐❐❐



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

အမုန်းဆုံးအလုပ်က စလုပ်ရပြီပဲ။ အမြဲစားလေ့မရှိတဲ့ Breakfast ကို စားရပြီလေ။ မနက် ဆေးသောက်ရမှာဆိုတော့ မစားလို့ ဘယ်ရပါတော့မလဲ။ စိတ်ပျက်ဖွယ်ကောင်းလေစွ။

ရေချိုး, အဝတ်အစားလဲပြီးသည်နှင့် မုန့်ထဲကြည့်သည့် အလုပ်ကို နောက်ဆုံးလုပ်ဖြစ်၏။ ထမင်းစားခန်းနှင့်မီးဖိုခန်းတွဲ လျက်ရှိသည့်အခန်းတွင်းဝင်ကာ ကော်ဖီဖျော်ရန် ပြင်လိုက်သည်။ ကျစ်! မဖြစ်သေးပါဘူး၊ ကော်ဖီက ရင်တုန်စေတာမို့ Teamix တစ်ထုပ်ကိုသာ ခပ်မြန်မြန်ဖျော်လိုက်ပါ၏။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မုန့်ပုံးထဲမှ Biscuit နှစ်ချပ်ကိုထုတ်ကာ ဝါးစားရင်းနှင့် လက်ဖက်ရည်ကို မှုတ်သောက်လိုက်ပါသည်။ သူများတွေမြင်ရင်တော့ နောက်က ကျားလိုက်သလို ထင်ကြဦးမှာပါပဲ။ လက်ဖက်ရည်ကုန်သည်နှင့် ရေသန့်ဘူးလှည့်ဖွင့်ကာ (ဖန်ခွက်ထဲမငှဲ့ဘဲ) အဆင်သင့်ချထားသည့်ဆေးတစ်ခွက်စာကို မော့သောက်လိုက်စဉ် တံခါး Bell သံ ကြားလိုက်ရလေ၏။

"တင်းတောင်!. . ."

စောစောစီးစီး ဘယ်သူများပါလိမ့်။ ကိုကိုတော့ မဟုတ်လောက်ပါဘူး။ ယူသွားရမည့်ပစ္စည်းကို စုကိုင်လျက် ရှေ့ခန်းကိုထွက်လာ၏။ တံခါးကို လှည့်ဖွင့်လိုက်စဉ် အခန်းပြင်မှာ ရပ်နေသည့်မိန်းကလေးက ချစ်စဖွယ်လေး ပြုံးပြလိုက်လေသည်။

အလို! အင်မတန် နှစ်လိုခင်မင် ချစ်ချင်စဖွယ် ခေတ်မီလှပလွန်းပါတဲ့မိန်းကလေး ဖြစ်နေပါရော့လား။

"Morning ပါ မမ၊ သဲက ဦးဟိန်းကျော်ဇေ လွှတ်လိုက်တဲ့ မမရဲ့အတွင်းရေးမှူးပါ"

"ဘာရယ်. . . အတွင်းရေးမှူး"





"ဟုတ်ပါတယ် မမ၊ သဲနာမည်က သဲစု,ပါ"

အလို! Secretary ခန့်ပေးမယ်လို့ပြောပြီး နောက်နေ့ လွှန်းရှေ့ဆီ အရောက်ပို့လိုက်ပါရောလား။ မြန်ပါ့, ဦးကျော်ဇေ။

Phone သံက မြည်လာတာမို့ လက်ထဲမှ Phone ကို ဖွင့်လိုက်စဉ် လွှန်းလက်ထဲမှ File နှင့် ကားသော့ကို ထိုလေးမက လက်ကမ်းယူလိုက်လေသည်။

ဟောတော့. . . အစစလိုက်လုပ်ပေးတော့မှာ ထင်ပါရဲ့။

"ဟယ်လို"

"ဆေးသောက်ပြီးပြီလား"

"ဟုတ်ကဲ့ ဦးကျော်"

"Secretary ရောက်လာပြီလား"

"ဟုတ်ကဲ့"

"ကားကို သူပဲမောင်းပေးလိမ့်မယ် လွှန်းနန္ဒာ၊ ဆေးသောက်ချိန်, နားချိန်, အလုပ်ချိန်မှန်သမျှ အားလုံး သူလုပ်ပေးလိမ့်မယ်။ မင်းဘယ်သွားသွား, သူအမြဲပါနေပါစေ လွှန်းနန္ဒာ။



www.burmeseclassic.com

www.burmeseclassic.com



သူ့လခကို ငါကိုယ်တိုင်ပေးမှာမို့ မင်းတွက်စရာမလိုဘူး၊ ကျန်းမာရေး ဂရုစိုက်. . . ဒါပဲ''

''ဦးကျော်, ဟယ်လို. . . ကျစ်!''

Phone ချသွားပြီမို့ စုတ်သပ်ကာ Phone ပိတ်လိုက်စဉ် ကောင်မလေးက လွှန်းလက်ထဲမှ Phone ကို လှမ်းတောင်းနေပြန်လေ၏။ ကဲ, ရှိရှိသမျှအကုန်ကို အပိုင်သိမ်းနေသလိုပါပဲလား။ စိတ်ရှုပ်ရှုပ်ဖြင့် Phone ကို သူမလက်ထဲသို့ ဆောင့်ခနဲထည့်ပေးလိုက်ရတော့သည်။

လုပ်ချင်တာလုပ်တော့ အမိရေ့။ ရှင်က ဦးကျော်ခန့်လိုက်တဲ့လူမို့ လွှန်းထက် ပို Power ရှိနေသလိုပါပဲလား။ Main ချလိုက်ပြီး အခန်းတံခါးကို သော့ခတ်လိုက်၏။ Lift ထဲဝင်လိုက်သည်နှင့် လွှန်းရဲ့ Note book ကို သဲစုက လုန်လေပြီ။

''အပြင်ထွက်စရာရှိရင် သဲကိုပဲ လွှတ်ပါလို့ အန်ကယ်မှာထားပါတယ် မမ။ ခိုင်းစရာရှိသမျှ အားမနာတမ်းခိုင်းပါ။ ဆွေးစရာရှိရင်လည်း နာနာဆူပါ''

''ဒါလည်း ဦးကျော်မှာလိုက်တာပဲလား''





''ဟုတ်ကဲ့''

ကောင်းရော. . . အခုမှ မူကြိုကျောင်းသူဖြစ်ရပြီလေ။ ဒီလို ဘေးကနေ တကောက်ကောက်လိုက်ကပ်နေတာမျိုး မကြိုက်လို့ ဘာမဆို တစ်ယောက်တည်းနိုင်အောင် လုပ်ခဲ့ လွှက် ခုတော့ ဦးကျော်စီစဉ်ပေးသမျှ နာခံရတော့မည်လေ။

''အသက် ဘယ်နှနှစ်လဲ''

''နှစ်ဆယ်ပါ မမ၊ B.Con ပါ၊ သဲရဲ့ Certificate တွေ ဒီမှာတစ်ခါတည်းပါပါတယ်။ ကားပေါ်မှာ မမစစ်ဆေးလို့ ရသည်''

မိချောင်းမင်း ရေခင်းပြခံရပါရောလား။ လွှန်းနဲ့စိတ်တစ်ပုံစံတည်းဖြစ်မယ့်ကောင်မလေးကို ဦးကျော် ဘယ်ကများ ရှာတွေ့ခဲ့တာပါလိမ့်။ တစ်ထွာလောက် ပြသည်နှင့် တစ်လံကို မြင်ပြီး စီစဉ်တတ်ပုံက ဒုတိယ, လွှန်းနန္ဒာအောင် ထပ်တူ ထပ်မျှပါလေ။

ကားပေါ်တက်တော့ လွှန်းကို နောက်ခန်းတံခါး ဖွင့်ပေး သာမို့ နောက်ခန်းမှာ ဝင်ထိုင်လိုက်ရတော့၏။ ကားမောင်းထွက်



www.burmeseclassic.com

www.burmeseclassic.com

တာကအစ အမြန်မောင်းတာကိုပါ ကြည့်ရှုဖြင့် ကျွမ်းကျင်သူ မှန်း သိစေလေသည်။ လွှန်းကမူ ကားမောင်းကြမ်းနေသေးတာ လေ။

“အရင် ဘယ်မှမှ မလုပ်ဖူးဘူးလား”

“ဟုတ်ကဲ့၊ ဒါ သဲအတွက် ပထမဦးဆုံးအလုပ်ပါ မမ ဒါပေမဲ့ မမစိတ်တိုင်းကျစေရပါ့မယ်။ ဘာပဲဖြစ်ဖြစ် မမစိတ်ထဲ ရှိသမျှ ပြောပါ။ သဲက မမကိုယ်စား အန်ကယ့်ကို နေ့တိုင်း ဝင် ပြောပေးဖို့ တာဝန်ရှိပါတယ်”

“မင်း၊ ဦးကျော်ရဲ့အမျိုးလား”

“မဟုတ်ပါဘူး”

ပါးစပ်ပိတ်ရချေပြီ။ နေ့စဉ် ဦးကျော်ဆီ သွားရမှာတဲ့ ဘယ်လိုလဲ. . . လွှန်းမှာ ဦးကျော်နဲ့မျက်နှာချင်းဆိုင်ခွင့် မရှိတော့ ဘူးလား။

ဘယ်လိုကြီးလဲကွယ်. . . မကြာခဏဆုံခွင့်ရတဲ့အခွင့် လေးကိုတောင် လက်လွှတ်ရတော့မှာပါလား။ ဘာသဘောလဲ ဦးကျော်။





**ခံစားတတ်တာကို အပြစ်မပြောလိုဘူး...ဒါပေမဲ့ လူမမြင်စေနဲ့၊ ကိုယ့်အားနည်းချက်ကို လူသိခံလို့မဖြစ်ဘူး... အဲဒါဟာ ကျရှုံးမှုပဲ...**

မျက်တောင်ကို တဖျပ်ဖျပ်ခတ်လိုက်မိ၏။ အနိုင်အရှုံး တွက်ဆရအောင် လွှန်းနဲ့ဦးကျော်က ပြိုင်ဘက်တွေမှ မဟုတ်တဲ့။ ဒါဖြင့် ဒီငယ်ငယ်ကောင်မလေးနဲ့ရော၊ မဖြစ်နိုင်တာ. . . လွှန်းကိုတောင် တရင်းတနှီးမရှိတဲ့ဦးကျော်အနေနဲ့ ဒီကောင်မလေးကို လွှန်းထက်ပိုပြီး တွယ်တာစရာမှ မရှိတာဘဲနော်။

အို! လွှန်း ဘာတွေဖြစ်နေပါလိမ့်။ စိတ်တွေ ယောက်ယက်ခတ်တဲ့အရွယ်ကို လွန်ခဲ့ပေမယ့် ဒီခံစားချက်မျိုး ခုတစ်ခါ ထပ်ပေါ်လာရတာလေ။ မှုန်ကုပ်ကုပ်မျက်နှာထားနဲ့ လွှန်းထက် ပိုငယ်နု ချောမောနေတဲ့ ချာတိတ်မလေးကို Jealous... ဝင်ရအောင် စိတ်ဓာတ်အောက်တန်းကျရတာတဲ့လဲ။ ရှက်ဖွယ်ကောင်း လေစွ။

Phone မြည်လာစဉ် သဲစုက နားကျပ်ကို တပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကာ ကားမောင်းမပျက် ပြောလေ၏။ လွှန်းကို ဝယ်ပေးထားတဲ့ Phone လည်း မပိုင်တော့ပါလားနော်။

"ဟုတ်ပါတယ်, ရောက်တော့မှာပါ အန်ကယ်။ ဟုတ်ကဲ့. . . အစဉ်ပြေပါတယ်၊ စိတ်ချပါ။ မမကို အိမ်ပြန်ပို့ပြီးတာနဲ့ အန်ကယ့်ဆီကို သဲ့,လာပါ့မယ်။ ဟုတ်ကဲ့ပါ အန်ကယ်"

ကျစ်! မဟုတ်သေးပါဘူး။ ပြောရိုးပြောစဉ်ပြောမှန်း သိနေပါလျက်နဲ့ ဦးကျော်ကို Phone နဲ့ပြောပုံကိုက ချွဲပျစ်ပျစ်အသံလိုဖြစ်နေပါရောလား။ ကွာပဲ့ လွှန်းနန္ဒာ, နင့်လိုမာဆတ်ဆတ်ညြညြလေသံထက် ဒီလိုချိုမြတဲ့အသံကိုပဲ ဦးကျော် သဘောကျတော့မှာပေ့ါ။

"မမ ဘာပြောစရာရှိသေးလဲတဲ့"

"ဘာမှမရှိဘူး"

ဂျစ်ကန့်ကန့်နိုင်သလားဟု မဆန်းစစ်မိပါလေ။ မကျေနပ်တာနဲ့ မျက်နှာထက်မှာ ပေါ်လာတတ်တာ လွှန်းရဲ့အားနည်းချက်ပါပဲ။ ဟန်မဆောင်တတ်တာ အမှန်ပါ ဦးကျော်။ ဒီကလေးမလေးနဲ့ ဦးကျော် အဘယ်မျှရင်းနှီးမှန်းတောင်မှ မသိသေးပါဘဲ





န်းရင်ထဲ ပူလောင်နေတာကို ဘယ်လိုမျှားလုပ်ရပါ့မလဲ။

"မမ အရင်ဆင်းလိုက်နော်၊ သဲ Parking ထိုးပြီးမှ ိုက်ခဲ့မယ်"

အမိန့်လား. . . အဆင်ပြေအောင် ပြောနေသော်ငြား ျက ဆန့်ကျင်ချင်သည့်နှယ်။ Hotel ရှေ့မှာ ရပ်ပေးလိုက် ည့်ကားတံခါးကို Doorman က အဆင်သင့်ဖွင့်ပေးလိုက် ည်မို့ ဆင်းလိုက်ရ၏။ Hotel တွင်း ဝင်တော့ စီတန်းရပ်နေ ည့် ဝန်ထမ်းတွေကို ခါတိုင်းလို စေ့စေ့စပ်စပ် မစစ်ဆေးဖြစ် ဲ ခပ်တင်းတင်းမျက်နှာဖြင့် သူတို့ကြားမှ ဖြတ်လာခဲ့မိသည်။

ကောင်တာတွေ ပန်းအိုးတွေကို တစ်ချက်မျှမကြည့်ဘဲ Lift ဆီ လျှောက်သွားတာကို ဝန်ထမ်းတွေက တအံ့တညြဖြင့် ကြည့်နေကြလေ၏။ Lift တံခါးခလုတ်ကို နှိပ်လိုက်စဉ် နောက် က်မှ အသံချိုချိုလေးက ထွက်လာလေသည်။

"အားလုံးပဲ. . . သဲက ဒီနေ့မှအသစ်ဝင်တဲ့ မမရဲ့ Se- etary ပါ။ နာမည်က သဲစုလို့ခေါ်ပါတယ်။ မနေ့က ဌာနဆိုင် ာရင်းမှန်သမျှ မမရုံးခန်းကို လာတင်ပေးပါလို့ Supervi



www.burmeseclassic.com

 www.burmeseclassic.com

sor တွေကို မှာခဲ့ပါရစေ။ ဒီမှာမရှိတဲ့ တခြား Supervisor တွေကိုပါ တစ်ဆင့်အကြောင်းကြားပေးပါရှင်။ အားလုံး ကိုယ့်အလုပ် ကိုယ်လုပ်နိုင်ပါပြီ''

ဒါပဲလား. . . လွှမ်းလုပ်ရမယ့်အလုပ်ကို စပြီးလုပ်တော့တာလေ။ Lift ထဲဝင်လိုက်သည်နှင့် လွှမ်းနောက်မှ ခပ်သွက်သွက်ဝင်လာသည့်သဲစုက အတွင်းခလုတ်ကို နှိပ်လိုက်ချေပြီး နားတော့ လွှမ်းနန္ဒာ၊ ဒီ Hotel တာဝန်ကိုပင် ဒီကလေးမထံများ လွှဲပေးဖို့အစီအစဉ် ဦးကျော်မှာ ရှိနေပြီလား မပြောတတ်တော့ပါလေ။

ရုံးခန်းထဲထိုင်သည်နှင့် ဝင်လာသည့် Phone မှန်သမျှ ဒိုင်ခံပြောပြီး လွှမ်းမျက်စောင်းထိုးရှိစားပွဲမှာ အလုပ်ရှုပ်နေသည့် ကောင်မလေးကို အငေးသားကြည့်နေမိတော့၏။ ဟုတ်တယ် လွှမ်း အတော်ကိုအလုပ်ပါးသွားသလို ဦးနောက်ခြောက် သက်သာသွားတာ အမှန်ပါပဲ။

Supervisor အသီးသီး စာရင်းလာတင်တော့ လွှမ်းရှေ့မှာ မိုးမိုးသူတစ်ဦးသာ ကျန်ရစ်ခဲ့လေသည်။





''ဘာပြောစရာရှိသေးလို့လဲ မိုးမိုးသူ''

''မနေ့က ရောက်လာတဲ့ ညည်းသည်အကြောင်း ပြောချင်လို့ပါ မမ''

''ဘယ်အခန်းကလဲ''

''ဝမ်းအိုဝမ်းပါပဲ''

''ကျစ်!. . . လာပြန်ပြီလား''

''မနေ့ကတည်းက မန်နေဂျာခေါ်ပေးလို့ချည်း ပြောနေတာပါ။ မမကိုတွေ့ပြီးမှ Hotel ပြောင်းမယ်တဲ့''

''ကြီးကျယ်လိုက်တာ, တောက်!''

လွှမ်း ဆတ်ခနဲထရပ်တော့ သဲစုပါ ဖျတ်ခနဲထလိုက်လာလေသည်။ Guess Room ကို တံခါးပင်မခေါက်ဘဲ ဒေါသကြီးဖြင့် Door Lock ကိုလှည့်ဖွင့်ဝင်လိုက်စဉ် ရင်ထဲ ဒိန်းခနဲမြည်ကာ လူက တောင့်တောင့်ကြီးရပ်လိုက်မိလေ၏။

ဘုရားရေ!. . . ဒါ ဒါ လွှမ်းရဲ့တစ်ချိန်က 'မောင်'ဖြစ်နေပါရောလား။

❐❐❐



www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း (၂)

**Love is Posion to kill it,**

**if the Life is Plant.**

'ဘဝ' ဆိုတာကို 'သစ်ပင်'လို့ သတ်မှတ်ရင်... 'အချစ်' ဆိုတာကတော့ အဲဒီသစ်ပင်ကို သေအောင်သတ်မယ့် 'အဆိပ်'ပဲ ဖြစ်ပါလိမ့်မယ်...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ဝေါခနဲ ရွာချလိုက်သည့်မိုးကြောင့် ကားဂိတ်၏ အမိုးအောက်ထဲမှာ လူတွေ ပြည့်ကျပ်သွားရပါ၏။ ဆံပင်ရှည်တွေကို မိုးမစိုစေရန် အရှေ့ဘက်ကို ဆွဲယူသိမ်းလိုက်စဉ် နောက်ပါးဆီမှ အသံခပ်တိုးတိုးထွက်လာလေသည်။

"တွန့်တိုလိုက်တာကွာ"

လူက တကယ်ပဲ တွန့်ခနဲဖြစ်သွားရပါ၏။ ခန္ဓာကိုယ်ကို ရှေ့တိုးရပ်လိုက်သလို လွယ်အိတ်ဖြူလေးကိုပါ ရင်မှာ ကျစ်ကျစ်ပိုက်ထားလိုက်မိသည်။ ဟိုအုပ်စုပဲ ထင်ပါရဲ့၊ အတွင်းထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ရှိသမျှကောင်မလေးတွေကို အနေခက်အောင် လိုက်စနောက် လေ့ရှိတဲ့ ငါးယောက်အုပ်စုလေ။

Class ကို မတက်ချင်တဲ့အချိန် မတက်၊ တက်ချင်တဲ့ အချိန် တက်ပြီး ဗရုတ်က ကျပါဘီ။ ကြည့်လိုက်ကတည်းက ပိုက်ဆံရှိသားသမီးမို့ အတော့်ကို ဆိုးဆိုးပဲဟု ယူဆနိုင်တာလေး လွန်းနဲ့ချိုက အတူထိုင်ပေမယ့် နေတာက ဆန့်ကျင်ဘက်မို့ ကား စီးတော့လည်း တကွဲတပြား။

ဒီနေ့ ဘယ်မိန်းကလေးကို အိမ်ပြန်လမ်းတစ်လျှောက် လိုက်ဒုက္ခပေးဦးမလို့ပါလိမ့်။ ဂိတ်ထဲ မျက်စိတစ်ချက်ဝေ့ကြည့် လိုက်တော့လည်း မရင်းနှီးသည့်မျက်နှာတွေသာ။ ဘယ်လိုလဲ ဒီနေ့ မဲကျတာ လွန်းများဖြစ်နေပြီလားဟင်။

"အရမ်းမတိုးနဲ့လေ"

ကျောကို လာဖိသလို ဖြစ်သွားတာမို့ လေသံခပ်တိုးတိုး ထွက်သွားတော့ အုပ်စုထံမှ ရယ်သံသဲ့သဲ့။ မထိတထိ နောက် ချေပြီလား။ လွန်းက သူတို့ စနောက်သင့်တဲ့မိန်းကလေးမျိုးမှ မဟုတ်တာလေ။





အိမ်ပြန်ရောက်ရင် မိုးလင်းက မိုးချုပ်ထိ အလုပ်ဆင်း နေတဲ့ကိုကို့အတွက် အဆင်ပြေတာလေး ချက်ပြုတ်ပေးရဦးမှာ။ မိုးကလည်း ကျောင်းပြန်ချိန်ကိုမှ အချိန်ကိုက်ရွာချရတယ်လို့။

သူများတွေအတွက် မိုးရေအောက်မှ စိတ်ကူးယဉ်ပျော် မြူးခွင့် ရနိုင်ပေမယ့် လွန်းအတွက်ကတော့ ဒုက္ခမိုးပါပဲ။ ဒီနှစ် ခိုးလိုက်ရသည့်မိုးမိုးက ခုချိန် ဘယ်နပေါက်လောက် ယိုနေပြီ လဲသိ။ တခြားပစ္စည်း မိုးစိုတာအကြောင်းမဟုတ်။ ညဘက် ခင်းတဲ့ ဖျာနှစ်ချပ်နဲ့ စောင်တွေ ခြင်ထောင်တွေ မိုးစိုကုန်မှ ပြဿနာ။ ခင်းရယ်. . . လွန်းအပေါ် ဒီလောက်မရက်စက်ပါနဲ့လား။

"မိုးပေါ်မှာ ဘာမြင်ရလို့ လှမ်းကြည့်နေတာလဲ"

"မင်းကိုကြည့်တာလေကွာ. . . မိုးပေါ်မှာ မိုးယံပိုင် ရှိ တယ်"

ဝါးခနဲရယ်ကြပြန်၏။ သူတို့အတွက်ကတော့ ဘာကိုပဲ ကြည့်ကြည့် ပျော်ရွှင်စရာတွေချည်းပဲဖြစ်မယ်ထင်ပါရဲ့။ လွန်းတို့ လို ဘဝသမားအတွက်ကဖြင့် ပြုံးဖို့ပင် အနိုင်နိုင်ပါလေ။

လွန်းကိုငဲ့ပြီး ဆယ်တန်းအောင်ခဲ့ပါလျက် ဘာကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မှ ဆက်မတက်ဘဲ လွန်းကိုသာ ကျောင်းဆက်တက်ခိုင်းသည့် ကိုကို့စေတနာနှင့် မေတ္တာတရားကို နားလည်သည့်ညီမမို့ စာသင် ပြီးသည်နှင့် ကိုကို့အကြောင်းကသာ ဦးနှောက်ထဲ ဝင်လာတတ် တာပါ။

အခုတော့ လွန်းအနောက်မှာ လွန်းကို စိတ်အနှောင့် အယှက်ပြုလုပ်မယ့်သူစိမ်းတွေက နီးကပ်စွာရှိနေတာမို့ စိတ်ရှုပ် လိုက်တာ မပြောပါနှင့်။ အဲဒီအုပ်စုက နေ့စဉ် ကိုယ်ပိုင်ကားတွေ နဲ့ ကျောင်းတက်တာ မျက်မြင်ကိုယ်တွေ့ဖြစ်ပါလျက် ဒီညနေ ဘာအကြောင်းကြောင့်များ လွန်းနောက်ကို ပါလာကြတာပါလိမ့်။

"နာမည် ဘယ်လိုခေါ်လဲဟင်"

"ဟာ. . . မင်းလမ်းစဉ်ကြီးက ရိုးလိုက်တာ မိုးယံရာ။ တခြားကောင်မလေးတွေလိုမဟုတ်ဘဲ ဒီတစ်ခါ အတည်ကြတာ ဆိုနေရင်တောင် ဆန်းသစ်တဲ့စကားလေးများ မင်းစဉ်းစားစမ်း ပါ ငါ့ကောင်ရာ"

"မနှောင့်ယှက်နဲ့ မျိုးဇင်ရာ"

"အမယ်, အမယ်. . . မနှောင့်ယှက်နဲ့ဆိုပါလားဟေ့"





အသံသေးအသံကြောင်တွေ 'ဝူး'ခနဲထွက်လာပြန်လေ ၏။ လွတ်လပ်ပေါ့ပါးလှချည်လားနော်။ လွန်းတို့မောင်နှမမှာဖြင့် ဒီတို့မျိုးရယ်မောစရာတွေကို ရှာတွေးဖို့နေနေသာသာ၊ တစ်လ တစ်လ ကိုကိုရှာပေးသည့်ဝင်ငွေလေးဖြင့် လောက်ငအောင် စိစစ် သုံးစွဲနေရသမျှ ရင်မောစရာဘဝကြီးပါပဲ။ သူတို့မှာဖြင့် မပူပင် ကြောင့်ကြ, နေသာတဲ့ဘဝတွေပါပဲလား။

"ကိုယ် တကယ်ရင်ခုန်လို့ ကြိုးစားမိနေတာပါ နန္ဒာ၊ ယုံပါ"

ဘုရားရေ! ဒါဆို. . . ဒါဆို လွန်းကို သူသိနေတာပေါ့။ အတန်းတူပဲလား၊ Major တူပဲလား၊ ဘယ် Class ကလဲ, မေး ခွန်းများစွာက ဦးနှောက်ထဲ ပလုံစီပြီး ဝင်လာတာမို့ မျက်လုံးကို မှိတ်ချလိုက်ပြီး ခေါင်းကိုခါလိုက်မိ၏။ ကျေးဇူးပြု၍ လွန်းခေါင်း ထဲကို အမှိုက်တွေ လာထည့်မပေးပါနဲ့လား။

"တခြားကောင်မလေးတွေလို နန္ဒာ့နား အပျော်သဘော နဲ့ ချဉ်းကပ်တာလို့ မယူဆလိုက်ပါနဲ့"

ဒါဖြင့် ဘာသဘောနဲ့လဲရှင်၊ အချောင်တွဲခွင့်ရဖို့ညီး



www.burmeseclassic.com

www.burmeseclassic.com



လားဆိုပြီး တစ်ပတ်လောက် ဖွဲ့ရှိရှိ တကောက်ကောက်ပါလာ တတ်သမျှ ဘယ်လောက်များ ကြာလို့လဲ။ 'အလကားပါကွာ'၊ 'ဘာမှမဟုတ်ဘဲ အထာကိုင်တာ'၊ 'သူ့ထက်သာတာ တစ်ပုံကြီး' ဆိုတဲ့ဝေဖန်သံတွေက နောက်ကွယ်မှာ မကြားတကြားပြောဆို ကြတာ လွန်းနားထဲ ကြားနေကျပါပဲ။

ဒါဆိုရင်လည်း အဲဒီမိန်းကလေးတွေကို မလိုက်ဘဲ လွန်း နောက်ကို ဘာလို့လိုက်ကြသေးလဲ။ နေ့စဉ် ဝတ်ဆင်နေသမျှ ဝတ်စုံတို့က လက်ချိုးရေနိုင်တဲ့အရေအတွက်သာရှိမှန်း အားလုံး မျက်မြင်ပါ။ ပိုင်ဆိုင်တာဆို၍ လက်ညှိုးထိုးပြစရာက ရှုချင်စဖွယ် ရုပ်ရည်လေးနဲ့ အရပ်အမောင်းသာရှိပြီး ဘာဆိုဘာမှ သူများထက် မသာနိုင် မယှဉ်နိုင်တဲ့ အညာတရကောင်မလေးကို လက်တည် စမ်းလိုကြလေသလား။

'ချစ်တယ်'လို့ တစ်ခွန်းအပြောခံရတိုင်း 'စော်ကားခံရ လေခြင်း'ဆိုတဲ့အသိတစ်ခုက ခေါင်းထဲ ဖျတ်ခနဲရောက်ကာ ရင် ထဲမှာ နာနာကျင်ကျင်ကြီး နင့်ခနဲခံစားရတာကို ဘယ်သူက သိ နိုင်မှာတဲ့လဲ။ အများတကာနည်းတူ နာမ်စားချင်း တူခဲ့ရင်တောင်





ယှဉ်မပြနိုင်တဲ့မိန်းကလေးမျိုးပါ။

ရေဖြစ်ရင်တောင် မြောင်းထဲကရေပါ။ ပန်းဖြစ်ရင်တောင် ဘယ်သူမှမခူးချင်တဲ့ လမ်းဘေးက အပေါစားပေါက်လေ့ရှိတဲ့ နှင်းမျိုးပါ။ ခဲဖြစ်ရင်တောင် လူတကာနင်းလေ့ရှိတဲ့ လမ်းခင်းခဲ လေးပါ။ ဒီလိုအဖိုးမတန်တဲ့ကောင်မလေးကို ဘယ်သူက အတည် သဘောထားမှာလဲ။

အခုတစ်ခါ လာပြန်ပြီ။ လွန်းဘေးကနေ တစ်ပတ်ခန့် ချဉ်းကပ်လာမယ့် ပိတုန်းပါပဲလား။ ရင်လည်း အလွန်ဆုံးကြာလှ ခရက်ပေါ့ရှင်။

"ကိုယ်က ဘာမဆို အကောင်းစားချည်း ရွေးကြိုက် တတ်တဲ့ကောင်လေး မဟုတ်ဘူးဆိုတာကိုတော့ နန္ဒာသိထားဖို့ လိုပါလိမ့်မယ်"

"အလယ်. . . လယ်. . . လာတယ်ဟေ့၊ ခြေထောက် ကြီးနဲ့"

သူပြောသမျှ လိုက်နောက်နေသည့်သူငယ်ချင်းတွေကို လက်ပြန်ရိုက်ကာ သတိပေးပြီး တွန်းထိုးလိုက်သလိုဖြစ်သွားတော



www.burmeseclassic.com

www.burmeseclassic.com

မို့ သူ့ရင်ဘတ်က လွှန်းလက်မောင်းကို လာထိသွားလေ၏။

အသားထိရင် မနေတတ်သည့်ဥာဉ်ကြောင့် ဆတ်ခနဲ လှည့်ကြည့်မိစဉ် သူက လန့်သလိုဖြစ်သွားပြီး နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်လေသည်။

"ဘာဖြစ်တာလဲကွ"

"ငါ့ရင်ကို မြားတစ်စင်း စိုက်သွားပြီ"

"အလို! . . . တယ်ဆိုတဲ့စာပါလား မောင်ရင်ရဲ့။ ဘယ့်နှယ်က ဘယ်လို လာစိုက်သွားရတာတဲ့တုန်း"

'ဝေါခနဲ' ရယ်လိုက်ကြပြန်၏။ ကားဂိတ်မှာ ကျောင်းသူ ကျောင်းသားတွေချည်းရှိတာမို့ ပိုအတင့်ရဲနေပုံပါလားနော်။ ကားတွေကလည်း ဒီနေ့မှ ကြာလှချည်လား။ မိုးကလည်း သည်းချင် သည့်နှယ်ပင်။

"ကိုယ် တကယ်ချစ်သွားတာပါ"

"သွားပြီ၊ မိုးယံတော့ သွားပြီဟေ့"

"ယုံပါ နန္ဒာ"

"မနှောင့်ယှက်ပါနဲ့"





မပြောလို့ မဖြစ်တာကြောင့် စကားတစ်ခွန်း ထွက်သွား ရပါသည်။ ဒီပုံစံနဲ့ ကားပေါ်တောက်လျှောက်ကြီး ပါလာရင် ဘယ့် နှယ်လုပ်ရပါ့မလဲ။ လွှန်းက အရှက်သိပ်ကြီးတဲ့မိန်းကလေးမျိုး မဟုတ်ပေမယ့် နှုတ်ထက် လက်က ပိုမြန်တာမို့ ကိုယ့်ကိုယ်ကို အသိဆုံးမဟုတ်ပါလား။

"နှောင့်ယှက်တယ်လို့ ထင်နေတာလား။ ကိုယ်က ရင် ထဲရှိတဲ့အတိုင်း ပြောနေတာပါ နန္ဒာ။ မင်းအတွက်ဆိုရင် ကိုယ့် ဘဝကြီးတစ်ခုလုံး ပုံပေးပါဆိုရင်တောင် ရက်ရက်ရောရောကြီး ပေးရဲပါတယ်"

သွားသေလိုက်ရှင် . . . လျှာအရိုးမရှိတိုင်း ပြောသမျှ လွှန်းက အလွယ်တကူယုံမယ်လို့များ ထင်နေသလား။ ဝေးပါ သေးရဲ့။

ဂိတ်မှာ ထိုးရပ်လိုက်သည့်ကားပေါ်သို့ ကျပ်ကျပ်သိပ် သိပ် တိုးတက်တော့ ထင်ထားသလိုပင် လွှန်းနောက်မှာ သူတို့ တစ်အုပ်လုံး ပါလာပါရောလား။ ဘယ်သိုလဲ, အိမ်အထိ လိုက် လာမျိုးတော့ မလုပ်လောက်ပါဘူးနော်။ လွှန်းတို့ရဲ့ကြယ်မြင်လေ



www.burmeseclassic.com

www.burmeseclassic.com



မြင် လေယာနယ် တဲလေးကိုဖြင့် လိုက်မကြည့်လောက်ဘူးထင်ပါရဲ့။

"ကဲ, ကားခလေးတွေ အဆင်သင့်ထုတ်ပေးထားကြပါ။ ဝေးတဲ့လူတွေက အတွင်းကိုဝင်ပေးကြပါခင်ဗျ။ နောက်မှာ လိုက်တက်မယ့်လူတွေ အများကြီးရှိပါသေးတယ်။ ကျေးဇူးပြုပြီး ကူညီပေးကြပါ"

တွန်းတိုးဝင်လာသည့်လူတွေကြောင့် ကားခေါင်းခန်းနား ထိ ဆက်ဝင်လာခဲ့ရ၏။ လွယ်အိတ်ထဲမှ Note book လေးကို နှိုက်လိုက်စဉ် ရင်ထဲထိတ်လန့်သွားရလေသည်။

ဘုရားရေ! ဘယ်ရောက်သွားပါလိမ့်။

စာအုပ်တွေကြားထဲ သေချာရှာကြည့်တော့လည်းမတွေ့ပါ။ ဘယ်ပျောက်သွားပါလိမ့်နော်။ လွန်းက ပိုက်ဆံအိတ်ကိုင် လေ့ရှိသူမဟုတ်တာကြောင့် အဲဒီ Note book အနက်လေးထဲမှာပဲ ပိုက်ဆံထည့်ထားတတ်တာလေ။ ဒီစာအုပ်မရှိတော့ရင် ကားခကို ဘယ်လိုပေးရပါ့မလဲ။

"နှစ်ယောက်"





"ဟာ. . . ငါတို့ဖို့ ပေးဦးလေ, မိုးယံ"

လူက ထူပူလာပြီး ခေါင်းတစ်ခုလုံး လေးလံလာတော့၏။ ဒါ့ကြောင့်ကောင်းလိုက်တာနော်။ ကိုကိုသိရင် အဆူခံရတော့မှာပဲ။ ကိုယ့်ကိုယ်ကို တက္ကသိုလ်ကျောင်းသူဆိုတာကို မေ့သွားပြီး ကားပေါ်မှာ မျက်ရည် ပေါက်ခနဲကျ ကျိတ်ရှိုက်လိုက်မိတဲ့အဖြစ်ကို သူတို့ကကြီး သိပါရဲ့လား။

❐❐❐



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

အလွဲလွဲအချော်ချော်ပါပဲ၊ ဒီနေ့ ဘာတစ်ခုမှအဆင်မပြေ။ ပါ့ပါလျှက် ထုတ်မဆောင်းဖြစ်ဘဲ ကားပေါ်မှ ဒီအတိုင်းဆင်း ပြေးလာခဲ့သည့် လွှန်းအနောက်မှာ သူပါလာသလားမှန်းတောင် သတိမထားမိတဲ့အဖြစ်ပါ။

အိမ် (တဲ) ထဲအရောက်မှာ အဝတ်အစားပင် မလဲဖြစ်ဘဲ လွယ်အိတ်ကို ဘုန်းခနဲပစ်ချလိုက်ပြီး ထိုင်ငိုနေလိုက်တာ အတော်ကြာကြာ။ ဝမ်းနည်းတာလား, ရှက်တာလား, ဒေါသထွက်တာလား. . . ဘာမှန်းမဝေခွဲနိုင်ဘဲ တရှုံ့ရှုံ့ငိုချလိုက်မှ ရင်



www.burmeseclassic.com

www.burmeseclassic.com

ထဲ နင့်နေသည့်အဆိုင်အခဲက ပြေသလိုဖြစ်သွားတာလေ။

ထမင်းချက်ဖို့ မီးမွှေးပြန်တော့လည်း ထင်းက ရှေ့
ထင်းမို့ မီးခိုးအူအူကြားမှာ မျက်ရည်က ကျရပြန်၏။ ဒီညနေမှ
တစ်ခုခု ဝယ်ချက်ဖို့ ထားထားတဲ့ငွေနဲ့အတူ နေ့စဉ်မှတ်တမ်းစာ
အုပ်လေးက ပျောက်ချင်းမလှပျောက်သွားပြီကိုး။

ထမင်းအိုးတည်, ဟင်းချိုအိုးတည်, ငါးပိအိုးနွှေး, တို့
စရာပြုတ်ပြီးမှ ရေချိုးသည့်အလုပ်ကို လုပ်ရတော့၏။ မိုးရေခံ
ထားသည့် စည်ပိုင်းပြတ်ထဲမှရေက လွန်းတစ်ကိုယ်လုံးကို အေး
စက်သွားစေသည့်နှယ်ပင်။ မိုးစဲလေမှ တဲထဲယိုထားသည့်မိုးရေ
ကွက်တွေကို ပုဆိုးစုတ်ဖြင့် လိုက်သုတ်ကာ ခြောက်သွေ့စေပြီး
လက်ပြန်ဆေးရသည်။

ဖယောင်းတိုင်မီးရောင်လေးဖြင့် ထမင်းပွဲပြင်စဉ် သက်
ပြင်းကိုရှိုက်လိုက်မိ၏။ ဒီနေ့လိုက်လာသည့်ကောင်လေးသာ ဒီ
ထမင်းဝိုင်းကိုမြင်ရင် မျက်ရည်တွေ ဖူးသီးလုံးလောက် ကျသွား
မှာ အသေအချာပါလေ။

"ညီမလေး"





"ကိုကိုလာပြီ"

ဝါးခင်းကို ခပ်ဖွဖွနှင်းပြီး တဲတံခါးကို အသာတွန်းဖွင့်
လိုက်တော့ အိမ်ရှေ့ဖိနပ်ချွတ်ဘေးရှိ စဉ့်အိုးကွဲထဲမှရေဖြင့် ခြေ
ဆောက်ဆေးနေသည့်ကိုကို့ကို တွေ့ရလေသည်။ ခပ်တိုတိုဝတ်
ထားသည့်ပုဆိုးကို မ,ထားပြီး လွယ်အိတ်စလွယ်သိုင်းထားသည့်
ကိုကို့ကိုယ်မှာ မိုးရေ မစိုတစိုနှင့်လေ။

"ကိုကို ရေချိုးမှာလား"

"အလုပ်မှာ ချိုးလာပြီးပြီ၊ အဝတ်လဲဖို့ပဲရှိတယ်။ ဒီ
ဆောက်အေးနေတာ ခေါင်းဘာလို့လျှော်ထားသလဲ လွန်း။ အကျႌ
ရောဝတ်ထားမှပေါ့ ညီမလေးရယ်"

မိုးထဲလေထဲ မိုးလင်းကမိုးချုပ် အလုပ်လုပ်ရတဲ့အစ်ကို
အစ်ယောက်ရဲ့ ကရုဏာသံပါပဲ။ အရိပ်ထဲ ကျောင်းတက်ခွင့်ရ
သည့်လွန်းကို စိုးရိမ်သတဲ့လေ။

"မိုးစိုလက်စနဲ့မို့ ခေါင်းလျှော်လိုက်တာပါ ကိုကိုရဲ့"

"ဘာလို့လဲ, ထီးကျိုးသွားပြန်ပြီလား"

"ဟင့်အင်း"


www.burmeseclassic.com

www.burmeseclassic.com



''ကျိုးကာမှ ကျိုးရော, ညီမလေးရယ်။ မိန်းကလေး
မိုးစိုလို့ ဘယ်မြင်ကောင်းပါ့မလဲ''

အိမ်ထဲဝင်ကာ ပြင်ထားသည့် ထမင်းဝိုင်းကို ငုံ့ကြည့်
တော့ မျက်လုံးပြူးသွားလေ၏။ ထမင်းဇလုံကို အုပ်ထားပြီး ငါးပိ
ရည် တို့စရာနှင့် ဟင်းချိုသာ မြင်ရတာမဟုတ်လား။ စားနေကျ
(နတ်သုဒ္ဓါ) ကန်စွန်းရွက်ကြော်ကဖြင့် မပါ။

''ဈေးမဝယ်ဖြစ်ဘူးလား''

''အင်း''

ခပ်တိုတိုသာ ဖြေလိုက်တာမို့ ကိုကိုက အဝတ်စိုတို့
ဆက်လဲနေလေ၏။ ကြွေရည်သုတ်ပန်းကန်နှစ်ချပ်ထဲသို့
ထဲမှထမင်းကို ခူးခပ်ထည့်ပြီးစဉ် ကိုကိုက လက်ဆေးပြီး စား
သေးမှာ ထိုင်ချလိုက်ပါသည်။ ဆာရှာမှာပေါ့၊ ခွန်အားနဲ့လုပ်
တဲ့အလုပ်သမားပေကိုး။

''ညီမလေး''

''ဟင်''

''ဘာဖြစ်နေလဲ''





''ဘာဖြစ်လို့လဲ၊ လွှန်း ဘာမှမဖြစ်ပါဘူး ကိုကိုရဲ့''

''နင်ငိုထားသလား''

''အာ. . . ပေါက်ပေါက်ရှာရှာ''

''မဟုတ်ရင် ပြီးတာပဲ''

ကိုကိုက ငါးပိရည်နဲ့ထမင်းနယ်ကာ တို့စရာတဝ္ဍမ်းဝ္ဍမ်း
ကိုက်, ဟင်းချိုခပ်သောက်ပြီး ခပ်သွက်သွက်စားနေသလောက်
လွှန်းထမင်းက တို့ကနန်း ဆိတ်ကနန်းစားနေတာမို့ မလျော့။
ထမင်းတစ်ပန်းကန်ကုန်ပြီး နောက်တစ်ပန်းကန်ထပ်ထည့်သည့်
ကိုကို့ထံမှ အသံထွက်လာပြန်၏။

''မဟုတ်သေးဘူး, နင် တစ်ခုခုတော့ ဖြစ်နေပြီ''

''ဘာမှမဖြစ်ပါဘူး ကိုကိုရာ''

''ဒီအစ်ကိုမှမပြောရင် နင် ဘယ်သူ့ကိုသွားပြောမှာလဲ
ညီမလေးရဲ့။ ပြော, ဘာဖြစ်လဲ''

''ဟိုလေ, ကိုကိုဆူလည်း ခံရမှာပဲ''

''အင်း. . . ပြော''

''လွှန်း ဒီညနေ ခါးပိုက်နှိုက်ခံလိုက်ရလို့''



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်. . . ပိုက်ဆံအိတ်မကိုင်ဘဲနဲ့ ဘယ်လိုလုပ်ပြီး ခါးပိုက်နှိုက်ခံရတာလဲ"

"လွှန်းလည်း မပြောတတ်တော့ဘူး။ ကားပေါ်မှာ ကား ခပေးမယ်ဆိုပြီး စာအုပ်ရှာတော့မှ မတွေ့တော့တာ"

"ကျစ်!. . . မရှိပါဘူးဆိုမှ ဒီခါးပိုက်နှိုက်ကလည်း ရှာ စက်ပုံ့။ ဘယ်လောက်ပါသွားသလဲ"

"ထောင့်ငါးရာ"

"မနေ့ကအပ်တာ အကုန်"

"အင်း"

"ကောင်းရော, နေပါဦး. . . စာအုပ်က ကားပေါ်ရောက် မှ ပျောက်တာလား၊ အတန်းထဲမှာ စာအုပ်သိမ်းရင်းထုတ်ရင်း ကျသလား. . . ပြန်စဉ်းစားကြည့်ဦးလေ"

ဟုတ်သားပဲ. . . အတန်းထဲမှာ ကျတာမျိုးလည်း ဖြစ် ကောင်းဖြစ်နိုင်တာပဲလေ။ မဟုတ်သေးပါဘူး, အဲဒီဗလာစာအုပ် တစ်ဝက်လောက်သာရှိတဲ့ Note book လေးကို လွှန်းမှထုတ် လေ့မရှိတာဘဲ။ အတန်းထဲ ကျပျောက်တာတော့ ဘယ်နည်းနဲ့





မှ မဖြစ်နိုင်တာလေ။ ဟုတ်တယ်, လူနှိုက်တာပါ။

"အဲဒါနဲ့ ကားစပယ်ယာကို တောင်းပန်ရရောလား"

"ဟင့်အင်း, လွှန်းကားခကို သူငယ်ချင်းပဲ စိုက်ပေးလိုက် တယ်"

"တော်သေးတာပေါ့"

အမယ်လေး!. . . တော်ပါသေးရဲ့၊ ဘယ်သူငယ်ချင်းလဲ ဘာညာဆိုပြီး ဆက်မမေးလို့လေ။ အဲဒီလိုသာဆို လွှန်း ဘယ် လိုဖြေရမယ်မှန်းတောင် သိတော့မှာမဟုတ်။ ဒီငွေဟာ ကိုကိုရဲ့ နေ့စားလုပ်ခဖြစ်သလို လွှန်းတို့အတွက် အင်မတန်တန်ဖိုးရှိတဲ့ ပိုက်ဆံတွေပါလေ။ ဒါကိုသိလျက်သားနဲ့ လွှန်းက ပျောက်အောင် အလွယ်တကူ ဖျောက်မိရတယ်လို့။

"ဒီအချိန်ဆို ဈေးဆိုင်တွေလည်း ပိတ်ကုန်ပြီ။ မနက် ထမင်းချိုင့်ထည့်ဖို့ ဘာမှမရှိဘူးပေါ့။ ဟုတ်လား"

"ကြက်ဥနှစ်လုံး ရှိပါသေးတယ် ကိုကိုရဲ့. . . ငါးနီတူ ခြောက်လေးလည်း နည်းနည်းကျန်သေးတယ်။ ဆီပူလိုမ့်ပြီးရင် ချဉ်ပေါင်ဟင်းပျစ်ပျစ်လေးချက်ဖို့ လွှန်း စီစဉ်ထားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ, ရှိတာနဲ့ပဲ စားကြတာပေါ့ ညီမလေးရယ်၊ ဘာမှစိတ်ညစ်မနေနဲ့။ အလကားရတဲ့ငွေမဟုတ်လို့ နှမြောတာကတော့ နှမြောတာပဲပေါ့။ ဒါပေမဲ့ အရင်ဘဝက မလှူခဲ့မိလို့ ဒီဘဝမှာ ဘာမှမရှိမှန်းသိရင် လှူတယ်လို့ပဲ သဘောထားလိုက်ပါ"

လှူတာတဲ့လား။ လက်ထဲဘာမှမကျန်တဲ့အထိ လှူရအောင် လွန်းတို့က ဇောတိကမျိုးရိုးမှမဟုတ်တာဘဲလေ။ လွန်းဆယ်နှစ်သမီးဘဝမှာ မိဘမဲ့ဘဝရောက်ခဲ့ရတဲ့အတွက် ရုန်းကန်လှုပ်ရှားခဲ့ရတဲ့ကိုကို့ချွေးနဲ့စာကို အခုလို လက်လွတ်စပယ်ပျောက်အောင် လုပ်မိတာမှ နှောင်တမရရင် ဘယ့်နှယ်လုပ်ရမှာတဲ့လဲ။ ပြောပါဦး. . .

"အင်း, ဒါနဲ့စားလည်း နှစ်ပန်းကန် အသာလေးပါပဲ။ အာဟာရဖြစ်ပြီး တစ်ထွာဝမ်း ဝလင်အောင် ချက်ပြုတ်ကျွေးတဲ့ ညီမလေးကို ကျေးဇူးတင်ပါတယ်ကွာ"

"ကိုကိုရှာပေးတဲ့ပိုက်ဆံနဲ့ ချက်ကျွေးတာပါနော်"

"ဒါတော့ဒါပေါ့ ညီမလေးရဲ့၊ ချက်ကျွေးတဲ့လူက စေ





တနာပါတဲ့အတွက် ဘာပဲစားစား အရသာရှိနေတာက အဓိကကျတယ်လေ။ ဝပြီ, စိတ်ကြည်အောင်,ထားဦး။ တော်ကြာ ဘုရားရှိခိုးမဖြောင့်ဘဲ နေဦးမယ်"

"ကိုကိုကလည်း"

စားသောက်ပြီးသား ပန်းကန်ခွက်ယောက်လေးတွေကို ဆေးကျောပြီး စင်ပေါ်မှောက်ကာ နောက်ဖေးတံခါးကို သံကြိုးချည်၍ ပိတ်လိုက်ပါ၏။ ဆံပင်တွေ ခြောက်စပြုပြီမို့ ဘီးဆံပတ်စည်းကာ အိမ်ရှေ့ကိုထွက်လာတော့ ဘုရားစင်ရှေ့ (အခန်းနံရံဘေး) မှာ ဖျာခင်းလျက် ကိုကို လှဲနေချေပြီ။

"စာအုပ်ဖတ်ဦးမှာလား"

"ဒီဖယောင်းတိုင် ကုန်တဲ့အထိပါ"

နို့ဆီခွက်ပေါ် ထွန်းထားသည့်ဖယောင်းတိုင်တိုလေးကို မေးငေါ့ပြလျက် ခေါင်းအုံးပေါ် မှောက်လှဲလိုက်သည့် ကိုကို့လက်ထဲမှာက ဆရာဖေမြင့်၏စာအုပ် ရှိနေ၏။ အမည်ကတော့ 'ဘေဘီလုံမှ အချမ်းသာဆုံးပုဂ္ဂိုလ်' ပါပဲ။

ခွန်အားရှိသောစာမှန်သမျှ ရှိတဲ့ငွေလေးစုပြီး ဝယ်ဖတ်



www.burmeseclassic.com

www.burmeseclassic.com



သလို၊ ယှသင့်သည့်နည်းမှန်သမျှ လိုက်နာသလို၊ လက်တွေ့လုပ်ဆောင်နေတာပါလေ။ လွန်းတို့မှာ ကြွေးမြီမရှိတာမို့ လူမချမ်းသာပေမယ့် စိတ်ချမ်းသာမှုနဲ့ပြည့်စုံတဲ့ လူသားနှစ်ယောက်ဖြစ်တာအမှန်ပါ။

"ဒီလကုန်ဝယ်ဖို့ ခေါင်းစဉ်ရှာပြီးပြီလား"

"အေး"

"ဘာတဲ့လဲဟင်"

"ဆရာဦးသိန်းလွင်ရဲ့ ကမ္ဘာပတ်မယ် ရက်ရှစ်ဆယ်"

"မြန်မာပြည်တောင် မပတ်နိုင်သေးဘဲနဲ့များ"

"တစ်နေ့ ပတ်နိုင်ခွင့်ရမှာပေါ့ ညီမလေးရ"

ဘုရားသောက်တော်ရေ လဲ၊ ဆီမီးပူဇော်၊ အမွှေးတိုင်ထွန်းနေပြီမို့ ကိုကို့အသံတိတ်သွားပါ၏။ ကိုကို့အိပ်ရာဘေးမှာဖျာသေးသေးကလေး ခင်းလိုက်ပြီး ဘုရားရှိခိုး၊ ပုတီးစိတ်တော့နာရီဝက်ကျော်ကျော် ကြာသွားလေသည်။

ပုတီးကိုးပတ်ပြည့်မှ ဦးချလျက် မျက်စိဖွင့်လိုက်စဉ် လွန်း၏တစ်ဦးတည်းသောကိုကိုက ရင်ဘတ်ပေါ် စာအုပ်တင်လျက်





သား အိပ်မောကျနေချေပြီ။

ကုန်ခါနီးနီး တိုနေပြီဖြစ်သည့် ဖယောင်းတိုင်တိုကို ခပ်သုပ်းလှမ်းရှေ့ကာ စစ်ခြင်ထောင် ထောင်ပေးလိုက်ပါ၏။ ခြင်ဆွေရှိနေတာမို့ ချည်စောင်လေးဖြင့် ရမ်းခါကာ ခြင်ထောင်ညှပ်ဆေးလိုက်ပါသည်။

အိပ်မက်ထဲမှာ. . . ကိုကိုတစ်ယောက် သူဌေးကြီးဖြစ်ဆောင်းဖြစ်နေနိုင်သည်ပဲလေနော်။

❐❐❐



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

''ဘယ်လိုဖြစ်တာလဲ၊ နင်နဲ့ငါ အတူပြန်တဲ့ဟာ။ ခုံပေါ်မှာရော ခုံအောက်မှာပါ အဲဒီစာအုပ်မကျန်တာ သေချာတယ်လွှန်းရဲ့''

''လွှန်းလည်း စဉ်းစားလို့ကို မရတာ ချို့ရဲ့။ ကားပေါ်မှာ လူကျပ်တုန်း ပါသွားတာပဲထင်တယ်''

''ဆန်းပါ့. ဘယ်လိုခါးပိုက်နှိုက်ကများ အဲဒီစာအုပ်ထဲမှာ ပိုက်ဆံရှိမှန်း သိရတာလဲ''

''မသိတော့ပါဘူး ချို့ရယ်''

**ရွှေပဒေသာစာပေ**

www.burmeseclassic.com

www.burmeseclassic.com

ခပ်ညည်းညည်းလေးပြောကာ စားပွဲပေါ် လက်ထောက် လျက် ငြိမ်နေမိ၏။ သော်ကြာနေ့က လွန်းနောက်လိုက်တဲ့ကောင် လေးအကြောင်းကို ချို့သိအောင် ပြောလို့ဖြစ်မလား။ ခါတိုင်း လည်း ဒီလိုမကြာခဏလိုက်တတ်သည့်ကောင်လေးတွေ အများ ကြီးရှိခဲ့ပါလျက် ဒီတစ်ယောက်ကိုမှ ပြောမိရင် ထူးဆန်းတယ် လို့ ချို့ အပြစ်ပြောရင် ဘယ့်နှယ်လုပ်ရမှာလဲ။

ခက်လိုက်တာနော်. . . ရင်ဖွင့်ဖော်ဆိုလို့ ကိုကိုနဲ့ ချို (ချို့မာ) တို့နှစ်ယောက်သာ ရှိတာပါ။ ကိုကို့ကိုတော့ ရင်ဘတ်ထဲ က နှလုံးသားရေးရာကိစ္စတွေ ဘယ်လိုပြောရမှာလဲ။ ချို့နဲ့သာ ဒီလိုမျိုးပြောရမှာပါလေ။ သို့သော် ဘဝသမားရဲ့စာမျက်နှာထက် မှာ အချစ်ဆိုတာကတော့ မှင်မပါဘဲ ရေးတဲ့စာလုံးတွေလို မှုန် ဝါးဝါးအဖြစ်မျိုးသာ ရှိနေမှာအမှန်ပါပဲ။

"လွန်း. . . ဟဲ့"

"ဟင်"

"နင်ဘာဖြစ်နေတာလဲ"

လာပြန်ပြီ ဒီမေးခွန်း၊ ကိုကိုလည်း လွန်းကို ဒီလိုပဲမေး





ခဲ့တာလေ။ အရင်ကလည်း စကားနည်းပါလျက် ခုတော့ ဘာ စကားမှမပြောချင်တော့ဘဲ တိတ်ဆိတ်ငြိမ်သက်နေချင်တာပါပဲ။

"ဘာမှမဖြစ်ပါဘူး"

"မျက်နှာကလည်း နွမ်းလိုက်တာ။ ဘာလဲ, ပိုက်ဆံမရှိ လို့ စိတ်ညစ်နေတာလား။ လိုရင် ငါ့ဆီက ယူထားလည်း ရပါ တယ် လွန်းရယ်။ ခေါင်းထဲ အရှုပ်မခံပါနဲ့"

သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိ၏။ ပျောက်သွားတဲ့ကိစ္စ ဆက် ဟိုလူ့ရှေ့မှာ မျက်ရည်ကျမိခဲ့တဲ့အဖြစ်ကို ရှက်နေမိတာက ရှိနေတာလေ။ ဒီလိုအရှက်တကွဲဖြစ်ရပ်မျိုး သူစိမ်းယောကျ်ား လေးတစ်ယောက်ရှေ့မှာ ဖြစ်မယ်လို့ ဘယ်သူက ထင်ထားမှာတဲ့ လဲ။ ကားခ ပေးစရာမရှိဘဲ အရှက်ကွဲခဲ့တဲ့ ဒီမျက်နှာကို ဘယ် နေရာမှာ သွားဝှက်ထားလို့ရပါ့မလဲနော်. . . ခက်ပါရဲ့။

ဘာမှန်းမသိဘဲ လွန်း့မျက်ရည်ကျတာကို စိုးရိမ်ပူပန် ပြီး ဘေးက တဖွဖွပြောခဲ့တဲ့သူ့စကားသံတို့က တိုးတစ်လှည့် ထိမ်တစ်လှည့်ပါလေ။ ချော့မော့ပြောလေသလားမှန်းလည်း လွန်း ဆေခွဲတတ်ခဲ့ပါ။ ထူပူရှက်အမ်းမှုတွေသာ တစ်ကိုယ်လုံး ခြုံလွှမ်း


www.burmeseclassic.com

www.burmeseclassic.com



နေပြီး မျက်နှာမဖော်ရဲသလို ဖြစ်ခဲ့တာအမှန်ပါပဲ။

နောက်ထပ်မတွေ့ပါရစေနဲ့။ ဘယ်တော့မှ လွှမ်းအနား မှာ ပေါ်မလာပါနဲ့တော့နော်။ ရှင့်ကို လွှမ်း မသိချင်ဘူး။ မပတ် သက်ချင်လို့ပါ။ ရက်အားပို အားငယ်လွှမ်းသူရဲ့ကျွခြေကို ဒီထက် ပိုပြီး မထိခိုက်ပါစေနဲ့လား ရှင်ရယ်။

"နေပါစေ ချိုရယ်၊ ကျောင်းမှာ စာရွက်စာတမ်းတေ တောင်းတိုင်း ချိုပဲ အမြဲစိုက်ပေးနေကျကို။ အားနာပါတယ်"

"သူငယ်ချင်းအချင်းချင်း ဒါတွေထည့်တွက်စရာလား လွှမ်းရယ်။ ငါ့မိဘတွေကအစ ဒီလိုကူညီတာ ပညာပါရမီဖြည့် တဲ့ကုသိုလ်ရတယ်လို့ အမြဲပြောကြတာဟဲ့။ နင့်ကိုလည်း မေ တို့ချစ်တာ. . . နင်အသိပဲကို။ ငါ့မှာသာ အစ်ကိုရှိနေရင် နင့်ကို ယောက်မတော်တယ်၊ သိလား"

"အမယ်! ရှင့်မှာ အစ်ကိုမရှိပေမယ့် လွှမ်းမှာ အစ်ကို ရှိပါတယ်နော်"

"ဒါဖြင့် ငါ့ကိုပေးမလား"

"သူကြိုက်ရင် ရက်ရက်ရောရောပေးပါ့မယ်ဟယ်"





"တွေ့လား. . . မိန်းမ, စတာလေးတောင် အစ်ကိုကို ပြောတာသနဲ့၊ ကပ်စေးနဲ့ ကော်တရာ, ဦးကပ်စီးမြေး, တွတ်ပီ တော် မသေးမျှင်. . . ဟွန်း"

ချို ဒေါသသံမပါဘဲ ပြောတာကိုတောင် မရယ်ဖြစ်ဘဲ ာင်ယောင်မှုသာ ပြုံးမိ၏။ ရယ်သံဆိုတာက လွှမ်းတို့ဘဝမှာ ဖြစ်တဲ့ ရှားပါးပစ္စည်းတစ်ခုပါပဲ။ တစ်ခါတလေလေး ဘဝ ာတွေကို မေ့ဖျောက်ပြီး အားပါးတရရယ်ချလိုက်မိရင် လေး ပြည့်နှက်နေတဲ့ရင်ထဲမှာ ပေါ့သွားမယ်မှန်း သိထားပါလျက်နဲ့ ယ်တော့မှ မရယ်ခဲ့တာပါလေ။

"ဟဲ့! ဘာကြီးတုန်း"

လွှမ်းစားပွဲရှေ့ပေါ် လာတင်လိုက်သည့်နှင်းဆီရောင်စုံ စည်းကြောင့် နှစ်ယောက်သား လန့်သွားသလို ရှေ့မှာ မား ကြီးရပ်နေသည့်သူ့ကို မော့ကြည့်လိုက်မိပါ၏။ ဆုတောင်းပြီး မှ မိနစ်ပိုင်းလေးပဲ ရှိသေးတာ၊ ချက်ချင်းကို မပြည့်နိုင်တော့ သားနော်။

"ဟယ်! အဲဒါ Physics က Star မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မကြားတကြားထွက်လာသည့် နောက်တန်းမှစကား တွေကြောင့် ခြေဖျားလက်ဖျားတွေပင် အေးလာသလိုနှယ် ဘာလဲ. . . ဘာသဘောနဲ့များ ဒီလိုမျိုး ရှေ့ကိုဆက်လှမ်းတို့ ရဲတာပါလိမ့်နော်။ ရှင်တော့ တကယ်မလွယ်တဲ့ယောကျ်ား ပါပဲလား မိုးယံပိုင်။

"ချိုမာရဲ့ Best Friend ကို ခွင့်လာတောင်းတာ

"ဘာခွင့်လဲ"

"ချစ်ခွင့်"

"ဟဲ့!"

"ရှို!. . . ကျိတ်လိုက် မိုးယံရေ့"

Corridor ဆီမှ အုပ်စု လေချွန်သံတွေ ထွက်လာ နှင့် လွှန်းမျက်နှာတစ်ခုလုံး တဖြည်းဖြည်းရဲလာရတော့၏။ တယ်လေ, သူတို့အုပ်စုရှေ့မှာ လွှန်း တစ်ခါအရှက်ကွဲပြီးပြီ နောက်ထပ် အရှက်ရစရာဖြစ်အောင် သူလုပ်ပြန်ပြီကိုး။

"နင် သူ့ကိုသိလို့လား လွှန်းရဲ့"

ခေါင်းခါပြလိုက်စဉ် သူ့ထံမှ အသံထပ်ထွက်လာ





ကြည့်ရတာ သူငယ်ချင်းတွေ ပင့်မြှောက်ပေးတာမို့ သိပ်ရဲ နေတာပဲ ထင်ပါရဲ့။

"သူသိအောင်လုပ်ဖို့က ကိုယ့်တာဝန်ပဲလေ ချိုမာရဲ့။ စားခွင့်ပေးမှာလား နန္ဒာ"

"နင်နော်, ကျောင်းခန်းထဲအထိ အတင့်မရဲနဲ့ဟဲ့။ ငါ ရာမနဲ့သွားတိုင်မှာ"

"ဒါ State ကျောင်းမှမဟုတ်တဲ့ဟာ ချိုမာရာ။ မင်း ာ မော်ကွန်းထိန်းဆီ သွားတိုင်ရင် ကိုယ်က တစ်ကျောင်းလုံး အောင် ကြွေးကြော်ပြလိုက်မှာပေါ့"

"ဘာရယ်"

"လွှန်းနန္ဒာအောင်ကို မိုးယံပိုင်က သိပ်ချစ်နေပြီလို့"

"ဟဲ့, ဘယ်လိုကြီးလဲ"

"ဒီလိုကြီးပဲ၊ ကိုယ့်ကို တစ်ခုခုပြောပါဦး နန္ဒာရဲ့"

လက်ဖျားနှစ်ဖက်ကို တင်းတင်းဆုပ်ထားလျက် ခေါင်း နေတော့ သူက စားပွဲပေါ် မေးတင်ကာ ကိုယ်ကိုကိုင်းပြီး မျက်နှာကို မရရအောင် ကြည့်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ရော်. . . ခက်တာပဲ၊ ရှင် ဘယ်လိုတွေ လျှောက်လုပ်နေတာလဲ မိုးယံပိုင်ရယ်။

"ရှားရှားပါးပါးလေး မြူးပြုပါဦး နန္ဒာရဲ့။ ကိုယ်နဲ့မင်းကြားမှာ ပြောစရာစကားလုံးတွေ အများကြီးရှိပါသေးတယ်"

"ပြန်တော့"

"အားပါး!. . . ထွက်လာတဲ့လေသံကလည်း နားကို ခါးသွားတာပဲ"

"ရှင့်ကိုပြောနေတယ်နော်. . . ပြန်တော့။ လူကြားထဲ အရှက်ရအောင် မလုပ်ချင်ပါနဲ့"

"စွဲချက်က ပြင်းလှချည်လား နန္ဒာရဲ့။ ကိုယ့်ကို လျှောက်လဲချက်လေးလည်း ပေးခွင့်ပြုပါဦး"

မသိချင်ဘူး၊ ဘာကိုမှမသိချင်ဘူး။ စိတ်ရှိလက်ရှိသာ ပိတ်အော်လိုက်ရင် ရှင်, လွှန်းရှေ့ကနေ အဝေးဆုံးကို လွင့်သွားတော့မှာပဲ။

"စဉ်းစားပေးမှာလား"

"နွားစာ. . . နွားစာ, စဉ်းပြီးမှ စားရတာ၊ 'ဘွတ်အဲ'လို့





ခေါ်တဲ့နွားကွ မိုးယံရ"

တဟီးဟီးတဟားဟား ရယ်သံတွေ ထွက်လာကြပြန်ပြီ။ ရှက်စရာအတိပါပဲ။ ရည်းစားစကား လာပြောနေမှန်းသိပါလျက် သူ့သူငယ်ချင်းတွေ လိုက်လျောင်စရာလား။ သူကတော့ ဘာတစ်ခုမှ ဂရုမစိုက်ပုံနဲ့ စားပွဲရှေ့မှာ ဒူးပင် ထောက်ချလိုက်တာလေ။

"ကိုယ့်နာမည် မိုးယံပိုင်၊ Physics Final က၊ ဖေဖေက Export & Import ကုမ္ပဏီပိုင်ရှင် ဦးနေပိုင်၊ မေမေက နိတိုက်ပိုင်ရှင် ဒေါ်ထက်ထက်၊ အဲဒီမိဘနှစ်ပါးရဲ့တစ်ဦးတည်းသောသားက ကိုယ်။ အသက်က (၂၀)၊ အရပ်က (၆)ပေတိတိ၊ Body Weight က ပေါင်(၁၃၀)၊ နေတာက. . ."

"ဘာမှမသိချင်ဘူး"

"အာ. . . လန့်သွားတာပဲကွာ။ ပြောနေတဲ့ Feel ငုပ်သွားအောင် လုပ်ရလား နန္ဒာရဲ့။ စဉ်းစားပေးမယ်ဆိုရင် အခုပဲ ကိုယ်ထွက်သွားမယ်၊ ဟုတ်ပြီလား"

ကျစ်! ခက်လိုက်တာနော်။ ခဏနေ Major ဆ



www.burmeseclassic.com

www.burmeseclassic.com



လာတော့မှာကို မသိဘူးလား။ ဒီလိုသာ လွှန်းရှေ့မှာ လာပြီး ဒူး ထောက်ပြောတဲ့ပုံစံကို တစ်ယောက်စကားတစ်ယောက်နား တစ် ဆင့်ပြီးတစ်ဆင့် သိကုန်ရင် လွှန်းတော့ အလိုလိုတံဆိပ်နှိပ်ပြီး သား ဖြစ်တော့မှာလေ။

"ပြောလေ"

"ပြန်တော့လို့ဆို"

"အဲဒါပဲ ပြောတတ်တော့တာလား"

"ရှင်နော်"

"ချိုမာလည်း ကူပြောပေးဦးနော်"

"အံမာ! ငါ့ကို ရှေ့နေငှားရတယ်လို့။ မရဘူး"

"ကူညီကောင်းပါတယ် ချိုမာရဲ့၊ သူတစ်ပါး ချစ်ရေးချစ် ရာကို ကူညီပေးတဲ့သူက ဒီဘဝမှာပါမက နောက်ဘဝအထိ လူ ချစ်လူခင်ပေါ်ပြီး ရုပ်ရောစိတ်ပါ လှပသတဲ့"

"ကြဲကြဲဖန်ဖန်"

"တကယ်ပြောတာပါ၊ Teacher လာတော့မှာမို့ ကိုယ် ပြန်လိုက်ဦးမယ် နန္ဒာ။ ဒါလေးတော့ ကိုယ်အပိုင် ယူလိုက်တော့





မယ်နော်"

"ဟင်! "

မျက်လုံးအစုံ ပြူးသွားရလေ၏။ မအံ့သြဘဲနေမလား။ လက်ထဲ ထောင်ပြလိုက်တာက လွှန်းရဲ့ Note book အနက် ရောင်လေး ဖြစ်နေတာလေ။ လှမ်းယူရန် ရွယ်လိုက်စဉ် သူက ဆတ်ခနဲနောက်ကျောဘက် ဝှက်လိုက်ရင်း မျက်စိတစ်ဖက် မှိတ် ပြလိုက်လေ၏။

'See you Nandar.' တဲ့။ ဘယ်လောက်စိတ်ဆိုးစရာ ကောင်းတဲ့ ကောင်လေးပါလိမ့်။

❐❐❐



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

ဘယ်လိုများ လုပ်ရပ်ါမလဲနော်။ သူ့ဆီမှာ လွှမ်းရဲ့စာအုပ် ရှိနေလို့ ဘယ်ဖြစ်မလဲ။ ဟုတ်မှာပါ, ကားပေါ်တက်တုန်းက လူကျပ်တာကို အခွင့်ကောင်းယူပြီး သူ တမင် ဒီစာအုပ်ကို နှိုက်ယူသွားလိုက်တာပဲဖြစ်မှာ။

အခု သူ့လက်ထဲရှိနေတဲ့စာအုပ်ကို ဘယ်လိုပြန်တောင်းရမှာလဲ။ သူ့ကို စကားလုံးဝမပြောဘူးလို့ ဆုံးဖြတ်ထားတဲ့လွှမ်း . . . တ်ကို ပြန်ပြင်ရတော့မှာလားဟင်။ စိတ်တွေ ညစ်လိုက်တာနော်။

**ရွှေပဒေသာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



"လွန်း. . . ဟဲ့, ခေါ်တာ မကြားဖူးလား"

"ဟင်, ဘာလဲ ချို"

"နင်နော်, ငါမရှိခိုက်အချိန်လေးအတွင်းမှာ ဒီကောင်နဲ့ ဘယ်လိုဇာတ်လမ်းဖြစ်သွားတာလဲ"

"ပေါက်ကရတွေ၊ လွန်း, သူ့ကိုမသိပါဘူးနော်"

"မသိဘဲနဲ့ သူ့ဆီမှာ နင့်မှတ်တမ်းစာအုပ် ရှိနေမလားဟဲ့။ အထဲမှာ ဘာတွေစိတ်ကူးယဉ်ပြီး ရေးထားမှန်းမသိ။ ဟိုက နင့်ကို အပိုင်ချည်ပြီးတုပ်ပြီးတော့ကို ပြောသွားတာ"

ဟင့်အင်း. . . နင်ထင်သလိုမျိုးမဟုတ်ပါဘူး ချို။ အဲဒီစာအုပ်ထဲမှာ လွန်းရေးထားသမျှ စိတ်ကူးရင်ခုန်တဲ့စကားလုံးမျိုးတွေမှ မဟုတ်တာဘဲ။ ဘဝသမားရဲ့လက်တွေ့ခန်းကို စိတ်ကူးနဲ့ တည်ဆောက်လို့ရတာမှမဟုတ်တာ။

ခါးသည်းတဲ့ဘဝက အမြန်ဆုံးလွတ်မြောက်ချင်တာကလွဲပြီး သမားရိုးကျဖြစ်စဉ်တွေကိုသာ ခပ်တိုတိုရေးမှတ်ထားတာလေ။ အများဆုံးကတော့ ကိုကို နေ့စဉ်အပ်တဲ့ လုပ်အားခတွေပါပဲ။ ဒီကိန်းဂဏန်းလေးလောက်ကိုဖြင့် သူ့လို သူဌေးသားက





ဟာသအဖြစ်လောက်သာ ထင်မှတ်သွားမှာပါလေ။

ဒါနဲ့များတောင် ဘာအတွက်နဲ့ ဒီစာအုပ်ကို လက်ထဲသိမ်းချင်ရတာပါလိမ့်။

"ဘာမှထွေထွေထူးထူးမပါပါဘူး ချိုရယ်။ အိမ်ကလေးပြင်ဆောက်ချင်တဲ့ဆန္ဒရယ်၊ ကိုကို့လုပ်အားခလေးတွေကို နည်းနည်းစီဖဲ့ပြီး စုဖြစ်တယ်ဆိုတာလောက်ပဲ ရေးထားတာပါ။ စာရေးထားတာက နည်းနည်းပါပဲ။ အနောက်ဘက်မှာမှ စာရင်းတွေမှတ်ထားတာ"

"နင်ဘယ်လိုပြန်တောင်းမှာလဲ"

"လွန်းလည်း အဲဒါကို စဉ်းစားနေတာ"

"ဒါဖြင့် အဲဒီနေ့က နင့်နောက်ကို သူလိုက်လာတာပေါ့လေ"

သက်မကို ရှိုက်လိုက်မိပြန်၏။ အတန်းစောပြီးသည့်နေ့မို့ ဝင်းအပြင်ကို ခပ်ဖြည်းဖြည်းလျှောက်လာခဲ့သည်။ ညနေခင်းနေက အလင်းဖျော့သလို လေကလည်း ခပ်နွေးနွေးပါပဲ။ ခပ်စောစောပြီးသည့်အတန်းက နည်းတာမို့ ဂိတ်မှာ လူနည်းမှာ



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပင်။

"အဲဒီကောင်လေးက မျက်နှာခပ်များများတဲ့"

"လွှန်း, သိပါတယ် ချိုရဲ့. . . သိပ်စိုးရိမ်မနေပါနဲ့။ သူ နှောင့်ယှက်လည်း အလွှန်ဆုံးကြာလှ, တစ်ပတ်ပေါ့ကွယ်။ ကြာ တော့လည်း ရိုးသွားမှာပါ"

"လျှော့တော့ မတွက်နဲ့နော်။ ဖွဲက မသေးဘူးဟဲ့"

မပြုံးချင်ပေမယ့် ပြုံးလိုက်မိလေ၏။ ဘယ်လောက်ပဲ ဖွဲ့ရှိရှိ၊ လွှန်းရဲ့ မာကျောကျော အေးစက်စက် ပြောဆိုတတ်တဲ့ အမူအရာကြောင့် ဘယ်ကောင်လေးကများ စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနိုင်ခဲ့လို့လဲ။ မကြာလောက်သေးတဲ့ကာလအခိုက်အတန့် လေးမှာပဲ လွှန်းကို ကျောခိုင်း တာ့တာ,ပြသွားကြတာ အမှန်ပါ လေ။

တဘုတ်ဘုတ်ခြေသံတွေကို ကြားလိုက်ရလေ၏။ ဟို တစ်ဖက် ကားဂိတ်ကို ရပ်တော့မည့်ကားနံပါတ်ကို ကြည့်တော့ ချို့စီးရမည့်ကားဖြစ်နေသဖြင့် ချိုက လွှန်းလက်မောင်းကို အသာ ရိုက်လိုက်လေသည်။





"ငါစီးရမယ့်ကား လာနေပြီ လွှန်းရဲ့"

"သွားလေ, ချိုရဲ့၊ ကားချောင်တယ်"

ချိုက ကားလမ်းကို ခပ်သွက်သွက်ကူးသွားစဉ် လွှန်း ဘေးသို့ လူတစ်အုပ် ရောက်လာလေ၏။ ဘုရားရေ! ဘယ်လို ကာ ဘယ်လိုသိပြီး သူတို့အုပ်စု ရောက်လာပြန်ပါလိမ့်နော်။ သူ ကာ လွှန်းဘေးမှ လိုက်လျှောက်ရင်း လွှန်းကို ငုံ့ကြည့်ကာ ပြုံးပြ လိုက်လေ၏။ မျက်နှာကိုက သကာအိုးထဲက မလိုင်လုံးလေးလို ချိုပဲချိုနိုင်လွှန်းပါရဲ့။

မသိချင်ယောင်ဆောင်ပြီး ဂိတ်ကို ခပ်သုတ်သုတ်လှမ်း လိုက်တော့ သူက ဘာမှမပြောဘဲ ဘေးမှခြေလှမ်းအညီ လိုက် လေတော့၏။ သူ့သူငယ်ချင်းတွေကတော့ နောက်ချန်ပြီး လိုက် လာလေသည်။ ပုံစံကိုက လွှန်းဘာမှမပြောရင် သူလည်းမပြော ဘူးဆိုတဲ့ Style နဲ့လေ။

"တကယ်အပိုင်ယူလိုက်ပြီနော်"

စပါပြီ။ ဂိတ်မှာ လူတွေရှိမှ စကားကို စပြောတော့တာ လေ။ ရင်ကတော့ လွှန်းကို အမြဲတမ်းအရှက်ရအောင် လုပ်မယ့်



www.burmeseclassic.com

www.burmeseclassic.com

လူပဲထင်ပါရဲ့ မိုးယံပိုင်ရယ်။

"ဒီစာအုပ်လေးက နန္ဒာ့အတွက် အရေးကြီးသလို ကိုယ့်
အတွက်လည်း တန်ဖိုးမဖြတ်နိုင်ဘူး၊ သိရဲ့လား။ အင်း . . . ဘာ
လို့လဲဆိုတော့ ဒီထဲမှာ ကိုယ်အလိုချင်ဆုံးအဖြေက အလိုလို
ပြီးသားဖြစ်နေတာကိုး"

ကြည့်စမ်း! ငွေ (၁၅၀၀)ကို ဆိုလိုတဲ့သဘောပေါ့လေ
ရှင်၊ လွှန်းဆီကနေ ခါးပိုက်နှိုက်ပုံစံနဲ့ ခိုးသွားပြီးတော့ ဒီလိုယူ
လို့ရမှာတဲ့လား။ ရှင်တွေ့ဖူးတဲ့ ခပ်ပျော့ပျော့မိန်းကလေးတွေလို
လွှန်းက ခပ်ပျော့ပျော့လေးနဲ့ ပါလာလိမ့်မယ်လို့ ထင်မထား
မိုးယံပိုင်ရေ။

အဲဒီနေ့က အဘယ်မှုအရှက်ရခဲ့သလဲဆိုတဲ့ တစ်ဖက်
သားရဲ့သိမ်ငယ်မှုကို ရှင်မှ ထည့်မတွက်တတ်တာ မဆန်းပါဘူး
လေ။ ရေပေါ်ဆီလို လူတန်းစားမျိုးက အညာတရလူတန်းစား
တွေရဲ့ရင်ထဲက ခံပြင်းချက်ကို ဘယ်မြင်တတ်မှာတဲ့လဲ။

"ဘယ်လိုလုပ်ရမလဲဟင်၊ စာအုပ်ကလေး ပြန်ပေး
အောင်လည်း ဒီလက်ရေးစောင်းစောင်းလေးတွေကို မမြင်ရအောင်





ရှာ့စိုးတယ်။ နောက်တစ်ခုကိုတော့ လုံးဝပြန်မပေးချင်ဘူး။ နန္ဒာ
ပြန်လိုချင်ရင်တော့ ဆယ်ဆ အဆတစ်ရာ ပြန်ပေးရမယ်ဆိုရင်
လည်း ကိုယ် အနှမြောမရှိ ပေးမယ်လေ"

မျက်စောင်းခဲလိုက်မိတော့ သူက မချိုမချဉ်လေး ပြန်
ပြုံးပြလိုက်လေ၏။ ပြောရင်လည်း နာမယ့်ပုံမဟုတ်ပါလားနော်။
တစ်ခါတည်းနဲ့ ရှင် နောင်ကျဉ်သွားအောင် လုပ်ပြလိုက်ချင်တာ
ကို သိတော့တယ် မိုးယံပိုင်။ ဒါမှ အရှက်ရသွားပြီး ရှင့်လွှန်းနား
ကို လုံးဝကပ်မလာရဲတော့မှာလေ။

"ကျွန်မစာအုပ် ပြန်ပေး"

သူက လွှန်းစကားကို ကြားရပြီမို့ ကျေနပ်သလို မျက်
လုံးလေး ကြည့်သွားလေသည်။ လက်ထဲကိုင်ထားသည့်စာအုပ်
ကို လွှန်းလိုက်လုမှာစိုးပုံဖြင့် လက်နှစ်ဖက်ဖြင့် ရင်ဘတ်မှာကပ်
ပြီး ပိုက်ထားလိုက်ပါ၏။ ရှင်နဲ့တော့ ခက်ပါရဲ့။

"မပေးချင်ပါဘူးဆိုနေ"

"ရှင် မရှက်ဘူးလား"

"မရှက်ပါဘူး. . . ဘာလို့ရှက်ရမှာလဲ။ သဘာဝတရား


www.burmeseclassic.com

www.burmeseclassic.com

ကြီးကိုက ဖန်ဆင်းပေးထားတဲ့ဟာ။ ကြိုက်မရှက် ငိုက်မရှက်တဲ့
လေ''

''ကျစ်!. . . မဆိုင်တာ လျှောက်ပြောမနေနဲ့။ Friday
တုန်းက ကားပေါ်မှာ ကျွန်မ,မသိအောင် ရှင်နှိုက်သွားတဲ့စာအုပ်
ကိစ္စကို ပြောနေတာရှင့်။ သူများမသိအောင် ယူတတ်တာ သူ
မှန်း ရှင်မသိဘူးလား''

သူ့ မျက်လုံးဝိုင်းသွားပြီး အံ့ဩသွားလေ၏။ လွှမ်း
လိုပြောမည်ဟု ထင်မထားတာကြောင့် ဘာပြန်ပြောရမည်မှန်း
မသိ၊ တွေဝေသွားလေသည်။ မှတ်ထားပေါ့ မိုးယံပိုင်၊ လွှမ်းနှ
အောင်,ဆိုတဲ့ကောင်မလေးက တခြားမိန်းကလေးတွေနဲ့မတူ
တစ်မူထူးခြားတယ်ဆိုတာလေ။

''ဟာ. . . မဟုတ်ဘူးနော်၊ နန္ဒာထင်သလို ကား
မှာ ယူလိုက်တာမဟုတ်ဘူး''

''ယူတာမှမဟုတ်ဘဲ၊ ရှင်ခိုးသွားတာလို့ ဝန်ခံလိုက်
ပါ''

''မဟုတ်ဘူး''





''သူတစ်ပါးကိုယ်ရေးကိုယ်တာကို စွက်ဖက်စပ်စုတတ်
တဲ့ ယောကျာ်းမျိုးကို ကျွန်မက စိတ်ဝင်စားလိမ့်မယ်လို့များ ရှင်
ထင်နေသလား''

''မှားနေပြီ နန္ဒာ၊ လုံးဝမဟုတ်ဘူး''

''မဟုတ်ရင် အဲဒီစာအုပ်က ဘယ်လိုလုပ်ပြီး ရှင့်ဆီမှာ
ရှိနေမှာလဲ။ ခြေထောက်ပေါက်ပြီး ရောက်လာတာလို့တော့ ရှင်
လေနဲ့။ ကျွန်မက ရှင်ပြောသမျှယုံမယ့် မိန်းမတွေထဲမှာ မပါ
ဘူး''

သူ့မျက်နှာ ကွက်ခနဲပျက်သွားလေ၏။ ခပ်လွယ်လွယ်
လို့ရမယ်လို့ ရှင်ထင်နေတဲ့ပန်းမှာ အဆိပ်ဆူးတွေ ရှိနေတာ
တော့ ဂရုစိုက်သင့်တာပေါ့ မိုးယံပိုင်ရယ်။ ကဲ, ရှင် ဘာဆက်
ပြောမလဲ။ ပြောချင်တာသာ ပြောပါလေ။

''စွပ်စွဲချက်က ပြင်းလိုက်တာ နန္ဒာရယ်။ အဲဒီနေ့က
ကျောင်းအဆင်း Corridor မှာ လူကျပ်သွားတုန်း ကိုယ် စချင်
သဘောမျိုးနဲ့ ယူထားလိုက်မိတာပါ။ ဘာရည်ရွယ်ချက်မှ မပါ
ဘူး''



www.burmeseclassic.com

www.burmeseclassic.com

"တမင်မရည်ရွယ်ရင် ဒီစာအုပ်က ရှင့်ဆီ ပါသွားစရာ အကြောင်းမရှိဘူး. . . အဲဒီထဲမှာပါတဲ့ငွေက ရှင့်အတွက် မုန့်ဖိုး လောက်တောင် မရှိပေမယ့် ကျွန်မတို့မောင်နှမအတွက်ကတော့ ဝမ်းပြည့်ဖို့ တစ်ရက်စာမျှ သိပ်တန်ဖိုးကြီးလေးတာရှင့်။ ဒါတွေ ပြောနေလို့လည်း အပိုပါပဲ၊ ရှင့်လိုလူက ဘာမှသိမှာမှမဟုတ် ဘဲ"

"ကိုယ်. . ."

"မိဘဆီ လက်ဖြန့်တောင်းနေတဲ့ရှင့်အတွက် ငွေ တာ လွယ်လွယ်ရတဲ့အရာလို့ပဲ ရှင်တွေးထားမယ်မှန်း သိထား ပြီးသားပါ။ နောက်ကို ဒီလိုနည်းမျိုးနဲ့ ကျွန်မကိုချဉ်းကပ်ဖို့မ ပါနဲ့လို့ မေတ္တာရပ်ခံပါတယ်"

"ကိုယ်, မင်းကို. . ."

"ယုံတမ်းစကားတွေထဲ မျောပါပျော်ဝင်ရအောင် ကျွန် က စိတ်ကူးမယဉ်တတ်ဘူးရှင့်။ ကဲ, ပေး. . ."

သူ့လက်ထဲမှစာအုပ်ကို ယူလိုက်စဉ် သူက ပြန် ဘဲ ဆွဲလိုက်တာမို့ လွှန်းကိုယ်က ယိုင်သွားပါ၏။ သူနဲ့ ရင်ဘ





ချင်း အပ်လုမျှဖြစ်သွားရသည့်အဖြစ်မှာ ဘာကိုမှမတွေးဖြစ်တော့ ဘဲ သူ့မျက်နှာကိုသာ ရိုက်ချလိုက်မိလေသည်။

မြန်တယ်. . . အဲဒီလိုမျိုး လွှန်းက လက်အရမ်းမြန်တဲ့ န်းကလေးပါ။ ချင့်ချိန်ဖို့ထက် စဉ်းစားဖို့မတွေးဘဲ ဆုံးဖြတ်တာ န်သလို တုန့်ပြန်မှုကလည်း သွက်လွန်းတာပါပဲ။

ကားဂိတ်မှာ သူ မည်သို့ကျန်ခဲ့မှန်း လှည့်မကြည့်ဖြစ် ဘဲ ဂိတ်မှာရပ်လိုက်သည့်ကားပေါ်သို့ တက်ခဲ့ပါ၏။ လွှန်းလက် မှာကတော့ Note book အနက်ရောင်လေးကို တင်းတင်း ဆုပ်ကိုင်လျက်သားနဲ့ပါလေ။

ပြီးပြီမဟုတ်လား မိုးယံပိုင်. . .

❐❐❐


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

တကယ်ပျောက်သွားတာပါ။ ရှက်သွားပေမပေါ့။ သိပ်မှတ်မိပေမယ့် လွှန်းနောက်ကို သူပါမလာတာ တစ်ပတ်ကျော်လောက်တော့ ရှိမှာပင်။

နောက်ဆုံးတော့ ထုံးစံအတိုင်းပါပဲနော်။ လွှန်းပြောသလို အလွန်ဆုံးကပ်ပါလှ, တစ်ပတ်ဆိုတာ အမှန်ပါပဲ။

''နင်ဘယ်လိုလုပ်လိုက်တာလဲ''

''ဘာကိုလဲ''

''ဟိုကောင်လေးကို နင် ပါးရိုက်လိုက်တယ်ဆို လွှန်း



www.burmeseclassic.com

www.burmeseclassic.com



ရဲ့။ လုပ်တုန်းကတော့,လုပ်ပြီး သွေးကလည်း အေးပါ့ဟယ်''

''တမင်လုပ်လိုက်တာ မဟုတ်ပါဘူး ချိုရယ်။ သူက ခေါင်းမာတာရော လွှန်းက ဒေါသဖြစ်နေတာပါ အကုန်ပေါင်းပြီး အဲဒီလိုဖြစ်သွားတာ။ သူသာ စာအုပ်ကို အသာတကြည်ပြန်ပေး ရင် ဒီလိုဘယ်ဖြစ်ပါ့မလဲ''

''ဟင်း. . . သူခေါင်းမာတာက တော်တော်ပါဟယ်။ နင်ကမှ ခေါင်းရော အသည်းပါ မာတာဟဲ့။ ဘယ်လိုမိန်းကလေး မှန်းကို မသိဘူး''

ပြောပြီပေါ့လေ၊ အစကဖြင့် လွှန်းကိုချစ်လှချည်ရဲ့ဆို တဲ့သူငယ်ချင်းတောင်မှ လွှန်းကြောင့် နာကျင်သွားရတဲ့သူ့ကို သနားသတဲ့။ အတော့်ကို တရားရစရာပါပဲလား။

''ကျောင်းတောင် ထွက်သွားပြီလားမသိဘူး''

''အေးလေ, အတော်ရက်စက်တဲ့မိန်းမ''

''သူ့အသားမှမဟုတ်တာကိုးဟဲ့။ ဟိုဘက်က မိဘတွေ သာသိရင် ရင်ကျိုးမှာ။ သူတို့သားလေးကို ရွှေပေါ်မြတင် ဖူးဖူး မှုတ် အလိုလိုက်ထားကြတာတဲ့''





မကြားတကြားပြောလာကြသည့် အတင်းအဖျင်းတွေ ကြောင့် အံကိုတင်းတင်းကျိတ်ထားလိုက်မိ၏။ ကျောင်းအပြင်မှာ ဖြစ်သွားပေမယ့် ဘယ်လိုသိကုန်ကြတာပါလိမ့်။ အင်းပေါ့လေ, ဆိုကတည်းက သူက Porpular ဖြစ်နေတာကို သိသိကြီးနဲ့ လွှန်းက လုပ်မိလိုက်တာကိုး။

ရင်ထဲ တင်းကျပ်ပြည့်နှက်နေတာ အတော်ကြာချေပြီ။ သူတို့အဆောင်ကို ဒီညနေ Pratical သွားလုပ်ရမှာမို့ မျက်နှာ ပူတာလည်း ပါလေ၏။

'သင်္ချာ' (Maths Major) သမားတွေ လာပြီဆိုတိုင်း သူတို့အဆောင်က ကျောင်းသူကျောင်းသားတွေက လွှန်းကိုရှာ သလိုမျိုးနဲ့ အာရုံစိုက်လေ့ရှိတာလေ။

လွှန်း,အံရှက်ရတုန်းက ဘယ်သူတွေ သိကြပါသလဲ၊ မြင်ကြပါသလဲ။ လွှန်းမျက်ရည်ကျရတာကိုရော ဘယ်သူက စာ ပေးလို့လဲ။ သူ့အလှည့်ကိုယ့်အလှည့်ဆိုတာမျိုး ရှိခဲ့ရင် လွှန်း လို သူလည်း တစ်လှည့်ပြန်ခံရပါစေပေါ့နော်။

''ငါတောင် နင်နဲ့တွဲရတာ လန့်လာပြီ''



www.burmeseclassic.com

www.burmeseclassic.com



''ဘာဖြစ်လို့လဲ၊ ချို့ကိုတော့ လွန်းက ကိုယ်ထိလက်ရောက် ဘယ်လုပ်ပါ့မလဲကွယ်''

''အဲဒါကိုပြောတာမဟုတ်ဘူး၊ Physics ဆောင်ရောက်ရင် Final အတန်းရှေ့ဖြတ်တိုင်း သူတို့မျက်စိတွေ ပြူကျလာလို့ပြောနေတာ။ တော်ကြာ. . . မကျေနပ်လို့ ချောင်းရိုက်ရင် ငါ့ပါအချောင်အစပျောက်သွားမှာစိုးလို့''

ပြုံးမိလေ၏။ ဒီလောက်ထိ ရိုင်းရိုင်းပြပြကျောင်းသားမျိုးတွေ လွန်းတို့ကျောင်းမှာ မရှိလောက်ပါဘူးနော်။ တကယ်တမ်း မကျေမနပ်ဖြစ်ရင် သူသာဖြစ်ရမှာပါ။ ပြီးတော့ ဒါက သူနဲ့လွန်းကြားက ပဋိပက္ခမဟုတ်လား။ တကယ်လို့ သူက အငြိုးထားပြီး လွန်းကိုပြန်ရိုက်ရင်ရော. . .

အတွေးက တိခနဲရပ်သွားပါ၏။ သက်ပြင်းကို ခပ်လေးလေးချလိုက်မိလေသည်။ 'ကောင်လေးတွေနဲ့ပြဿနာမဖြစ်စေနဲ့နော်'လို့ ကိုကို မကြာခဏသတိပေးဖူးပါလျက် ဒီညီမလေးက အစ်ကိုရဲ့စကားကို မြေဝယ်မကျ နာခံရှာတာလေ။

''ချို့က. . . အပြစ်လုပ်ထားတဲ့သူမှ မဟုတ်တာကွယ်





ကြောက်စရာမလိုပါဘူး''

''အပြစ်. . . ဟုတ်လား''

''အင်းလေ''

''သူ့ကိုကျူးလွန်လိုက်မိတာကို အပြစ်လို့ နင့်ကိုယ်နင် ထင်ထားပြီလား လွန်း''

''မပြောတတ်တော့ဘူး''

''ဘယ်ပြောတတ်ပါတော့မလဲ၊ နဂိုကမှ စကားလေးလုံးကွဲတဲ့မမက ဒီကိစ္စဖြစ်ပြီးကတည်းက အ,အလို နေ့တိုင်းထိုင်နေတာ။ ငါ့မှာ သာလိကာကိုဖြစ်လို့''

ရင်ပေါ့အောင်ပြောမှန်းသိပေမယ့် ရင်ထဲမှာ ပေါ့မသွားပါလေ။ လွန်းရဲ့အဖြူရောင်နေ့ရက်တွေ မှုန်မှိုင်းနေတာ အဘယ်မျှကြာပြီလဲ။ မတုန်မလှုပ်ပုံစံမျိုးမဟုတ်တောင်မှ လွန်းက ချိုနဲ့အတူ မေးထူးခေါ်ပြော အလိုက်သင့်နေတတ်ခဲ့ပါလျက် ခုတော့ ကျောက်ရုပ်တစ်ရုပ်လို မလှုပ်မယှက်ထိုင်နေမိတာတဲ့လေ။

''လွန်း''

''ဟင်''



www.burmeseclassic.com

www.burmeseclassic.com



"နင်နောင်တရနေပြီလား"

"ဘာကိုလဲ"

"သူ့ကိုရိုက်မိတဲ့အတွက်လေ"

အကြည့်တွေ ဝေဝါးသွားပြန်၏။ 'နောင်တ'တဲ့လား။ ဟင့်အင်း. . . လွှန်းက သူ့ကိုတမင်ရည်ရွယ်ပြီး လုပ်ခဲ့တာမျိုးမှ မဟုတ်တာ။ အမှတ်မထင်ဖြစ်သွားတဲ့ဖြစ်ရပ်တစ်ခုပါ။ လွှန်းရဲ့ အမှားမကင်းဘူးဆိုတာ ဝန်ခံချင်ပေမယ့် ဒီကိစ္စမှာ သူ့ပယောဂ လည်း ပါနေတာလေ။ ဒီတော့ လွှန်းမှာက နောင်တရစရာ ဘာ အကြောင်းရှိမှာတဲ့လဲ။

"တူညီတဲ့တုန့်ပြန်မှုတစ်ခုအတွက် နောင်တဆိုတဲ့အရာ မပါဝင်ပါဘူး ချို"

"နင် စိတ်တော့မကောင်းဖြစ်နေတယ်မဟုတ်လား"

"ဟင်း. . ."

ဝန်ခံခြင်းမဟုတ်သည့်သက်ပြင်းတစ်ချက်ကို မှုတ်ထုတ် လိုက်ပြီး Physics Pratical စာအုပ်ကို အကြောင်းမဲ့လှန်ကြည့် နေမိ၏။ စိတ်မကောင်းတာလား, မပျော်တာလားဆိုတာ လွှန်း





ကိုယ်လွှန်းတောင် မဝေခွဲတတ်တာအမှန်ပါပဲ။ လူက နှုံးချိနေပြီး ရင်ထဲမှာ ပူနေကာ၊ ခေါင်းထဲရှုပ်နေတဲ့ခံစားချက်မျိုးကို ဘယ် သူတွေ ဖြစ်ဖူးကြပါသလဲ။ လွှန်းက တကယ်ခံစားနေရတာပါ လေ။

"ဟော! ပြောရင်းဆိုရင်းနဲ့ ရောက်လာပါပြီ။ ဒင်းတော့ အသက်ရှည်ဦးမယ်"

ချို ရေရွတ်လိုက်တာမို့ လွှန်းအကြည့်က အမှတ်တမဲ့ အတန်းအပြင်ကို ရောက်သွားရ၏။ တကယ်ပဲ သူရောက်လာပါ ရောလား။ ဘယ်လိုလဲ. . . ပြီးပြတ်ပြီလို့ထင်ထားတာ၊ ခုတော့ ဘယ်လိုကနေဘယ်လို ရောက်လာပြန်ပြီလဲ။

တစ်ပတ်နဲ့ ရှင့်ရင်ထဲကဒဏ်ရာ မကျက်နိုင်လို့လား မိုး ယံပိုင်။ ဒါမှမဟုတ် လွှန်းကိုနာကျင်အောင် တစ်ခုခုပြန်လုပ်ဖို့ များ ရည်ရွယ်လေသလား။ ဒါမှမဟုတ်ရင် ဘာများလဲဟင်။

"ဟဲ့! နင့်ကိုစိုက်ကြည့်နေလိုက်တာ၊ ငါကြောက်တောင် ကြောက်လာပြီ လွှန်းရဲ့"

ဟင့်အင်း, မဟုတ်ဘူး ချို၊ နင်အမြင်မှားနေပြီ။ သူ့



www.burmeseclassic.com

www.burmeseclassic.com

မျက်ဝန်းထဲမှာ ဒေါ်သတွေ အာဃာတတွေကိုများ တွေ့ရလို့လား မဟုတ်တာ, အဲဒီအရည်လဲ့လဲ့မျက်ဝန်းတွေထဲမှာ ဝမ်းနည်းခြင်းတွေကိုပဲ လွန်းတွေ့နေရပါတယ်။ သူ့နှုတ်က ဘာကိုမှဖွင့်မပြောပေမယ့် လွန်းကို တောင်းပန်သလိုအကြည့်တွေက နူးညံ့သိမ်မွေ့နေတာလေ။

အလို!. . . လွန်းစိတ်တွေ ဘယ်လိုဖြစ်ကုန်ပါလိမ့်။ သူ့မျက်ဝန်းတွေကို ဘာသာပြန်နိုင်တဲ့အစွမ်းသတ္တိမျိုးတွေ လွန်းမှာရှိနေပြီလား။ မဟုတ်တာ. . . သူနဲ့လွန်းက ဘာပတ်သက်မှုများရှိနေလို့ သူ့အကြည့်တွေကို လွန်းက သိနေရမှာလဲ။

''ကဲ, အားလုံးပြီးရင် Pratical ခန်းမှာ ဆုံကြမယ်''

Teacher အသံကြောင့် အတွေးစက ပြတ်သွားရပါ၏။ Minor ချိန်ပြီးတာတောင် သူရှိနေသေးတာလေ။ မပြန်သေးဘူးလား. . . သူတို့အဆောင်က ဆရာမ စာသင်နေတာကိုတောင်မှ မကြောက်မရွံ့ရပ်နေသေးတာ ဘာကြောင့်လဲ။

''နင့်ကိုဘာပြောချင်လို့များလဲ''

''မသိဘူး, သိလည်းမသိချင်ဘူး''





''ရေခဲတုံးမ''

ချို ပျစ်ပျစ်နှစ်နှစ်ပြောတာကို စိတ်မဆိုးဖြစ်ပေ။ ရေခဲတုံးတဲ့လား. . . အေးစက်စက်ကြီးလို့ ဆိုလိုချင်တာပေါ့နော်။ ချိုနယ်, ရေခဲတုံးဆိုတာ မာကျောတဲ့အရာမှမဟုတ်ဘဲ။ သူ့ကို လွှင့်ပစ်ရင်ပဲဖြစ်ဖြစ်, တူနဲ့ပိုင်းရင်ပဲဖြစ်ဖြစ် တစ်စစီကြေမွသွားမယ့်အရာတစ်ခုပါ။ ဒီလိုမှမဟုတ်ရင်လည်း အပူဒဏ်ကြောင့် အရည်ပျော်သွားပြီး ပျောက်ကွယ်သွားမှာလေ။ ဒါဆို သူက လွန်းအတွက် နေမင်းကြီးဖြစ်ကောင်းဖြစ်နိုင်တာပေါ့။ 'နေမင်း' ဆိုတာ အလင်းရောင်နဲ့အနွေးဓာတ်ပေးနိုင်ပေမယ့် သူ့အင်အားကတော့ဖြင့် အရာမှန်သမျှကို အရည်ပျော်ကျသွားအောင် ပြုလုပ်ခန့်တီးပေးနိုင်တာအမှန်ပါလေ။

''သူများတွေ သွားကုန်ပြီ၊ ထွက်ကြတော့မလား''

''အင်း''

ဖြေသံမပီမသနောက်မှာ ခြေအကြွက အင်အားမရှိသည့်နှယ်ပင်။ အဲဒီအဆောင်ကို သွားရဦးမှာပါလားနော်။ သချာတွက်တာ ပျော်ပေမယ့် အဲဒီ Physics ပုစ္ဆာတွေ တွက်ရတိုင်း စိတ်



www.burmeseclassic.com

www.burmeseclassic.com

ညစ်ခဲ့ရတာပါ။ အခု Final မှာ Maths က Paper လေး
သင်ရပြီး Physics က Paper နှစ်ခုသင်ရတာမို့ စိတ်ပျက်လိုက်
တာမပြောပါနဲ့။ အဲဒီနှစ်ခုကို တစ်ဘာသာပေါင်း ဖြေရတာမို့ က
ကောင်းသွားရတာလေ။

"လွန်း"

"ဘာလဲ"

"ဟဲ့. ဟိုတစ်ယောက် ပါလာပြီ"

"ဘာဖြစ်လဲ, သူ့ခြေထောက်နဲ့သူ လိုက်လာတာ လိုက်
ပါစေပေါ့။ မှုစရာလား"

"နင့်ကိုတစ်ခုခုလုပ်ရင် ဘယ်လိုလုပ်မလဲ၊ ငါကြောက်
တယ် လွန်းရဲ့"

ချို့စကားကို ပြန်ပြောဖို့ သတိမထားဘဲ ခြေလှမ်းတွေ
က Lab ခန်းဆီသို့သာ ခပ်သွက်သွက် လှမ်းလာလိုက်မိတော့
အရင်လို ပေါ့ပါးလန်းဆန်းမှုမျိုးရှိမနေဘဲ နေးကွေးလေးလံသည့်
ခြေထောက်တွေ ဖြစ်နေပါရော့လား။

Pratical ခန်းမှာ Lab ပုစ္ဆာတွေ တွက်ပြီး Teacher





ဆီ လက်မှတ်ထိုးဖို့ တန်းစီနေရင်း အမှတ်မထင်အကြည့်တို့က
ခန်းဝဆီ ရောက်သွားလေ၏။

အလို! ခုချိန်ထိ သူ မပြန်သေးဘဲ လွန်းကိုငေးကြည့်
နေတုန်းပါပဲလား။ ရှင်ဘယ်လိုလူလဲ မိုးယံပိုင်။ မုန်းစရာလုပ်ပြီး
မှ ဒီလိုကောင်မလေးကို ရှင့်ရင်ထဲမှာ ထည့်ထားဖို့ ရည်
ရွယ်ချက်ကို မဖျက်သေးပါလားနော်။

❒❒❒



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"နင်တစ်ခုခုတော့ လုပ်သင့်ပြီ လွန်း"

"ဘာလုပ်ရမှာလဲ"

"နင်နဲ့သူ့သတင်းက တစ်ကျောင်းလုံး ပြန့်နေပြီလေ။ ...စားမဖြစ်သေးပါဘဲနဲ့ နင်ကပဲ သူ့အသည်းကို ဟက်တက် ...ဲ့မိန်းကလေးလို့ အားလုံးက သတ်မှတ်ထားနေတာ"

"ဟင်!. . ."

ရင်ဘတ်ကို ဖိမိသည်အထိ အလန့်တကြားဖြစ်သွားရ ...သေး၏။ ဘယ်လိုတွေဖြစ်ကုန်တာပါလိမ့်။ သူနဲ့လွန်းကဖြင့် စကား

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တောင် ကောင်းကောင်းပြောတာမျိုးမရှိသေးပါဘဲ ဒီလိုအရှောင် နာမည်ပျက်တာတော့ ရင်နာစရာအဖြစ်ကို ရောက်ပြီလေ။

ဘာသဘောလဲ၊ ဒါ သူ တမင် ဒီသတင်းတွေကို ဖြ နေတာများလား။ အဲဒီလိုမျိုးပြောနေကြရအောင် လွှန်းက မျ နာများတဲ့မိန်းကလေးမှ မဟုတ်တာလေ။ ရှင့်နဲ့လွှန်းတော့ 'ဆ ရန်ရှိသေးသည်' ကဏ္ဍမှာ မဆုံပါရစေနဲ့လား မိုးယံပိုင်။

"ထမင်းစားကြရအောင်"

"Canteen သွားမလား"

"မသွားချင်ဘူး၊ လူရှုပ်ကရှုပ်နဲ့"

Steel နှစ်ဆင့်ချိုင့်လေးကို ဖြုတ်လိုက်၏။ ချိုက ဆင့်ချိုင့်မှ ဟင်းနှစ်ချိုင့်ထည့်လာမှန်း သိပါသည်။ ပြီးတော့ က အမြဲ အသားဟင်းဆီပြန်တစ်မျိုး ထည့်လာတတ်သည်

"လွှန်း ဟင်းက နံ့နံ့ပင်နဲ့လေး မွှေးလိုက်တာ။ ဘာ လာသလဲ"

"ငါးသေးသေးလေး အိုးကပ်ချက်လာတာပါ ချို၊ ကြို ရဲ့လား"





"ကြိုက်တာပေါ့၊ ငါက ငါးဆို အကုန်ကြိုက်တယ်"

"သိပါတယ်၊ အကောင်ဆိုလည်း ချို(ကျို)နဲ့ ခွာပဲ ရှောင် သူ့မှန်း"

ချိုက ရယ်ဟဟဖြင့် လွှန်းလက်မောင်းကို ဖတ်ခနဲရိုက် လိုက်လေ၏။ အားလပ်ချိန်မို့ အတန်းထဲမှာ လူရှင်းသလောက် နေပါသည်။ လွှန်းက ချိုယူလာသည့်ရေသန့်ဘူးကို Plas- ခွာ၍ ဖွင့်နေစဉ် လွှန်းတို့စားပွဲကို လူတစ်စုက 'ဝုန်းခနဲ' ဝင် တိုက်လိုက်လေ၏။

"ဟဲ့! ဟဲ့!"

အရှိန်ဖြင့်တိုက်လိုက်ကြတာမို့ စားပွဲအစွန်းမှာ တင်ထား သည့် လွှန်း၏ဟင်းချိုင့်သေးသေးလေးက လျှောခနဲပြုတ်ကျပြီး ကွာသွားတော့သည်။ ကြည့်စမ်း! ကလေးတွေလည်း မဟုတ် ဒီအုပ်စု ဒီလောက်ထိ ဆော့တာတော့ လွန်ရောပြီ။

"နင်တို့ဘယ်လိုဖြစ်. . . ဟင်!"

ချို့အသံက တစ်ဝက်မှာ ရပ်သွားပါ၏။ လွှန်းက ထမင်း ချိုင့်ကို ငုံ့ကြည့်ကာ ဝမ်းပန်းတနည်းဖြစ်နေတာမို့ ရှေ့ကိုမော့



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ဖြစ်သေးပေ။ ဒီဟင်းကို လွန်း အရမ်းကြိုက်ပါတယ်ဆို မှ မစားဖြစ်အောင်လုပ်လိုက်ကြသည့်လူအုပ်ကို အတော်လေး စိတ်ချဉ်ပေါက်သွားရတာ အမှန်ပါလေ။

"နန္ဒာ"

ခေါ်သံကြောင့် စူးခနဲမော့ကြည့်လိုက်မိ၏။ လာပြန်ပြီ ပြဿနာကောင်. . . ဒင်းက လွန်းကို အမြဲတစ်ခုမဟုတ်တစ်ခု ပြဿနာရှာတတ်ပါဘိ။ ကိုယ်ထိလက်ရောက် တစ်ခါထိခဲ့ပါလျက် အမှတ်မရှိသလိုပါပဲလား။

"Sorry...နန္ဒာ၊ ကိုယ့်သူငယ်ချင်းတွေနဲ့ စနောက်ရင်း တိုက်မိသွားတာပါ။ ကိုယ် ပြန်လျော်ပေးပါ့မယ်နော်"

Sorry တဲ့လား၊ သူ့လိုလူအတွက်ကတော့ ဘာမဆို Sorry ဆိုတဲ့ ခပ်ပေါ့ပေါ့စကားလေးနဲ့ အရာရာကိုဖြေရှင်းလို့ လွယ်လွယ်ရမှာပေါ့။ လွန်းတို့လိုအခြေခံလူတန်းစားတွေအတွက် ကတော့ အဲဒီလိုတောင်းပန်စကားပြောရင် ကိုယ့်သိက္ခာကိုပါ ထည့်တွက်ရတာလေ။ ဒင်းကတော့ လျှာအရိုးမပါသလို ပါးပါး လေး ပြောပြန်ပါပြီကော။





"ကျွန်မရှေ့ကနေ ခုချက်ချင်းထွက်သွား"

"နန္ဒာ. . . ကိုယ်"

"နင်တို့ကလည်းဟယ်. . . သူများ ထမင်းစားချိန်မှာမှ ာ့ရသလား။ ကစားကြရင်လည်း အဆောင်ပြင် ထွက်ဆော့ တာမဟုတ်ဘူး။ ဒီမှာ မှောက်ကုန်ပြီ"

"ဟာ. . . စွာလိုက်တာ၊ ငါ့ဘော်ဒါက လျော်ပေးမယ် ပြောနေတယ်မဟုတ်လား ပိန်သေးမရဲ့"

"ဘာ! နင်တို့, နင်တို့ဘက်ကလည်း လွန်သေးတယ်။ ကိုလည်း မ္တိချိုးမျှစ်ချိုး"

"Sorry...ချိုမာ၊ ကိုယ့်ဘော်ဒါတွေကိုယ်စား ကိုယ် ာင်းပန်ပါတယ်။ မင်းတို့လည်း ပါးစပ်ပိတ်ထားတော့။ ဒီမှာ ဖြေရှင်းပေးနေတဲ့ဟာ"

ဗိုက်ကလည်း အတော့်ကိုဆာနေတာပါ။ မနက်တုန်းက မင်းကြမ်းနည်းနည်းပဲ ကျန်တော့တာမို့ အိုးထဲပူအောင်ထည့် ပြီး (အလုပ်ကြမ်းလုပ်ရသည့်) ကိုကို့ကိုသာ ကျွေးခဲ့တာလေ။ န်းက ကျောင်းတက်စာသင်ရတာမို့ မပင်ပန်းဘူးဆိုပြီး ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မစားဖြစ်ဘဲ ထွက်လာခဲ့တာပါ။ အခု နေ့လယ် (၁၂)နာရီ ကျော်ပြီမို့ ဗလာဝမ်းက ဆန္ဒပြနေပြီလေ။

နဂိုကတည်းက သိပ်မရှည်သည့်စိတ်က လွန်းကိုဒေါသအဖြစ် ဖြစ်တည်စေလေ၏။ ရှေ့မှာရပ်နေသည့်သူ့ကို စိတ်ရှိလက်ရှိအော်ဟစ်ပြီး တစ်ခုခုလုပ်လိုက်ချင်စိတ်ကို မနည်းကြီးထိန်းချုပ်ထားနေရတာပါ။ ဒီလောက် မျက်နှာမာပြီး ပြောနေပါလျက် ရှောင်ထွက်မသွားဘဲ အရှေ့မှာ လျှာဆက်ရှည်နေဦးမယ့်ပုံစံပါလား။

"ကိုယ်တောင်းပန်ပါတယ် နန္ဒာ၊ ဘယ်လိုမျိုးတောင်းပန်မှ ကျေနပ်နိုင်မလဲဆိုတာ ပြောပါ"

"ကျွန်မလိုချင်တာ ရှင်ထွက်သွားဖို့ပဲ"

"ကိုယ့်ကိုမကျေနပ်သေးဘဲနဲ့တော့ ကိုယ်ထွက်မသွားနိုင်ဘူး နန္ဒာ"

"အဲဒါ, ရှင့်စရိုက်ပဲလား မိုးယံပိုင်၊ လူတစ်ဖက်သားစိတ်ကသိကအောင့်ဖြစ်အောင် နှောက်ယှက်ရမှ ရှင် စားဝင်အိပ်ပျော်တတ်တာလား"





"မဟုတ်ရပါဘူး"

"မဟုတ်ရင် ဘာလို့ ဒီအထိလာပြီး နှောက်ယှက်ရတာလဲ"

ဒေါသသံက ပါလာချေပြီ။ 'စိတ်'ဆိုတာ ထိန်းရခက်ဆုံးအရာဆိုတာ အမှန်ပါပဲ။ ဘယ်လောက်ပဲ စိတ်ရှည်ရှည်ထားပါလို့ ကိုကိုက ဆုံးမနေလည်း မြန်တတ်သည့်စိတ်ကို လွန်းကဘယ်တော့မှမထိန်းတတ်တာ အမှန်ပါလေ။

"ကိုယ် အမှန်အတိုင်းပြောရရင် နန္ဒာ စိတ်ဆိုးသွားမှာဆို"

"ဟဲ့. . ."

ချိုက လှမ်းဟန့်လိုက်ပေမယ့် သူက ပြုံးယောင်ယောင်ခြင်း ချို့ကို အမှုမထားပါချေ။ သူငယ်ချင်းတွေ မြှောက်ပေးလို့ဘယ်လောက်ထိ ရဲတင်းလာတာပါလိမ့်။ သူ့ကို ရိုက်လိုက်ပြီးအတည်းက အခန်းရှေ့ ရပ်ကြည့်ငေးရုံငေးနေတာထက် ဘာမှမပြောဘဲ နေခဲ့တာ အတော်ကြာပြီပဲ။

အခုတော့ လွန်းကိုအသေအချာဒုက္ခပေးဖို့ နှောက်ယှက်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ ပြင်ဆင်ပြီး ရောက်လာပြီပေါ့။ ရှင် ဘယ်လိုပဲပြောပြော, လွန်း က ရှင့်ဘက်ကို ယိုင်လာမယ့်ကောင်မလေးတော့ မဟုတ်ပါဘူး မိုးယံပိုင်။ ရှင့်တို့ယောကျ်ားတွေရဲ့ Plan တွေထဲမှာ မိန်းကလေး တွေရဲ့မာနကို ရိုက်ချိုးဖို့ကိုပဲ ပစ်မှတ်ထားမှန်း လွန်းက အမြဲကြိုသိနေတာလေ။

"ကိုယ့်နှလုံးသားရဲ့စေခိုင်းမှုကြောင့် ကိုယ့်ခြေထောက် တွေက အလိုလိုရောက်လာခဲ့ရတာပါ နန္ဒာ"

"ကျစ်!"

"မင်းယုံအောင် ကိုယ်ဘယ်လိုသက်သေပြရမှာလဲ နန္ဒာ ပြောပါ"

"ရှင့်မျက်နှာကို မကြည့်ချင်ဘူးလို့ပြောနေတာ ကြားတယ်မဟုတ်လား"

"ကိုယ်ကတော့ မင်းမျက်နှာလေးကို တစ်ရက်မမြင်ရရင် မနေနိုင်အောင် ဖြစ်နေတာ ဘယ်လိုလုပ်မလဲ"

အို!. . . အတော်လေးကို အားတင်းပြောနေပုံပါပဲလား။ ရှင်က တောက်တဲ့လို တွယ်ကပ်ဖို့ ကြံစည်ရင် လွန်းက မိုးကြိုး





ပစ်ချပြီး ခွာချဖို့ Ready ပဲ မိုးယံပိုင်ရေ့။ လက်ရောက်ကျူးလွန် ချင်သို့ တောင်းပန်ချင်တဲ့စိတ်က အခု ရှင်လုပ်ပုံကြောင့် နည်းနည်း မှ အလျှော့မပေးချင်အောင် ဖြစ်နေမှန်း ရှင်သိပါရဲ့လား။

"သွားသေလိုက်"

"ရက်စက်ပါ့ နန္ဒာရယ်၊ ကိုယ့်ကို ဒီလိုရက်ရက်စက် စက်ပြောစရာလား။ မင်းအချစ်ကို ပြန်မရသေးဘဲနဲ့တော့ ကိုယ် မသေပါရစေနဲ့ဦး"

ကြည့်စမ်း!. . . ဒီလောက်ပြောနေတဲ့ကြားက ရှေ့ဆက် ပြောနေတာလေ။ လက်သီးကို ကျစ်ကျစ်ဆုပ်ထားတာကြောင့် လွန်း မည်မျှဒေါသဖြစ်နေမှန်း ချိုသိပါ၏။ ဒါကြောင့်လည်း ဘယ် ဘက်လက်မောင်းကို ခပ်တင်းတင်းလေး လာကိုင်လိုက်တာလေ။

"ကဲ, ပြော. . . ကိုယ့်ကိုပြန်ချစ်နိုင်မှာလား"

မျက်နှာကို ရှေ့တိုးပြောနေသည့်သူ့ကို အမြင်ကပ်စွာ ဖြင့် ရိုက်ချလိုက်ချင်တာ မပြောပါနှင့်။ အတန်းထဲမှာ လွန်းနှင့် ချိုကလွဲပြီး သူတို့ငါးယောက်သာ ရှိတော့တာလေ။ ပတ်ဝန်းကျင် မှာ လူမရှိတာကို အခွင့်ကောင်းယူလွန်းနေသည့်သူ ဘော်ကြောက်



www.burmeseclassic.com

www.burmeseclassic.com



လွှန်နေပြီဟု ယူဆလိုက်မိတာကြောင့် ထမင်းချိုင့်အံကို ဖျတ်ခနဲကောက်ကိုင်လိုက်မိ၏။

"ကိုယ်, နန္ဒာ့ကိုသိပ်ချစ်တယ်၊ ယုံပါ"

"အဲဒါ ချစ်ဦး"

"ဟာ!"

မျက်နှာကိုပေါက်လိုက်ပေမယ့် သူ ငဲ့ရှောင်လိုက်တာမို့ ရင်ဘတ်ကိုတော့ ထိသွားပါ၏။ အတန်းရှေ့မှာ ထမင်းတွေ ပွကျဲသွားသလို သူကလည်း အင်္ကျီရင်ဘတ်ပေါ် ပေနေသည့် ထမင်းစေ့တွေကို လက်ဖြင့်ခါချရင်း အပြုံးက ပျက်မသွားပါချေ။ အတော့်ကို မျက်နှာပြောင်တဲ့လူပါပဲလား။

"မင်း, ကိုယ့်ကို ထိခိုက်အောင်လုပ်တာ နှစ်ခါရှိပြီနော် နန္ဒာ။ ကိုယ်မှတ်ထားတယ်"

"ရှင်သိရင် နောက်ထပ်မလာနဲ့ပေါ့"

"ခက်တယ် နန္ဒာရဲ့၊ ကိုယ်က မလုပ်နဲ့လို့တားရင် ပိုပြီး လုပ်တတ်တဲ့အကျင့်ရှိတယ်။ ဟိုတစ်ခါပေးရမယ့်လျော်ကြေးအတွက်"





"ဟဲ့!..."

အမှတ်တမဲ့မို့ လွှန်း ကြောင်သွားရလေ၏။ သူက ဘာမပြောညာမပြောဖြင့် လွှန်းနှုတ်ဖူးကို ဖျတ်ခနဲမွှေးသွားတာလေ။ လူတစ်ကိုယ်လုံး ထူပူရှက်အမ်းသွားရစဉ် သူက ခပ်တိုးတိုးပြောကာ လက်ပြထွက်သွားလေသည်။ 'အတိုးကို နောက်မှယူနော်' တဲ့လေ။ ကောင်းရော...

❐❐❐



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

"သွားပြီ. . . သွားပြီ, နင်တော့ ဈေးဦးပေါက်သွားပါပြီ လွမ်းရယ်"

"နင့်စကားကြီးက ဘာတုန်း၊ ဒီမှာ ကျောင်းလာရတာ ဆောင် မျက်နှာပူနေရတဲ့ကြားထဲ, သူက တစ်မျောင့်"

Corridor မှာ ခပ်မှန်မှန်လျှောက်ရင်း တီးတိုးပြောလိုက်ပြီး ချိုကတော့ လွမ်းကို အသည်းတယားယားဖြစ်နေပုံပါလေ။ ပြောပုံကိုက လွမ်းကပဲ ဈေးဦးပေါက် ရောင်းကုန်ကျနေတာပဲ။

"ဟိုနေ့က သူ နင့်ကိုလုပ်သွားတာ အားလုံးမြင်သွား



www.burmeseclassic.com

www.burmeseclassic.com

ကြတာဟဲ့။ အကုန်လုံး ထမင်းစားပြီး Canteen က ပြန်ချိန်...
တိုက်ပြီး ဖြစ်ရတယ်လို့"

ဟုတ်ပါတယ်. . . ဒေါသတွေရော ရှက်စိတ်ပါ ထွက်ပြီး...
လွန်း ဘာလုပ်ရမှန်းမသိခဲ့တာပါ။ ထမင်းဇွေတွေ လှဲကျင်းဖယ်...
ရှားပစ်တာကအစ ချိုပဲ လုပ်သွားတာလေ။ အဲဒီနေ့က လွန်း...
နေ့လယ်စာ မစားဖြစ်လို့ ဗိုက်အောင့်တာကိုအကြောင်းပြပြီး ...
ခဲ့မိသေးတာပါ။

မကျေနပ်ဘူး, ဒင်းကို နောက်ထပ်တစ်ခုခု ပြန်မလုပ်...
မရမချင်း ဒီကိစ္စမကျေနိုင်ဘူးလေ။ နေနှင့်ဦးပေါ့ မိုးယံပိုင်။ နှ...
ကို ဒို့ထက်ပိုနာအောင် ကျွန်မ လုပ်ပြဦးမယ်။ စောင့်သာကြည့်...
နေပေတော့။

"စိတ်ကောက်နေတဲ့ချစ်သူလေးကို ချော့နေလို့ပါဆိုပြီး...
အတန်းအပြင်ဘက်မှာ သူပြောသွားလို့ ငါတို့တစ်တန်းလုံး ကြေ...
ငြာပြီးသားဖြစ်နေပြီ။ နောက်ကမမတွေ မခံချိမခံသာဖြစ်ကုန်တာ...
နင်လည်းအသိပဲ"

သိတယ်, မသိဘဲနေပါ့မလား. . . အဲဒီကောင်မလေး...





...ရော, သူ့အဆောင်က မိန်းကလေးအများစုကအစ သူ့ကို
...ဝင်တစားဖြစ်နေတာ လွန်းလည်း သိတာပါပဲ။ ခက်တာက
...လှတပတကောင်မလေးတွေကို စိတ်မဝင်စားဘဲ လွန်းနောက်
...ယ်ကပ်ပါနေတဲ့ ဖားကပ်ကြောင့်ပါလေ။

"မြည်းမြည်းလျှောက်ပါဟဲ့၊ နောက်က ကျားလိုက်လာ
...ားထင်ရတယ်။ ငါမောနေပြီ"

"ဒီနေ့ Pratical မရှိရင် စောစောပြန်ရမှာပေါ့"

"အေး"

"ကောင်းတယ်"

"ဘာကောင်းတာလဲ လွန်းရဲ့"

"မတွေ့ချင်တဲ့မျက်နှာကို မမြင်ရတော့ဘူးပေါ့ ချိုရဲ့။
...င်းလည်း ပိတ်တော့မှာပါ။ အတင်းပြောချင်ကြတဲ့ပါးစပ်
...ည်း အလိုလိုပိတ်သွားမှာပါပဲ"

"မထင်ပေါင်"

"ဘာကိုမထင်တာလဲ ချိုရဲ့"

"နင်မမြင်ချင်တဲ့မျက်နှာကိုလေ"


www.burmeseclassic.com

www.burmeseclassic.com



"မတွေ့ပါဘူး ချိုရဲ့၊ ကားဂိတ်မှာကတည်းက

တာဘဲ။ အလကားပါဟယ်"

"နင် သူ့ကိုများ ဂရုစိုက်, ရှာနေပြီလားဟင်, လွှမ်း

"ဝေးသေး. . ."

အတန်းရှေ့ရောက်လာပြီမှ စကားစကိုဖြတ်ကာ အ

ထဲ လှမ်းဝင်လိုက်စဉ် လွှန်းရင်ဘတ်ကို တစ်စုံတစ်ခု လာထိ

၏။ လွယ်အိတ်ကိုပိုက်ပြီး လျှောက်လှေ့ရှိပေမယ့် အတန်း

ရောက်ပြီမို့ လွယ်အိတ်ချလိုက်မှ ရုတ်တရက်ဖြစ်ရတယ်လို့

"အမယ်လေး. . . လန့်လိုက်တာ"

"Sorry...Sorry...နန္ဒာ၊ ပန်းပေးရင် အလှမ်းဝေး

ဆိုလို့ အရုပ်ပေးတာပါ။ ချစ်သက်လက်ဆောင်ပေါ့"

"တောက်! နင်တော့ စောစောစီးစီးလုပ်လာပြန်ပြီ

"ဘာဖြစ်လို့လဲ နန္ဒာရဲ့၊ ကားဂိတ်မှာ လာမကြိုလို့

မင်းသာကြိုစေချင်ရင် အိမ်ကနေ လာကြိုပေးပါတယ်။ တက

တကယ့်ကို အပြစ်ကင်းသည့်မျက်နှာပေးနှင့် ပြော

တာမို့ လွှန်းပင် အူကြောင်ကြောင်ဖြစ်သွားရလေ၏။ သူ့





နှင့် တကယ်ပင်ချစ်သူတွေဖြစ်နေပုံဖြင့်လေ၊ ချိုပင် ပြုံးစိစိ

လာပြီမို့ စိတ်တိုလိုက်တာ မပြောပါနဲ့။

ရင်ဘတ်ကို လာထိထားသည့် ဝက်ဝံရုပ်ကြီးကို လက်

ဖြင့် ပုတ်ဖယ်လိုက်တော့ သူက လွှန်းထိုင်လေ့ရှိသည့်ခုံမှ စားပွဲ

ပေါ် အသာတင်လိုက်လေ၏။ အတန်းထဲမှာ လူစုံသလောက်ရှိ

နေချိန်မှာမှ စတန့်လာထွင်ရတယ်လို့။

"ဒီနေ့ ချိုတို့စားချင်တာကို ကျွန်တော် ဝယ်ကျွေးမယ်

နော်"

"အမယ်. . . မလိုပါဘူးနော်"

"ထမင်းချိုင့် ပါမလာဘူးမဟုတ်လား ချိုရဲ့၊ ကျွန်တော်

က စေတနာနဲ့ဝယ်ကျွေးချင်လို့ပါ"

"စေတနာဗလပွနဲ့ပါလား၊ ဒီနေ့ ချိုတို့ Pratical မရှိ

တော့ စောစောပြန်ရမှာမို့ ထမင်းချိုင့်ယူမလာတာပါ မိုးယံရယ်။

ရှင်ကျွေးချင်ပေမယ့် Sorry...ကန်တော့ပါပဲ"

"ဟား. . . ဒါဆို ကိုယ့်ကားနဲ့ ပြန်လိုက်ပို့ပေးမယ်လေ၊

ကိုယ်စောင့်နေမယ်နော်, နန္ဒာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာစောင့်နေမှာလဲ၊ မစောင့်နဲ့။ မလိုချင်ဘူး. . . ရှင့်အရုပ်ကြီးကို ယူသွားစမ်းပါ။ မျက်စိ,နောက်က နောက်နဲ့"

ခုံမှာ ဆောင့်အောင့်ဝင်ထိုင်ပြီး အရုပ်ကိုတွန်းချလိုက်တော့ သူက အရုပ်ကို ဖျတ်ခနဲပြန်ပိုက်လိုက်လေ၏။ ကြည့်ဦး! သူလက်ဆောင်ပေးတာ ဝက်ဝံထီးလေးပေါ့လေ၊ လည်ပင်းမှာ bow အနီရဲရဲလေး တပ်ပေးထားတာမို့ အထီးအမခွဲခြားသိနိုင်သည်ပဲ။ ဘာအရူးထပြန်တာလဲ မိုးယံပိုင်။

"ခုထိ ဒီမျက်နှာလေးကို ကြည့်မရသေးဘူးလား"

စားပွဲပေါ် မေးတင်လျက် မေးလိုက်ပုံကြောင့် နောက်တန်းမှ ရယ်သံသဲ့သဲ့ထွက်လာချေပြီ။ လုပ်နေပုံကိုက ထုချင်စရာကောင်းလိုက်တာ မပြောပါနှင့်တော့။ Teacher မြန်မြန်ရောက်လာမှပါပဲ၊ ဒါမှ ရှေ့ကနေ ဒင်း မြန်မြန်ပြေးမှာလေ။

"ဟင်လို့"

"ကျစ်! နင်နော်"

"ဒီနေ့တော့ ကိုယ့်ကို ပေါက်စရာချိုင့်ပါမလာဘူးမဟုတ်လား နန္ဒာရဲ့"





ရယ်သံတွေ ထွက်လာပြန်၏။ လူတွေရှေ့ သက်သေထူနေပုံပါလားနော်။ ချို့ကိုလှည့်ကြည့်တော့ ပခုံးတွန့်, မျက်ခုံးပင့်ပြကာ မချိုမချဉ်ပြုံးနေလေ၏။ ဒီဇာတ်လမ်း ဘယ်တော့မှပြတ်ပါ့မလဲ. . . ခက်ရချည်ရဲ့။

"ချိုင့်မပါပေမယ့် ထီးပါတယ်လေ၊ နာချင်နေပြီလား"

"အား! အသည်းစွဲအောင်ချစ်ရင် အရိုးကွဲအောင် ရိုက်တယ်ဆိုတဲ့ဆောင်ပုဒ်ကို လက်ကိုင်ထားသလား နန္ဒာရာ။ မင်းသာ ရက်ရက်စက်စက်လုပ်လို့ကတော့ အနာခံဖို့ အဆင်သင့်ပဲ။ ခေါင်းကိုရိုက်မှာလား. . . ရင်ဘတ်ကိုရိုက်ချင်သလား. . . ကိုယ့် Heart ကလွဲရင် ကျန်တာ ကြိုက်သလိုလုပ်လိုက်"

ရင်ဘတ်ကိုကော့ပေးပြီး ပြောပုံကိုက တကယ့် Style အပြည့်နဲ့ပါပဲ။ သတ္တိတွေ ရှိလှချည်လား. . . သူ့သူငယ်ချင်းတွေ တစ်ယောက်မှပါမလာဘဲ တစ်ယောက်တည်း အတန်းထဲမှာ လာကြွနေတာလေ။

နာရီက ကိုးနာရီထိုးပြီမို့ Class စတော့မှာပါ။ Teacher မလာသေးသရွေ့ ဒင်း ခြေထောက်ရွှေ့မည်မထင်။ ဖွဲ့ကတော့



www.burmeseclassic.com

www.burmeseclassic.com



ညြချလောက်ပါပေရဲ့။

"ဘယ်လိုလဲ, မလုပ်ရက်တော့ဘူးမဟုတ်လား။ ကိုယ်ပြောထားသားပဲ နန္ဒာရဲ့၊ မင်း, ကိုယ့်အကြောင်းတွေ အတွေးထဲ အမြဲဝင်နေပြီမဟုတ်လား။ အိပ်မက်ထဲမှာတောင် ညကပဲ date ကျသေးတယ်လေ"

"အံမာ. . . နင်နော်"

"ဟော, မျက်နှာလေးတောင် ရဲလာပြီ။ ဘယ်လိုလဲ ကိုယ်ပြောတာ မှန်နေပြီမဟုတ်လား။ ဝန်ခံလိုက်စမ်းပါ နန္ဒာရဲ့၊ မင်းရင်ထဲမှာ ဒီကောင်လေး အမှန်တကယ်ရောက်နေပြီဆိုတာကိုလေ"

"တော်ရုံပဲ စ,ပါ မိုးယံရယ်၊ Teacher လာတော့မှာ ဟဲ့။ သွားပါတော့"

"ချို့ပြောရုံနဲ့ ကျွန်တော် ဘယ်သွားပါ့မလဲဗျ။ သတ်ဆိုင်သူရဲ့အမိန့်ကိုပဲ နာခံရမှာပေါ့"

"ရှူးပါ့ဟယ်"

Corridor ထောင့်ချိုးမှ Teacher လျှောက်လာတာ





ကို လှမ်းမြင်လိုက်တာမို့ Physics စာအုပ်ကို လွယ်အိတ်ထဲမှ ဆွဲထုတ်လိုက်ပါ၏။ ဒင်းကိုတော့ Teacher မောင်းထုတ်မှပဲ လစ်မှာထင်ပါရဲ့။

"အင်း. . . Pratical မရှိတော့ ကိုယ်တို့အဆောင်ကို လာတော့ဘူးပေါ့နော်။ လွမ်းသလိုလိုကြီးပဲကွာ"

"Teacher လာနေပြီဟဲ့။ သွားပါတော့လို့ဆို"

"ချိုကလည်းလေ, ဒီမှာ မျက်နှာလေးတောင် ကြည့်လို့မဝသေးတာကို၊ ကိုယ်ချင်းမစာနာ ဖွတ်နှင်နေတာပဲ။ ဝဋ်လည်လိမ့်မယ်,သိလား"

"အံမာ. . . သူကပဲ ရာရာစစ ပြောရတယ်ရှိသေး"

"ကိုယ့်ကို တစ်ခါလေးပဲ ပြုံးပြပေးပါလား နန္ဒာ၊ အပြုံးလေး လက်ဆောင်ရတာနဲ့ ကိုယ်ချက်ချင်းသွားမှာပါ"

"ဟယ်. . . ဒီလောက်ပြောနေတဲ့ကြားက နင်ဘယ်လိုကောင်လေးလဲဟဲ့"

"တစ်ခါလေးပဲလေကွာ၊ နော်. . . နော်"

"ဟဲ့, ဟိုကောင်လေး၊ ကိုယ့် Class ကိုယ်မတက်ဘူး



www.burmeseclassic.com

www.burmeseclassic.com

နဲ့ ဒီမှာဘာလာရှုပ်နေပြန်တာလဲ''

Teacher ဝင်လာပြီမို့ သူ့မျက်နှာ အိလယ်လယ်လေး ဖြစ်သွားလေ၏။ ကောင်းတယ်. . . ဒီလောက်အတင့်ရဲမှတော့ Teacher ဆူတာ ခံပေဦးတော့ မိုးယံပိုင်ရေ။

''မရှုပ်ပါဘူး Teacher ရဲ့''

''မရှုပ်ရင် ဘာလို့ ဒီမှာရှိနေတာလဲ. . . မင်းကိုယ်မင်း State ကျောင်းသားမှတ်နေသလား။ ကျောင်းကို ဒီအရပ်ကြီး ဘာကိစ္စယူလာတာလဲ''

''ဟိုလေ, ကျွန်တော့်ချစ်ချစ်အတွက် လက်ဆောင်ယူလာတာပါ''

''အလိုတော်''

ရယ်သံတွေ ဝေါခနဲထွက်လာလေ၏။ သူ့ပုံစံက သူနိုး လူမိဖြစ်နေတာတောင် လေသံက နည်းနည်းမှမလျော့ပါလား။ ဘယ်လိုမှန်းမသိပါလေ။

''ကိုယ့်ကိုယ်စား ပွေ့ထားပေးနော်။ ညနေစောင့်နေမယ်.သိလား။ သွားပြီနော် ချစ်ချစ်''





''ဟဲ့''

Teacher ရှေ့မှာပင် လွန်းနှင့်ချို့အကြား ထိုင်ခုံပေါ်သို့ အရုပ်ကြီးကိုချပေးလျက် တီးတိုးပြောကာ တစ်ချိုးတည်းလစ်လေတော့၏။ စောစောစီးစီးအရှုန်းဖောက်သလို ရယ်သံတွေမစဲ။

Teacher က ပြုံးစိစိမျက်နှာဖြင့် စာစသင်ရန် အစပျိုးတော့မှပဲ မျက်နှာပိုးတွေ သပ်နိုင်ကြလေသည်။

ဆောင်းတွင်းချမ်းချမ်းစိမ့်စိမ့်ရာသီမှာ ဝက်ဝံရုပ်ကြီးက နွေးနေသလိုနှယ်ပင်။

❐❐❐



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

"နှင်ဘယ်လိုလုပ်မလဲ"

"မသိတော့ဘူး၊ ဒါကြီး အိမ်ယူသွားလို့မဖြစ်ဘူး ချိုရဲ့၊ ကိုကိုသိရင် သေပြီပဲမှတ်"

"အဲဒါဆို နှင် ဘယ်နားလွှင့်ပစ်ခဲ့မှာလဲ။ ဒါကြီးက တန်ဖိုးနည်းတာမဟုတ်ဘူးနော်၊ လွှန်း"

"ချိုပဲ ယူသွားလိုက်လေ"

"အမယ်လေးလေ၊ ငါက လိုင်းကားတိုးစီးတာ ဒီအရုပ်ကြီးနဲ့ ဘယ်ဖြစ်မှာလဲ၊ ပြီးတော့ ငါ့ကိုပေးတာမှမဟုတ်တာ"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အို! ဘယ်သူပေးပေးပေါ့၊ လွန်း,ပေးရင် ချိုက ယူရမှာပဲ. . . ရှော့"

"ဟဲ့, မယူပါဘူးလို့ဆို"

လမ်းလျှောက်နေရင်း လွန်းတို့နှစ်ယောက်လက်ထဲမှာ အရုပ်ကြီးကို သူတစ်လှည့်ငါတစ်လှည့် ပေးနေသည့်မြင်ကွင်းက လူရယ်ချင်စရာပင်။ ပြဿနာကို စမွေးတဲ့နေရာမှာတော့ မိုးယံပိုင်က ထိပ်ပါပဲ။ ဒီလောက်ကြီးတဲ့အရုပ်ကြီးကို အိမ်မှာ ကိုကို မမြင်အောင် ဘယ်လိုဝှက်ထားလို့ ရပါ့မလဲနော်. . . ခက်ပါရဲ့။

"တီ!"

"အမေ့!"

နဘေးမှဖြတ်သွားသည့်ကားဟွန်းသံကြောင့် လန့်သွားသလို လွန်းလက်ထဲမှအရုပ်ကလည်း ကွန်ကရစ် Platform ပေါ် ဘုတ်ခနဲပြုတ်ကျသွားလေ၏။ အလို! ဒီနေ့မှ သူ့ကားနဲ့အတူ တွေ့ရတော့တာပါပဲလား။

"ဘာတွေဖြစ်နေကြပြန်တာလဲ၊ ကိုယ်စောင့်နေပါတယ်လို့ပြောထားရဲ့သားနဲ့ နန္ဒာရယ်။ ဘာဖြစ်လို့ အဆောင်ရှေ့မှာ





စောင့်ဘဲ ကားဂိတ်ကို လစ်ရတာတုန်း"

ချိုက ဖုန်ပေသွားသည့်အရုပ်ကို ပြန်ကောက်ကာ သဲတွေ ခါချနေပါသည်။ ဒီကိစ္စကို အမြန်ဖြတ်မှပါပဲလေ။ ဒါမှ ဒီဇာတ်လမ်းက ရှည်နေဦးမှာကိုး။

"အတော်ပဲ, ရှင့်အရုပ် ရှင်ပြန်ယူသွားချေ။ ဒီမှာ ကျွန်မတို့နှစ်ယောက်ကို ပြဿနာပေးနေတယ်"

"ဟာ. . . နန္ဒာကလည်း"

သူပြန်ပေးလို့မရအောင် နောက်ခန်းပြတင်းဝမှ အရုပ်ကို အတင်းထိုးထည့်လိုက်တာမို့ ကားထဲသို့ ဝက်ဝံရုပ်ကြီး ကျွမ်းထိုးမှောက်ခုံ ရောက်သွားတော့၏။ ကဲ, ကိစ္စဝိစ္စတော့ မြန်မြန်ပြတ်ပြီလေ။

"နန္ဒာကတော့ လုပ်ပြီကွာ၊ ကိုယ်သေချာပြောထားပါလျက်နဲ့ ဒီလိုချည်းပဲ ဆက်လုပ်နေတာပါလား"

"ဒီမှာ ရှင်, ကျွန်မကို ကိုယ်ထိလက်ရောက်လွန်တာရော, စကားလွန်တာတွေပါ များနေပြီ မိုးယံပိုင်။ ဒီမျှနဲ့ တော်သင့်ပြီထင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com


သူက အရေးမကြီးသလိုမျိုးပုံစံဖြင့် ကားပေါ်မှ အမြန်ဆင်းလိုက်လေ၏။ ချိုကတော့ လွှမ်းခါးကို ဖျတ်ခနဲတို့ကာ သတိပေးလိုက်ပါသည်။ ဘာလို့ကြောက်ရမှာတဲ့လဲ. . . လွှမ်းဘဝမှာကြောက်,ချစ်,ရှိသေရတာဆို၍ ကိုကိုတစ်ယောက်သာ ရှိတာပါလေ။

"ကိုယ့်ကို ဒီလိုကြီးတော့ မရက်စက်ပါနဲ့ နန္ဒာရယ်။ ကိုယ် ဘယ်လောက်အထိချစ်မှန်း နန္ဒာသိရဲ့သားနဲ့"

"အို! ဘာဆိုင်လို့သိရမှာလဲ၊ ဘာမှမသိချင်ပါဘူး၊ ဖယ်ပါ"

ရှေ့မှကာထားသည့် သူ့လက်တို့ကို ဖတ်ခနဲပုတ်၍ ဖယ်လိုက်မိ၏။ ကြည့်ရတာ ဒီနေ့တော့ လွှမ်းဆီက အဖြေတစ်ခုမရရင် လှည့်ပြန်မည့်ပုံစံ မပေါ်သလိုပါပဲလား။ မနက်ကလိုမဟုတ်ဘဲ တည်သလိုရှိနေသည့် သူ့မျက်နှာထားကြောင့် စိတ်ထဲထင့်သွားရလေသည်။

"ချိုမာ"

"ဘာတုန်း"

ရွှေပဒေသာစာပေ

"ဒီနေ့ နန္ဒာ့ကို အိမ်အထိ ကျွန်တော်လိုက်ပို့ပေးမယ်လို့ ဆုံးဖြတ်ထားတာမို့ ချိုမာ ကူညီပေးနိုင်မလားလို့ပါ"

"ပညာရှိလှချည်လားဟယ်၊ ငါနဲ့လွှမ်းက ဆန့်ကျင်ဘက်မှာနေတာဆိုတော့ ငါ့ကို (ဇွမ်ဇွ)နဲ့ သွားလို့ပြောတာပေါ့လေ"

"အဲဒီလိုမဟုတ်ရပါဘူး ချိုမာရဲ့"

"ရပါတယ်. . . ရပါတယ်. . . ဒီလောက်ပြောတာနဲ့ ငါက အလိုက်သိပါတယ်နော်။ နင်သာ ငါ့လွှမ်းကို သူ့နန်းတော်အရောက် ပို့ဖြစ်အောင်သာပို့ဖို့ ပြောခဲ့ပါပေရဲ့။ စိတ်ချမယ်နော်"

"OK, Thanks...ပါ ချိုမာ"

"မလိုပေါင်ရှင်"

ချိုက ပြောပြောဆိုဆို လွှမ်းဘေးမှထွက်သွားတာကြောင့် အံ့ဩနေရာမှ သတိဝင်သွားရပါ၏။ အလို! ချို့ကိုများ 'ပ'ထုတ်လိုက်တာ မြန်ပါ့။ အတော်လူလည်ကျတဲ့သူပါပဲလားနော်။

"ချို့,ချို့. . . နေဦးလေ""

"သူနဲ့လိုက်သွားစရာလား နန္ဒာရဲ့၊ ကိုယ်လိုက်ပို့ပေးပါ့မယ်ဆိုနေမှ"

www.burmeseclassic.com

ရွှေပဒေသာစာပေ

www.burmeseclassic.com



"ရှင်နဲ့ဘာလိုက်စရာအကြောင်းရှိလို့လဲ။ မလိုဘူး"

ဒီလောက်ငြင်းနေသည့်ကြားထဲမှ သူက လွှမ်းရဲ့လက်ကောက်ဝတ်ကို ဖမ်းဆွဲထားလိုက်လေ၏။

အို! ကျောင်းထဲမရှောင် သူ ရဲတင်းလွန်းလှချည်လား။ လက်ကိုရုန်းဖယ်လိုက်ပေမယ့် သူ့လက်ကိုက မြဲမြဲလွန်းနေတာလေ။

"ဒါဘာလုပ်တာလဲ၊ လွှတ်နော်"

"သိပ်ရုပ်မပျက်နဲ့လေ နန္ဒာရဲ့၊ ကိုယ်နဲ့မင်းပုံစံက အများအမြင်မှာ စိတ်ကောက်နေတဲ့ရုံတွဲပုံမျိုးဖြစ်နေတာကိုလည်း သတိထားဦး"

"ဘယ်လို"

ရုတ်တရက် ပတ်ဝန်းကျင်ကိုသတိရသွားတာမို့ ဝေ့ဝိုက်ကြည့်လိုက်မိစဉ် လွှမ်းတို့ကို ပြုံးစိစိဖြင့် ကြည့်ကြည့်သွားကြသည့် ကျောင်းသားကျောင်းသူအချို့ကို တွေ့ရလေသည်။ ရှက်လိုက်တာနော်. . . သူလုပ်ပုံက ပိုင်စိုးပိုင်းပုံစံနဲ့ လူကိုထိခိုက်မှုတစ်ဖန်လုပ်နေပြန်ပြီလေ။





"ပြောနေတယ်နော်. . . လွှတ်လို့၊ ရှင် အမှတ်သည်းခြေမရှိဘူးလား မိုးယံပိုင်"

"လုပ်ချင်လည်းလုပ်ပေါ့ နန္ဒာရဲ့၊ ကိုယ်ခွင့်ပြုထားတာပဲဟာ။ တစ်ခုတော့ရှိတယ်နော်, ကိုယ့်ကို နာအောင်လုပ်ပြီးရင်တော့ အလျော်ပြန်ပေးရမှာ၊ ဒီတိုင်းတောင် မရဘူး။ အတိုးပါအစစ်ပေးရမယ်,မှတ်"

လူက တွန့်ခနဲဖြစ်သွားရလေ၏။ အလိုလေး! လက်ညှိုးထောင်ပြပြီး ကြိမ်းနေလိုက်တာများ တကယ်လုပ်မယ့်ပုံနဲ့ပါလေ။ သူလည်း လွှမ်းလိုမျိုး ပြောတဲ့အတိုင်း လုပ်တတ်မှန်းလက်တွေ့သိဖူးပြီးပြီမို့ လန့်သွားရတာအမှန်ပါပဲ၊ ဘယ်လောက်ပဲ ရဲတယ်မာတယ်ပြောပြော ယောကျ်ားတစ်ယောက်နဲ့ယှဉ်ပြိုင်ပြီးတော့ လွှမ်း မရဲဝံ့ပါလေ။ လွှမ်းက မိန်းမသားပေကိုး။

"ရှင်နော်"

"ကိုယ်ပြောတာကိုသာ နားထောင်ပါကွာ။ လိုက်ပို့ပေးမယ်ဆိုတာကို ငြိမ်ငြိမ်လေး လိုက်ခဲ့ရုံပဲ။ ဘာအပန်းကြီးလို့လဲ, လာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"အို! ရှင်, ကျွန်မနေတဲ့နေရာကို သိလည်းမသိ[illegible]
များ မလိုက်ဘူးဆို"

"ဘာလို့မသိရမှာလဲ နန္ဒာရဲ့၊ မင်းကို အိမ်အထိရော[illegible]
အောင် နေ့တိုင်း ကိုယ် bus နဲ့လိုက်ပို့နေတာများ ကြာနေ[illegible]

"ဟင်! "

"ဒီနေ့တော့ ကိုယ့်ကားနဲ့ပို့တာကို လက်ခံလိုက်ပါ[illegible]
Please..."

ဇဝေဇဝါဖြစ်သွားရပါ၏။ ကြည့်စမ်း! သူက, သူက [illegible]
ကို နေ့တိုင်း bus စီးပြီး နောက်ကနေ လိုက်ပို့နေတာ ကြ[illegible]
တဲ့။ မဖြစ်နိုင်တာ, သူ့ကိုမတွေ့တာ အဘယ်မျှကြာပြီလဲ။ အ[illegible]
အယောင်လေးတောင်မှ မမြင်ရတာကို သူညာပြောပြီထင်[illegible]

"အို. . . ဘာလုပ်တာလဲ"

အတွေးမဆုံးခင် ပခုံးကိုတွန်း၍ ကားထဲဝင်နိုင်အေ[illegible]
လူက ယိုင်ထိုးလျက် သူ့ကားပေါ် ထိုင်မိလျက်သားဖြစ်သွ[illegible]
လေ၏။ ဖွတ်ပါပဲလား, ဒီလူ ဖွတ်တရွတ်နိုင်မှန်း သိသိ[illegible]
လွန်းတော့ ပတ်သက်မိတော့မှာလေ။ ဒုက္ခပါပဲလားနော်။





"ရှင်နော်"

"ငြိမ်ငြိမ်လေး လိုက်ခဲ့နော်၊ ပြီးမှ ကိုယ့်အဆိုးမဆိုလေ
[illegible] ကိုယ့်ကို မေမေကတော့ လူဆိုးလေးလို့ပဲ သတ်မှတ်ထား
[illegible]ာ နန္ဒာရဲ့"

သူက မြူးစစပြောကာ ကားစက်ကိုပင် နှိုးချေပြီ။ ငြိမ့်
[illegible]နဲမောင်းထွက်သွားသည့်ကားပေါ်မှာ အလန့်တကြားပါလာခဲ့ရ
[illegible]လေ၏။ ဘယ်လိုလဲ, လွန်းလိုမိန်းကလေးက သူအလွယ်တကူ
[illegible]ခေါ်တာမျိုးကို လက်ခံတဲ့အဖြစ်နဲ့ကြုံရတယ်လို့။ တခြားလူတွေ
[illegible]မြင်ရင် လွန်းကို ခပ်လွယ်လွယ်ကောင်မလေးလို့ သတ်မှတ်ကြ
[illegible]လေမလား။ အတွေးတို့ဖြင့် တစ်ကိုယ်လုံး ထူပူလာရစဉ် သူက
[illegible]တစ်နေရာမှာ ကားကိုထိုးရပ်လိုက်လေ၏။

"ဟင်!. . . ဒါ ဘယ်နေရာလဲ"

"ကိုယ်ပြောစရာရှိသေးလို့ ဒီမှာ ခဏရပ်လိုက်တာပါ
နန္ဒာရဲ့။ မစိုးရိမ်ပါနဲ့"

"ရှင်ပြောတော့ဖြင့် အိမ်ကိုလိုက်ပို့ပေးမလို့ဆို။ လူကို
ဘယ်လိုသဘောရှိမှန်းမသိ ကားပေါ်အတင်းခေါ်တင်လာခေါ်ရဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်သမျှ လိုသလိုပြောနေတာ. . . တရားမျှတရဲ့လား
ယပိုင်''

''နန္ဒာ ကြားဖူးမှာပါ၊ အချစ်နဲ့စစ်မှာ အားလုံး တ
မျှတတာချည်းပဲ၊ စစ်မှာလည်း အင်အားကြီးတာယိတာ,
နက်ဆန်းတာ မဆန်းတာမျိုး ထည့်တွက်ဖို့မလိုသလို အချ
တဲ့အရာမှာလည်း မိုးနဲ့မြေဆိုတာ, အဆင့်အတန်းဆိုတာမျိုး
ထည့်တွက်ဖို့မလိုအပ်ပါဘူး''

''ဘာရယ်''

''ကိုယ်တို့ကမ္ဘာကြီးကို အာဒံနဲ့ဧဝေ စခဲ့တယ်
သမိုင်းအစ မဖော်ပြချင်ပေမယ့် မင်းကိုအသည်းနင့်အောင်
တယ်ဆိုတာကိုတော့ ယုံကြည်ပေးပါ နန္ဒာ၊ ထွင်လုံးတွေ
ဖြားယောင်းတဲ့လုပ်ရပ်မျိုး ကိုယ် လုပ်မပြချင်ဘူး။ ချစ်တယ်
ရိုးရိုးလေးပြောပြဝန်ခံရုံပါပဲ''

ဘုရားရေ!. . . ကားကိုလည်း Lock ချထားသေး
ပြီးတော့ လူပြတ်တဲ့နေရာမှာလည်း ကားကို ထိုးရပ်ထား
တာ။ နောက်. လွှန်းကိုလည်း ချစ်စကားတွေ သီကုံးပြောနေ





ဒါ, ဓားပြတိုက်တာမဟုတ်ရင် ဘာများဖြစ်မှာလဲ။

''ကိုယ့်ကိုချစ်တယ်လို့ ပြန်မဖြေဘူးဆိုရင်တော့ ကား
ဆက်မောင်းဖို့ လုံးဝဆန္ဒမရှိဘူးနော်''

ကဲ, ထင်တဲ့အတိုင်းပဲ၊ စိတ်တိုတာထက် စိုးရွံ့မှုက ရင်
ပိုလို့သာ ဖြစ်ထွန်းလေ၏။ အိမ်ပြန်နောက်ကျမှာကို စိုးရိမ်
ဘာထက် လက်ရှိအနေအထားမှာ မည်သို့ရုန်းထွက်ရမည်မှန်း
သိဘဲ ထောင်ချောက်မိတဲ့ယုန်သူငယ်အဖြစ်သို့နှယ်လေ။

❐❐❐



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"အဲဒါနဲ့ နှင် ခေါင်းညိတ်လိုက်ရရော ဆိုပါတော့"

"မိန်းမ. . . အဲဒါ ရှင့်စနက်လည်း ပါတယ်။ ရှင်သာ အွန်းကို ထားမသွားရင် ဒီလိုအတင့်ရဲမှုမျိုး သူလုပ်ဝံ့မှာတဲ့လား။ အကတည်းမှပဲ ပြောကိုမပြောချင်တော့ဘူး"

"ဟီဟိ, ငါ့ကိုတော့ ဘယ်ပြောချင်ပါ့မလဲ၊ နှင့်ဘဲဘဲ ကိုပဲ ကဗျာတွေစာတွေ စီကာသီကုံးပြီး ပြောချင်တော့မှာပေါ့။ သြော်, အချစ်. . . အချစ်. . . 'အ'ပြီးချစ်တဲ့ အချစ်ပေပဲကိုး"

"နှင်နော်"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



လွှမ်း စိတ်တိုပြီး ချို့လက်မောင်းကို ဆွဲဆိတ်တော့ မျက်နှာ,ရှုံ့ပြ အနာခံပြီး ဆက်စ,နေသေးတာလေ။ အလိုလေး နော်. . . ရက်စွယ်အတိပါပဲလား။ ဘယ်လောက်ပဲ ကြီးပါတယ် ဆိုတဲ့ လွှမ်းရဲ့မာနတွေက အချိန်ပိုင်းကာလလေးမှာ သူ့လက်ထဲ ဝကွက်အပ်တဲ့အဖြစ်ကို ရောက်သွားလိမ့်မယ်လို့ ဘယ်သူက ထင် ထားပါ့မလဲ။

ညှို့တာ, လွှမ်းကိုက ညှို့တာပါလေ။ သူ ဘယ်ခြေကို လှမ်းသလဲဆိုတာ မမှန်းဆရဲဘဲ သူဆင်တဲ့အကွက်ထဲ လုံးလုံး လျားလျားကြီးကျသွားတာ လွှမ်းလောက် ညံ့ဖျင်းတဲ့မိန်းကလေး မျိုး ဘယ်သွားရှာကြမှာတဲ့လဲ။ အဲဒီနေ့က လွှမ်းရဲ့ခေါင်းတညိတ် မှာ သူ အဘယ်မျှပျော်ရွှင်ခဲ့သလဲဆိုတာ လွှမ်းမျက်မြင်ပါ။

တကယ်လည်း လွှမ်းကို အိမ်ရောက်တဲ့အထိ လိုက်ပို့ ပေးခဲ့တယ်။ လွှမ်းတို့ရပ်ကွက်ထိပ်လေးမှာ ကားရပ်ပြီး အိမ်အထိ လမ်းဆင်းလျှောက်ခဲ့တာလေ။ ဒီတော့ လွှမ်းရဲ့အခြေအနေ ဘယ် လိုဘယ်ပုံရှိမှန်း သူသိသိကြီးနဲ့ ရှေ့ဆက်တိုးခဲ့တာမို့ ဒါကို အချစ် စစ်လို့ ခေါ်မည်လေလား။





"ဟယ်. . . ဘာလုပ်တာလဲ"

မေးစေ့ကိုကိုင်ပြီး မျက်နှာကို ဟိုလှည့်ဒီလှည့်ကြည့် လိုက်သည့် ချို့လက်ကို ပုတ်ထုတ်လိုက်မိ၏။ ဘယ့်နှယ် လူကို အရုပ်လို ပဒိုလို စစ်စစ်ဆေးဆေးကြည့်ရတယ်လို့။

"နင့်မျက်နှာ ချိုင့်သွားပြီလားလို့ စစ်တာလေ"

"အို့, လွှမ်းက ဘာလို့ မျက်နှာချိုင့်ရမှာလဲ"

"ပြောလို့ရမလား. . . သူ မွှေးမွှေးပေးလွန်းရင် နင့်ပါး ပါးလေး ချိုင့်ချိုင့်သွားမှာလေ"

"ဟင်! အယုတ်တမာ။ လူကို ချိုးချိုးဖွဲ့ဖွဲ့လိုက်ပြော ဦး, ကဲ"

လွှမ်းမျက်နှာ ထူပူရှက်အမ်းပြီး ချို့ကို တဘုန်းဘုန်းထု လိုက်မိတော့၏။ နားရှက်စရာစကားတွေကို ချို ဘယ်လိုများ ပြောထွက်ပါလိမ့်နော်။ ရှက်စရာကြီး. . . သူက ဒီလိုအခွင့်အရေး ယူတတ်တဲ့ကောင်လေးမှ မဟုတ်တာဘဲ။ လွှမ်းလက်ဖျားကို ဆွဲ ယူဆုပ်ကိုင်ရုံမျိုးသာ ပြုမူတတ်တာလေ။ ဟိုတစ်ခါ အတန်းထဲ ရောက်လာပြီး လွှမ်းနဖူးကို မွှေးသွားတာကတော့ ချွင်းချက်ပေါ့



www.burmeseclassic.com

www.burmeseclassic.com

နော်။

"ယောက်ျားဆိုတာ ကျားဟဲ့၊ ဥပုသ်စောင့်တဲ့ကျားရယ်လို့ မရှိဘူး"

"အဲဒါဘာစကားကြီးတုန်း. . . လေသံကိုက အပျိုကြီးလေသံပေါက်နေပြီ"

"ငါအတည်ပြောနေတာနော်, လွန်း၊ ရယ်စရာမထင်နဲ့"

"အင်းပါ"

"ချစ်တာကို မချစ်နဲ့လို့ ငါမတားလိုပါဘူး။ ဒါပေမဲ့ စည်းတစ်ခုကိုတော့ ခိုင်ခိုင်မာမာလေးထားဖို့ သတိပေးချင်လို့ပါ"

ခေါင်းကိုသာ ညိတ်ပြလိုက်မိ၏။ ဒီသူငယ်ချင်းလေးသာ လွန်းအပေါ် စိတ်နှလုံးစေတနာ ဖြူစင်ကောင်းမွန်လွန်းတာကို လွန်းအသိဆုံးပါလေ။

"ဘာများလဲ"

"နှစ်ယောက် စကားပြောဖို့ချိန်းရင် လူရှင်းတဲ့နေရာကို မသွားနဲ့။ ပန်းခြံခေါ်ရင် မလိုက်နဲ့။ ရုပ်ရှင်ရုံထဲ မဝင်နဲ့။ သူ့သူငယ်ချင်းအိမ်ဆိုပြီး ခေါ်ရင်လည်း မပါမိစေနဲ့။ အဲဒါ ကြပ်ကြပ်





သတိထားပါ လွန်းနုန္ဒာ"

"လိုက်သွားမိရင် ဘာဖြစ်မှာမို့လို့လဲ"

"နင် စောစောစီးစီး လင်ရသွားမှာစိုးလို့ဟဲ့. . . ဟိုက အတည်ပဲပြောပြော, အကြည်ပဲဆိုဆို, ပျော့ပြီးမပါသွားစေဖို့ သတိပေးနေတာ။ သတိဆိုတာ ပိုတယ်မရှိဘူး သူငယ်မရဲ့"

"ဟုတ်ကဲ့ပါရှင်, ကျွန်တော်မျိုးမ သေချာချာမှတ်ထားပါ့မယ် ဆရာလေးရယ်၊ ကျေနပ်ပြီလား"

ချိုက လွန်းကို အသည်းယားပုံဖြင့် မျက်စောင်းခဲလေတော့၏။ သူငယ်ချင်းမလေးကို တစ်စုံတစ်ခုဖြစ်သွားမှာ စိုးရိမ်လို့ သတိပေးသတဲ့။ ဘယ်လောက်ချစ်ဖို့ကောင်းလိုက်တဲ့ ချိုပါလိမ့်နော်။ တကယ်စေတနာထားမှန်းလည်း သိတာမို့ ချို့ပခုံးလေးကို အသာဖက်မိစဉ် ချိုက တွန့်ခနဲရုန်းလိုက်လေ၏။

"ဘာဖြစ်တာလဲ"

"ငါ့ကိုလာမဖက်နဲ့ရှင့်၊ မိုးယံပိုင်မဟုတ်ဘူးဟဲ့"

"ချိုကလည်းကွယ်"

"မတူမှန်းတော့ သိပါတယ်၊ ဒါပေမဲ့ စိတ်ထဲ ဝမ်းနည်း



www.burmeseclassic.com

www.burmeseclassic.com



သလိုလိုတော့ရှိသား။ ဘာပဲဖြစ်ဖြစ် နင်က ငါနဲ့မတူတော့ဘူး လေ"

"ဟင်, လွန်းက ဘာဖြစ်နေလို့တုန်း"

"ဘာဖြစ်ရမှာလဲ, နင့်လက်တွေ အရင်လိုမသန့်တော့ ဘူးလေ"

"ဘာဖြစ်လို့"

"ဒီလက်တွေနဲ့ နင့်ကောင်လေးကို နင် ကိုင်ဖူးထုဖူး ပြီမဟုတ်လား။ လိမ်မယ်မကြံလေနဲ့၊ ငါသိပြီးသား. . . မိလွန်း ရဲ့။ ဖယ်စမ်းပါ, ပွဲတယ်"

"ကြီးကြီးကျယ်ကျယ်"

"ကြီးကျယ်တာပေ့ါ၊ ကျွန်မမှာ (၁၅၀၀)တန် နှလုံးသား လတ်လတ်ဆတ်ဆတ်ကြီး ရှိသေးတာကိုး။ နင်က ရောင်းလို့ ကုန်သွားတဲ့ ရောင်းကုန်ကြီး"

နှစ်ယောက်သား တီးတိုးရယ်လိုက်မိကြ၏။ တကယ်ပဲ လွန်းက ရောင်းကုန်ကြီးဖြစ်သွားပြီလား။ မဟုတ်တာ. . . ချစ်သူ ထားမိတာလောက်နဲ့ သူ့ဆီ အကုန်ပါသွားတယ်ဆိုတာ ဖြစ်မှ





မဖြစ်နိုင်တာနော်။

"ချို"

"ဘာတုန်း"

"နင် ငါ့ကိုများ ကြိုက်နေတာများလားဟင်"

"ဆောင်းတွင်းကြီး မိုးကြိုးပစ်ချလိမ့်မယ်။ ငါ့ကိုများ ယောက်ျားလျာ ထင်နေသလား။ အစုတ်ပလုတ်မ, အနုတ်စုတ် ကုတ်စုတ်မ, အသည်းဗလာမ. . . ကဲ"

"ဟင်းဟင်း. . . စိတ်မဆိုးပါနဲ့ဟာယ်"

ဒီတစ်ခါ ချို့ကို ကျစ်ကျစ်ကလေး ဖက်မိတော့ ချိုက မရုန်းတော့ပါလေ။ ဝမ်းနည်းရှာလို့ ထင်ပါရဲ့၊ လွန်းကိုမပိုင်တော့ ဘူးလို့များ ချို ယူဆထားပြီမို့လို့ အခုလို ဝမ်းပန်းတနည်းပြော ထွက်တာမျိုးသာ ဖြစ်နိုင်တာပါလေ။

"ဟာ! ကုန်ပြီ ကုန်ပြီ, မှားနေပြီ နန္ဒာရဲ့၊ လူမှားနေပြီ။ နန္ဒာဖက်ရမှာက ကိုယ်လေ. . . ချို့ကိုမှမဟုတ်ဘဲ။ ခုချက်ချင်း လွှတ်လိုက်ပါ"

ပြူးပြူးပြာပြာနှင့် ရောက်လာသည့်သူ့ကြောင့် ချို့ကို



www.burmeseclassic.com

www.burmeseclassic.com



အမြန်လွှတ်ပေးလိုက်မိလေ၏။ ထမင်းစားပြီးချိန် ဘယ်လိုရောက်လာပြန်ပါလိမ့်နော်။

"လိမ္မာတယ်၊ ဒါမှ ကိုယ့်ချစ်ချစ်"

"နှင်နော်. . . အတန်းထဲလာပြီး အမျိုးမျိုးလာလုပ်တာ ခဏခဏပဲ"

"ဘာ,နှင်လဲ နန္ဒာရဲ့၊ မောင်လို့ခေါ်ပါကွ"

"ဟွှဲ့, အရှက်ကိုမရှိဘူး။ လူကြားထဲ ဘာတွေလာပြောနေတာလဲ"

"ချိုဘာမှမသိဘဲနဲ့ ပဲကြားက ဆားလိုနေရာတိုင်း မပါချင်ပါနဲ့ဗျ"

"ဘာ"

"ညနေ Pratical မရှိဘဲ Minor အချိန်တွေပဲ ရှိတာမဟုတ်လား"

ကြည်စမ်း! ညာတာပါတေးနဲ့ လွှမ်းတို့ရဲ့ Time Table ကို ဘယ်လိုသိခဲ့ပါလိမ့်နော်။ အရင်လို စားပွဲရှေ့မှာ မတ်မတ်ရပ်ပြီး စကားပြောသလိုပုံစံမပြဘဲ စားပွဲပေါ် ကိုယ်စောင်း လက်





ထောက်ပြီး ပြောနေတာမို့ လွှမ်းက မျက်နှာနီးတာကို ရှောင်သည့်အနေဖြင့် နောက်ကိုမှီထားတာ ကျောပင်တောင့်နေပြီလေ။

"ကိုယ်နဲ့ date ရအောင်လားဟင်"

"ဘာကြီးလဲ"

"နန္ဒာရဲ့မောင်လေကွာ, မနေ့တစ်နေ့ကပဲ ချစ်သူဖြစ်ခွင့်ရတဲ့ကိုယ့်ကို မသိချင်ယောင်ဆောင်မယ်မကြံနဲ့နော်။ ကိုယ်က လက်ရဲဇက်ရဲဆိုတာ မင်းသိတယ်မဟုတ်လား"

"တိုးတိုးနော်"

"တိုးတိုးပြောတာ ချစ်သူနှစ်ယောက်တည်း ရှိချိန်မှာပဲပြောရတာလေ နန္ဒာရဲ့။ လာလေ, နှစ်ကိုယ်ကြား တိုးတိုးလေးပြောကြရအောင်"

ပြောပြောဆိုဆိုနှင့် လွှမ်းလက်ကို ဆွဲခေါ်နေပြီမို့ မျက်လုံးပြူးသွားရပါ၏။ ဘယ်လိုလဲ. . . အတန်းလစ်တတ်အောင် သူ့လုပ်နေတာပါလား။ ချိုက လွှမ်းရဲ့လက်တစ်ဖက်ကို ပြန်ဆွဲထားတာကို သူက မကြည်သလိုကြည့်လိုက်တာမို့ ချိုက ကြောက်သွားသလို လက်ကိုလည်း လွှတ်ပေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝဋ်လည်တတ်မှန်း ချိုသိတယ်မဟုတ်လား"

"မိုးယံနော်၊ လွှန်း မလိုက်ချင်ဘူး။ အတန်းရှိပါသေး တယ်ဆိုနေမှ"

"တစ်ခါတလေ အတန်းလစ်တာပဲ နန္ဒာရယ်၊ အတန်း လေး တစ်ခါပျောက်သွားရုံနဲ့ ဆရာမတွေ မသိပါဘူး။ ဒီတိုင်း ခေါ်လို့မလိုက်ရင် ကိုယ်ပွေ့ချီပြီး ခေါ်မှာနော်၊ မလုပ်ဘူးမထင် နဲ့"

"မလုပ်နဲ့နော်"

"ဒါဆိုရင်လည်း လိုက်ခဲ့ပေါ့"

နွေးတဲ့နွေးကွေးဖြင့် ထရပ်လိုက်ချိန်နှင့်တစ်ပြိုင်နက် ချို မျက်နှာ ကွက်ခနဲပျက်လေ၏။ ချိုရယ်. . . လွှန်းမှာ ချစ်သူရှိတာ နဲ့ ချိုနဲ့အတူရှိချိန်တွေ ပျက်ရပါပေါ့လား။ အထူးသဖြင့် စာသင် ချိန်လစ်တဲ့ကျောင်းသူစာရင်းထဲမှာ လွှန်းရဲ့ ခုံနံပါတ်နဲ့နာမည်ပါ တာက ပိုပြီးနာမည်ပျက်စရာကောင်းနေပြီလေ၊ ရှင် နည်းနည်း မှ နားလည်မှုမရှိပါလား မိုးယံပိုင်ရယ်။

"Clever..."





သူဆွဲခေါ်တဲ့အတိုင်း ကားပေါ်ထိ လိုက်ခဲ့ရလေ၏။ ချို ကြိုမှာထားတဲ့စကားတွေက နားထဲမှာ အလိုလိုကြားနေတာမို့ ဘယ်ကိုသွားမယ်ဆိုတိုင်း ခေါင်းခါမြဲမို့ နောက်ဆုံးတော့ ကန် တောင်သို့သာ ရောက်လာပါသည်။

"ကိုယ်မကျေနပ်ဘူး"

"ဘာကိုလဲ"

"နန္ဒာက ချို့ကို ကိုယ့်ထက်ပိုချစ်နေလို့လေ။ ချို့စကား ဆို အမြဲတမ်းနားထောင်ပြီး ကိုယ်ပြောလိုက်တိုင်း No ဆိုပြီး ဒီ ခေါင်းလေးက ခါပြတာ ကိုယ်မသိဘူးများထင်နေသလား။ ဒီ တစ်ခါငြင်းရင်တော့ ဟောဒီပါးပြင်လေးကို ဒဏ်ခတ်မှာပဲ"

"ဟင်!"

"ကဲ၊ ပြော. . . မောင်လို့ခေါ်မလား မခေါ်ဘူးလား"

ရင်ခွင်ထဲ ထွေးပွေ့ဖက်ထားပြီး အတင်းအကျပ်စေခိုင်း ခြင်းရဲ့နောက်မှာ လွှန်း၏ရင်ခုန်သံတွေကိုသာ အကျယ်ကြီးကြား နေတာကိုသာ သိတော့တာအမှန်ပါလေ။

□□□



www.burmeseclassic.com

www.burmeseclassic.com



လေးလကြာပြီးနောက်...

A burnt child dreads fire.

တစ်ခါသေဖူးက မျှဉ်ဖိုးနားလည်ပါ...

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

ဒီနေ့ စိတ်မကြည်ပါချေ။ စာမေးပွဲဖြေရန် ကျောင်းတွေ စိတ်ထားပြီးမှ အိမ်ရှင်းတာတွေ အဝတ်လျှော်တာတွေကို လုပ်ပြီး ရေချိုးလိုက်ပါသည်။ သနပ်ခါးပါးကွက်ကို မကွက်စဖူး လူးရင်း အရက်ရှိန်နုနုဖြင့် ခပ်ဖွဖွလူးပြီးစဉ် အိမ်ရှေ့မှ ခေါ်သံကြားလိုက်ရလေ၏။

"နန္ဒာ"

အလို! ရောက်လာပြန်ပါပြီ။ ကိုကိုနဲ့တစ်နေ့နေ့တိုးရင်တော့ ပြဿနာတက်တော့မှာပဲဟု ရင်ထဲမှလိုက်သွားပါ၏။ မောင်



www.burmeseclassic.com

www.burmeseclassic.com



ကတော့လေ, စိတ်ထဲလုပ်ချင်ရင် ချက်ချင်းထလုပ်တတ်တဲ့အကျင့်ကို မဖျောက်ပါလားနော်။

"မောင်, အိမ်ကိုဘာလို့လာရတာလဲ။ ကိုကိုနဲ့တိုးတော့မှာပဲ"

"နန္ဒာ့ကိုကိုက အလုပ်သွားတာမဟုတ်လား။ ဘာကိုစိတ်ပူနေတာလဲ"

"ပြောလို့မရဘူးလေ၊ တစ်ခါတလေ အလုပ်သိမ်းတဲ့နေ့မျိုးမှာ ဒီလို နှစ်နာရီလောက်နဲ့ ပြန်လာတတ်တယ်"

မောင်က ဘာမှပြန်မပြောဘဲ အိမ်ဝမှာ မတ်မတ်ရပ်နေလေ၏။ အပေါ်မတက်ပုံထောက်ရင်တော့ လွှန်းကိုအပြင်ထွက်ဖို့ ပြောတော့မှာထင်ပါရဲ့။ စာမေးပွဲနီးနေလို့ စာတွေမနည်းကြိုးစားပြီး ကျက်နေရမှန်းသိလျက်နဲ့လေ။ ပြီးတော့. . . စာကျက်တိုင်း လွှန်းရဲ့စိတ်တွေက မောင့်ဆီ လွင့်ပျံသွားတတ်တာမို့ စာကျက်တဲ့စိတ်ကို အနှောက်အယှက်ဖြစ်တာ တော်တော်လေးကြာချေပြီ။

"မောင်နဲ့ခဏလိုက်ခဲ့ပါ နန္ဒာ"





"ဟင်! ဘယ်ဖြစ်မှာလဲ မောင်ရဲ့၊ လွှန်း စာကျက်စရာတွေ အများကြီးရှိသေးတာ"

"မောင့်မှာ ပြောစရာတွေရှိလို့ ခေါ်ရတာပါ"

"ဒါဆိုလည်း ဒီမှာပဲပြောပါလား မောင်ရယ်။ ဘာလို့အပြင်ကို ခေါ်ချင်ရတာလဲ"

"ဒီမှာမပြောချင်လို့ပေါ့ နန္ဒာရဲ့. . . ခဏပဲကြာမှာပါ။ အလွန်ဆုံးကြာလှ, နာရီဝက်ပါ"

မောင့်မျက်နှာက ခပ်နွမ်းနွမ်းမို့ အိမ်မှာ တစ်ခုခုဖြစ်ပြီနဲ့ ခန့်မှန်းကြည့်လိုက်မိ၏။ ဘုရားရေ! မောင့်ကို အိမ်က အိမ်ထောင်ချပေးဖို့ နားချပြီလား။ သဘောမတူဘူး, မလိုချင်ဘူးဆိုပြီး ခါးခါးသည်းသည်းငြင်းပြီး ပြဿနာတက်ပြီထင်ပါရဲ့။

"ဒါဆို ခဏလေးစောင့်ပါ မောင်၊ လွှန်း လုံချည်တော့လဲပါရစေဦး"

ခေါင်းကိုသာ ညိတ်ပြလိုက်တာမို့ အိပ်ခန်းထဲ မြန်မြန်ဝင်ကာ အပြင်ဝတ်လုံချည် လဲဝတ်လိုက်၏။ ဆံပင်တွေ သပ်သပ်ရပ်ရပ်ဖြစ်ရဲ့လားဟု မှန်ထဲတစ်ချက်ကြည့်လိုက်ပါသည်။ ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



ခါးပါးကွက်ပင် မခြောက်သေးခင် အပြင်ထွက်ရဦးမှာပါလားနော်။

အပြင်ရောက်တော့ တံခါးသော့ခတ်လိုက်ပြီး မောင့်ရဲ့ နောက်ကို ခပ်သုတ်သုတ်လိုက်ခဲ့ရ၏။ တစ်လမ်းလုံး ဘာစကား မှမပြောဘဲ လမ်းကိုသာ ကြည့်လျှောက်နေသည့် မောင့်မျက်နှာ ကို ကွက်ကြည့်ကွက်ကြည့်လုပ်မိသော်ငြား မောင်က လွှန်းကို တစ်ခါမှပြန်မကြည့်ပါချေ။ အတော့်ကို ရင်ပူနေရှာပြီထင်ပါရဲ့။

''ကန်ဘောင်မှာပဲ ပြောရအောင်''

ကိုယ်တိုင်ဆုံးဖြတ်ပြီးသားပုံစံဖြင့်ပြောပြီး တံခါးဖွင့်ပေး သည့်ကားပေါ်သို့ အသာတက်ထိုင်လိုက်ရပါ၏။ အရင်လို မောင့် နားထိုင်တိုင်း တငြိမ့်ငြိမ့်ရင်ခုန်တတ်သလိုမျိုးမဟုတ်ဘဲ တစ်ကိုယ် လုံး တရှိန်းရှိန်းပူလောင်နေတာ ဘာကြောင့်များပါလိမ့်။

ကားရပ်ပြီး ကန်ဘောင်ပေါ် တက်လာချိန်ထိ မောင်က ဘာမှမပြောသေးပါချေ။ ကန်ရေပြင်ကို ငေးနေသည်မှာ အကြာ ကြီး။ စကားစမပြောသေးတာမို့ အလိုက်သိစွာဖြင့် လွှန်း နှုတ် ဆိတ်နေပါ၏။ မောင်ပြောချင်တာကိုသာ အားမနာတမ်းပြောပါ စေလေ။





သက်ပြင်းချသံနောက်မှာ မောင့်အသံ ပေါ်ထွက်လာလေ ၏။

''လမ်းခွဲကြစို့''

''ဟင်!. . .''

''ကိုယ်တို့လမ်းခွဲကြစို့လို့ ပြောနေတာပါ လွှန်းနန္ဒာ''

''မောင်. . .''

''ကိုယ်တို့ရဲ့ချစ်သူသက်တမ်းကို ဒီမှာပဲ အဆုံးသတ် ကြရအောင်''

''ဘာသဘောလဲဟင်၊ မောင်, ဘာသဘောနဲ့ အခုလို ပြောလိုက်တာလဲ''

လိုက်ခနဲဝမ်းနည်းမှုက ရင်ဝကို ပြင်းပြင်းထန်ထန်ရိုက် ခတ်လေ၏။ 'လမ်းခွဲကြစို့' တဲ့။ ပေါ့ပါးလှချည်လား, ဒီလိုလမ်း ခွဲစကားကို မောင့်နှုတ်ဖျားက ပေါ့ပေါ့လေးပြောထွက်လိုက်တာ ပါလားလေ။ ဖြေရှင်းပေးပါ. . . ဘာကြောင့် ဒီလိုပြောရသလဲ ဆိုတာကို လွှန်းသိအောင် ပြောပါလားကွယ်။

''မောင်''



www.burmeseclassic.com

www.burmeseclassic.com



လွန်း‚ခေါ်နေပေမယ့် မောင် လှည့်မကြည့်ပါချေ။ ကန့်ရေပြင်ဆီမှာသာ အကြည့်ကို ပို့ထားပြီး လွန်းကိုကျောပေးထားသည်လေ။ ဒီလိုပဲလား. . . ရင်ချင်းအပ်လေ့ရှိတဲ့ အနေအထားကနေ ခုတော့ လွန်းကိုကျောခိုင်းရက်စက်ပြီလား‚မောင်။

ဘယ်အချိန်ကတည်းက ဒီလိုပြောဖို့ ပြင်ဆင်ခဲ့ပါသလဲ၊ ချစ်သူသက်တမ်းတစ်လျှောက် ကြင်နာဖေးမစွာ တွဲခဲ့တဲ့လက်တွေကို မြဲမြဲမြံမြံဆွဲခဲ့ပါလျက် ခုတော့ အလွယ်တကူပဲ ဖြုတ်ချဖို့ မောင်ဆုံးဖြတ်ရတယ်လို့ကွယ်။

"ဘာကြောင့်လဲ မောင်၊ မောင်ပြောတော့ဖြင့် လွန်းကို. . . လွန်းကို အသက်လိုချစ်တာပါဆို"

ရှိုက်သံအဖျားခတ်သွားစဉ် ပါးပြင်ထက်သို့ မျက်ရည်က ပေါက်ခနဲစီးကျသွားလေ၏။ ရင်ထဲမှာ ကျဉ်ခနဲဖြစ်သွားတဲ့ ဝေဒနာကို မောင်မသိလေရော့သလား။

"မေးခွန်းတွေ မထုတ်ပါနဲ့။ ကိုယ့်မှာ ဘာအကြောင်းပြချက်မှ မရှိလို့ပါ"

"မောင့်ကို. . . မောင့်ကို အိမ်က တခြားသူနဲ့ပေးစား





မယ်ဆိုလို့ ပြောရတာလားဟင်၊ စေ့စပ်ပေးမယ်ဆိုရင်လည်း မောင်လက်ခံလိုက်ပါ၊ လွန်းနားလည်ပေးပါမယ်။ လွန်းတို့ရဲ. . ."

"အဲဒါကြောင့် မဟုတ်ဘူး"

"ဒါဖြင့်. . . ဒါဖြင့် လွန်းနဲ့သဘောမတူဘူးလို့ ပြောလို့လား မောင်‚ ဟင်"

ရုတ်တရက် မောင့်အသံတိတ်သွားလေ၏။ မှန်ပြီထင်ပါရဲ့၊ ဒါကိုကြိုသိနေရင် လွန်းကို ဘာကြောင့်များ မောင်ဖွင့်ပြောခဲ့တာလဲကွယ်။ အချစ်ဆိုတာက ချိုမြိန်တဲ့သစ်သီးမျိုးမဟုတ်ဘဲ နှလုံးကို သွေးစီးစေမယ့် ဆူးတစ်ချောင်းလို သဘောသက်ရောက်အောင်လို့ မောင် ဘာကြောင့်ဖန်တီးပေးခဲ့ပါသလဲ။

"ကိုယ်ပြောခဲ့ပြီးပြီ လွန်းနန္ဒာ၊ ဒီနေ့ကစပြီး ကိုယ်တို့အဖြစ်အပျက်ကို လုံးဝဖျောက်ဖျက်လိုက်ပါ. . . ကိုယ့်နာမည်ကိုလည်း မေ့လိုက်ပါလို့ပြောပါရစေ"

လွယ်လိုက်တာ၊ လောကမှာ မှတ်ရတာလွယ်ပြီး မေ့ရတဲ့အရာက အခက်ခဲဆုံးဆိုတာကို မောင်သိရဲ့သားနဲ့ကွယ်။ ဘာကြောင့် အခုလိုခပ်ပေါ့ပေါ့လေး ပြောရက်တာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း, မောင့်ကိုမေ့ဖို့ လွန်းချစ်ခဲ့တာမှမဟုတ်တာ။ မောင့်ကိုမုန်းဖို့ လွန်းခေါင်းညိတ်အဖြေပေးခဲ့တာ မဟုတ်ဘူး"

". . ."

"မောင်, လွန်းကိုလက်ထပ်ပါလို့ လွန်း အတင်းအကျပ် မတောင်းဆိုပါဘူးမောင်၊ စောင့်ပါဆိုရင်လည်း နောက်ထပ် အနှစ် (၂၀)ကျော်အထိ လွန်း,စောင့်နိုင်ပါတယ်။ လွန်းကို. . . လွန်းကို ဒီလိုတော့ ရက်ရက်စက်စက်. . . ရက်ရက်စက်စက်ကြီး မပြော လိုက်ပါနဲ့"

ရှိုက်သံက လေထဲလွင့်သွားလေ၏။ လွန်းရဲ့မျက်ရည် တွေကို မမြင်ချင်ဘူးဆို၊ ဒီစကားကိုပြောခဲ့ပါလျက် လွန်းရဲ့မျက် နှာကိုတောင် တစ်ချက်ကလေးမှ မကြည့်တော့ပါလား။ ဒီလောက် ထိ ခါးသည်းစွာ ဥပေက္ခာပြုရက်ပြီလားကွယ်။

"ကိုယ့်မှာ ပြောစရာဘာမှမကျန်တော့ဘူး လွန်းနန္ဒာ။ ကိုယ်တို့ ဒီမှာပဲ ဇာတ်သိမ်းလိုက်ကြပါစို့"

"မောင့်မှာ ဘာရည်ရွယ်ချက်များရှိခဲ့လဲ။ လွန်းရဲ့မာန ကို ရိုက်ချိုးချင်လို့ အခုလိုဇာတ်လမ်းဆင်ခဲ့တာလား"





"ထင်ချင်သလိုသာ ထင်လိုက်ပါ"

"မောင်"

"မင်းကို ကိုယ်မေ့လိုက်ပါ့မယ် လွန်းနန္ဒာ. . . ဒါပါပဲ။ နောက်ကို လမ်းမှာ မတော်တဆဆုံခဲ့ရင်တောင် နှုတ်မဆက်ဖြစ် ဖို့ ဆင်ခြင်ပေးပါ။ ကိုယ် အရင်ဆုံးပြန်ပြီ လွန်းနန္ဒာ"

ကျောခိုင်းချေပြီပဲ။ တကယ့်ကို လှည့်မကြည့်ဘဲ ထား ရစ်ခဲ့တာပါလေ။ တစ်ချက်လေးတောင် ငဲ့မကြည့်တော့ဘူးလား။ ဒီမှာ ရင်ဟက်တကွဲကွဲနေတဲ့ကောင်မလေးကို ငဲ့ညှာသနားတဲ့ ဂရုဏာစိတ်လေးတောင် တစ်စက်ကလေးမျှ မရှိတော့တဲ့အဖြစ် ပါပဲ။

"မောင်"

မကြားတော့ပါ။ နှုတ်ဖျားကအသံပင် မထွက်တော့ပြီ ပဲ။ ကန့်ဘောင်လှေကားထစ်တို့ကို မှန်မှန်နင်းလျက် ဆင်းသွား သည့် မောင့်ကျောပြင်က အမြင်မှာ ဝေဝါးသွားလေ၏။ အခုချိန် မှာ လွန်းရဲ့နှလုံးသားဟာ မောင် အငြိုးတကြီးနင်းချေနေတဲ့ အဲ ဒီလှေကားထစ်တွေနဲ့အတူတူဖြစ်နေတာကို မောင်သိပါရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com

ရှိုက်သံဖြင့် ထိုင်ချလိုက်မိစဉ် တစ်ဖက်ကန်စောင်းရှိ Canteen ထဲမှ သီချင်းသံက ဆူညံပေါက်ကွဲလျက် ပေါ်ထွက်လွင့်ပျံလာလေသည်။

အတူလက်တွဲခဲ့တဲ့ချစ်သူ× × × အတူစွန့်စားခဲ့တဲ့ချစ်သူ × × × ယုံကြည်ချက်တို့ မြေမှာလဲပြို× × × အခုတော့ အားလုံးပဲ စွန့်လွှတ်ပြီလား× × ×

ကိုယ့်အိပ်မက်တွေ× × × မျှော်လင့်ခြင်းတွေ× × × ပြန်ရုပ်သိမ်းခဲ့တဲ့မင်းရဲ့ကတိတွေ× × × အပြစ်မတင်ရက်ပါ× × × ကြင်နာသူရေ× × ×

သွားမယ် မင်းမရှိတဲ့နေ့ရက်ထဲ× × × မင်းမရှိတဲ့လမ်းမထက်မှာ ရင်ဆိုင်မယ် တစ်ယောက်တည်း× × × ငါလေ နာကျင်စွာ ရှင်သန်မယ်× × × တို့နှစ်ယောက်ပြန်မဆုံတော့ဘူး× × × ဟိုး× × ×

ဟိုမှာ တို့နှစ်ယောက်ရဲ့လမ်းခွဲလေး× × × မေ့နိုင်ရန်ကြိုးစားဖို့အတွက် ခက်နေပြီလေ× × × ဟိုမှာ တို့နှစ်ယောက်ရဲ့လမ်းခွဲလေး နောက်ထပ်ပြန်မလာတော့ဘူး× × × ဟိုး× × ×

ရွှေပဒေသာစာပေ



သွားမယ် မင်းမရှိတဲ့နေ့ရက်ထဲ× × × မင်းမရှိတဲ့လမ်းမတွေထက်× × × သွားတော့မယ် တစ်ယောက်တည်း× × × ငါလေ နာကျင်စွာရှင်သန်မယ်× × × တို့နှစ်ယောက်ပြန်မဆုံတော့ဘူး× × ×

အတူလက်တွဲခဲ့တဲ့ချစ်သူ× × × အတူစွန့်စားခဲ့တဲ့ချစ်သူ × × × ကိုယ့်ရဲ့အနားမှာ အမြဲရှိသူ× × ×

ရေဆန်လမ်း မုန်တိုင်းထဲမှာ× × × ရင်ဆိုင်ဖို့ နောက်ဆုတ်သွားပြီ× × × လမ်းတစ်ဝက်အရောက်မှာ× × × နှင်ထားခဲ့တော့မလားလေ× × ×

မင်းအချစ်တွေ× × × ဒီအချိန်ပြောင်းလဲနေပြီလား× × × ယုံကြည်ချက်တို့ မြေမှာလဲပြို× × × အခုတော့ အားလုံးပဲ စွန့်လွှတ်ပြီလား× × ×

ကိုယ့်အိပ်မက်တွေ× × × မျှော်လင့်ခြင်းတွေ× × × ပြန်ရုပ်သိမ်းခဲ့တဲ့မင်းကတိတွေ× × × အပြစ်မတင်ရက်ပါ× × × ကြင်နာသူရေ× × × ဟေး× × × ဟေ့× × ×

သွားမယ် မင်းမရှိတဲ့နေ့ရက်ထဲ× × × မင်းမရှိတဲ့လမ်းမ

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com

တွေထက်× × × သွားတော့မယ် တစ်ယောက်တည်း× × × ငါလေ နာကျင်စွာရှင်သန်မယ်× × × တို့နှစ်ယောက်ပြန်မဆုံတော့ဘူး× × ×

ဟိုမှာ တို့နှစ်ယောက်ရဲ့လမ်းခွဲလေး× × × မေ့နိုင်ရန် ကြိုးစားဖို့အတွက် ခက်နေပြီလေ× × × ဟိုမှာ တို့နှစ်ယောက်ရဲ့ လမ်းခွဲလေး နောက်ထပ်ပြန်မလာတော့ဘူး× × × ဟိုး× × ×

သွားမယ် မင်းမရှိတဲ့နေ့ရက်ထဲ× × × မင်းမရှိတဲ့လမ်းစ တွေထက်× × × သွားတော့မယ် တစ်ယောက်တည်း× × × ငါလေ နာကျင်စွာရှင်သန်မယ်× × × တို့နှစ်ယောက်ပြန်မဆုံတော့ဘူး× × ×

ဟိုမှာ တို့နှစ်ယောက်ရဲ့လမ်းခွဲလေး× × × မေ့နိုင်ရန် ကြိုးစားဖို့အတွက် ခက်နေပြီလေ× × × ဟိုမှာ တို့နှစ်ယောက်ရဲ့ လမ်းခွဲလေး နောက်ထပ်ပြန်မလာတော့ဘူး× × × ဟိုး× × ×

သွားမယ် မင်းမရှိတဲ့နေ့ရက်ထဲ× × × မင်းမရှိတဲ့လမ်းစ တွေထက်× × × သွားတော့မယ် တစ်ယောက်တည်း× × × ငါလေ နာကျင်စွာရှင်သန်မယ်× × × တို့နှစ်ယောက်ပြန်မဆုံတော့





ဘူး× × ×

နောက်တစ်ခါ တိုပြန်မဆုံနိုင်တာ× × × အသည်းမှာ သိနေပြီကွာ× × × ဟူဟူဟူး× × ×

ရှိက်ကြီးတငင်ဖြင့် ကန်ဘောင်အပေါ်မှ ပြေးဆင်းခဲ့ ၍ ကားလမ်းထက်ရောက်စဉ် ရိပ်ခနဲဝင်လာသည့်ကားတစ်စင်းကဲ့ မြင်ပြီးနောက် ကမ္ဘာကြီးတစ်ခုလုံး မှောင်မည်းသွားသည်ကိုသာ နောက်ဆုံးသိခဲ့လေ၏။

❒❒❒



www.burmeseclassic.com

www.burmeseclassic.com


# အပိုင်း (၃)

**Forget it !**

မေ့လိုက်စမ်းပါ !



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

အသက်ရှူရန်ပင် မေ့လျော့နေမိပါသည်။ ဟိုတစ်ချိန်က တရင်းတနှီးရှိခဲ့သည့်လူတစ်ယောက်ကို မထင်မှတ်တဲ့အချိန်၊ မထင်မှတ်တဲ့နေရာမှာ အမှတ်တမဲ့တွေ့လိုက်ရတာမို့ မင်းသက် ကြည့်နေစဉ် သူက ဖျတ်ခနဲပြုံးလိုက်လေသည်။

ဒီအပြုံးပေါ့၊ မြန်မာပြည်မှာ တစ်ဦးတစ်ယောက်သာ ပြုံးတတ်လေ့ရှိသည့် နှုတ်ခမ်းတစ်ခြမ်းလေး တွန့်ရုံသာ ရှားရှား ပါးပါးပြုံးတတ်တာဆို၍ 'ရုပ်ရှင်မင်းသားကျော်သူ'တစ်ဦးသာ ရှိ ပါသည်။ အဲဒီတုန်းက ဦးကျော်သူကို အနီးကပ်တွေ့ခွင့်ရခဲ့တာမို့



www.burmeseclassic.com

www.burmeseclassic.com



မှတ်မိခဲ့တာပင်။

လွန်းနှင့်ချို Second year ကျူရှင် သွားတက်တာ 'ဆူးလေ'ရှိ ဆရာဦးမြင့်သိန်းဆီမှာပါ။ Section တွေများလို့ လွန်း တို့ Major ဆရာက 'ဘုရင်'ရုပ်ရှင်ရုံနောက်က Class ကို လို့ သွားတက်ကြတော့ Shooting ထွက်ခါနီး 'မင်းသားကြီး' (တေသားကြီး)လက်ဖက်ရည်ဆိုင်မှ ထွက်လာသည့် ဦးကျော်ရ နှင့် တန်းတိုးခဲ့တာလေ။

ချိုက မမြင်လိုက်ပေမယ့် လွန်းကတော့ လွန်းသိပ်နှ မြိုက်သည့်မင်းသားကို ပြုံးပြမိရာ ရည်မွန်စွာ ပြန်ပြုံးပြလိုက်သည့် ဦးကျော်သူ့အပြုံးကြောင့် ယနေ့တိုင် အမှတ်ရနေခဲ့တာပင်။

ဒါကြောင့် သူနှင့်စဆုံစဉ် ဤသို့ပြုံးတတ်သည့်အပြုံး ကို အမှတ်တမဲ့မှတ်မိပြီး သိနေခဲ့ရတာပါလေ။ ကြာတော့ ခဲ့ပါပြီ။ သို့သော် မမေ့နိုင်ခဲ့တာ အမှန်ပါပဲ။

"ဘယ်လိုလဲ မန်နေဂျာရဲ့ ဖြစ်နေတဲ့ပြဿနာကို ရှင်းမပေးဘဲ ဒီလိုပဲရပ်ကြည့်နေတော့မှာလား"

သူ့စကားသံကြောင့် လက်ရှိပစ္စက္ခနေရာကို စိတ်က မှ





ချည်းပြန်ရောက်လာရပါ၏။ သတိ! လွန်းနန္ဒာ၊ အရင်လို ဆယ် ကျော်သက်နှလုံးသားနဲ့ အရူးထရင်ခုန်ဖို့ စိတ်များ မကူးလိုက်မိ စေနဲ့။ ပြဿနာတွေ အကြီးကြီးတက်ကုန်တော့မှာလေ။

"လူကြီးမင်း ဘာပြောချင်ပါသလဲ"

"ဒီလိုဖြစ်ရမှာပေါ့"

အသံက မတုန်ပေမယ့် တိုးသက်နေတာတော့ အမှန် ပါ။ ပျော့လှချည်လား လွန်းနန္ဒာ၊ ဝန်ထမ်းတွေအပေါ်မှာတော့ ပြတ်ပြတ်သားသား မာမာထန်ထန်ဆက်ဆံပြောဆိုတတ်ပါလျက် အခုဘာယ်လိုဖြစ်နေပါသလဲ။

"မင်းတို့ Hotel ရဲ့ရှေ့ရေအေးစနစ်က လုံးဝမကောင်း ဘူး၊ ပြီးတော့ အခန်းထဲလွှတ်တဲ့ Aircon ကအစ System ညံ့တယ်၊ လိုသလောက်အပူကို ထိန်းလို့မရဘဲ အခန်းက အေး မနေဘူး။ နောက်တစ်ခုက ရေသန့်ထည့်ပေးတဲ့တံဆိပ်, အဲဒီ အမျိုးအစားလုံးဝမကြိုက်ဘူး။ နောက်ထပ်ပြောချင်တာ Refri- gerator ထဲထည့်ပေးတဲ့သစ်သီးတွေ မလတ်တာ။ ပြီးတော့ Coffeemix သုံးလေးမျိုး ထည့်ပေးတာ. . . ကိုယ်က Tea ပဲ



www.burmeseclassic.com

www.burmeseclassic.com



သောက်တတ်တော့ အလကားပဲ''

ငါနော်, အားကုန်အော်ထည့်လိုက်ရ၊ မှန်တံခါးကနေ Hotel အောက်ကို လွှင့်ကျသွားတော့မှာပဲ။ ဒီလောက် အူများ ချေးခါးနေရင် ဒီ့ထက်မြင့်တဲ့ Five Stars Hotel တွေမှာ သွားတည်းပါတော့လား။ ဘာလို့ ဒီမှာလာတည်းရသလဲ။

သို့သော် လွှမ်း,တာဝန်ယူထားတဲ့ Hotel ကနေ ဧည့်သည်က Complain တက်ပြီး တခြား Hotel ကိုပြောင်းပါက ဦးကျော်ကို ဖြေရှင်းလို့မရတဲ့အခြေအနေကို ရောက်သွားတော့မှာကိုး။

သည်းခံ, လွှမ်းနန္ဒာ. . . သည်းခံ၊ အခြေအနေနဲ့ အချိန်အခါကိုလိုက်ပြီး လိုက်လျောညီထွေမနေတတ်ရင် 'အသုံးမကျဘူး'ဆိုတဲ့ နှိပ်ကွပ်သံကို ဦးကျော်ပြောတာ ခံရမှာ မလွဲမသွေပါလေ။

''လူကြီးမင်းက ဘယ်နိုင်ငံက ရောက်လာပါသလဲ''

ကဲ, မှတ်ထား! မြန်မာပြည်မှာမွေး၊ မြန်မာပြည်မှာ နေထိုင်ကြီးပြင်းခဲ့ပါလျက် ဒီနိုင်ငံကို ပူတယ်လို့ အပြစ်တင်ပြီး ကျေး





ဇူးကန်းတဲ့လူကို ဒီလိုမေးမိတာလေ။

ဟော, ပြုံးပြန်ပါပြီ။ ဒီအပြုံးမှာ ပျော်ဝင်ခဲ့ဖူးတဲ့ကောင်လေးကို ဒီအရွယ်ရောက်ချိန်မှာ ထပ်ပြုံးစားချင်ပြန်ပြီလား။ မရတော့ဘူး ဦးမိုးယံပိုင်. . . ကျွန်မက အသက်နှစ်ဆယ်အရွယ် လွှမ်းနန္ဒာအောင်မှ မဟုတ်တော့တာလေ။

''မေးခွန်းက တယ်လှပါလား၊ Guest တွေရဲ့ဆန္ဒကိုသာ မင်းတို့ Hotel တာဝန်ခံတွေ လုပ်ပေးရမှာမဟုတ်လား, ဒေါ်. . .''

နာမည်ခေါ်ရန် ပြင်လိုက်ပြီးမှ ဆက်မခေါ်ဘဲ လွှမ်းရင်ဘတ်ထက်ရှိ Name Brooch ကို တမင်ကြည့်လိုက်တာမို့ လွှမ်းမျက်နှာ နွေးခနဲပူသွားရပါ၏။ သိသိကြီးနဲ့ သူ တမင်တကာချိုးတဲ့အချိုးပါပဲလား။

''လွှမ်းနန္ဒာအောင်''

နောက်မှာရပ်နေသည့်သဲစုထံမှ ခပ်တိုးတိုးချောင်းဟန့်သံ ထွက်လာပါ၏။ သတိပေးပြီပေါ့၊ လွှမ်းက ဒီဧည့်သည်ရှေ့မှာ မှုန်တဲ့ဟန်ပန်အမူအရာကို မနည်းကြီးထိန်းချုပ်နေရတာလေ။



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးမင်း ဖြစ်ချင်တာမှန်သမျှ အားလုံးဖြည့်ဆည်းပေးပါ့မယ်။ ဒီအခန်းမနှစ်သက်ရင်လည်း နောက်အခန်းတွေကို ပြောင်းပေးလို့ရပါတယ်ရှင်။ ဒီရာသီမှာ ညွှန့်သည်ပါးသေးတာမို့ အခန်းပိုတွေ ရှိနေလို့ပါ"

"No, No...ကိုယ်က တမင် ဒီ Hotel ဒီအခန်းကို ယူလိုက်တာပါ။ အခန်းမပြောနဲ့. . . ဒီ Hotel ကနေ ပြောင်းဖို့ လုံးဝစိတ်ကူးမရှိပါဘူး"

တောက်! ကြည့်စမ်း. . . ဒါ တမင်ကြံစည်ချင်တဲ့စိတ်နဲ့ ရောက်လာခဲ့တာပေါ့လေ။ ဘယ်ကနေ ဘယ်လို ဒီအခန်းရဲ့ နံပါတ်ကို သူသိနေပါလိမ့်။ လွှမ်းတို့ Hotel ထဲကနေ ဒီသတင်းကို ပို့ပေးသူတစ်ဦးဦးတော့ ရှိမှာသေချာပြီထင်ပါရဲ့။

"လူကြီးမင်း ဒီအခန်းကရွှေ့ပေးမှ ဒီကစက်ပစ္စည်းတွေကို စစ်ဆေးပြီး ပြင်ဆင်ပေးလို့ရမှာပါ"

"သိတယ်လေ, ကိုယ် ရှိနေတုန်း ပြင်ပေးလည်း ဖြစ်တာပဲဟာ၊ အဲဒါမှ ပိုစိတ်ချရတာပေါ့။ မဟုတ်ဘူးလား. . . No Problem!"





တွေ့လား. . . ဘယ်လောက် ကပ်ဖိုးကပ်ဖဲ့နိုင်တဲ့လူပါလဲ။ တမင်သက်သက်ကြီးကို ပြဿနာရှာနေတာလေ။ ဒီအခန်းမှာ ပြဿနာပေါ်တိုင်း လွှမ်းကိုယ်တိုင် ရှင်းပေးရတာ အမြဲပါပဲ။ လွှမ်း,ရှင်းပေးမှပဲ ပြီးပြတ်လေ့ရှိတာကိုး။

အခုလည်း သူ တမင်ကျိုးကျောင်းကျနေတာကို သေချာစောင့်ကြည့်ရမှာမို့ ဒီအခန်းမှာ လွှမ်းရှိနေရဦးမှာလေ။ ကောင်းပြီ, ဦးမိုးယံပိုင်၊ ရှင်နဲ့ကျွန်မ ဘယ်သူက ခေါင်းပိုမာသလဲဆိုတာကို ဆက်ကြည့်လိုက်ကြတာပေါ့။

**'လူ'ဆိုတာ အတ္တနဲ့ဖွဲ့စည်းတည်ဆောက်ထားတဲ့အနိုင်အခဲတစ်ခုပဲ...အဲဒီအတ္တကြောင့်ပဲ 'လောဘ'ဆိုတာတွေဖြစ်လာတာ...ဒီလောဘကြောင့် တစ်ဦးတစ်ယောက်ကိုပိုင်ဆိုင်ချင်စိတ်ဖြစ်လာတာပဲ... ဒါကြောင့် လောဘစိတ်ကိုထိန်းမလား...စိတ်စေရာအတိုင်း တစ်ခွတ်ထိုးလုပ်ချင်သလား...စဉ်းစား...**

ဟုတ်တယ်၊ လွှမ်းမှာ အဲဒီအတ္တတွေ ရှိခဲ့လို့ အချစ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တာ အကြောင်းပြုပြီး သူ့ကိုပိုင်ဆိုင်ချင်စိတ် ဖြစ်ခဲ့ရတာလေ။ တကယ့်ကို အရှုံးတစ်ပိုင်းနဲ့ အနာဂတ်ပျောက်ခဲ့တာကို မေ့မရခဲ့ပါဘူး။

ဦးကျော်ရဲ့ကားနဲ့ တိုက်မိမလိုဖြစ်ပြီး ဆေးရုံကိုရောက်ခဲ့တာ, ရင်းနှီးခဲ့မိတာ, ဖေးမကူညီခွင့်ရခဲ့တာတွေဟာ ကြိုတင်စီစဉ်ပေးထားသလို အလိုက်တသင့် အဆင်ပြေပြေဖြစ်လာခဲ့တာဘာကြောင့်လဲ။

'ကံကြမ္မာ'လို့ အမည်တပ်ခွင့်ရရင်တော့ လွန်းရဲ့ကမ္ဘာထဲမှာ ဦးကျော်ကလွဲပြီး သူရှိမနေတော့တာ အသေအချာပါလေ။

"သဲစု"

"ရှင်, မမ"

"Hotel Service Group ကို အကြောင်းကြားလိုက်ပါ၊ Electrical Staff တွေ အကုန်အစုံပါပါလေ့စေ။ နားလည်လား"

"ဟုတ်ကဲ့ပါ မမ"

"ပြီးရင် ဒီ Room အတွက် House Keeper ကို





Minu List နဲ့ လာခဲ့ဖို့ပြောလိုက်။ Sample တွေ ယူမလာနဲ့ဦး၊ သွားလို့ရပြီ"

"ဟုတ်"

သဲစု ထွက်သွားပြီးမှ အခန်းထဲမှာ သူနှင့်လွန်းသာ ကျန်ရစ်ခဲ့ပါ၏။ ကဲ, လွတ်လပ်ပြီ မိုးယံပိုင်၊ ရှင်ရှာချင်တဲ့ပြဿနာကို နှစ်ယောက်တည်းရှိချိန်မှာ စိတ်ကြိုက်ရှာပေတော့။ ဒါပေမဲ့ လိုအပ်တာထက် ပိုလာရင်တော့ ရှင့်ကို ဒီနေရာမှာပဲ ကိုင်ပေါက်ချလိုက်ဖို့ ဝန်မလေးဘူးဆိုတာကိုတော့ ရှင်ကြိုသိထားပါလေ။

"တော်တော်အလုပ်များနေတာပေါ့နော်"

တွေ့လား. . . ထင်တဲ့အတိုင်းပဲ၊ သူ စကားစရှာပြီလေ။ ဒီလိုမျိုးရမလား ဦးမိုးယံပိုင်။ ရှင် အသက်သာကြီးလာတာ စိတ်ထားကတော့ ခုထိ သူငယ်နာ,မစင်သေးပါလား။

"မင်းရဲ့သတင်းက ကိုယ်တို့လောကမှာ အတော်လေး မွှေးပျံ့နေပါလား နန္ဒာရဲ့။ ဘယ်လိုလဲ, ဟိုတလောက 'မိုးကုတ်တာဝါ'ပိုင်ရှင်ရဲ့သား, ဆရာဝန်လေးနဲ့ သတင်းသဲ့သဲ့ထွက်လာသေးတာလေ။ ရင်ခုန်ဖက်အသစ်လေး တွေ့ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



တောက်! . . . စော်ကားလိုက်တာ၊ လွန်းကိုများ ဟိုလူ ဒီလူနဲ့ လိုက်စရတယ်လို့။ နေပါဦး, လွန်းရဲ့အတွင်းသတင်းတွေ သူ ဘယ်ကနေဘယ်လို သိနေရတာပါလိမ့်။ ဤမှုအတွင်းကျကျ တိနေတာတော့ မရှိဘူးဘဲ။ ဘယ်လိုလူပါလိမ့်နော်။

"ကိုယ့်ကို စကားတောင် မပြောချင်တဲ့သဘောလား"

"Personal affair (ကိုယ်ရေးကိုယ်တာကိစ္စ) တွေ ရှင်နဲ့ပြောစရာ ဘာအကြောင်းမှမရှိဘူး"

"Are you sure! "

ခုံမှာထိုင်နေရာမှ ထရပ်ပြီး လွန်းမျက်နှာကို လိုက်ကြည့်နေတာကြောင့် ခြေလှမ်းကို နှစ်လှမ်းမျှနောက်ဆုတ်လိုက်မိပါ၏။ သတိသာ ထားပေတော့ လွန်းနန္ဒာအောင်ရေ့။ နင့်ကိုဒုက္ခပေးမယ့် အရှုပ်ထုပ်တော့ နင်နဲ့အနီးဆုံးကို ရောက်နေပြီလေ။

"ဟိုတုန်းကလိုပဲ ကိုယ့်ရင်ခုန်သံတွေ လတ်လတ်ဆတ်ဆတ် အခုန်မြန်နေတုန်းပဲဆိုတာ မင်းသိရဲ့လား"

ဒေါသက ထောင်းခနဲဖြစ်လေ၏။ မျက်ခုံးတစ်ဖက်ပင့်ပြီး ထီမထင်ဟန်ဖြင့် ပြောနေသည့်သူ့မျက်နှာကို ရိုက်ချချင်လိုက်





တာ မပြောပါနဲ့တော့။ တောက်! ငါနော်, Action ကားတွေထဲကလို စိတ်ရှိလက်ရှိနှက်လိုက်လို့ မျက်လုံးတွေပါထွက်ပြီး တစ်စစီဖြစ်ကုန်တော့မှာပဲ။

"အားပါးပါး. . . မင်းမျက်လုံးက ဘယ်လို Colour ပြောင်းကုန်တာလဲ နန္ဒာရဲ့။ မင်းလည်း ပုတ်သင်ညိုကောင်လို အရောင်ပြောင်းတတ်တာကိုး။ ကြည့်ပါဦး. . . ဟိုးတုန်းက ပုံရိပ်တွေ မင်းကိုယ်ပေါ်မှာ ဘာတစ်ခုမှကျန်မနေတော့ပါလား။ အံ့ဩစရာပဲ"

ရိုတာပေါ့လေ၊ ပုံစံက လုပ်ငန်းရှင်ကြီးနှယ် (အရင်ထက်ပိုပြီး) သားနားစိုပြည်လာပါလျက် စိတ်ကတော့ဖြင့် အရင်လိုပဲ အရင်အတိုင်းပါပဲလား။

**ဦးနှောက်ဆိုတာ ဆုံးဖြတ်ချက်မှန်အောင် ချနိုင်ဖို့ ပါလာခဲ့တာ...နှလုံးသားက အမိန့်ပေးတာကို ခေါင်းညိတ်လက်ခံပြီး လိုက်လုပ်ပေးရမယ့်အခိုင်းအစေမဟုတ်ဘူး...**

ဟုတ်တယ်, ခုချိန်မှာ စိတ်လှုပ်ရှားပြီး လန့်နေရမယ့်



www.burmeseclassic.com

www.burmeseclassic.com



အချိန်မဟုတ်ဘူး။ ဦးနှောက်နဲ့ဆုံးဖြတ်ပြီး မြန်မြန်သွားဖို့ကသာ အဓိကကျတာမဟုတ်လား။

''မဆိုင်တာတွေ မပြောပါနဲ့ရှင့်။ လူကြီးမင်းရဲ့အဆင့် အတန်းကို ဒီနည်းနဲ့သိအောင်မလုပ်ပါနဲ့လို့ မေတ္တာရပ်ခံပါရစေ''

ကြည့်! နှုတ်ခမ်းတွန့်ပြီး ပြုံးပြန်ချေပြီ။ ဘယ်လောက် များ အမြင်ကပ်ဖို့ကောင်းလိုက်ပါသလဲ။ မကြည့်သလိုကြည့်လိုက် သည့် လွှန်းမျက်လုံးကို စိုက်ကြည့်နေပုံက စိတ်အေးလက်အေး ပုံစံနှယ်ပင်။

''အရင်ထက်ပိုပြီး ဒေါသကြီးလာသလိုပဲနော်''

''ဦးမိုးယံပိုင်''

ချပ်ခနဲတံခါးဖွင့်ဝင်လိုက်တာက သဲစုမို့ တော်ပါသေးရဲ့ သို့သော် သဲစုနောက်မှာ ပါလာသည့် Staff တွေကြောင့် လွှ တစ်ကိုယ်လုံး ထူပူသွားရလေ၏။ ကြည့်ပါဦး၊ Hotel မန်နေဂျာ ညေ့်သည်ကို အကျယ်ကြီးအော်နေတဲ့အဖြစ်နဲ့မှ လာကြုံရတယ် လို့။ ပြီးသဒါးပဲ လွှန်းနန္ဒာအောင်. . .

❐❐❐



## အခန်း (၂၁)

''မမ, သဲတို့ရောက်ပါပြီ''

''Engineer တွေ ပါရဲ့လား''

''ကျွန်တော်တို့ပါ မမ''

''ဒီအခန်းထဲက လျှပ်စစ်စနစ်မှန်သမျှ အကုန်အားလုံး စေ့စေ့စပ်စပ်စစ်ဆေးပြီး ပြင်သင့်လဲသင့်တာတွေ လုပ်ပါ။ Bath room ထဲကိုလည်း သေချာစစ်, ဘာမှပြန်မကြည့်ရပါစေနဲ့''

''ဟုတ်ကဲ့''

''သွားကြတော့၊ House Keeper ဘယ်မှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"သမီးပါ မမ"

"ဒီနေ့ဝေတဲ့ Fruit Cost ရော, Pure Water အ
တွေ အားလုံးပါလာရဲ့လား"

"ဟုတ်ကဲ့, ပါလာပါတယ်မမ"

"အဲဒါတွေ သူ့ကိုသွားရှတ်ပြလိုက်၊ သူ့စိတ်ကြိုး
လာပို့ချေ့ သွား။ သဲစု. . ."

"ရှင်, မမ"

"ငါ ဒီနေ့စောစောပြန်မယ်၊ လိုက်ပို့စရာမလိုဘူး"

"ဟင်! ဒါတော့မဖြစ်ဘူးနော်၊ သဲကို အန်ကယ်

"ဆူလည်း ခံလိုက်၊ အဆူခံရလို့ သေမသွားဘူး

မှတ်ရော! သဲစုကို ခွကျကျပြောလိုက်ပြီး (101)
ထဲမှ ထွက်လာခဲ့၏။ ရာလိုက်စမ်း. . . ပြဿနာ၊ ရှင်ကဲ
အပေါက်ရှာပြီး ပြဿနာမဖြစ်ဖြစ်အောင် ရှာနိုင်မလား
ကပဲ မလျှော့တမ်းဖွဲ့နဲ့ ရှင်းပေးနိုင်မလားဆိုတာ စောင့်ကြည့်
ကြတာပေါ့လေ။

ရုံးခန်းထဲရောက်စဉ် ရုံး Phone မြည်လာတာ





ဆတ်ခနဲကောက်ကိုင်လိုက်ရပါ၏။ ဒီ Phone ကိုဆက်ရင် ကိုကို
ပဲ ဖြစ်တတ်တာလေ။

"ဟဲလို"

"လေသံကလည်း မာတောင့်နေတာပဲ။ ဒါလား Ho-
tel မန်နေဂျာ"

"ဘာ!"

"မင်း, ကိုယ့်ကို ဒီလိုပစ္စလက်ခတ် ထားခဲ့လို့ရမယ်
ထင်နေသလား။ ကိုယ်က သာမန် Guest မဟုတ်ဘူးနော်။ ဒါ
ကို မင်းသိထားပါ"

"ရှင်. . . ရှင်, တော်ရုံပဲ နှောက်ယှက်ပါရှင့်"

Phone က ဂွပ်ခနဲကျသွားချေပြီ။ တောက်! ငါနော်,
ဒင်းကို အမှန်သာ ချေပစ်လိုက်ချင်တော့တာပါပဲ။ ဘယ်ဂြိုဟ်က
နေ ရောက်လာတဲ့ဂြိုဟ်ဆိုးပါလိမ့်နော်။

"မမ, Phone!"

"ဘယ်သူလဲ"

"ကိုညီနန္ဒအောင်"



www.burmeseclassic.com

www.burmeseclassic.com



သဲစု ရောက်လာပြီး. . . ကမ်းပေးလိုက်သည့် Ha Phone ဖွင့်ကိုင်လိုက်ရ၏။ မျှော်နေတဲ့ Phone ကဖြင့် မဆ ဘဲ Hone Phone ကမှ လာဆက်ရတယ်လို့ ကိုကိုရယ်။

“ဟယ်လို”

“ညီမလေး, အဆင်ပြေရဲ့လား”

မပြေဘူး. . . မပြေတာမှ လုံးဝဥဿုံကြီးကို အဆ မပြေတာ ကိုကိုရေ။ ပြောချလိုက်ချင်ပေမယ့် နောက်ဆက် မေးခွန်းတွေ ထပ်ထွက်လာရင် ဘယ်လိုဖြေရမည်မှန်းမသိ တဲ့တွေးကိုသာ ဂလုခနဲ မျိုချလိုက်ရလေ၏။ ဒေါသတွေအား ပါ ရောပြီးတော့ပေါ့လေ။

“အဆင်ပြေတဲ့လေသံကလည်း ညှောင်နာနာနဲ့ နေသလိုပါပဲလား”

“ဒီလိုပါပဲ”

“နှလုံးသက်သာရဲ့လား။ ခြေလက်တွေရော ကိုက် ပဲလား”

မသက်သာဘူး။ ခေါင်းကနေ ခြေထောက်အထိ





တွေပါမကျန် အကုန်ကိုက်ခဲနေတာ ကိုကိုဖြင့် မသိဘဲနဲ့များ။ လည်းမေးတတ်ပါရဲ့။ မျက်နှာကိုပါ ရှုံ့လိုက်မိလေ၏။

“ဒီလိုပဲ”

“ဟာ. . . ဘာအဖြေကြီးလဲကွ။ ကိုကိုက ညနေ, လေး ဆီမှာပဲ ဆုံမယ်လို့ Phone ကြိုဆက်ရင်း မေးနေတာကို။ ကောင်းကောင်းဖြေမှပေါ့”

“လွှန်း ဘာမှမဖြစ်ပါဘူးကိုကိုရဲ့။ အလုပ်နည်းနည်း နေလို့ပါ”

“အစစအရာရာ လိုက်လုပ်ပေးမနေနဲ့လေ။ ဆိုင်ရာဆိုင် လူတွေနဲ့ လွှဲပေးမှပေါ့။ လေးလေးက နင့်ဖို့ Secretary ခန့် အားပေးတယ်မဟုတ်လား။ နင်ပင်ပန်းမှာစိုးလို့ စီစဉ်ပေးထား အကို နေသာအောင် နေမှပေါ့”

“အဲဒီချာတိတ်မက ဘာ Power ရှိလို့လဲ ကိုကိုရဲ့။ န်ထမ်းအားလုံးက လွှန်းကိုပဲရှိန်ပြီး ကြောက်ကြတာ။ သူ့လို ညှောင်နာနာလေသံလေးနဲ့ပြောလို့ကဖြင့် ဘယ်သူမှ နာခံမယ် ဆင်”



www.burmeseclassic.com

www.burmeseclassic.com



ကိုကို ရယ်လေပြီ။ ဟုတ်တာပေါ့, လွန်းမှာ ဒီတစ်ခုလေး လုပ်နေပြီး ခေါင်းပူနေတာဆိုလို့ လျောင်ရယ်ခံရဖွယ်သာရှိတာလေ။ ကိုကိုလုပ်နေရတဲ့လုပ်ငန်းတွေကဖြင့် နေရာအနှံ့ စာရင်းအနှံ့၊ ဒါတောင် တစ်ချက်လေးမှ မညည်းဘဲ လွန်းကသာ မကြာခဏ နိုညည်းသလို ရေရွတ်ညည်းညူနေမိတာကိုး။ ရှက်ဖွယ်ကောင်းလေစွ။

"ငယ်သေးတာပဲ, နားလည်ပေးမှပေါ့"

"အင်းပါ"

"လေးလေး,မေးခိုင်းလို့ မေးတာ၊ ဒါကြောင့် ဒီညနေလေးလေးအိမ်မှာဆုံဖို့ စီစဉ်ပေးမလို့လေ"

ဦးကျော် မေးခိုင်းလို့တဲ့။ အဘယ်မျှချိုမြိန်တဲ့အသံလေးပါလဲ။ ရင်ထဲမှာ သိမ့်ခနဲနွေးပြီး စီးဆင်းသွားတဲ့အရသာမျိုး ခံစားဖူးကြပါရဲ့လား။ လွန်းက တကယ်ခံစားလိုက်ရတာလေ။ လွန်းပြောသားပဲ. . . လွန်းအပေါ်မှာ ဦးကျော် တကယ်သံယောဇဉ်ရှိတာပါဆိုမှ။

"လွန်း စောစောပြန်မှာပါ ကိုကိုရဲ့"

ရွှေပဒေသာစာပေ

"အေးအေး, ဒါဖြင့်လည်းပြီးရော"

Phone ချလိုက်စဉ် ရုံးခန်းတံခါးခေါက်သံ ပေါ်လာပြီး သူ့အခန်းထဲမှ Staff တွေ ရောက်လာလေ၏။ အဆင်မပြေ ဘူးထင်ပါရဲ့။ ဒင်းကတော့ စရောက်ကတည်းက မီးကိုမွှေး တော့တာပါဗဲလား။

"ပြော"

"Aircon ရော, Electricty ပါ ဘာမှမဖြစ်ပါဘူး။ အားလုံးကောင်းပါတယ် မမ။ Bathroom ထဲက Water cooler Pipe ကိုပဲ အသစ်လဲပေးလိုက်ရတာပါ"

"OK! မင်းတို့သွားနိုင်ပြီ၊ ဟိုကလေးမ, ရောက်စွဘာ တဲ့လဲ"

ကောင်မလေးမျက်နှာက ရဲနေပြီး ငိုမဲ့မဲ့ဖြစ်နေတာမို့ နှိုင်းရာလူမဲ့လိုက်ပြီမှန်း အတတ်သိလိုက်ပါ၏။ လုပ်ချလိုက်ပြန်ပြီလား ဦးမိုးယံပိုင်။

"သမီးကို. . . သမီးကို အော်လွှတ်လိုက်လို့"

"ဘာလို့အော်ရတာလဲ"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အသီးတွေက သူကြိုက်တဲ့အသီး မပါလို့တဲ့"

"သူက ဘာကြိုက်တယ်ပြောလဲ"

"ဖရဲသီးတဲ့"

သေလိုက်! ရာသီမဟုတ်တဲ့သစ်သီးကိုမှ တမင်ပြောရတယ်လို့။ နေဦးပေါ့လေ. . . ရှင်နဲ့ကျွန်မ တွေ့ကိုတွေ့ရဦးမှာပါပဲ။

"ရေကရော"

"ရေတွေကို အုန်းသီးနဲ့ရတယ်လို့ပြောပြီး သမီး ထည့်ထားလားဆိုပြီး မေးလို့"

"မင်းက မပြောလိုက်ဘူးလား။ အုန်းသီးထည့်မယ့်အစား ထည့်ချင်းထည့်ရင် အင်ဒရင်းပဲ ထည့်မှာလို့"

"ဟင်"

မျက်လုံးလေးကလယ်ကလယ်နှင့် လွှန်းကိုပြန်ကြည့်နေသည့်ကောင်မလေးကြောင့် ရယ်ရလည်းအခက်၊ စိတ်တိုရလည်း အခက်ပါလေ။ ဘုမသိဘမသိနဲ့ ဒီကလေးမ ကြားညပ်မှာတော့ မလိုလားပါချေ။





"ကဲ, ထားပါတော့၊ Tea mix ကရော ဘာတဲ့လဲ"

"အဲဒါကိုတော့ မမ, မမသိတယ်လို့ပြောလိုက်ပါတယ်ရှင့်"

"ဘာ!. . ."

သဲစုက အခြေအနေကိုသဘောပေါက်သွားပုံဖြင့် မျက်နှာလွှဲကာ ပြုံးနေချေပြီ။ တောက်! ဒင်းကတော့ တော်တော်မှဆော်တော်ကြီးကို ပြဿနာမီးတွန်းရှာနေတာပါပဲလား။ တွေ့ကြသေးတာပေါ့ ဦးမိုးယံပိုင်ရယ်။

ဆတ်ခနဲထရပ်လိုက်စဉ် သဲစုက အလန့်တကြားဖြင့်ကြားလိုက်လေသည်။

"မမ"

"ဘယ်သူမှလိုက်မလာနဲ့။ ဒင်းတော့လား"

တံခါးက စေ့ရုံစေ့ထားတာမို့ ဝုန်းခနဲတွန်းဖွင့်ကာ ဝင်လိုက်မိ၏။ သူက အေးအေးလူလူပုံစံဖြင့် ခုံမှာ ခြေချိတ်ထိုင်ပြီး လက်သည်းကို တံစဉ်းဖြင့် တိုက်နေလေသည်။ အတော့်ကိုသွေးအေးတဲ့လူပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ!"

"ကိုယ့်နာမည်ကို မင်းသိပြီးသားပါနော်"

"ရှင်မဆိုင်တာတွေ မပြောပါနဲ့လို့ ဒီလောက်သတိပေးထားရဲ့သားနဲ့ ဘာဖြစ်လို့ ကျွန်မဝန်ထမ်းတွေကို လျှောက်ပြောရတာလဲ"

"ကိုယ်ဘာပြောမိလို့လဲ၊ ပြောပါဦး"

"ရှင်ကြိုက်တဲ့ Tea mix ကို ကျွန်မသိတယ်ဆိုပြီး ပြောလိုက်တာလေ။ အဲဒါဘာသဘောလဲ"

သူက ဟက်ခနဲရယ်မောလိုက်လေ၏။ လွှန်းမှာသာ တစ်ယောက်တည်း ထူပူပေါက်ကွဲနေပါလျက် သူကတော့ အေးအေးဆေးဆေး Style နှင့်ပါပဲလား။ ခံပြင်းဖွယ်ကောင်းလေစွ။

"ရှင်ရယ်စရာမလိုပါဘူး"

"မဟုတ်သေးပါဘူး။ ကိုယ်ကြိုက်တဲ့ Tea mix ကို မင်းသိတယ်ပြောလိုက်တာ ဘာကိုမှမရည်ရွယ်ပါဘူး နန္ဒာရဲ့။ ဘာရယ်မဟုတ် ပြောလိုက်မိတာပါ။ ဘာဖြစ်လို့လဲ"

တွေ့လား. . . လူကိုမြင်တော့ အချိုးကပြောင်းသွားပြီ





သေး။ ဒီလိုတွေ ဟိုမလွှတ်ဒီမလွှတ်ပြောနေရင် လွှန်းနဲ့သူ့ရဲ့ပတ်သက်ခဲ့မှုကို တစ်နေ့မဟုတ်တစ်နေ့ Staff တွေ သိကုန်တော့မှာသေး။ ဒါကိုသိလျက်နဲ့ သူ တမင်ပြောလိုက်တာမဟုတ်လား။

"ဘာလဲ, ကိုယ်တို့အကြောင်းကို သိကုန်မှာစိုးလို့လား။ ဟုတ်လား"

"ရှင့်ပါးစပ် ပိတ်ထား"

"သိသွားတော့လည်း ပြီးတာပဲလေ။ ဒါမှ မင်းနားကပ်ချင်တဲ့ကောင်တွေ ဝေးဝေးက ရှောင်ကွင်းသွားကြမှာကိုး။ ဘယ်လိုလဲ, လွှန်းနန္ဒာအောင်ဆိုတာ မိုးယံပိုင်ရဲ့တစ်ချိန်က. . ."

"ဦးမိုးယံပိုင်"

ကြုံးအော်သံနှင့်အတူ လူက တဆတ်ဆတ်တုန်ရီလာတော့၏။ ပြောထွက်ဖို့လွယ်လိုက်တာနော်၊ ခပ်ပေါ့ပေါ့လေးပါပဲလား။ လွှန်းကို. . . လွှန်းကို ပတ်သက်ခဲ့သမျှ ပါးပါးလေးပဲ သဘောထားခဲ့တာပါလားလေ။

"မမ"

အခန်းတံခါးပွင့်နေတာမို့ နောက်မှ သဲစုဝင်လာတော့



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့မှထွက်လာမိတော့၏။ ရင်ထဲမှာ နာတယ်'မောင်'၊ အစိမ်းသက်သက်ကြီး မောင်ရိုက်ချိုးခဲ့တဲ့ရင်မှာ ဒဏ်ရာက လတ်လတ်ဆတ်ဆတ်ကြီးရှိနေတုန်းပဲဆိုတာကို မောင်မသိလေရော့သလား။

ဘယ်ပုံဘယ်နည်းဖြင့် Hotel အောက် ရောက်ခဲ့သလဲပင် မမှတ်မိ။ ကားထုတ်ခဲ့စဉ် ကားဘေးနား အပြေးရောက်လာပြီး တားနေသည့်သဲစုကို တစ်ချက်ပင်မကြည့်ဘဲ ကားမောင်းထွက်ခဲ့မိလေ၏။

မိုးကလည်း ဒီမနက်မှ သဲသဲမဲမဲရွာချလိုက်ရတယ်လို့။ 'ငိုချင်လျက် လက်တို့'ဆိုသလိုဖြစ်နေတဲ့ လွန်းရဲ့ရှိုက်သံကို ဘယ်သူမှမကြားအောင်လို့များ ဖုံးအုပ်ကာကွယ်ပေးချင်တာများလား။

လူရှင်းသည့်နေရာမှာ ကားထိုးရပ်လိုက်ပြီး ရှိုက်ကြီးတငင်ငိုချလိုက်မိတော့၏။ ကုန်ပြီလို့ထင်ထားတဲ့မျက်ရည်တွေက ဘယ်ကနေ ဘယ်လိုကျလာရပါသလဲ။ စိတ်ရှုပ်တဲ့အခါမျိုးမှာ သီချင်းအကျယ်ကြီးဖွင့်ပြီး လိုက်ဆိုကျင့်ရှိတာမို့ ကားကက်ဆက်ခလုတ်ကို နှိပ်လိုက်မိ၏။

အလို! တိုက်တိုက်ဆိုင်ဆိုင် ဘာလို့ ဒီသီချင်းဖြစ်နေရ





တာပါလိမ့်။ သီချင်းအေးအေးချိုချိုလေးတွေ နားထောင်ဖြစ်သလိုတစ်ခါတလေ ပေါက်ကွဲသံစဉ်တွေက ရင်တွင်းဝေဒနာကို ပေါ့ပါးသက်သာစေတာ အမှန်ပင်မဟုတ်ပါလား။

ယုံကြည်လွယ်အစွန်းရောက်တော့× × × သူဟာ မှောက်ကျောအေးတစ်လက်လို× × × ရင်ခွင်မှာ သိမ်းဆည်းတော့× × × သူဟာ ပေါက်ကွဲလွယ်တတ်သော× × × အဆိပ်နဲ့မျက်ရည်နဲ့ × × × သို့ဝှက်သောမင်းရဲ့အချစ်ကို× × × ငါ မိုက်ရူးရဲဆန်စွာ ဘာကြောင့် ငါချစ်လာခဲ့တာ× × ×

အမှားတွေ× × × အမှားတွေ× × × ငါချစ်သောမိုးခါးရေ အမှားတွေ× × × ဒီမိုးခါးရေ× × × ရင်မှာစုတ်ပြတ်နေပါစေ× × ×

အမှားတွေ× × × အမှားတွေ× × × ငါချစ်သောမိုးခါးရေ အမှားတွေ× × × ဒီမိုးခါးရေ× × × ဘယ်လောက်ရက်စက်မလဲ× × ×

ဒီလူကို မင်းမချစ်နဲ့× × × ကြင်နာတာ စေတနာမဟုတ်လား× × × ခံစားချက်ရှိနေတဲ့× × × နှလုံးသားကိုလွှင့်ပစ်မလား × × × အဆိပ်နဲ့မျက်ရည်နဲ့× × × သို့ဝှက်သောမင်းရဲ့အချစ်ကို × × × ငါ မိုက်ရူးရဲဆန်စွာ ဘာကြောင့် ငါချစ်လာခဲ့တာ× × ×



www.burmeseclassic.com

www.burmeseclassic.com



အမှားတွေ× × × အမှားတွေ× × × ငါချစ်သောမိုးခါး

အမှားတွေ× × × ဒီမိုးခါးရေ× × × ရင်မှာစုတ်ပြတ်နေပါစေ× ×

အမှားတွေ× × × အမှားတွေ× × × ငါချစ်သောမိုးခါး

အမှားတွေ× × × ဒီမိုးခါးရေ× × × ဘယ်လောက်ရက်စက်မလဲ× ×

ယုံကြည်လွယ်အစွန်းရောက်တော့× × × သူဟာ

ကျောစေးတစ်လက်လို× × × ရင်ခွင်မှာ သိမ်းဆည်းတော့× ×

သူဟာ ဝေါက်ကွဲလွယ်တတ်သော× × × အဆိပ်နဲ့မျက်

× × × သိဝှက်သောမင်းရဲ့အချစ်ကို× × × ငါ မိုက်ရူးရဲဆ

တာကြောင့် ငါချစ်လာခဲ့တာ× × ×

အမှားတွေ× × × အမှားတွေ× × × ငါချစ်သောမိုးခါး

အမှားတွေ× × × ဒီမိုးခါးရေ× × × ရင်မှာစုတ်ပြတ်နေပါစေ× ×

အမှားတွေ× × × အမှားတွေ× × × ငါချစ်သောမိုးခါး

အမှားတွေ× × × ဒီမိုးခါးရေ× × × ဘယ်လောက်ရက်စက်မလဲ× ×

ငါ့မှာ နောင်တမရှိပါ× × × အချစ်အတွက် စွန့်

ရဲသူပါ× × × ငါခံစားတဲ့အချစ်တွေ× × × အခါခါမှားယွင်းနေ

× × × ဘယ်သူနဲ့မှ မဆိုင်ပြီပေါ့× × × မိုးခါးရေ× × × မိုး





× × × ရေ့ရိုးရေ့× × ×

အမှားတွေ× × × အမှားတွေ× × × ငါချစ်သောမိုးခါးရေ

အမှားတွေ× × × ဒီမိုးခါးရေ× × × ရင်မှာစုတ်ပြတ်နေပါစေ× × ×

အမှားတွေ× × × အမှားတွေ× × × ငါချစ်သောမိုးခါးရေ

အမှားတွေ× × × ဒီမိုးခါးရေ× × × ဘယ်လောက်ရက်စက်မလဲ× × ×

အမှားတွေ× × × အမှားတွေ× × × ငါချစ်သောမိုးခါးရေ

အမှားတွေ× × × ဒီမိုးခါးရေ× × × ရင်မှာစုတ်ပြတ်နေပါစေ× × ×

အမှားတွေ× × × အမှားတွေ× × × ငါချစ်သောမိုးခါးရေ

အမှားတွေ× × × ဒီမိုးခါးရေ× × × ဘယ်လောက်ရက်စက်မလဲ× × ×

မိုး× × × ခါး× × × ရေ× × ×

ဟုတ်ပါတယ်. . . အချစ်ဆိုတာ မိုးခါးရေပါပဲ။ မိုးလို ပဲ အစိုးမရ, ရွာချင်တဲ့အချိန် ရွာချပြီး အခါမဟုတ် ပြန်စဲချင်ရင် လည်း စဲသွားတတ်တာပါလေ။ အခုလည်း တစ်နေ့လုံး အရိပ် အယောင်မပြသည့်မိုးက နေ့ခင်းကြောင်တောင်ကြီးမှာ သဲကြီး မဲကြီးရွာချင်သလို ရွာနေတော့တာလေ။



www.burmeseclassic.com

www.burmeseclassic.com



Phone သံ အဆက်မပြတ်ခေါ်နေတာမို့ Phone ကို ပိတ်လိုက်ပြီး dash board ပေါ် ပစ်တင်လိုက်ပါ၏။ ခေါ်မနေ ပါနဲ့ သဲစုရေ. . . ဘာမှပြောချင်စိတ်ကို မရှိလို့ပါ။

ဘာသဘောနဲ့ ခုလိုလုပ်ရတာလဲ။ တစ်ချိန်တုန်းကတော့ လွှန်းရဲ့မာနကို ချိုးချင်လို့ပဲဖြစ်ဖြစ်, ဒါမှမဟုတ် စိတ်အပျင်းပြေ ရှုံသက်သက်ဆိုရင်လည်း ရှိပါစေတော့။ ငယ်သူမို့ နားလည်ပေး လို့ရမှာပါပဲ။

အခုတော့ သူ့မှာအပြစ်မရှိသလိုပုံစံမျိုးနဲ့ လွှန်းကို မင် တထိလာနှောက်ယှက်နေပြီလေ။ Sorry ပါ မိုးယံပိုင်၊ လွှန်းနှ အောင်ရဲ့ 'မောင်'ဆိုတဲ့လူကို အတိတ်မှာပဲ ချန်ထားရစ်ခဲ့ပါပြီ မေ့လို့မရတာတော့အမှန်ပါပဲ။ သို့သော် အဲဒီမေ့လို့မရတာက ချ ခြင်းကြောင့် အလွမ်းတွေနဲ့ မမေ့နိုင်တာမှမဟုတ်တာလေ။

ရှင့်ကိုသိပ်မုန်းတယ် မိုးယံပိုင်၊ ကျွန်မရဲ့ရင်ကို ရက်ရက် စက်စက်ရိုက်ချိုးပြခဲ့တဲ့ရှင့်လိုလူကို ဒီဘဝမှ ဒီလိုခါးသည်းတဲ့ အမုန်းမျိုးမပေးရင် ဘာပြန်ပေးရမှာတဲ့လဲ။

☐☐☐



## အခန်း (၂၂)

တံခါးဖွင့်သံ ကြားလိုက်ရလေ၏။ ကိုကို ပြန်လာပြီထင် ပါရဲ့။ အဝတ်အစားပင် မလဲဘဲ အိပ်ရာပေါ်မှာ မှောက်အိပ်နေမိ တာ ဘယ်အချိန်ပင် ရှိနေပြီတောင် မသိတော့ပါလေ။

ခေါင်းတွေ အုံခဲနေတာမို့ အလေးအပင်ကြီး ဖိထားသည့် နှယ် ခံစားနေရပါ၏။ မငိုတော့ဘူးလို့ ဆုံးဖြတ်ထားသည့်စိတ် ကပင် ရှာချင်သလိုရှာတဲ့မိုးလိုပင် ငိုချလိုက်တာကိုး။ ဒါပေမဲ့ ရင်ထဲမှာ ရှင်းလင်းပေါ့ပါးသွားတာမျိုးမရှိဘဲ ခုချိန်ထိ ဆို့နင့်တင်း ကျပ်နေသလိုပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်! ဒေါက်! "

"ညီမလေး နိုးပြီလား"

မနိုးချင်ပါဘူး, ဖြစ်နိုင်ရင် ဒီလောကကြီးကို မနိုးသော အိပ်ခြင်းနဲ့သာ တာ့တာပြသွားချင်တာလေ။ အိပ်ရာထဲ လှိမ့်လိုက် ပြီး မျက်နှာကြက်ဆီ အကြည့်ပို့ထားလိုက်မိ၏။ တစ်နေ့တစ်နေ့ ဒီမြင်ကွင်းတွေကိုပဲ မရိုးအောင် ကြည့်နေရတာလေ။

တိုက်ခန်းထဲ ထွန်းထားသည့်မီးအလင်းရောင်ကြောင့် အပြင်မှာ မည်မျှမှောင်နေမှန်းမသိ။ ကာဆီးထားသည့်လိုက်ကာ ကိုဖွင့်ကြည့်မှသာ အပြင်လောကကိုမြင်ရသည့် အခွင့်အရေးကို ရမှာပါ။ ပြန်ရောက်ကတည်းက မှောက်သွားတာမို့ ခုချိန်က ည ဖြစ်နေမှာတော့ အမှန်ပါပဲ။

"လွှမ်းနန္ဒာ, မေးနေတာ မဖြေဘူးလား။ နိုးရင်လည်း ထတော့။ ဒီမှာ ကိုကြီးရောက်နေပြီ"

"ဟင်!. . ."

အသက်ရှူဖို့ပင် မေ့လျော့သွားတဲ့ထိ အံ့ဩမိသွားသလို လူပင် မတ်ခနဲထထိုင်လိုက်မိလေ၏။ ဘုရားရေ! လွှမ်းတို့တိုက်





ကို ဦးကျော် ရောက်လာသတဲ့လား။ တစ်ခါမှမလာဖူးတဲ့လူ ဒီကို ဘယ်လိုကြောင့် ရောက်လာတာပါလိမ့်။

ဒုက္ခပဲ, လွှမ်းက ခုထိ ဘာမှပြင်ပြင်ဆင်ဆင်မရှိသေး ပြန်ရောက်ကတည်းက အဝတ်အစားနဲ့ပင် အိပ်ပျော်း ား ဘမို့ ဘယ်နှနာရီကြာပြီမှန်းတောင် မသိတော့။ အိပ်ရာ၊ မှ ကျုံးထပြီး ကုတင်ပေါ်မှဆင်းကာ ရေချိုးခန်းဆီ ပြေးရတော့ ။

မြန်မြန် လွှမ်းနန္ဒာ. . . မြန်မြန်, ဦးကျော်က အချိန်ဇယား အလုပ်လုပ်တတ်ပါလျှက် ဘာလို့ ဦးကျော်ခြေရာနဲ့ထပ်တူ မလိုက်နာနိုင်တာလဲ။ ညံ့ပါ့ လွှမ်းနန္ဒာ။

ခေါင်းကနေ ရေချိုးချလိုက်တာမို့ တစ်ကိုယ်လုံး အေး သွားရပါ၏။ ပေါ့ပေါ့ပါးပါးဝတ်စုံကိုသာ ရွေးဝတ်လိုက်ပြီး ခေါင်း ကို တဘက်သုတ်လျက်ဖြင့်ပင် အခန်းအပြင်ဘက် ထွက်လာခဲ့ သော့ ဧည့်ခန်းမှာ ဦးကျော် ရှိမနေပါချေ။ ကိုကို နောက်တာများ သား။

"ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းစားခန်းမှာ"

ကိုကိုအသံပြုလိုက်တာမို့ နောက်ဖေးခန်းဆီ လျှောက်လာခဲ့ရ၏။ အလို! တကယ်ပဲ ဦးကျော် ရောက်နေတာပါလား။ ကြည့်ပါဦး, လွန်းရဲ့ဦးကျော်က ဒီနေ့မှ အတော့်ကိုကြည့်ကောင်းနေပါလားနော်။ Sky blue Sport shirt နဲ့ သန့်ပြန့်တောက်နေတာလေ။

"လွန်း, အိပ်ပျော်သွားလို့"

Reason က မနိုင်လုံပေမယ့် ပြောမိလျက်သားဖြစ်သွားပါ၏။ ကိုကိုက ဟင်းချက်နေတာမို့ လွန်းကိုလှည့်မကြည့်ဖြစ်ပေမယ့် ဦးကျော်ကတော့ ဖျတ်ခနဲငဲ့ကြည့်လိုက်လေသည်။

ဟော်!. . . စပါပြီ မျက်မှောင်ကြုတ်ပြီး ကြည့်လိုက်တဲ့အကြည့်လေ။

"ခေါင်းကိုခြောက်အောင် သုတ်လေ၊ ညမိုးချုပ်ကြီးခေါင်းရေလောင်းစရာလား။ ဦးနောက်သွေးခဲတတ်မှန်း သိလျက်နဲ့"

နှုတ်ခမ်းစူလိုက်မိ၏။ တွေ့တာနဲ့ ဆူတာက အရင်ဦး





နေတာလေ။ ဒီမှာ မျက်နှာမသာမယာဖြစ်နေတာကို ဦးကျော် မမြင်ဘူးတဲ့လား။ မီးဖိုခန်းနံရံရှိနာရီထံ အကြည့်ရောက်သွားစဉ် မျက်လုံးအစုံပြူးသွားရလေသည်။

"ဟာ. . . ရှစ်နာရီတောင် ထိုးနေပြီ"

"ခုမှသိလား. . . ဘယ်နှနာရီတောင် အိပ်လိုက်သလဲ"

ဘယ်နှနာရီလဲ၊ နေ့လယ် နှစ်နာရီလောက်ကစရင် အခု ရှစ်နာရီထိဆိုတော့ ခြောက်နာရီတောင် ကြာသွားတာပါလား။ အမယ်လေးနော်. . . လွန်း အချိန်အလဟဿဖြုန်းတီးမိတာကို ဦးကျော် မျက်မြင်ကြီးသိသွားတော့တာပါလား။

"ခြောက်နာရီ"

"ခြောက်နာရီနဲ့မမှုအောင် အလုပ်လစ်ဟင်းသွားတာကို ရော ထည့်တွက်မိရဲ့လား"

မတွက်ချင်ပါဘူး။ နေ့တိုင်း စက်ရုပ်လို လှုပ်ရှားရုန်းကန်နေရလို့ တစ်ခါတလေလေး စိတ်ကိုအလိုလိုက်မိတာ အပြစ်လားလို့။ ဂျစ်ကန်ကန်ပြောလိုက်ချင်သော်ငြား နှုတ်က တစ်ခွန်းမှ မဟရဲပါလေ။



www.burmeseclassic.com

www.burmeseclassic.com


"ထိုင်"

ကဲ၊ ငါးဖယ်က ပြောင်းပြန်ဆိုတာ ဒါမျိုးကိုခေါ် ထင်ပါရဲ့။ လွန်းကို ဦးကျော်ကပဲ အမိန့်ပေးပြီး ထိုင်ခွင့်ပြုနေ ကိုး။ ကိုကိုက ဟင်းချိုကိုမြည်းပြီးမှ မီးဖိုခလုတ်ကို ပိတ်လို လေ၏။ Dinner ချက်လို့ပြီးပြီပေါ့လေ။

"လွန်း ထမင်းခူးပေးမယ်လေ ကိုကို"

"နေ့၊နေ့၊ ကိုကြီးပြောတာကိုသာ နားထောင်ချေ"

ကိုကိုပဲ ထမင်းပွဲပြင်နေပြီမို့ ဒီတိုင်းဆက်ထိုင်လိုက် တော့၏။ ဦးကျော်နှင့်မျက်နှာချင်းဆိုင်မှာ ထိုင်နေတာမို့ မျက် ကို ခပ်လွှဲလွှဲထားကာ မျက်လွှာချထားလိုက်မိပါသည်။ ဘယ် ပဲနေနေ ဆူမှာကတော့ဆူမှာ မလွဲပါဘူး။

"နေ့လယ်နှစ်နာရီကတည်းက ပြန်သွားရတဲ့ Reas လေး နိုင်နိုင်လုံလုံပြောပြပါဦး"

"ခေါင်းကိုက်လို့"

"ယုံအောင်ပြောဖို့ စိတ်ကူးမရှိဘူးလား လွန်းနန္ဒာ၊ ခေါ ကိုက်ရင် ဆေးသောက်လို့ပျောက်မှန်း ကလေးတောင် သိတ

ဒါကိုမညာနဲ့"

သိရင်လည်း မမေးနဲ့ပေါ့။ ဘာလို့မေးနေသေးလဲ။ ကို ကိုရှေ့မှာ လွန်းကိစ္စကြီးကို ပြောစရာလား. . . ရက်စရာကြီးကို နော်။

"ငါကော နန္ဒပါ မင်း Hotel ကိုရောက်ခဲ့တယ်"

"ဟင်"

"Phone ပိတ်ထားလို့ Hotel Phone ကိုခေါ်တော့ သဲစုနဲ့ပြောပြီး သိခဲ့ရလို့ ရောက်သွားရတာပဲ။ ဟိုကောင်လေးနဲ့ လည်း တွေ့ခဲ့တယ်"

လွန်းမျက်နှာ ကွက်ခနဲပျက်သွားရလေ၏။ ဘယ်လိုမှ ဖုံးဖိလို့မရပါချေ။ ပြောသားပဲ. . . လွန်းရဲ့ဘဝမှာ လိမ်ညာတဲ့ အလုပ်က တစ်နာရီတောင် မခံဘူးဆိုတာလေ။ တမင်တကာကြီး ဖုံးကွယ်ထားတာမျိုးမဟုတ်ပေမယ့် သူနဲ့တော့ ကိုကို့ကိုရော၊ ဦး ကျော်ကိုပါ မဆုံပေးချင်တာ အမှန်ပါ။ ခုတော့ လွန်းမသိလိုက် ပါဘဲ သူနဲ့သွားတွေ့ဖြစ်ရတယ်လို့။

"နည်းနည်းပါးပါးလေးတောင်မှ ဟန်မဆောင်နိုင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com


ထွက်ပြေးရသလား လွှမ်းနန္ဒာ"

"မဟုတ်ပါဘူး"

"မဟုတ်ဘဲနဲ့ အိမ်ပြန်ရောက်နေစရာအကြောင်းမှ မ… တာ၊ ကိုယ့်ကိုယ်ကို ဆယ်ကျော်သက်အရွယ်လေးလို့ ထင်… တုန်းပဲလား။ ဒီအရွယ်မှာမှ မတည်ငြိမ်ရင် ရှေ့ကို မင်းဘယ်… ဆက်လျှောက်မှာလဲ"

"ဦးကျော်ထင်တာ မှားနေပြီ"

"မမှားဘူး၊ ငါ့ကိုမှားတယ်လို့ မဝေဖန်နဲ့စမ်း လွှမ်း… ငါ့ဘဝမှာ ပြင်လို့မရတဲ့အမှားမျိုး ဒီအသက်အရွယ်ထိ တစ်… မရှိခဲ့ဘူး။ အေး၊ ရှိခဲ့ရင်တောင်မှ ငါ့အတွက်မဟုတ်တောင် တ… လူအတွက် အကျိုးရှိတဲ့အမှားမျိုးပဲဖြစ်လိမ့်မယ်"

"ညီမလေး"

"မင်းဝင်မပြောနဲ့ ညီ၊ ငါ သူနဲ့ဆွေးနွေးနေတာ"

ကိုကို နှုတ်ဆိတ်သွားပါ၏။ ဆူပေါ့. . . ဦးကျော်က … ကို့ကိုကို ညီအရင်းလိုသဘောထားပြီး ချစ်ခင်တာကိုး။ လွှမ်း… တော့ ဘဝပျက်လုနီးပါး ယိုင်လဲ ပျိုကွဲခဲ့ဖူးတဲ့ ရောမအပြစ်ကြီး…



ရှိူးတာမို့ ဒါကိုလက်ညှိုးထိုးပြပြီး ဒီတစ်သက်လုံး ဆူနေပြောနေမှာပဲမဟုတ်လား။ လွှမ်း သိပြီးသားပါရှင့်။

"လွှမ်းက သူ့ကိုရင်မဆိုင်ချင်လို့ ထွက်လာခဲ့တာ"

"အဲဒါကိုက လွဲနေတာပဲ လွှမ်းနန္ဒာရဲ့။ မင်းရှောင်တာကိုက မှားနေတာ။ ဘာလို့ရှောင်ထွက်လာခဲ့ရတာလဲ။ ကိုယ်က အပြစ်လုပ်ထားတဲ့သူမဟုတ်ရင် ဘာအကြောင်းနဲ့မှ ရှောင်စရာမလိုဘူး။ သွေးနည်းရာ ကျလိုက်တာ"

အို!. . . ဦးကျော်ပြောမှပဲ လွှမ်းက သွေးကြောင်တဲ့သူဖြစ်ရပါရော။ ခက်ပါ့။

"သူ့ကိုမမြင်ချင်လို့ပါ ဦးကျော်ရဲ့"

"ရမလား. . . ကမ္ဘာဆိုတာ ကျဉ်းကျဉ်းလေး။ သူတစ်ပတ်လည်တာနဲ့ မင်းမမြင်ချင်တဲ့မျက်နှာကို မြင်ရမှာပဲ။ ပြောစမ်းပါဦး၊ မင်းရင်ထဲမှာ အဲဒီလူကိုချစ်တဲ့ချစ်ခြင်းတွေ ရှိနေတုန်းပဲလား. . . ဟင်"

ဘုရားရေ! ဘာမေးခွန်းကြီးလဲ။ ကိုကို့ရှေ့မှာ ဒီမေးခွန်းကို ဖြေရမှာ မျက်နှာပူစရာကြီးပဲ။ ဒါကို ဦးကျော်သိရက်နဲ့ …ပင်



www.burmeseclassic.com

www.burmeseclassic.com


ကိုမေးလိုက်တာပါလား။ ဟင့်အင်း. . . လွှမ်းမဖြေချင်ဘူး။

"မေးရင် ဖြေလေ"

"ဟင့်အင်း"

"ဘာကိုငြင်းတာလဲ"

"သူ့ကိုမချစ်တော့ဘူးလို့ပြောတာပါ"

"ကောင်းပြီ, ဒါဆိုရင် သူ့ကို ရင်မဆိုင်ရဲဖို့ ရှိကိုမ

ဘူး။ တာဝန်ထမ်းဆောင်နေချိန်မှာ မင်းရင်ထဲကခံစားချက်

ထုတ်ဖယ်ထားပါ လွှမ်းနန္ဒာ။ မင်းပြန်သွားတဲ့အချိန်မှာ ဂျပန်

နေ Foreigner တွေ ရောက်လာတယ်။ သဲစုက ဒီအခြေအနေ

နဲ့ experience ရှိသေးတာမှမဟုတ်တာ။ ဘယ်လောက်ဒုက္ခ

များသွားတယ်ထင်သလဲ။ လူ့သက်တမ်းတစ်လျှောက်မှာ စားချိန်

သွားချိန် နားချိန် အလုပ်လုပ်ချိန်ထက် အိပ်ချိန်က သက်တမ်း

တစ်ဝက်ကျော်ကို ဖြုန်းတီးထားတယ်ဆိုတာကို ငါသင်ပေးထား

လျက်နဲ့ အခုလိုအချိန်မျိုးချိုးတာ ငါ့စည်းကမ်းကို ချိုးဖောက်တာ

ပဲ"

သွားပါပြီ။ အပြစ်က ပိစိညှောက်တောက်လေးကနေ

ဟိရိုရှိုးမားဗုံးလောက်ကို ကြီးမားသွားပါရောလား။ နောက်ကွယ်မှာ ဘာဖြစ်ဖြစ်ဆိုပြီး ကျောခိုင်းခဲ့မိခြင်းရဲ့အပြစ်ဒဏ်က မမျှတလှပါလားနော်။

"လွှမ်းတောင်းပန်ပါတယ် ဦးကျော်"

"တောင်းပန်ဖို့မလိုဘူး။ အမှားကိုမြင်ဖို့သိဖို့ ပြောနေတာ"

"ဟုတ်"

"သိရင် ပြင်ရမှာကိုရော နားလည်ရဲ့လား"

"နောက်ကိုမဖြစ်စေရပါဘူး။ လွှမ်း ကတိပေးပါတယ်"

"ငါ ဘာကတိမှမလိုချင်ဘူး, ကတိပေးတယ်ဆိုတာ တည်မှကောင်းတာ။ တည်မှ အဲဒီကတိက တန်ဖိုးရှိတာ။ မတည်ရင် အလကားပဲ။ ညီ, ထမင်းရှုံးတော့"

ကဲ. . . ပြီးပြီ။ ဆူစရာ ပြောစရာတွေကုန်မှ ထမင်းက ဘယ်လိုဝင်ပါ့မလဲ။ ဘယ်လိုလူ့ခွစာကြီးမှန်းကို မသိတော့ပါဘူးနော်။

"လွှမ်း မစားချင်. . ."



www.burmeseclassic.com

 www.burmeseclassic.com

"မစားချင်လို့မရဘူး၊ မနက်ကတည်းက ဘာမှမရှိတဲ့ ဗိုက်ကို တာဝန်အရ အာဟာရဖြည့်ရမှာပေါ့။ အစာအိမ်မကောင်းတာလည်း သိလျက်နဲ့ ဘယ်လိုခေါင်းမာတဲ့ညီမကိုမှ မင်း,ရထားသလဲ ညီနန္ဒ"

ကဲ, တွေ့လား၊ လွှန်းကိုပြောလို့မရရင် ကိုကို့ဘက်လှည့်ပြီး ပြောတတ်တာလေ။ ကိုကိုက မျက်ရိပ်ပြပြီး ပြောဖို့ ငြိမ်နေလိုက်ရလေ၏။ ရှေ့မှာချပေးလိုက်သည့် ထမင်းပန်းကန်ကြောင့် နှာခေါင်းရှုံ့လိုက်စဉ် ဦးကျော်ထံမှမျက်စောင်းကို လက်ဆောင်ရလေသည်။

တော်သေးတာပေါ့နော်၊ ဦးကျော်သာ နဂါးဖြစ်နေရင် လွှန်းတော့ ပြာကျမှာ သေချာတာကိုး။

မကုန်ကုန်အောင် အတင်းဖျစ်ညှစ်စားနေရတဲ့ ခပ်လှလှထမင်းပန်းကန်က ကုန်တာမှ တော်ပါသေးရဲ့။ ဘာစကားမှ ထပ်မပြောတော့ဘဲ ထမင်းစားပြီး ပြန်ဖို့ထလိုက်သည့် ဦးကျော်ကို ကိုကိုလိုက်ပို့တော့ အခန်းဝထိ လိုက်ပို့ပေးပါ၏။

"စောစောအိပ်, အိပ်ပျော်အောင်လည်း အိပ်ဦး။ မနက်





ကို စောစောထ, စိတ်သစ်လူသစ်ဖြစ်နေပါစေ"

ခေါင်းကိုသာ ဆတ်ခနဲညိတ်ပြလိုက်မိပါသည်။ အဲဒီလို ငြင်ငြင်သာသာလေးပြောရင် ဦးကျော်ရဲ့အပြုံးက အရမ်းကိုချစ်စဖွယ်မျက်နှာလေး ဖြစ်သွားတာလေ။

❐❐❐



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

မှန်ချပ်တွေမှာ ကာထားသည့်လိုက်ကာကို အသာဖယ်၍ Hotel အောက်ကို ငုံ့ကြည့်နေမိ၏။ လက်မှနာရီကို တစ်ချက်ကြည့်လိုက်တော့ မနက် (၇)နာရီ၊ ဒီအချိန် သူမ ဘယ်လာဦးမှာလဲ။

သူမဆိုတာက သူ့ရင်ထဲမှာ ထာဝရနေရာပေးထားတဲ့ မိန်းကလေးပါပဲ။ ဟိုတစ်ချိန်တုန်းကတော့ သူ့ရင်ခုန်သံကို လှုပ်ခတ်မြန်လာစေတဲ့ ဆံနွယ်ရှည်ရှည်တွေကို ပိုင်ဆိုင်ထားတဲ့ကောင်မလေးပေါ့။ လမ်းလျှောက်တဲ့အခါ မျက်လွှာလေးချပြီး သူမဖြ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကိုသာ ကြည့်ပြီး လျှောက်တတ်သူ။

စကားပြောတဲ့အခါ တိုးတိုးလေးဖြစ်ပြီး စိတ်ချမ်းသာစရာနဲ့ကြုံတဲ့အခိုက်မှာ နှုတ်ခမ်းဖူးဖူးလေးက ပြုံးရုံလေးသာ။ သူ့အနှစ်ခြိုက်ဆုံးကတော့ သူမဏ်မျက်ဝန်းနက်လေးတစ်စုံကိုပါပဲ။ အဲဒီမျက်ဝန်းနက်တွေက စိတ်ကြည်နူးတဲ့အခါမျိုးမှာ အလိုလိုတလက်လက်တောက်ပ သက်ဝင်လာတတ်တာလေ။

အခုကော, အခုတော့ ထိုအရာတွေကို သူမထံမှာ မတွေ့တော့ပြီ။ သူ့ရင်ကိုလှိုက်ခုန်စေတဲ့ ဆံနွယ်ရှည်တွေကို သံယောဇဉ်ဖြတ်သည့်နှယ် တိခနဲ နှမြောတသမရှိ ဖြတ်ပစ်လိုက်ရတယ်လို့ဒါဆို မျက်ဝန်းနက်တွေကရော, ကြင်နာခွေးတွေးတဲ့အကြည့်မျိုးရှိမနေဘဲ တဝင်းဝင်းတောက်ပနေတဲ့မျက်လုံးတစ်စုံရဲ့အင်အားက စူးရှလွန်းနေတာလေ။ ထိုမျက်ဝန်းတစ်စုံကို ဖုံးအုပ်ကာရံထားတာက အနက်ရောင်မျက်မှန်တစ်စုံ။

လောကကိုဘောင်ခတ်ပြီး ကြည့်တတ်နေပြီလား။ တင်းမာနေတဲ့မျက်နှာထားကရော, ခြေလှမ်းခပ်ကျဲကျဲလှမ်းသည့် အင်အားကြီးခြေသံလိုပဲ မာလွန်းနေတာလေ။





အရင်လို သိမ်မွေ့လှပလွန်းတဲ့အပြုံးနဲ့ ညင်သာလွန်းတဲ့ခြေသံတွေ ဘယ်ပျောက်ကုန်ပြီလဲ။ ရှစ်နှစ်ကျော်ကာလရဲ့ ခါးသည်းချိန်တွေမှာ ကိုယ် ဘယ်လိုရှင်သန်ခဲ့ရသလဲဆိုတာကို မင်းသိအောင်လို့ ပြောပြချင်လိုက်တာ နန္ဒာရယ်။

'ဦးမိုးယံပိုင်' တဲ့။ အဘယ်မျှ ခက်ထန်တဲ့ခေါ်သံ သဲ။ 'မောင်'လို့တောင် ယောင်ယမ်းပြီး မခေါ်မိပါလား။ ဟုတ်ပါတယ်လေ, နန္ဒာမုန်းတဲ့လူတစ်ယောက်အဖြစ် ကိုယ်က ပိုင်ဆိုင်ခဲ့ရတာကိုး။

အမုန်းကြီးကို မုန်းခဲ့တာလား နန္ဒာ။ ရှင်းပြခွင့်ရချင်ခဲ့ပေမယ့် အဲဒီတုန်းက ကိုယ်က ကိုယ့်ခြေထောက်ပေါ်မှာ ကိုယ်မရပ်တည်နိုင်သေးတဲ့ မှီခိုသူတစ်ယောက်သာ ဖြစ်နေခဲ့ရလို့ပါ။

"ငါကျွေးတာကိုစား။ ငါဆင်တာကိုဝတ်ပြီး ငါ့အရိပ်က မလွတ်သေးဘဲနဲ့ ငါ့ကိုအာခံရဲတာ အံ့ပါရဲ့"

မျက်လုံးအစုံကို မှိတ်လိုက်မိ၏။ နားထဲမှာ ခုထိကြားယောင်နေဆဲပါ။ အဲဒီတုန်းက သူနဲ့ 'ပုလဲ'(ပုလဲဖြူ)ကို စေ့စပ်ပေးဖို့ပြောရင်း ပြဿနာဖြစ်ခဲ့ရတာလေ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ စစ်ပွဲနဲ့ကြုံခဲ့ရတာပါ နန္ဒာ။ ကိုယ်က အင်အား ဆုံးလူသား ဖြစ်ခဲ့ရတာပါ။ ကိုယ့်ဘက်မှာ ဘယ်သူမှရှိမနေခဲ့ရ လေ။ တကယ့်ကို ကယ်သူမဲ့အခြေအနေမျိုးနဲ့ ရင်ဆိုင်ခဲ့ရတာ

သီချင်းတွေထဲကလို ချစ်သူရဲ့လက်ကိုဆွဲပြီး ကမ္ဘာအဆုံး ဘက် အဝေးဆုံးအထိ ထွက်ပြေးလိုက်ချင်တာပေါ့။ အရွယ် ရှုံးရှုံးမိုက်မိုက်ဖြစ်နေသော်ငြား အသိက ဖွံ့ဖြိုးနေတာမို့ ဆင်ခြင် မှုနဲ့ ခြေလှမ်းကိုထိန်းချုပ် ရပ်ပစ်ခဲ့ရတာတွေကို မင်းသိပါရဲ့လား

ယောကျ်ားမာနက သူ့ရင်ကို အနာဆုံး ထိုးနှက်ခဲ့ ဖေဖေ မောင်းချစဉ်ခိုက်မှာပဲ အိမ်ပေါ်က သူဆင်းခဲ့တာပါ။ ငိုမ တားမြစ်နေတဲ့မေမေ့မျက်ရည်တွေကတောင် သူ့မာနကို မ ဖျက်နိုင်ခဲ့တာအမှန်ပါလေ။

ဒီလက်တွေ ဘယ်လောက်ပဲ ပေါက်ပြဲပါစေ, မင်းနဲ့ ဖို့ဆိုတဲ့စိတ်နဲ့ ဖြေသိမ့်နိုင်ခဲ့ပါတယ်။ ဒီကျော အဘယ်မျှပူပူ သူရင်ခွင်မှာ အေးချမ်းစွာမှီခိုခွင့်ရမယ့်ဆန္ဒနဲ့ ကြိုးစားရုန်းကန် တာပါ။

"ဘာမှအဖြစ်မရှိတဲ့ကောင်, အချိန်တန် မိဘအမွေ





ဲဆိုပြီး ထိုင်စောင့်မနေနဲ့။ ငါ့စကားကို မနာခံရင် တစ်ပြားတစ် ချပ်မှ ရမယ်မထင်နဲ့။ ငါတို့သေရင် အကုန်လှူပစ်ခဲ့မယ်"

သားအရင်းအချာကိုပြောရက်တဲ့စကားတဲ့လား။ သဘော တူတဲ့လူကို ငြင်းတာထက် အလွှာမတူတဲ့မိန်းကလေးကိုမှ ့ပြီး ချစ်ရလားဆိုပြီး သူ့မျက်နှာကိုရိုက်တဲ့အထိ ဖေဖေ ပေါက် ကွဲခဲ့ တာလေ။

ကိုယ် ခံနိုင်ခဲ့ပါတယ် နန္ဒာ၊ အသားနာတာမျိုးက အရေ ပြားပေါ်မှာပဲ ရှိတာမို့ ဆေးကုရုံနဲ့ ပျောက်ကင်းနိုင်ပါသေးတယ်။ ဒါပြင့် ရင်နာတာကရော, ဘယ်လိုကုထုံးမျိုးနဲ့ ကုသလို့ ပျောက် ကင်းနိုင်မှာတဲ့လဲ။

နာသင့်ပါတယ် နန္ဒာ၊ ချစ်သူရဲ့စွန့်ပစ်ခြင်းဒဏ်ကို မင်း ဘယ်လိုခံစားခဲ့ရမလဲဆိုတာကို ရင်နဲ့ရင်းပြီး မောင် နားလည်ပေး နိုင်ပါတယ်။ ချစ်လို့ပါ. . . ချစ်လွန်းလို့ စွန့်လွှတ်ခဲ့ရတာပါကွယ်။

ဘာဆိုဘာမှရှိမနေတဲ့ လက်ဗလာနဲ့ မောင့်နောက်ကို လိုက်ဖို့ ဘယ်လိုခွန်အားမျိုးနဲ့ ခေါ်ရက်ပါ့မလဲ။ ခါးသည်းခြင်းရဲ့ အဓိပ္ပာယ်ကို နန္ဒာ လက်ရှိခံစားနေရတာထက် ငါ်ငြူးဆင်းရဲနွ



www.burmeseclassic.com

www.burmeseclassic.com



ထဲ မောင် ဆွဲချရက်ပါ့မလား။

စွန့်စားတယ်ဆိုတာ မိုက်ရူးရဲဆန်တဲ့အလုပ်လို့ပဲ မော

ယူဆခဲ့တာပါလေ။ သတ္တိတွေမရှိခဲ့ဘူး, စဉ်းစားဆင်ခြင်ဉာဏ်

ကြောင့် အဲဒီလိုသတ္တိကို မမွေးမြူနိုင်ခဲ့တာအမှန်ပါ။

**'မောင့်ကိုမေ့ဖို့ လွန်းချစ်ခဲ့တာမှမဟုတ်တာ။ မောင့်**

**မုန်းဖို့ လွန်း ခေါင်းညိတ်အဖြေပေးခဲ့တာမဟုတ်ဘူး'**

တကယ်ပါနော်၊ မောင့်ကို တကယ်ပဲ နန္ဒာ မမေ့

ဘူးမဟုတ်လား။ ပြီးတော့ မုန်းလည်းမုန်းမနေလောက်ပါဘူး

**'မောင်ပြောတော့ဖြင့် လွန်းကိုအသက်လိုချစ်တာပါ**

အမှန်ကိုပြောခဲ့တာပါ၊ လိမ်ညာတာ တစ်ခုမှမပါခဲ့ပါ

နန္ဒာ။ မောင့်အသက်လိုပဲ နန္ဒာ့ကို တန်ဖိုးထားပြီး ချစ်မြတ်

ခဲ့တာကို ယုံကြည်ပေးလှည့်ပါလား။

**'မောင့်ပါဆိုရင်လည်း နောက်ထပ်အနှစ်(၂၀)ကျော်**

**လွန်း စောင့်နိုင်ပါတယ်'**

ယုံပေးခဲ့တာပါ နန္ဒာ၊ မောင့်အပြင် နောက်ထပ်ချစ်

တစ်ဦးတစ်ယောက်မှ ရှိမနေတဲ့အတွက် နန္ဒာ့ကို မောင် ကျေ





အများကြီးတင်ပါတယ်။ ရည်ရွယ်ပြီး စေ့စပ်ထားတဲ့သူ, လက်

ထပ်မယ့်သူမရှိတဲ့အတွက်ကိုလည်း ထပ်ဆင့်ကျေးဇူးတင်နေတာ

အမှန်ပါ။

မုန်းလို့လား. . . မောင့်ကိုမုန်းမိတာနဲ့ပဲ ယောကျ်ားအား

လုံးကို တစ်စုတည်းသတ်မှတ်ပြီးတော့များ မုန်းတီးနေပြီလားဟင်။

မောင့်ကို ရုတ်တရက်မြင်လိုက်ရတော့ အံ့ဩသွားတဲ့ပုံရိပ်လေး

ကို မြင်ယောင်မိတုန်းပါပဲ။

ခဏလေးပါ၊ တကယ့်ကို ခေတ္တခဏလေးပါပဲ။ နူးညံ့

ညင်သာတဲ့ မျက်ဝန်းနက်လေးကို စက္ကန့်ပိုင်းကလေးမျှ မြင်ရစဉ်

အခိုက်မှာ ကိုယ့်ရင်တွေ ဗရမ်းဗတာခုန်ပေါက်ကုန်တာကို မင်း

သိပါရဲ့လား။ ဖျတ်ခနဲပြန်ပြောင်းသွားတဲ့အရိပ်နောက်မှာ နာကျင်

ခြင်းတွေကို မြင်ရစဉ် ကိုယ့်ရင်တစ်ခုလုံး နွမ်းလျခဲ့ရတာပါလေ။

ဒီ့ထက်ပိုပြီး နွမ်းဖျော့စေတာကတော့ မင်းကိုအုပ်ချုပ်

နေတယ်ဆိုတဲ့ပုဂ္ဂိုလ်ကြောင့်ပါပဲ။ အဲဒီလူကို မင်းဘယ်လောက်

ရှိသေလေးစားအားကိုးတယ်ဆိုတဲ့အထိ အတွင်းကျကျ ကိုယ်

သိထားတာပါ။ ဒီသတင်းကို ကြားစဉ်က ကိုယ်အဘယ်မျှ ရင်



www.burmeseclassic.com

www.burmeseclassic.com

ပူသွားတယ်ထင်ပါသလဲ။ မင်းနဲ့ ဒီလူကြားမှာ မင်းအစ်ကိုထင် ယောက်လုံး ရှိနေတယ်ဆိုမှ ကိုယ် သက်မချခဲ့ရတာပါ နန္ဒာ။

ကွာဟတဲ့အသက်, မြင့်နေတဲ့ဝါ, ကျွမ်းကျင်တဲ့စီးပွား ရေး, အောင်မြင်စွာရပ်တည်နေနိုင်ပြီးဖြစ်တဲ့အခြေအနေကြောင့် ရှိန်လန့်နေတာအမှန်ပါ။ မနေ့က Dinner စားဖို့ဆင်းတော့ တိုက် တိုက်ဆိုင်ဆိုင် Tokyo ကဧည့်သည်တွေကို ကိုယ်တိုင်ကြိုပြီး လိုက်ပို့တဲ့ 'ဦးဟိန်းကျော်ဇေ'နဲ့ တိုးခဲ့မိတာလေ။

ခန့်တယ်၊ တည်တယ်၊ ရဲရင့်ပြတ်သားတယ်၊ သင့်တင့် ဖော်ရွေမှုရှိတယ်၊ သူ့မျက်နှာကိုမြင်ရုံနဲ့ အရှိန်အဝါတစ်ခုခု ဖြာ ထွက်နေသလို Power တစ်ခုရှိနေတာကို မြင်လိုက်ရတာပါ။ ချွင်းချက်တစ်ခု ရှိနေရုံကလွဲရင်တော့ ဒီလူဟာ သာမန်လူတွေ ထက် ထူးကဲခြားနားနေတာအမှန်ပါပဲ။

သူက အခုမှ စီးပွားရေးလောကထဲကို ခြေစချရမှာ၊ မကျွမ်းကျင်သေးတဲ့လောကကို လေ့လာရမှာမို့ အချိန်ယူရဦးမှာ ပါပဲ။ လက်ဗလာကနေ စခဲ့တဲ့ ဦးဟိန်းကျော်ဇေလိုမျိုး သူရပ် တည်နိုင်ပါ့မလားဟု သံသယမရှိခဲ့ပါချေ။





သူမအစ်ကိုကတော့ အလုပ်ဟူသမျှ သူ့ကိစ္စလို့သတ် မှတ်ရလောက်အောင် အလုပ်လောဘကြီးသူတစ်ဦးပါပဲ။ နိုင်း ကောင်းတာပေါ့။ ဒီလိုလူကို ရထားမှတော့ ဒီလူကြီး အပိုလက် တစ်ခု ပိုင်ဆိုင်သွားတာကိုး။ တစ်ခုတော့ ရှိတာပေါ့။ ဦးဟိန်းကျော် ဇေ, စီးပွားရေးနဲ့ပတ်သက်ပြီး ရှိတဲ့လောဘကို အတောသတ်နိုင် ဖို့ပါ။ အဲဒါကတော့ 'ညီနန္ဒအောင်'ကို ပိုင်ပေမယ့် 'လွှမ်းနန္ဒာ အောင်'ကိုတော့ ခင်ဗျား အပိုင်မသိမ်းဖို့ပါပဲ။

စောင့်ပေးပါ နန္ဒာ၊ မောင့်မာနနဲ့ မောင့်အတ္တကြောင့် မိဘစွန့်ပစ်ခြင်းခံရတဲ့အထိ မောင်ကြိုးစားရုန်းကန်ခဲ့တာတွေကို အသိအမှတ်ပြုလှည့်ပါ။ ကိုယ် ခြေစချတဲ့ဒီလောကမှာ အောင် မြင်မှုရှိချိန်အထိ စောင့်ပေးပါဦး မောင့်အတွက်ဆိုရင် အနှစ်(၂၀) ကျော်အထိ စောင့်ပေးနိုင်တယ်လို့ ပြောခဲ့သလိုမျိုး တည်ပေးပါ လားကွယ်။

ကျခဲ့တဲ့နန္ဒာ့ရဲ့မျက်ရည်တွေကို ပျော်ရွှင်မှုတွေအဖြစ်နဲ့ ပြန်အစားထိုးပေးပါရစေ။ ငိုကြွေးခဲ့ရတဲ့ကာလရှည်တို့အတွက် အပြုံးတွေသာ မင်းမျက်နှာထက် ရှိပါစေလား။


www.burmeseclassic.com

www.burmeseclassic.com

မေ့နိုင်းခဲ့တာပါ၊ မုန်းဖို့ တစ်ခွန်းမှမဟခဲ့တာကို နန္ဒာ မှတ်မိပါရဲ့လား။ ချစ်သူသက်တမ်းကိုပဲ ရပ်စဲစေခဲ့တာပါ။ နာကြည်း မုန်းတီးခိုင်းတာမဟုတ်မှန်း နန္ဒာ သိပါရဲ့လား။

မေ့ခိုင်းခဲ့တဲ့လူရဲ့ရင်ထဲ ဘယ်လောက်ထိ ကြေကွဲခဲ့ရ သလဲဆိုတာကို မောင်ကိုယ်တိုင်ပဲ သိခဲ့ရတာပါ နန္ဒာ။ သူများ တကာတွေ လွယ်လွယ်ချစ်ကြ, ပေါ့ပေါ့လေး မုန်းမေ့သွားကြပေ မယ့် မောင်ကတော့ဖြင့် တစ်စက္ကန့်လေးတောင်မှ မမေ့နိုင်ခဲ့ပါ ဘူး။

'လမ်းခွဲကြစို့' ဆိုတဲ့စကားကို အားတင်းပြောခိုက်မှာ မောင့်နှလုံးသားကွဲအက်ခဲ့ရတာကို နန္ဒာသိပါရဲ့လား။ ချစ်ခြင်းရဲ့ အဆုံးသတ်ဆိုတာ လမ်းခွဲခြင်းမဟုတ်မှန်း ကိုယ်သိထားသလို နန္ဒာလည်း သိနေမှာပါနော်။

လက်တွဲပိုင်ဆိုင်ဖို့အတွက် ခဏတာကျောခိုင်းဖြစ်တာပါ။ ခွန်အားမဲ့နေတဲ့လက်တွေကို ခိုင်မာစေဖို့ မောင်အားထုတ်ကြိုး ပမ်းခဲ့ရတာပါလေ။ ဝေးကွာခဲ့ရတဲ့ကာလရှည်တို့အတွက် အတိုး ချပြီး ချစ်ပြဖို့ ဒီမြန်မာပြည်ကို မောင် ပြန်ရောက်နေတာပါ။





မောင်ကမ်းပေးနေတဲ့လက်ထဲကို နန္ဒာ့ရဲ့လက်ဖဝါးနုနု လေး ပြန်ကမ်းလှည့်ပါ။ မောင်ပိုင်ဆိုင်ခဲ့ဖူးတဲ့ နန္ဒာ့ရဲ့နှလုံးသား လေးကို မောင့်ဆီပြန်ပေးလှည့်ပါ။ ရာဇဝင်မှာ စာတင်ရလောက် အောင် မောင် စာစီမပြနိုင်ပေမယ့် မောင်ဖြတ်သန်းခဲ့တဲ့သမုဒ္ဒရာ ရေက ဒီမြန်မာပြည်ထဲလည်း ဖြတ်သန်းစီးဆင်းတာမှန်သလို မောင့် ချစ်ခြင်းတွေဟာလည်း သမုဒ္ဒရာတမျှ များပြားတာကို နန္ဒာအသိ အမှတ်ပြုပေးလှည့်ပါ။

အလွမ်းတွေကို သိပြရရင် တေးသီလေ့ရှိတဲ့ငှက်ကလေး ငိုသွားမှာအမှန်ပါပဲ။ ရင်ခုန်သံနှုန်းနဲ့အမျှ မင်းအပေါ်ချစ်တဲ့ ချစ် ခြင်းတွေက ရွှေးစေ့တစ်စေ့မျှ မလျော့ပါးတာကို မင်းသိပါလေစ။ ကဗျာတွေ ဆန်နေပြီလား။ အချစ်ကဗျာတွေ ရေးသားသီကုံးလေ့ ရှိခဲ့တဲ့ ဆရာကြီး'ရာဘင်ဒြာနတ်တဂိုး'လည်း 'အချစ်'ဆိုတာကို ကြုံခဲ့ဖူးတာမို့ ကဗျာဆရာကြီးဖြစ်ခဲ့တာပဲမဟုတ်လား။ ကိုယ့်ရင် ထဲမှာလည်း မင်းကိုချစ်သမျှ စိတ်ကူးနဲ့ကဗျာတွေ စီထားတာပေါ့။ ဘယ်သူမှဖတ်ခွင့်မရှိတဲ့ မူပိုင်တစ်ဦးသာ ဖတ်ခွင့်ရှိမှာလေ။

အတွေးဖြင့် ပြုံးလိုက်မိစဉ် ဝင်းအဝမှာ ပေါ်လာသည့်



www.burmeseclassic.com

www.burmeseclassic.com

ကားကြောင့် သူ့ရင်ထဲ ဒိတ်ခနဲဖြစ်သွားရပါ၏။ မျှော်နေတုန်း အစောကြီးရောက်လာတာပါပဲလား။ ကားက Hotel ဆင်ဝင်ရှေ့ ထိုးရပ်သွားပြီး ကားပေါ်မှ သဲစု ဆင်းလာ၏။ ကားတံခါးဖွင့်မပေးရသေးခင် သူမ ဆင်းလေပြီ။ စိတ်ကလည်း မြန်ပုံ။

ဒီနေ့ဝတ်လာတာက အဖြူရောင် Suit ပါလား။ မိန်းမဆန်ဆန်ပုံရိပ်တွေ ဘယ်ပျောက်ကုန်ပါလိမ့်။ အရင်လို နွဲ့နွဲ့နှောင်းနှောင်းလေးမရှိတော့ဘဲ တောင့်တောင့်ကြီးလျှောက်, မာဆတ်ဆတ်အပြောမျိုး ပြောတတ်အောင် အဘယ်သူက သင်ပေးခဲ့ပါသလဲ။

ကား Packing မှာ ကားသွားရပ်ရန် Hotel staff ထံ ကားသော့ပေးပြီး သူရပ်နေရာအခန်းဆီသို့ မော့ကြည့်လိုက်သည့်သဲစုကို သူ လက်အသာပြလိုက်မိလေ၏။ ဝမ်းကွဲညီမလေး၏ကျေးဇူးကြောင့် ယနေ့အထိ သူမ၏သတင်းအချက်အလက်အပြည့်အစုံကို သူ အမြဲမပြတ်သိနေရတာလေ။

Thanks...ပါ သဲစု။

❒❒❒

ရွှေပဒေသာစာပေ

အခန်း (၂၄)

OFFICE ရှိရာအထပ်ဆီသို့ Lift ဖြင့် သူဆင်းလာခဲ့၏။ (၁၀)နာရီထိုးပြီမို့ ရုံးခန်းထဲမှာ သူမ ရှိနေမည်ကို။ တံခါးကိုခေါက်ရန် ပြင်လိုက်စဉ် ချပ်ခနဲပွင့်သွားကာ သဲစု ထွက်လာလေ၏။

"ဟင်! ကိုကိုပိုင်၊ ဘာလုပ်မလို့လဲ"

"စကားပြောမလို့ပါ"

"သဲနဲ့လား"

"ဘယ်ကသာ"

"မမနဲ့! ဟာ. . . မဖြစ်ဘူးနော်၊ မနေ့က ရန်မီးက ငြိမ်း

www.burmeseclassic.com

www.burmeseclassic.com

သေးတာမဟုတ်ဘူး။ မမ တစ်ညလုံး ငိုထားတာ၊ မျက်နှာလေးကို မို့နေတာပဲ။ မဖြစ်ဘူး, လုံးဝမဖြစ်တာ၊ ပြဿနာမရှာပါနဲ့''

''ကျွစ်! နင် ဒါတွေမသိပါဘူး. . . ဘာမှနားမလည်ဘဲ ဝင်မရှုပ်စမ်းနဲ့။ ကောက်ပြီးရင် ဖြောင့်သွားအောင် ချော့ရတယ်၊ သိလား''

''ချော့မလို့! အာ. . . ကိုကိုပိုင်က ပြဿနာကွာ။ ဘဘကြီးနဲ့ကြီးကြီးဆီလည်း ပြန်ရောက်ကတည်းက အဆက်အသွယ်မလုပ်ဘူး။ ဟိုကမျှော်နေမှန်း သိရဲ့သားနဲ့၊ ကလေးဆိုးကြီးလိုပဲ။ ပြောလို့ကိုမရဘူး၊ ခက်တာပဲ''

သဲစု ခြေကိုဆောင့်ပြီး ညည်းချေပြီ။ ကလေးဆိုးကြီးတဲ့လား။ မှားနေပြီ ညီမလေးရဲ့၊ ကိုယ်က လူဆိုးကြီးပဲဖြစ်ရမှာလေ။

''ရှုပ်လိုက်တာကွာ, ဖယ်ပေး''

''မရဘူးလေ''

''နင်ပြောပေးမှာလား၊ မပြောရင် ငါတံခါးခေါက်လိုက်တော့မယ်''





''နေဦး, နေဦး. . . ခဏစောင့်၊ သဲ ပြောပေးမယ်''

ဒီလိုပဲဖြစ်ရမယ်လေ။ ပန်းဆိုင်ကို Phone ဖြင့်လှမ်းမှာ၍ စောစောပဲ လာပို့သွားသည့်ပန်းစည်းကို တစ်ချက်မွှေးလိုက်ပြီးမှ နောက်ကျောဘက်မှာ အသာဝှက်ကိုင်ထားလိုက်ပါ၏။ ပန်းမကြိုက်ပေမယ့် မင်းရင်ကို တစ်ချက်မျှခုန်စေချင်လို့ပါ နန္ဒာ။

''ဘာကျန်ခဲ့ပြန်ပြီလဲ''

အခုပဲ ထွက်ထွက်ချင်း ပြန်ဝင်လာသည့်သဲစုကို မျက်မှောင်ကြုတ်၍ မေးလိုက်မိ၏။ ချာတိတ်မလေး၏မျက်နှာက အီလယ်လယ်။ ဘာများဖြစ်လာတာပါလိမ့်။

''မဟုတ်ဘူး မမ၊ ဧည့်သည်က တွေ့ချင်လို့တဲ့''

''ဘယ်က ဧည့်သည်လဲ''

''ဟို. . .''

'ဟို'ပဲပြောရသေး. . . တံခါးဖွင့်ပြီး ဝင်လာသည့်သူ့ကို တွေ့တော့ ကောင်မလေးမျက်လုံးပြူးသွားလေ၏။ ဒင်းကတော့ လွှမ်းကို နေ့တိုင်း ပြဿနာရှာနေတော့တာပါလား။ သင်းကို ခပ်ကျယ်ကျယ်ပင် ချလိုက်မိတော့၏။

www.burmeseclassic.com



"ရတယ် သဲစု၊ သွားစရာရှိတာသာ သွား"

"ဟုတ်, မမ"

သဲစု ထွက်သွားတော့ သူက လွန်းထိုင်နေသည့်အနီးထိ လျှောက်လာပြီး ရောင်စုံနှင်းဆီပန်းစည်းကြီးကို ကမ်းပေးလိုက်ပါ၏။ ကြည့်စမ်း! ဒီနေ့ လွန်းဝတ်လာတဲ့ Style အတိုင်း ဆင်တူဝတ်ထားရတယ်လို့။ ရှင်ဘာသဘောလဲ မိုးယံပိုင်။

"ရှင့်မှာ လူမှုရေးအသိစိတ်ကော ရှိရဲ့လား။ ရုံးခန်းထဲကို ခွင့်မတောင်းဘဲ ဝင်လာတာ ရဲတင်းလွန်းနေပြီ"

"ပန်းပေးရင် အလုပ်ဝေးတယ်လို့ ပြောကြပေမယ့် နန္ဒာကို ပန်းကလေးလို လန်းဆန်းမွှေးပျံ့စေချင်တဲ့သဘောမျိုးနဲ့ ပေးတာမို့ လက်ခံပေးပါ"

ကမ်းပေးနေတာကို မယူတော့ စားပွဲပေါ် အသာတင်ပေးလေ၏။ တောက်! ဘယ်လောက်ဒေါသထွက်စရာကောင်းလိုက်ပါသလဲ။ ဒါ တမင်သက်သက် လွန်းရဲ့စိတ်ကို လာဆွနေတာလေ။ ဘာစကားမှမပြောဘဲ ရေငုံနှုတ်ပိတ်နေတာထက် တစ်ခုခု အော်ဟစ်ရန်တွေ့တာကို သဘောတွေ့နေပုံပါလား။





ဆုံလည်ခုံမှ ထရပ်ကာ ပန်းစည်းကိုကောက်ယူလိုက်ပြီး အမှိုက်ပုံးရှိရာဆီ လျှောက်ခဲ့ပြီးမှ အဖုံးဖွင့်ကာ ဖောက်ထိုးပစ်ထည့်လိုက်ပါ၏။

ကဲ, မှတ်ကရော၊ ဒီလောက်ကိစ္စဖြတ်နေတာတောင်မှ ရှေ့ဆက်တိုးချင်သပဲ့ဆိုရင်လည်း အသားနာဖို့ပဲ ကျန်တော့တယ် မိုးယံပိုင်။

"နန္ဒာ"

"ရှင်, ကျွန်မနာမည်ကို ခေါ်စရာမလိုပါဘူး။ ညီသည် ဆိုရင် ညီသည်လိုနေပြီး နားလည်မှုရှိသင့်တယ်။ ရှင်သာ နိုင်ငံကြီးသား ပီသရင်ပေါ့လေ"

သူ့မျက်နှာ တစ်ချက်ရှုံ့သွားလေ၏။ အလုံးကြီးကြီးနဲ့ ထုတာကိုမှ မနာရင် ရှင် လူမဟုတ်လို့ဘဲ။ ဆုံလည်ခုံမှာ ပြန်ထိုင်စဉ် သူက စားပွဲရှေ့ရှိခုံမှာ ခပ်တည်တည်ဖြင့် ထိုင်ချလိုက်လေ၏။ ဒီပုံစံနဲ့တော့ Security ကို အကြောင်းကြားရတော့မယ်ထင်ပါရဲ့။

"ကိုယ်, နန္ဒာ့ကို ပြောစရာရှိလို့ လာခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှနားမထောင်နိုင်ဘူး"

"ကမ္ဘာပတ်ပြီး ပြန်ရောက်လာတာ တစ်ပတ်ပဲရှိပါသေးတယ် နန္ဒာ။ ကိုယ့်ကို သားအဖြစ်က စွန့်ပစ်ခဲ့တဲ့ကိုယ့်မိဘဆွေဆီကိုတောင်မပြန်ဘဲ မင်းမျက်နှာလေးကို မြင်ချင်လို့ ရောက်လာတဲ့ကိုယ့်ကို ဒီလိုပစ်ပစ်ခါခါကြီးမပြောပါနဲ့လား"

အလို! တစ်ဦးတည်းသာ မွေးခဲ့တဲ့သူ့ကို ဘာအကြောင်းကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်တာပါလိမ့်။

သတိ! လွှမ်းနန္ဒာ၊ ဒီလူ့မှာ ရည်ရွယ်ချက်ရှိနေလို့ နှင်းဆီကို တည့်တည့်ကြီးရောက်လာတာကို မမေ့လိုက်ပါနဲ့။

**'လူ'ဆိုတာ ဆုံးဖြတ်ချက်နိုင်မာရတယ်။ ရည်မှန်းချက်ကြီးကြီးထားရတယ်။ ကိုယ်ဘာလိုချင်သလဲ...ဘာဖြစ်ချင်သလဲဆိုတာလေးတောင်မှ မသိမမြင်ရင် အဲဒါလူမဟုတ်လို့ဘဲ...**

ဟုတ်တယ်၊ သူ့ရည်ရွယ်ချက်ကိုမှ ကြိုမမြင်တတ်ရင် နှင် လူမဟုတ်တော့ဘူး လွှမ်းနန္ဒာ။ တစ်ခါအလိမ်ခံရတာက နှင်း





အပြစ်မဟုတ်ခဲ့ပေမယ့် နောက်တစ်ခါ ထပ်အလိမ်ခံရရင်တော့ နှင်းအပြစ် လုံးလုံးလျားလျားကြီးဖြစ်တော့မှာ အသေအချာလေ။

"ရှင့်ရဲ့အရည်မရအဖတ်မရစကားတွေကို နားထောင်ဖို့ အချိန်မပေးနိုင်ဘူး။ ခုချက်ချင်း ဒီအခန်းထဲက ထွက်သွား ါ"

"သွားမှာပါ၊ ကိုယ် နှစ်ပေါင်းများစွာ သိမ်းဆည်း မျိုသိပ်ထားခဲ့ရသမျှ ပြောပြီးရင် ထွက်သွားပေးမှာပါ နန္ဒာ"

"တောက်!"

သူ့ကို စူးခနဲကြည့်လိုက်ပြီး Intercon ခလုတ်ကိုနှိပ်ရန် ရွယ်လိုက်စဉ် သူက လွှမ်းရဲ့လက်ကို ဆတ်ခနဲဆွဲဖယ်လိုက်လေ၏။ ကြည့်စမ်း!. . . အရင်လို ရဲတင်းတဲ့အပြုအမူက သူ့ဆီမှာ ပျောက်မသွားသေးပါလား။

"ဘာလုပ်တာလဲ"

"ကိုယ်ပြောထားတယ်လေ၊ ရင်ထဲမှာ ပြောစရာတွေရှိနေတာ အရင်ပြောပါရစေလို့"

"မလိုဘူး၊ ကျွန်မကိုမနှောက်ယှက်ပါနဲ့"

"နန္ဒာ"



www.burmeseclassic.com

www.burmeseclassic.com



ဆံ့လည်ခုံကို ဆွဲလှည့်လိုက်တာမို့ စားပွဲနောက်မှ ရွှေ သွားရသလို လွန်းနောက်ကျောဘက်မှ တင်းကျပ်စွာသိုင်းဖက် ခြင်းကို ခံလိုက်ရလေ၏။ အို! လွန်းရဲ့ရုံးခန်းထဲမှာ ဒီလိုစော်ကား မော်ကားပြုမူလို့ရမယ်ထင်နေသလား။

"ရှင်နော်, လွှတ်စမ်း! ဒါဘာလုပ်တာလဲ"

"ခဏလေးပါ နန္ဒာ. . . Please! ကိုယ်ဒီလိုမှမပြောရင် ကိုယ်ပြောတာကို မင်း နားထောင်မှာမှမဟုတ်ဘဲ"

"မကြားချင်ဘူးလို့ ပြောနေတယ်လေ။ ရှင့်မှာ နားမပါ ဘူးလား"

"ပါတာပေါ့၊ နားပါ,မကဘူး. . . နန္ဒာ့ရင်ထဲကစကား တွေကို နားထောင်ပေးနိုင်တဲ့နှလုံးသားပါ အကုန်ပါလာပါတယ် နန္ဒာ"

ပါးပြင်ထက် နွေးခနဲဖြစ်သွားသလို ပါးချင်းကပ်ထား လိုက်တာမို့ လွန်းတစ်ကိုယ်လုံး ရှိန်းခနဲပူသွားရလေ၏။ ရဲတင်း လိုက်တာ. . . လွန်းနဲ့သူက. . . လွန်းနဲ့သူက ခုချိန်မှာ ချစ်သူတွေ မှမဟုတ်တော့တာလေ။ ဒီလိုပိုင်စိုးပိုင်နင်း သူလုပ်သင့်ပါရဲ့လား





ခုံနောက်မှ အတင်းသိုင်းဖက်ထားတာကြောင့် လူကို ချုပ်ကိုင်ထားသလိုဖြစ်နေပြီး လွန်းလက်အစုံက ချုပ်ထားသည့် သူ့လက်တို့ကို အတင်းဆွဲခွာပေမယ့် အချည်းနှီးသာ။ လက်တွေ့ မှာ ယောက်ျားအားနဲ့မိန်းမအားဆိုတာ ယှဉ်လို့မရနိုင်တာကို လွန်း ဘာလို့မေ့နေရတာလဲ။

"လူယုတ်မာ! လွှတ်လို့ပြောနေတာ မကြားဘူးလား"

"ချစ်လို့ပါ နန္ဒာ၊ ကိုယ်အသက်လို ချစ်ခဲ့ရတဲ့နန္ဒာ့ကို နောက်ထပ်တစ်ခါ ချစ်ခွင့်ပါမကာ လက်ထပ်ခွင့်ပါ တောင်းဆိုဖို့ ကိုယ်ရောက်လာတာပါ"

"မကြားချင်ဘူး။ ရှင်နဲ့ကျွန်မ လမ်းခွဲခဲ့တာ (၈)နှစ်ကျော် ခဲ့ပြီးပြီ။ ရှင့်အသံကိုလည်း မကြားချင်ဘူး, ရှင့်မျက်နှာကိုလည်း မမြင်ချင်ဘူး။ ရှင့်နာမည်ကို မေ့ပစ်ခဲ့တာကြာပြီ။ ကျွန်မရင်ကို တစ်စစီကြေမွအောင် ရိုက်ချိုးခဲ့တဲ့လူတစ်ယောက်ကို နာကြည်း စရာကလွဲပြီး ဘာမှမမှတ်နိုင်ဘူး"

"ကာလနှစ်အမှန်ကို ပြောနိုင်အောင် မှတ်ထားနိုင်လို့ Thanks ပါ နန္ဒာ"



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ဖက်ပေါ် တံဆိပ်နှိပ်ပြန်ပါရောလား။ အတော်ကိုလွန်နေပြီ။ ဘယ်သူမှ မလာကြတော့ဘူးလား။ သဲစု ဘာလို့ပြန်မလာသေးတာလဲ။ ခါတိုင်းလာတတ်တဲ့ Supervisor တွေ ဘာလို့ရောက်မလာကြတာလဲ။ အသံလုံတဲ့ရုံးခန်းထဲမှာ ရှန်းမရအောင် အနူကြမ်းစီးခံနေရတာကို ဘယ်သူမှမကယ်နိုင်ကြတော့ဘူးလားဟင်။

"ကိုယ့်အမှားတွေကို ဝန်ချတောင်းပန်ဖို့ နန္ဒာ့ရှေ့ကို ရောက်လာပြီလေ"

ဒါ ဝန်ချတောင်းပန်တဲ့ပုံစံလား။ လူကိုတင်တင်စီးစီးနဲ့ ပြောချင်ရာပြော၊ လုပ်ချင်ရာလုပ်နေတာကိုများ ကြီးကြီးကျယ်ကျယ်တွေ ပြောနေရတယ်လို့။ မုန်းလိုက်တာနော်။

"ခဏတာ ကျောခိုင်းစေခဲ့တာပါ နန္ဒာ၊ ကိုယ့်ကိုမုန်းလိုက်ဖို့ စကားလုံးကို တစ်ခါမှမသုံးခဲ့တာကို မှတ်မိရဲ့လား။ ကိုယ့်ရည်မှန်းချက်ပြည့်ချင်လို့ ဒီလိုဆုံးဖြတ်ခဲ့တာမို့ မင်း နာကျင်ခဲ့တာမှန်း ကိုယ်သိခဲ့ပါတယ်။ အလွမ်းတွေနဲ့ နေ့စဉ်မျှော်နေရင် နုနယ်တဲ့နှလုံးသားကို ရောဂါဖြစ်မှာကို ကြိုတင်မြင်လို့ မေ့လိုက်ပါလို့ ပြောခဲ့တုန်းက ကိုယ်လည်း ရင်ကွဲခဲ့တာပါ နန္ဒာရယ်။ မောင်၊ မုန်းလို့ပြောခဲ့တာ မဟုတ်ရပါဘူး။ မောင့်ကို စေ့စပ်ပွဲလုပ်ဖို့ စီစဉ်ပေးတဲ့နေ့မှာ မောင့်မိဘတွေကို မောင့်မှာ ချစ်သူရှိနေပြီပြောမိလို့ မောင့်မျက်နှာပေါ်မှာမက မောင့်ရင်ထဲမှာပါ မပျောက်နိုင်တဲ့ ဒဏ်ရာရခဲ့တာအမှန်ပါ။ မိဘကို လွန်ဆန်မိခဲ့လို့ တစ်ဦးတည်းသောသားကိုတောင် အမွေပြတ်စွန့်တဲ့အထိ နန္ဒာ့ကို မောင်သိပ်ပြီး မြတ်မြတ်နိုးနိုးချစ်ခဲ့တာကို ဘယ်လိုနည်းမျိုးနဲ့ သက်သေပြမှ ယုံပေးမှာလဲ။ ပြောပါဦး နန္ဒာ"





သူ့စကားသံက လွန်း၏ရင်ကို ပို၍နာကျင်စေလေ၏။ ပါးပြင်ပေါ်သို့ စီးကျသွားသည့်မျက်ရည်ပူတွေက ရင်တွင်းရှိအပူကို မငြိမ်းပါလေ။ အချစ်ဆိုတာ ရင်ကိုနာကျင်စေသည့် ဆူးတစ်ချောင်းလို လွန်း သတ်မှတ်ခဲ့တာပါ။ အဲဒါအမှန်ဆုံးပါပဲ။

ပျော်ရမယ့်ကာလထက် ငိုရတဲ့အချိန်ကသာ ပိုရှည်ကြာခဲ့တာ လက်တွေ့ပါပဲ၊ အပြုံးရှိခဲ့တာထက် မဲ့ခဲ့ရတဲ့မျက်နှာကိုသာ ပိုင်ဆိုင်ခွင့်ရခဲ့တာပါလေ။

ယုံကြည်ပေးရဦးမှာတဲ့လား။ ဟင့်အင်း၊ လွန်းက ရူးရူး



www.burmeseclassic.com

www.burmeseclassic.com

မိုက်မိုက်အရွယ်လေးမှ မဟုတ်တော့ဘဲလေ။

"ကျွန်မကို လွှတ်ပါတော့"

"မောင့်ကိုခွင့်လွှတ်တယ်ပြောမှ လွှတ်ပေးမယ်"

"လွှတ်ပေးဖို့ မေတ္တာရပ်ခံနေတာပါ"

"နန္ဒာ. . ."

"ဒေါက်! ဒေါက်!"

တံခါးခေါက်သံက ခုမှပေါ်လာရတယ်လို့။ ချပ်ခနဲပွင့်သွားသည့်တံခါးမှ ဝင်လိုက်သည့်သဲစု၏မျက်နှာထက်မှာ အံ့သြမှုတို့က ပေါ်လာလေ၏။ သူကဖြင့် ခုထိ ဒီတိုင်းရှိနေတုန်းလေ။

"Sorry..."

သဲစု ဖျတ်ခနဲပြန်လှည့်ထွက်သွားစဉ် စားပွဲထက်ရှိ Hand Phone က ထမြည်ပြန်လေ၏။ ဒီတစ်ကြိမ်တော့ သူက အလိုက်တသိဖြင့် လွှန်းကိုဖက်တွယ်ထားသည့်လက်ကို အသာတကြည်ဖယ်ပေးလိုက်လေသည်။

❐❐❐



အခန်း (၂၅)

"ဟယ်လို"

"Phone ကိုင်ဖို့ ဘာလို့ဒီလောက်ကြာနေရတာလဲ လွှန်းနန္ဒာ။ သဲစု ဘာလို့ Phone မကိုင်တာလဲ"

"သဲစု အပြင်ထွက်သွားလို့ပါ ဦးကျော်"

"ကျစ်! ဒီညနေ Foreigner တွေနဲ့ Dinner ပွဲတက်ဖို့ မှာနိုင်းတာ သိပြီလား"

"ဟင့်အင်း"

"ဒီကလေးမ ဘာတွေလုပ်နေလို့ ခုထိမပြောရသေးတာ


www.burmeseclassic.com

www.burmeseclassic.com

လဲ။ ခဏနေ မင်းဆီ ညီ့ရောက်လာလိမ့်မယ်။ သူပြောတာကို ပဲ လုပ်ဖို့ပြင်ထား. . . ဒါပဲ''

''ဟုတ်ကဲ့''

ပြောမပြီးခင် Phone က ပိတ်ချေပြီ။ စိတ်မြန်တဲ့နေရာမှာတော့ နှစ်ယောက်မရှိပါလားနော်။ Phone ပြောပြီးချိန်အထိ ရုံးခန်းထဲမှမထွက်သေးသည့်သူ့အကြည့်က လွှန်းထံမှာသာ။

''မောင့်ကြောင့် နန္ဒာ့ မျက်ရည်ဘယ်တော့မှမကျစေရတော့ဘူးလို့ ကတိပေးပါတယ်''

မျက်နှာကို မဲ့လိုက်မိပါ၏။ ကတိတွေ ပေးနေပြန်ပါရောလား။ တစ်ချိန်တုန်းက ပေးခဲ့ဖူးတဲ့ကတိကိုရော ရှင် တည်ခဲ့လို့လားဟင်။ တော်ပါပြီ မိုးယံပိုင်ရယ်, ရှင်ပြောသမျှ ခေါင်းညိတ်ယုံလွယ်တတ်တဲ့အရွယ်မျိုး မဟုတ်တော့ဘူးဆိုတာကိုရော ရှင်သိပါရဲ့လား။

အတိတ်ဆိုတာကို အတိတ်မှာပဲ ထားရစ်ခဲ့တာ ကြာပါပြီလေ။ ခါးသည်း စက်ဆုပ်လွှန်းလို့ ပြန်သတိမရချင်တော့ပါဘူး။ နှလုံးသားပါမက ရင်ဘတ်တစ်ခုလုံး နာကျင်ကြေမွခဲ့ရတဲ့အဖြစ်





ကို ဒီဘဝမှာ ဘယ်လိုနည်းနဲ့မှ ဝေဒနာတစ်ရပ်လို ပြန်မရချင်တော့တာ အမှန်ပါလေ။

> **ရှုံးသလား...မြတ်သလား...သေချာပြန်စဉ်းစား...ရှုံးတယ်ထင်ရင် ကိုယ်ရှုံးခဲ့တာထက် ပိုတဲ့အမြတ်ရဖို့ ပြန်ယူတတ်ရတယ်...အဲဒီအခါမှာ အရင်းအနှီးတော့ မကြီးစေနဲ့...**

ဟုတ်တယ်. . . အနိုင်အရှုံးတွက်စတမ်းဆိုရင်တော့ ဒီပွဲမှာ လွှန်းရှုံးတာ အမှန်ပါပဲ။ ချစ်ခြင်းမေတ္တာ, မျက်ရည်, နာကျင်မှု, ကြေကွဲမှု, ပြီးတော့ ဂုဏ်သိက္ခာပါပဲ။ နာမည်မှာ ရည်းစားပြတ်ဆိုတာထက် စွန့်ပစ်ခြင်းဆိုသည့်ခေါင်းစဉ်က ပိုပြီးခံရခက်စေခဲ့တာလေ။

''ရှင်နဲ့ဇာတ်လမ်းက ပြီးခဲ့ပြီ ကိုမိုးယံပိုင်။ ကျွန်မဆီမှာ ရှင့်ကိုပြောစရာ ဘာမှမရှိတော့ဘူး''

''နန္ဒာ''

''ရှင်ထွက်သွားပါတော့၊ ခဏနေ ကျွန်မအစ်ကို ရောက်လာတော့မှာ''


www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပြောသမျှ နန္ဒာ နားမဝင်ဘူးတဲ့လား"

"နောက်ထပ် ဘယ်တော့မှ မနှောက်ယှက်ပါနဲ့"

"မမ"

ဒီတစ်ခါတော့ သဲစုက ရုံးခန်းထဲ ဝင်လာချေပြီ။ လွန်းတို့ကို စကားစပြတ်စေခြင်းပဲမဟုတ်ပါလား။ သူ ထွက်သင့်ချိန် ရောက်ပေမယ့် မားမားကြီးရပ်နေသည့်နေရာက လုံးဝမရွေ့ပါလေ။ ဘယ်လိုလူလဲ မိုးယံပိုင်။

"မနေ့ကရောက်တဲ့ ညှိသည်တွေနဲ့. . ."

"ငါသိပြီးပြီ"

လေသံမာဖြင့် ပြောလိုက်တာမို့ သဲစု တွန့်ခနဲဖြစ်သွားပါ၏။ ကိုယ့်ကိုယ်ကို 'မ'လို့ ယဉ်ယဉ်ကျေးကျေးသုံးလေ့ရှိပါလျက် 'ငါ'ဆိုသည့်နာမ်စားက လွန်း အဘယ်မျှစိတ်မကြည်လင်သလဲဆိုတာကို သိစေသည်လေ။

"မမရဲ့အစ်ကို ရောက်လာတော့မယ်တဲ့"

"အဲဒါလည်း ငါသိတယ်၊ လေရှည်မနေနဲ့၊ လုပ်စရာရှိတာတွေ လုပ်ပါလား"





"ဟုတ်"

သဲစုက ဇက်ပုသွားပြီး ခုံမှာ ဝင်ထိုင်နေလိုက်လေ၏။ သူကဖြင့် အလိုက်မသိစွာ ရှိနေတုန်းပါပဲလား။ ကြည့်ရတာ တုံးတိုက်တိုက် ကျားကိုက်ကိုက် ရင်ဆိုင်မည့်ပုံမျိုးပင်။ ကျွန်မအစ်ကိုနဲ့ ရှင်တွေ့လို့ရော ကျွန်မ ခံယူဆုံးဖြတ်ချက်က ပြောင်းလဲသွားမှာမှမဟုတ်တာဘဲ မိုးယံပိုင်ရယ်။

"ကိုယ် လက်လျှော့မှာမဟုတ်ဘူး"

"အဲဒါ ရှင့်ကိစ္စပဲ"

"နန္ဒာ. . . ကိုယ်"

"ဒေါက်! ဒေါက်!. . ."

သွားပါပြီ. . . ဒီလောက်ပြောနေတဲ့ကြားထဲက ကိုကိုနဲ့ တန်းတိုးပြီကိုး။

အခန်းတံခါးဖွင့်ရင်း ဝင်လိုက်သည့်ကိုကိုက သူ့ကိုမြင်တော့ မျက်ခုံးမြင့်သွားလေ၏။ ရုံးချိန်ကြီး ဒီမှာရှိနေမယ်လို့ ဘယ်ထင်ထားပါ့မလဲ။

"သဲစု"



www.burmeseclassic.com

www.burmeseclassic.com

"ရှင်, အစ်ကို. . . အစ်ကိုကြီး"

"မနေ့က ကိုယ်ပေးထားတဲ့ List နဲ့ မစွတာ အိုရှီးမား တို့အတွက် Lunch ကို သွားစီစဉ်ပေးပါ၊ ဘာတစ်ခုမှ မလွဲပါစေနဲ့"

"ဟုတ်ကဲ့"

ပညာသားပါစွာဖြင့် သဲစုကို ကိုကို နှင်ချေပြီ။ မျက်လုံးလေး ဝေ့ကြည့်လိုက်ပြီး သဲစုက အခန်းထဲမှ အမြန်ဆုံးထွက်သွားလေ၏။ ကိုကိုက လွန်းစားပွဲရှေ့ ညှော်ခုံဝိုင်းမှာ အသာဝင်ထိုင်လိုက်ပါသည်။

"ထိုင်ပါဦးလား ညီ"

အလိုလေး. . . ညီတဲ့။ ကိုကို ဘာသဘောနဲ့များ ဒီလို သုံးလိုက်ပါလိမ့်။ သူ့မျက်နှာထက်မှာ အရိပ်တစ်ခု ဖြတ်သွားပြီး ကိုကိုနှင့်မျက်နှာချင်းဆိုင်ခုံမှာ အသာဝင်ထိုင်လိုက်လေ၏။

ဘာအကြောင်းများ ဆွေးနွေးမှာတဲ့လဲ။ လွန်းတို့ရဲ့ ပြီးပြတ်ပြီးသားကိစ္စကို ဆက်ပြောစရာအကြောင်းမှ မရှိတော့တာ နော်။





**တွေဝေတဲ့ဆိုင်းတာမျိုးကို လုံးဝမကြိုက်ဘူး...စဉ်းစားတာ, ချင့်ချိန်တာ, အချိန်ကြာကြာဆွဲထားဖို့မှမဟုတ်ဘဲ... မြန်မြန်ဆုံးဖြတ်, ချက်ချင်းထလုပ်, အချိန်ဟာ ရွှေထက်အများကြီးအဖိုးတန်တယ်ဆိုတာ မမေ့နဲ့...**

ဟုတ်တယ်. . . ဦးကျော်ပြောသလို အချိန်ဆွဲနေလို့မှ မဖြစ်တာ။ ကိုကိုစိတ်ထဲမှာ လွန်းကို သူနဲ့ဆက်နွှယ်နေတုန်းပဲလို့ ထင်မသွားစေချင်ပါ။ ခွန်အားတွေအပြည့်နဲ့ လျှောက်လှမ်းနေပြီဖြစ်တဲ့ လွန်းရဲ့ဘဝကို ဒီလိုရှုပ်ရှုပ်ယှက်ယှက်တွေ ဖြစ်လာရင် ဦးကျော်နဲ့ထိပ်တိုက်ရင်ဆိုင်စရာတွေ ဖြစ်ကုန်တော့မှာလေ။

"ကိုကို"

"ကိုကို သူနဲ့ဆွေးနွေးမလို့ပါ ညီမလေး၊ နင်မပါလည်း ပြောလို့ဖြစ်တယ်၊ ရပြီလား"

ကဲ, ဘာများပြောလို့ရတော့မှာလဲ၊ ဒီအခန်းထဲက ထွက်သွားချင်ပေမယ့် လွန်းရဲ့ရုံးခန်းမို့ မဖြစ်တာလေ။ ခုံမှာထိုင်နေရာမှ ဆက်ခနဲထရပ်ကာ အခန်းထောင့်မှာချိတ်ထားသည့် နံရံနာရီ



www.burmeseclassic.com

www.burmeseclassic.com



ကားကြီးရှေ့၌ အကြောင်းမဲ့သွားရပ်နေမိ၏။ အသံလုံတဲ့အခန်းမို့ ကိုကိုတို့ပြောသမျှ အကုန်ကြားနေရတာပါပဲ။

''ညီ,အရင်ဆုံးပြောပါ''

''အစ်ကို. . . ကျွန်တော်''

''ရပါတယ် ညီ၊ ကိုယ်နဲ့ပွင့်ပွင့်လင်းလင်းဆွေးနွေးလို့ ရပါတယ်''

သူ့ နေရခက်စွာဖြင့် လက်ဝါးနှစ်ဖက်ကို အသာပွတ်လိုက်မိ၏။ အဝေးကသာ တစ်ခါနှစ်ခါမျှ မြင်ရုံမြင်ခဲ့ဖူးပြီး အခုလို မျက်နှာချင်းဆိုင်စကားပြောရတာမျိုး တစ်ကြိမ်မှမကြုံဖူးတာလေ။ သူ့ကိုအုပ်ထိန်းတဲ့အစ်ကိုမို့ အဖေလို ရိုကျိုးလေးစားခဲ့တာတဲ့။ ဘာပဲပြောပြော သူက ကာယကံရှင်မို့ မျက်နှာအပူသားပါလေ။

''ကျွန်တော်, မိုးယံပိုင်ပါ''

''ကိုယ် သိထားပါတယ်''

''ကျွန်တော် မြန်မာပြည်ကိုပြန်ရောက်တာ တစ်ပတ်လောက်ပဲ ရှိပါသေးတယ်''

ညီနန္ဒ ခေါင်းညိတ်ပြလိုက်ပါသည်။ ဒီလူငယ်လောက်





ပညာမတတ်ခဲ့ပေမယ့် လက်တွေ့ဝင်ဆန့်ရတဲ့စီးပွားရေးလောကမှာ လူတွေရဲ့စိတ်သဘောမနောကို လေ့လာခဲ့တဲ့နေရာမှာတော့ သူက အများကြီးပိုသာခဲ့တာ အမှန်ပါလေ။

ဒါ, ညီမလေးရဲ့ တစ်ချိန်က ချစ်သူတဲ့။ တော်စပ်ရမည့်အနွယ်အတွက် မျက်နှာပူစရာကောင်းပေမယ့် အစ်ကိုကြီး အဖအရာမို့ လွန်းအတွက် ဘာမဆို ရှေ့ကနေ မားမားရပ်တည်ကာ ကွယ်ဖို့က သူ့အတွက် ကြီးမားတဲ့တာဝန်တစ်ရပ်ပေကိုး။

ရည်မွန်ပုံရှိပေမယ့် ရွှေဖွန်းကိုက်ပြီး မွေးဖွားခဲ့လာတာမို့ လောကကို ထိမထင်သည့်ဟန်က ဤလူငယ်ထံမှာ ရှိနေတုန်းပါပဲ။ ဘာပြစ်ချက်မှရှိမနေပါဘဲ အကြောင်းပြချက်မရှိ လွန်းကို ဖြတ်တောက်ပစ်ခဲ့တာကို သာမန်အနေနဲ့တော့ ခပ်ပေါ့ပေါ့ထင်ရောပါ။ သို့သော် ဘဝရဲ့လက်တွဲဖော်အဖြစ်သတ်မှတ်ပြီး အလေးအနက်ထားလေ့ရှိတဲ့ သူတို့မောင်နှမအတွက်ကဖြင့် အရေးအကြီးဆုံးကဏ္ဍပါပဲ။

ဒါဖြင့် သူ့တုန်းကရော, မှန်ပါတယ်၊ သူ့တုန်းကလည်း 'ချော'နဲ့လမ်းခွဲခဲ့ရတာပါပဲ။ သို့သော် ညီမလေးကို မိုးယံပိုင် တား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သလိုမျိုး အစိမ်းဖြတ်ဖြတ်ခဲ့တာမျိုး မဟုတ်ခဲ့ပါ။ ရည်မှန်းချက် မပြည့်စုံမီ 'ချော'အိမ်မှ မင်္ဂလာသတင်းကြောင့် နှစ်ဦးသား နား လည်မှုယူပြီး လမ်းခွဲခဲ့ကြတာပါ။

'မိုးမလုံလေမလုံတဲ့အိုမှာ ထမင်းရည်ပူ အတူလျက်ရ ပါစေ'ဆိုတာ စာရေးဆရာတွေရဲ့စိတ်ကူးယဉ်စာသားတစ်ခုပါပဲ။ လက်တွေ့မှာ ဘယ်သူက အငတ်ခံရဲပါ့မလဲ။ တစ်ယောက်မျက် နှာ တစ်ယောက်ကြည့်ပြီး ချစ်နေရုံနဲ့ ဘဝဆိုတာ ဖြစ်နိုင်တာမှ မဟုတ်တာလေ။ နှစ်ဦးသား ချစ်ရည်တူပါလျက် နောက်ဆုတ် ဖြစ်ခဲ့စဉ်မှာ ကံကြမ္မာကိုဖြင့် သူတို့အပြစ်မတင်ဖြစ်ခဲ့တာအမှန်ပါပဲ။

ဘဝနဲ့နှိုလာရင် အချစ်ဆိုတာ ရေမှုန်လေးလောက်သာ အရာထင်တော့တာကို အခြေခံလူတန်းစားတိုင်း သိလေ့ရှိတဲ့ အသိသညာတစ်ခုပင် မဟုတ်ပါလား။

"ကျွန်တော့်ဘဝမှာ ပတ်သက်ခဲ့ဖူးတာဆိုလို့ နန္ဒာတစ် ဦးတည်းသာပဲ ရှိတာပါအစ်ကို။ ကျွန်တော်, သူ့ကိုမစွန့်လွှတ် နိုင်ဘူး။ အဲဒါအမှန်ပါ"

"မိုးယံပိုင်. . . ရှင်"





"ကျစ်! ဝင်မပြောနဲ့လေ ညီမလေးရာ"

"တစ်ချိန်က သူ့ကိုထားရစ်ခဲ့တာကို ကျွန်တော် ဝန်ခံ ပါတယ် အစ်ကို။ အဲဒါ ကျွန်တော့်အပြစ်မှန်း ကျွန်တော်သိပါ တယ်။ ဒါပေမဲ့ အဲဒီလိုလုပ်မိခဲ့တာ သူ့ကိုမုန်းလို့မဟုတ်ရပ် ဘူး။ Sorry အစ်ကို, နားနဲ့မနာ ဖဝါးနဲ့နာပေးပါ"

"ရပါတယ်"

သူ့ကို စူးစူးရဲရဲကြည့်လိုက်မိ၏။ ပြောတော့ နှုတ်ဖျားက ပါ မိုးယံပိုင်၊ တကယ်တမ်းခံရတာက ရင်ထဲကနှလုံးသားပါ။ ရှင် ဘယ်လောက်ပဲ နာခဲ့တယ်ပြောပြော, တကယ်ရင်ကွဲခဲ့ရတာ က လွှန်းပါ။ ခြေလှမ်းတွေ ယိုင်လဲခဲ့တာကို ဘယ်သူက ထူမတ် ပေးခဲ့ရသလဲ။ အတေးအမှတ်ကြီးတဲ့ဉာဉ်က ချစ်ခြင်းထက် နာ ကြည်းမှုဘက်ကို ပိုအလေးသာခဲ့ရတာပါ။ လွမ်းမနေခဲ့တာတော့ အမှန်ပါပဲ။ သတိရခဲ့ရင်တောင်မှ ရင်ထဲမှာ ခုချိန်ထိ တစစ်စစ် နဲ့ နာနာကျင်ကျင်ကြီးခံနေရတုန်းပါရှင်။

"နန္ဒာနဲ့ပတ်သက်ပြီး ကျွန်တော့်မိဘကိုတောင် အာခံရဲ တဲ့အထိ မိုက်မိခဲ့တာပါ။ ရှန်းကန်ခဲ့တဲ့ရှစ်နှစ်တာကာလမှာပင်



www.burmeseclassic.com

www.burmeseclassic.com



ပန်းခဲ့သမျှဒဏ်ကို သူ့ကိုချစ်တဲ့စိတ်တစ်ခုနဲ့ပဲ ဖြေသိမ့်နိုင်ခဲ့ရပါတယ်။ အခု ကျွန်တော့်ခွန်, ကျွန်တော့်အားနဲ့ ပြည့်စုံလို့ ပြန်ရောက်လာတော့ ကျွန်တော် လမ်းပျောက်နေပြီ အစ်ကို။ ဘာဆက်လုပ်ရမှာလဲ, လက်ကမ်းကြိုဖို့ မျှော်လင့်ထားပေမယ့် ကျွန်တော်မျှော်လင့်ထားတဲ့အနာဂတ်ကို နန္ဒာက ထည့်မပေးချင်ဘူး။ အစ်ကို့ ကျွန်တော့်ဘက်ကို ငဲ့ကြည့်ပေးလှည့်ပါ''

အသံတို့ တိတ်သွားလေ၏။ ကိုကို ဘာပြန်ပြောမှာပါလိမ့်။ ဖွင့်မပြောဖြစ်ပေမယ့် လွှမ်းရဲ့စိတ်, လွှမ်းရဲ့သဘောထားကို သွေးရင်းအစ်ကိုဖြစ်တဲ့ ကိုကို အလိုလိုသိနေမှာပါ။ ကျေးဇူးပြုပြီး လွှမ်းရဲ့အနာဂတ်လမ်းကို မှုန်ဝါးသွားအောင် ကိုကိုမဆုံးဖြတ်လိုက်ပါနဲ့ ကိုကို။

''ကိုယ်ပြောမယ် ညီ. . . တကယ်တော့ ကိုယ်က ညီလောက် ပညာမတတ်ပါဘူး။ ဒါပေမဲ့ ကိုယ်လေ့လာသင်ယူခဲ့တဲ့ ဘဝသင်ခန်းစာနဲ့ယှဉ်ပြီးတော့မှ ဒီကိစ္စကို ဆုံးဖြတ်ပေးမှာပါ''

''ပြောပါ အစ်ကို''

''ကိုယ်လည်း တစ်ချိန်က ကိုယ်ချစ်တဲ့သူကို စွန့်လွှတ်





ခဲ့ဖူးပါတယ်။ နာကျင်ခဲ့တာကတော့ အမှန်ပါပဲ။ ဒါပေမဲ့ ဘဝက ဘဝပါ, ညီ။ သံယောဇဉ်နဲ့ရောထွေးလို့ မရဘူးလေ။ ရှင်းရှင်းပြောရရင်တော့ ညီဆုံးဖြတ်ခဲ့တဲ့လမ်းက မှားနေတယ်ဆိုတာပဲ''

''အစ်ကို''

''ညီမလေးရဲ့နှလုံးသားကို ကိုယ် ဝင်ဆုံးဖြတ်ပိုင်ခွင့်မရှိပေမယ့် သူ့ဘဝအတွက်တော့ ကိုယ် ဝင်စွက်ပိုင်ခွင့်ရှိတယ် ညီ။ သူ့ရင်ထဲမှာ ညီ့မရှိတော့တာ ကြာပါပြီ။ ဒါကြောင့် အသစ်တွေ နောက်တစ်ဖန်ပြန်ဖြစ်လာအောင် ထပ်မဖန်တီးပါနဲ့တော့လို့ ပြောပါရစေ။ ကိုယ် မေတ္တာရပ်ခံနေတာပါ ညီ''

❐❐❐



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

ရင်မောတယ်ဆိုတာ ဒါမျိုးကို ခေါ်တာပဲထင်ပါရဲ့။ ဦး
ာ်နှင့်အတူ ညစာစားပွဲတက်ရမှာမို့ စောစောပြန်ရန် ပြင်လိုက်
ါ၏။ စီစဉ်ပေးစရာရှိတာကို စီစဉ်ပေးပြီး သဲစုအလုပ်စားပွဲနေရာ
လှမ်းကြည့်တော့ ချာတိတ်မက ရှိမနေပါချေ။ ဘယ်တွေ
ားနေပြန်ပါလိမ့်။

ဤကလေးမ လွန်းကိုအသိမပေးဘဲ ဒီလိုမျိုးအပြင်ကို
ွက်ဖူးပါဘူး။ ညနေခြောက်နာရီ ရှိပြီမို့ ရုံးဆင်းချိန်မှန်ပေမယ့်
န်ရင်လည်း လွန်းဆီမှာ ခွင့်ပြုချက်တောင်းပြီးမှ ပြန်နေကျပဲ

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါလား။ ဘယ့်နှယ် ပျောက်နေရတာပါလိမ့်။

အခန်း Lock ကို အသာလှည့်လိုက်ပြီး အပြင်ကိုထွက်လိုက်ပါ၏။ ဟိုဟိုဒီဒီ ရှာကြည့်သော်ငြား သဲစု၏အရိပ်သော်မျှ မမြင်ရပါလေ။ ကြည့်ရတာ လေသာဆောင်မှာ Phone ပြောနေတာ ထင်ပါရဲ့။

မှန်တံခါးကိုတွန်းဖွင့်ရန် ပြင်လိုက်စဉ် လွှန်းရင်ထဲထိတ်သွားရပါ၏။ အလို! သဲစုက သူနှင့်အတူ ရှိနေတာပါလား။ ရော့တာတန်းကို လက်ထောက်ပြီး ခေါင်းငိုက်စိုက်ဖြစ်နေသည့်သူ့ကျောကို အသာပွတ်သပ်ပေးနေပုံက တရင်းတနှီးပါလေ။ ဘယ်လိုပတ်သက်မှုမျိုးပါလဲ။

"ကိုယ် ဘာမှဆက်လုပ်လို့မရတော့ဘူး"

"ဒီလောက်ထိ စိတ်ဓာတ်တွေ မကျပါနဲ့ ကိုကိုပိုင်ရယ်။ သဲတစ်ယောက်လုံး ရှိပါသေးတယ်"

"မရဘူး ညီမလေးရဲ့၊ သူ့အစ်ကိုက. . . သူ့အစ်ကိုက ကိုယ့်ကို အပြီးအပြတ်ပြောပြီးပြီ။ ဒီလိုအခြေအနေမျိုးမှာ ဘယ်လိုရှေ့ဆက်လို့ ရပါတော့မလဲ။ ကိုယ် အနှစ်နှစ်အလလ

ရွှေပဒေသာစာပေ



ကြိုးစားလာခဲ့သမျှအကုန် သဲထဲရေသွန်ဖြစ်ကုန်ပါပြီကွာ"

"မမကရော ဘာတဲ့လဲဟင်"

လွှန်းတစ်ကိုယ်လုံး တောင့်ခနဲဖြစ်သွားရပါ၏။ ညီမလေးတဲ့. . . ဒါဖြင့် သဲစုဆိုတာ သူ့ရဲ့ဝမ်းကွဲညီမလေးပေါ့။ ဒါကို ဘာလို့ လွှန်းမသိခဲ့တာလဲ။ လွှန်းရဲ့သတင်းတွေ သူကြိုသိနေတာ လက်စသတ်တော့ လွှန်းနားမှာ Spy တစ်ယောက်လုံး ရှိနေလို့ကိုး။

ဒါကို ဦးကျော်ရော သိပါရဲ့လား။ သဲစုကို ဘယ်ကနေ ဘယ်လိုရှာပြီး လွှန်းရဲ့အနီးဆုံးကို ပို့ပေးခဲ့ပါသလဲ။ ဘာသဘောလဲ ဦးကျော်။

**အချစ်က ဘဝကိုဖန်တီးပေးတယ်လို့ ယုံနေသလား... အဲဒီအချစ်ဆိုတာနဲ့ ဘဝကိုရှင်သန်နိုင်တယ် ထင်နေရင်တော့ ဟိုးအောက်ဆုံးထစ်မှာပဲ မင်းရှိနေမှာ...အချစ်ဆိုတာ နေ့စဉ်ဖြည့်ဆည်းပေးနိုင်တဲ့ အာဟာရမှမဟုတ်တာဘဲ...**

မလိုအပ်ဘူးဆို၊ ဘဝကိုလျှောက်လှမ်းစဉ်မှာ အဲဒီအချစ်

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com

ဆိုတာ အနှောက်အယှက်ဆိုပြီး လွှမ်းရင်ထဲကဆူးကို ဦးကျော် နှုတ်ပေးခဲ့တာပါ။ ဘယ်တော့မှ မရှင်သန်စေရအောင် ချစ်ခြင်းရဲ့ Virus ကို ဦးကျော်ပဲ သေအောင်,သတ်ပေးခဲ့တာလေ။

အဲဒီလူက လွှမ်းရဲ့စိတ်ကို နားမလည်ဘဲ အခုလိုလုပ်ရသလား။ ထင်မထားဘူး ဦးကျော်၊ သဲစုကို ဘယ်သူဆိုတာကို ဦးကျော် ကြိုသိထားရင် ဒီကိစ္စမှာ မရိုးရှင်းတော့တာအမှန်ပဲ။

"ခါးခါးသည်းသည်းငြင်းတာ"

"ဖြစ်ရလေ"

"ကိုယ် အမှားကြီးမှားခဲ့ပြီကွာ၊ ကိုယ့်ဘက်က, ကိုယ့်ဘက်က စွန့်လွှတ်ခဲ့ရတာ အမှားကြီးဆိုမှ အမှားကြီးကွ။ အခု, အခု. . . ကိုယ်ပြန်ရတာက ဘာလဲ"

"ကိုကိုပိုင်ရယ်, အဲဒီလိုကြီးတော့ မပြောပါနဲ့။ ဘဘတို့ ကိုကိုပိုင့်ကို အမွေဖြတ်ခဲ့တာကလည်း အကြောင်းရှိနေလို့လေ။ ပုလဲနဲ့က မိဘချင်းပြောပြီးဆိုပြီးဖြစ်နေပြီးမှ ကိုကိုပိုင်က ထကန့်ကွက်တာမို့ ရုတ်တရက်ဒေါသဖြစ်ပြီး. . ."

"မဆိုင်ပါဘူးကွာ"





"ဆိုင်တယ် ကိုကိုပိုင်၊ ဒါ ဘယ်မိဘမဆို ဒီလိုပဲဆုံးဖြတ်ကြမှာပဲ။ သဲတောင်မှ ပုလဲနဲ့အဆက်အဆံပြတ်လုနီးပါး ဖြစ်ခဲ့တာကိုပဲ ကြည့်လေ။ သူငယ်ချင်းအချင်းချင်း ဘယ်လောက်ပဲချစ်ချစ်, ဘဝနဲ့ဆိုင်တဲ့အရာမှာတော့ ဘယ်သူက ထိခိုက်ခံချင်မှာလဲ"

"ကိုယ်မှ ပုလဲဖြူကို မချစ်နိုင်တာ"

"သဲ,သိတယ်လေ၊ ပုလဲလည်းသိတယ်။ အဲဒီလိုပဲ မမသိဖို့လိုလိမ့်မယ်"

သူက မျက်နှာကိုမော့ပြီး မျက်လုံးအစုံကို မှိတ်ထားလေ၏။ ရင်ဖွင့်ဖော်ပေါ့, ဟုတ်တာပဲ. . . ခံစားချက်ကို ပေါ့သွားရအောင် ရှင့်ဆီမှာ ရင်ဖွင့်ပြလို့ရမယ့် အဖော်တစ်ယောက်တော့ ရှိသေးတာပါလား မိုးယံပိုင်။ ဒါဖြင့် လွှမ်းတုန်းကရော. . .

တစ်ယောက်မှ ရှိမနေခဲ့ပါ။ တကယ့်ကို တစ်ယောက်တည်းပါပဲ။ ငိုနေရင်တောင်မှ ဖြေသာအောင် ပြောပေးသူ ရှိမနေခဲ့ဘူးလေ။ မျက်ရည်တွေရဲ့ရာဇဝင်ကို လွှမ်းရဲ့ခေါင်းအုံးလေးပဲ သိခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com

အစော်ကိုမှုတတဲ့ လောကကြီးပါပဲ။ ကိုယ့်ကိုယ်ကို သိလှတတ်လှပြီလို့ ထင်နေတဲ့လွှန်းကို 'နင် ဘာမှမသိသေးပါဘူး'လို့ လက်ညှိုးညွှန်ပြနေပြီလေ။

ကဲ, ဘာဆက်လုပ်မလဲ လွှန်းနန္ဒာအောင်။

"သိတယ်, ဒါပေမဲ့ ခေါင်းခါတုန်းပဲ"

"ကိုကိုပိုင်ကလည်းကွာ, စိတ်ဓာတ်ကျလွယ်လိုက်တာ။ သဲ ကူညီလို့ ရပါသေးတယ်"

"ဘယ်လိုကူညီမှာလဲ"

"ရှိတာပေါ့, မမကို Control လုပ်ပေးနိုင်တဲ့ အန်ကယ် တစ်ယောက်လုံး ရှိနေသေးတာကို မမေ့နဲ့လေ"

ဘုရားရေ! ဦးကျော်ကို ဆွဲထည့်ပြီပေါ့။ လွှန်းကို ထိန်းချုပ်ပေးနေတဲ့သူတဲ့။ မှန်သင့်သလောက် မှန်ပါတယ်။ သို့သော် လွှန်းနဲ့ဦးကျော်ကြားမှာ ခြားထားတဲ့စည်းမျဉ်းတွေကိုဖြင့် ဘယ်သူမှမမြင်နိုင်ဘူးလေ။

"ဦးဟိန်းကျော်ဇေ"

"ဟုတ်တယ်"





"သူနဲ့နန္ဒာ့ကိစ္စက ဘာဆိုင်လို့လဲ"

"ဆိုင်သမှ သိပ်ဆိုင်ပေါ့ ကိုကိုပိုင်ရဲ့။ အန်ကယ် ထူမတ်ပေးခဲ့လို့ မမ မားမားမတ်မတ်ရပ်နိုင်ခဲ့တာ။ အန်ကယ် Control လုပ်ပေးခဲ့လို့ ဒီလိုခပ်မာမာပုံစံလေး ဖြစ်ခဲ့ရတာ။ အန်ကယ် သင်ကြားပေးခဲ့လို့ မမရင်ထဲက နှလုံးသားကို မာကျောစေခဲ့တာလေ။ ဒီတော့ အန်ကယ်သာ ဖြေရှင်းပေးရင် ကိုကိုပိုင်တို့ကိစ္စ မပြေလည်စရာအကြောင်းမရှိဘူး။ ဦးဟိန်းကျော်ဇေဆိုတာ အစ်ကိုကြီးရော မမပါ မိဘလိုအားထားလေးစားနေတဲ့ ကျေးဇူးရှင် တစ်ဦးဆိုတာပဲ"

ကြည့်စမ်း!. . . အတွင်းကျကျ သိနေနှင့်တာပါပဲလား။ ကြောက်စရာကောင်းလိုက်တာနော်၊ စီးပွားရေးလောကမှာပဲ ဒီလို လျှို့ဝှက်ချက်တွေ ရှိတယ်လို့ထင်ထားတာ၊ ခုတော့ လူမှုရေးကိစ္စမှာလည်း လျှို့ဝှက်ကြံစည်မှုတွေ ရှိနေတာလေ။ ဒါကြောင့် 'လူ' ဆိုတာ ကြောက်စရာသတ္တဝါလို့ သတ်မှတ်ခြင်းခံရတာပဲကိုး။

"သူနဲ့ရင်းနှီးလို့လား"

"အင်းပေါ့, သဲက အန်ကယ်နဲ့အိမ်ချင်းကပ်ရက်မှာ နေ



www.burmeseclassic.com

www.burmeseclassic.com



နေတာပဲ။ အစောကြီးကတည်းက ရင်းနှီးနေခဲ့တာ။ ဒါကြောင့်လည်း မမရဲ့ Secretary နေရာကို ယုံယုံကြည်ကြည်နဲ့ ရခဲ့တာပေါ့"

"OK! ကိုယ် မင်းကိုယုံလိုက်မယ် သဲစု"

"စိတ်ချပါ ကိုကိုပိုင်"

မှန်တံခါးကိုပြန်စေ့ကာ လှည့်ဝင်ခဲ့ပါ၏။ ရုံးခန်းထဲသို့ မြန်မြန်လျှောက်လာပြီး ဦးနှောက်ကို အပြင်းအထန်အလုပ်ပေးနေမိသည်။ စဉ်းစားစမ်း!. . . လွှမ်းနန္ဒာ၊ စဉ်းစားစမ်း!. . . Hotel ကြီးတစ်ခုလုံးကိုတောင် တာဝန်ယူနိုင်ခဲ့တာ ဒီကိစ္စကိုကြုံတွေ့ပြီး လန့်နေလို့မဖြစ်ဘူး။

ပြတ်သားရမှာ၊ ဟုတ်တယ်. . . ပြတ်ပြတ်သားသားဆုံးဖြတ်ရမှာပေါ့။ ကိုကိုကိုယ်တိုင် ဖြေရှင်းပေးခဲ့ပါလျက် ဒီအရှုပ်အထွေးကို လွှမ်း့မရှင်းတတ်ရင် ညံ့ရာကျမှာလေ။

ကောင်းပြီ, လွှမ်းနန္ဒာဆိုတာ ဘာလဲလို့ဆက်ကြည့်ရအောင် သဲစုရေ့. . .

"ဒေါက်! ဒေါက်! "





"ဝင်ခဲ့"

"ဟင်! မမ ခုထိမပြန်သေးဘူးလား။ (၇)နာရီ Dinner ရှိတာလေ"

"Dinner ထက် ပိုအရေးကြီးတဲ့ကိစ္စကို ရှင်းဖို့စောင့်နေတာ။ ထိုင်ပါဦး"

သဲစုက သတိအနေအထားဖြင့် လွှမ်းထိုင်နေရာ စားပွဲနား, ကပ်လာပြီး မျက်နှာချင်းဆိုင်ခုံမှာ ထိုင်လိုက်လေသည်။ သဲစု၏မျက်နှာကို လွှမ်း စေ့စေ့စပ်စပ်ပင် ကြည့်လိုက်မိလေ၏။ လုံးဝမထင်စရာလေး. . . စမြင်ကတည်းက သွက်သွက်လက်လက် ပေါ့ပေါ့ပါးပါးလေး။ လာဘ်မြင်တယ်, ဖျတ်လတ်တယ်ဆိုပြီး လက်ရုံးသဖွယ် အားထားခဲ့မိတဲ့မိန်းကလေးက လက်တွေ့မှာ မြွေပွေးလို အဆိပ်ရှိနေတာလေ။

"ပြောပါ မမ"

"ပြောမယ်, ပြောချင်လို့ကို စောင့်နေတာ။ မင်း ဘာရည်ရွယ်ချက်နဲ့ ဒီကိုရောက်လာတာလဲ"

"အဲဒါလား, မမရဲ့ Secretary လုပ်ပေးဖို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါ၊ စာရွက်ထဲကအတိုင်း ရွတ်ပြမနေနဲ့။ ငါ တော်တော်အံ့ဩတယ်,သိလား။ မင်းအတွက် ဘာအကျိုးအမြတ်မှမရှိဘဲ ဒီအလုပ်ကို လုပ်လိမ့်မယ်လို့ ထင်ကိုမထင်တာ"

သဲစုမျက်နှာမှာ အံ့ဩရိပ် ထင်သွားလေ၏။ မင်သေတဲ့ နေရာမှာတော့ လွန်းထက်မြင့်တာအမှန်ပါပဲ။ လွန်းက ရင်ထဲရှိတဲ့အတိုင်း ဖုံးဖိမရဘဲ မျက်နှာမှာ အကုန်ပေါ်လာတတ်တာမျိုးလေ။

"မမပြောနေတာတွေ သဲ လုံးဝနားမလည်ဘူး"

အလာကြီးပါပဲလား။ အကောင်သေးပေမယ့် အဆိပ်ကတော့ အပြင်းစားမျိုးပဲ လွန်းနန္ဒာ။ သတိသာ ထားပေဦးတော့။

"ကောင်းပြီ, မင်းကို အရိပ်ပြရင် အကောင်ပါမြင်တတ်ခဲ့လို့ ငါသဘောကျခဲ့မိတာ။ အခုအိပ်ချင်ယောင်ဆောင်ပြတော့လည်း နိုးရတာပေါ့။ မိုးယံပိုင်နဲ့မင်း ဘာတော်သလဲ, မှန်တာကို ပြောပါ"

မျက်နှာလေး ပြုံးသွားလေ၏။ အပြစ်ကင်းစင်နေတုန်းပါပဲ။ သူမမှာသာ ဒီလျှို့ဝှက်ခြင်းတွေ ရှိမနေရင်တော့ အလုပ်





ထုတ်ရမယ့်ကိစ္စက နှမျောစရာကြီးပါလေ။

"ဪ, ဒါလား. . . ကိုကိုပိုင်နဲ့သဲက Cousin တော်ပါတယ် မမ"

"ဒါဖြင့် ငါ့အကြောင်းမှန်သမျှ သူ့ကိုအကုန် မင်းသတင်းပို့နေတာပေါ့လေ, ဟုတ်လား။ ငါ့မှာတော့ မင်းကို ညီမလေးတစ်ယောက်လို ယုံကြည်လိုက်ရတာ။ ခုတော့ မင်းက ငါ့နောက်ကျောကို ထိုးမယ့်ဓားတစ်ချောင်းဖြစ်နေပါရောလား. . . ဟင်"

"မမ မှားနေပြီ"

"မမှားဘူး. . . ငါ ဘယ်တုန်းကမှ မမှားခဲ့ဘူး"

သဲစုက လက်ကလေး,ကာကာ ပြန်ချေပချေပြီ။ ကြည့်စမ်း! ကိုယ့်အထက် မန်နေဂျာတစ်ယောက်ကို အာခံပြန်ပြောရဲရအောင် သူမနောက်က Background က မသေးဘူးလေ။

"မင်းကမှ မှားနေတာ၊ ငါ့ဘဝမှာ ငါ့ကို ခုလိုအနိုးကပ်လာနောက်ယှက်နိုင်တဲ့ အန္တရာယ်ရှိနေလိမ့်မယ်လို့ ထင်ကိုမထင်ဘူး။ အံ့ဩစရာ"

"ထားပါတော့, သဲမှားတယ်လို့ မမ ယူဆလို့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အဲဒီအမှားက အဖြူစင်ဆုံး စေတနာအမှားမျိုးပဲဖြစ်မှာပါ မမ''

''ဘာ''

''ဟုတ်တယ်, တစ်ယောက်ကိုတစ်ယောက် ချစ်နေပါလျက်နဲ့ ကံကြမ္မာကြောင့် ဝေးကွာခဲ့ရတဲ့ချစ်သူနှစ်ဦးကို ပြန်လက်တွဲစေချင်တာကို အမှားလို့ မမ အပြစ်တင်ချင်သလား''

''တော်စမ်း!''

''သဲက မှူမှူတတတွေးတတ်ပါတယ် မမရဲ့။ ဒီကိစ္စမှာ သဲက ဘာအကျိုးအမြတ်မှ ရတာမှမဟုတ်ဘဲ။ ဒါပေမဲ့ ဝင်ပါခဲ့ပါတယ်။ အဲဒါ မမအတွက်, ပြီးတော့ ကိုကိုပိုင်အတွက်ပါ။ ရိုးရိုးလေးပါပဲ မမလွန်းနန္ဒာ၊ အချစ်ဆိုတာကို အချစ်လို့ပဲ ရိုးရိုးလေး မြင်ပေးလိုက်ပါ. . . ကျန်တာတွေအားလုံးကို ဖယ်ပြီးတော့လေ။ အတ္တတွေ, မာနတွေ,နာကျင်မှုတွေ, လွမ်းဆွေးခြင်းတွေ, အားလုံးအားလုံးကို ဖယ်ပြီး တစ်ခုတည်းရွေးပြီးတော့ မြင်လိုက်ရင် မမရဲ့နှလုံးသားက အလိုလိုနားလည်သွားပါလိမ့်မယ်''

''သဲစု.နှင်. . .''





''အချစ်ဆိုတာ ချိုမြိန်ပါတယ် မမရယ်။ ဘယ်အရာမှ ဖုံးအုပ်ကာကွယ်ထားလို့ မရပါဘူး''

စကားတွေ တတ်နေလိုက်တာ၊ ဒါ,လွန်းကို တွေဝေအောင် ပြုစားလိုက်တဲ့စကားလုံးတွေပါပဲလား။ နားမယောင်ခလေနဲ့ လွန်းနန္ဒာ၊ နှင့်အမြင်တွေ ဝေဝါးသွားရင် ဆုံးဖြတ်ချက်ဆိုတာ ပျောက်ကွယ်သွားနိုင်တယ်လေ။

''မမနဲ့ကိုကိုပိုင် ပြန်ချစ်ဖို့တစ်ခုတည်းပါပဲ၊ အစ်ကိုကြီးလည်း မလိုဘူး, အန်ကယ်လည်း မလိုအပ်ပါဘူး''

''မင်းထွက်သွား''

မျက်စိစုံမှိတ်ချလိုက်ခြင်းနှင့်အတူ ရင်ထဲမှာ ဆို့နင့်တင်းကျပ်သွားရတော့၏။

မလိုဘူးတဲ့ ဦးကျော်. . .

လွန်းဘဝမှာ ဦးကျော် ရှိဖို့မလိုဘူးတဲ့လား. . . လုံးဝမဖြစ်နိုင်တာကြီး။

❐❐❐



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

"ဘာသဘောနဲ့ သဲစုကို အလုပ်ဖြုတ်လိုက်ရသလဲ လွှမ်းနန္ဒာ၊ သူ့ကို ငါအလုပ်ခန့်ခဲ့တာမို့ အလုပ်ထုတ်ရင်လည်း ငါပဲ ဖြစ်ရမှာပေါ့"

ခက်တာပဲ. . . ပြဿနာတွေ ဒီလောက်ဖြစ်မှတော့ လွှမ်းကို သူမ မျက်နှာချင်းမဆိုင်ချင်တော့လို့ ဆက်မလုပ်တော့တာ အပြစ်ပုံချနေပြန်ပါပြီ။ ခုမှ မနက် (၆)နာရီပဲရှိသေးတာ၊ နိုးနိုးချင်း Phone ဆက်ပြီး ဆူရတယ်လို့။

"မဟုတ်ဘူး ဦးကျော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမဟုတ်ရမှာလဲ၊ မဟုတ်ရင် ငါ့အိမ်အထိ သူလာ ပြောရဲပါ့မလား"

"ဦးကျော်, ခုကိစ္စက လုပ်ငန်းနဲ့မသက်ဆိုင်ဘူး။ လွှမ်း ရဲ့ကိုယ်ရေးကိုယ်တာနဲ့ပဲ ပတ်သက်တာပါ"

"အေး. . . ငါသိတယ်"

ဟင်! သိလိုက်တာပဲလား။ ဒီကိုဖြင့် မကြာမကြာမလာ ဖြစ်ဘဲ ဒီကိစ္စတွေ ဘယ်လိုသိကုန်ပါလိမ့်။ ကိုကိုက မစ္စတာ အိုရှီးမားတို့ Group နှင့် ပွဲကို ခရီးထွက်သွားလေပြီ။ ဒီတော့ လွှမ်းနှင့်စကားပြောရမှာ ဦးကျော်ပဲ ရှိတော့တာကိုး။

"အဲဒါကြောင့် သူ့ကိုအလုပ်ထုတ်လိုက်တာ"

"မဆိုင်လိုက်တာ၊ မင်းကို အလုပ်နဲ့ကိုယ်ရေးကိုယ်တာ မပတ်သက်ဖို့ ပြောထားတာ ဘယ်နှခါရှိနေပြီလဲ လွှမ်းနန္ဒာ"

"အဲဒါက. . ."

"မင်းအလုပ်မပိရအောင် သူ့ကို ငါခန့်ပေးထားတာကျ သိရဲ့လား"

ကြည့်! အော်ပြီ၊ အမြဲ ဒီလိုပဲ။ ငြင်ငြင်သာသာလေး





ပြောတာက ရှားပါဘိ။ ဒီလိုဒေါသကြီးတတ်အောင် ဦးကျော်ကို ဘယ်သူက သင်ပေးခဲ့ပါလိမ့်နော်။

"ညီ့ရှင်းပေးတာတောင်မှ မင်းကိစ္စက မပြတ်နိုင်သေးဘူးလား လွှမ်းနန္ဒာ၊ ဘာမှ ပြတ်ပြတ်သားသားမဆုံးဖြတ်နိုင်ဘူးလား။ မင်းကို ဒီလောက်ထိ တွေဝေလိမ့်မယ်လို့ မထင်မိဘူး။ ဘယ်လိုလဲ, Hotel ကိုအုပ်ချုပ်နေတဲ့မန်နေဂျာဖြစ်ပြီး ရုံးခန်းထဲမှာ ဒီလိုတွေဖြစ်စရာလား။ တော်တော်ရှက်ဖို့ကောင်းတယ်"

အလိုလေး!. . . လွှမ်းတို့ကိစ္စက ဘယ်အခြေအနေထိများ ပေါက်ကုန်ပါလိမ့်နော်။ ဘာတွေဖြစ်သလဲ သိရအောင် လွှမ်းရဲ့ရုံးခန်းတွင်းမှာ CCTV Camera...တွေများ ဆင်ထားလေသလား။

"လွှမ်း ငြင်းပါတယ် ဦးကျော်"

"ငြင်းရင် သူ့ဘက်က ပြတ်မှာပေါ့။ ခု မင်းဘက်က မသေချာလို့ ရှေ့ကိုတစ်လှမ်းပြီးတစ်လှမ်း သူ ဆက်တိုးလာတာလေ။ နောက်ဆုံးတော့ မိန်းမဆိုတာ မိန်းမပါပဲ။ ငါဘယ်လောက်ပဲ နည်းလမ်းပြပေး, သင်ပေး, မိန်းမစိတ်နဲ့ ကြိုးရှည်ရှည်လှန်



www.burmeseclassic.com

www.burmeseclassic.com

ပေးထားတာပဲ လွှမ်းနန္ဒာ”

“မဟုတ်ဘူး. . . မဟုတ်ဘူး ဦးကျော်”

“မဆိုင်ပေမယ့် ငါ့ဆီကို ဦးတည်လာတော့ ငါဝင်ပြောရတော့မှာပဲ လွှမ်းနန္ဒာ။ အခြေအနေက ဒီထိရောက်လာမှကိုး”

“ဦးကျော်, သူနဲ့. . .”

“ဟုတ်တယ်, ငါနဲ့တွေ့ဖို့ သူ ချိန်းပြီးပြီ။ ဒါပဲ”

“ဦးကျော်, ဟဲလို”

Phone ကျသွားလေပြီ။ ဒုက္ခပဲ. . . သူက ဦးကျော်နဲ့တွေ့ဖို့ ချိန်းသတဲ့။ ဘာပြောကြမှာလဲ, မဖြစ်ဘူး. . . ကိုကိုနဲ့တင်ကိစ္စပြီးပြတ်ပါလျက် ဦးကျော်ထိ သူတွေ့ရဲတာတော့ တဆိတ်လွန်လွန်းချေပြီ။

မြန်မြန် လွှမ်းနန္ဒာ၊ ဦးကျော်စိတ်ခုစေမယ့်ပြဿနာကို မဖြစ်စေနဲ့။

ဘယ်အချိန်လဲ. . .

ဘယ်နေရာလဲ. . .

ဘယ်လိုအခြေအနေလဲ. . .





ဘာမှရေရေရာရာမသိတော့ သူက ကယောင်ခြောက်ခြားနေ့ယ်။ ဦးကျော်. . . လွှမ်းကို စီရင်ပေးလို့မရဘူးနော်။ ကိုကို့ တားထားပါလျက်နဲ့ လွှမ်းဘက်က သူ့ဘက် ယိုင်နေပြီဆိုပြီး မဆုံးဖြတ်လိုက်ပါနဲ့။

ယုံပေးပါ ဦးကျော်၊ လွှမ်းရင်ထဲမှာ သူ့အတွက် နေရာလွတ် မကျန်တော့ပါဘူး။ နှလုံးသားပေါ်က ဒဏ်ရာအမာရွတ်ကို အမှတ်တရ သတိရမိရင်တောင်မှ သူ့ကို တောင့်တမိတာ မဟုတ်မှန်း လွှမ်း သေချာသိနေတာပါလေ။

ရေမိုးချိုး, အဝတ်အစားလဲကာ ခပ်စောစောပင် ထွက်လာခဲ့မိ၏။ ကားကိုဂရုတစိုက်မောင်းကာ Hotel သို့ရောက်ခဲ့ပါ၏။ ဝန်ထမ်းတွေကို ထုံးစံအတိုင်း စစ်ဆေးစရာရှိ စစ်ဆေး, မှာစရာရှိတာကိုမှာပြီး ရုံးခန်းရှိရာဆီသို့ တက်လာခဲ့၏။ ခုတော့လည်း လွှမ်းရဲ့ရုံးခန်းထဲမှာ စကားပြောဖော်မရှိဘဲ တိတ်ဆိတ်နေလို့ပါလေ။

“ဒေါက်! ဒေါက်! ”

မိုးမိုးသူ တရိုတသေ ကမ်းပေးလိုက်သည့် File ကိုယူ



www.burmeseclassic.com

www.burmeseclassic.com



၍ စစ်လိုက်၏။ လက်မှတ်ထိုးစရာရှိတာကိုထိုးပြီး File ကို ပြန်လှမ်းပေးလိုက်စဉ် မိုးမိုးသူ၏မျက်နှာကို အကဲခတ်လိုက်မိလေသည်။

"ပြောစရာရှိလို့လား မိုးမိုးသူ"

"ဟိုလေ, မမ သိတယ်ထင်လို့"

"ဘာကိုလဲ"

"Boss နဲ့ (101) က ညည်းသည်တို့ တွေ့တဲ့ကိစ္စပါ"

"ဘယ်လို! သူတို့ရောက်နေကြပြီလား"

"ဟုတ်ကဲ့"

"ဘယ်မှာလဲ"

"ဒီအထပ် Special Office Room မှာပါ မမ"

"Thanks! မိုးမိုးသူ၊ သွားလို့ရပြီ"

"ဟုတ်ကဲ့"

ကြည့်စမ်း!. . . နိုင်ငံခြားသားညည်းသည်တွေကိုသာ သီးသန့်တွေ့ဆုံတဲ့ညည်းခန်းထဲမှာမှ သူတို့ စကားပြောကြတာတဲ့လား။ နာရီကိုမော့ကြည့်မိတော့ မနက် (၁၀)နာရီ။





ဘာတွေပြောနေကြသလဲ၊ ဘယ်လိုဆုံးဖြတ်မှာလဲ။ သိချင်စိတ်က ရင်တွင်းမှာ ပြည့်ကျပ်နေလေ၏။

ကျောခိုင်းပြီဆိုမှတော့ အပြီးအပိုင်ကျောခိုင်းပါတော့လား မိုးယံပိုင်။ ရှင်မလိုချင်လို့ စွန့်ပစ်ခဲ့ပြီးမှ လိုတော့, လာပြန်ယူရအောင် ကျွန်မက သက်မဲ့ပစ္စည်းမဟုတ်တာကိုရော ရှင်သိပါရဲ့လား။

⌘

"ကျွန်တော်, မိုးယံပိုင်ပါ"

"ကိုယ်, ဟိန်းကျော်ဇေပါ၊ မောင်ရင်တွေ့ချင်တဲ့ကိစ္စက. . ."

"နန္ဒာ့ကိစ္စပါ ဦးဟိန်းကျော်ဇေ၊ ကျွန်တော် ကိုညီနန္ဒအောင်နဲ့ ဆွေးနွေးပြီးပေမယ့် ဒီကိစ္စမပြီးပြတ်သေးလို့ အခုလိုတွေ့ဆုံခွင့်တောင်းလိုက်ရတာပါ"

"ရတယ်, ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com


ဒီအခန်းထဲမှာ စောင့်နိုင်းထားပြီးမှ ရောက်လာသည့် လူကြီးကို သူ အကဲခတ်နေမိ၏။ ကြည့်တော့ ရင့်မည်ဟုထင်ရပေမယ့် အနီးကပ်ကြည့်ရင် အတော့်ကို နုသေးတာပါလား။ အသက် (၄၀)အရွယ်နှင့် ဒီရုပ်ရည်က အရွယ်တင်သည်ဟု သတ်မှတ်နိုင်တာလေ။

လက်ဆွဲနှုတ်ဆက်မိစဉ် လက်ဖဝါးပြင်ထိတွေ့မှုက နူးညံ့နေပေမယ့် သူ့လက်ကို ဆုပ်ညှစ်လိုက်ဟန်က အားပါလေ၏။ မျက်နှာမှာ အရယ်အပြုံးနည်းပါးပြီး တည်ကြည် ခန့်ထည်သည့် အရှိန်က ထင်ဟပ်နေလေသည်။

"အရင်ဆုံးပြောချင်တာကတော့ ကျွန်တော့်ချစ်သူကို ကျွန်တော် ဘယ်လောက်နဲ့ပြန်ရွေးလို့ရမလဲဆိုတာပါ"

"ဘယ်လို"

ဘယ်ကဘယ်လို ထွက်သွားမှန်းမသိလိုက်တဲ့စကားလုံးတို့ကို သူ မဖမ်းမိလိုက်ပါချေ။ ရည်ရွယ်မထားသည့်စကားကို သူ ဘာကြောင့်ပြောထွက်သွားတာပါလိမ့်။ သေချာတာတစ်ခုကဖြင့် နန္ဒာ့ကိုချစ်သည့်စိတ်ကြောင့် ဒီလူကြီးအပေါ်မှာ မရှုစိမ့်ဖြစ်



သွားရတာပင်။

"ကျွန်တော်ပြောတာ ရှင်းရှင်းလေးပါ ဦးဟိန်းကျော်ဇေ၊ ဘာအပိုစကားမှ မပါပါဘူး"

"မှားနေပြီ မောင်ရင်၊ ကိုယ်က လွှမ်းနန္ဒာကို အကြွေးနဲ့သိမ်းထားတာမဟုတ်ဘူး။ သူ့အစ်ကို ညီနန္ဒကိုရောပေါ့"

"ဒါဆိုရင်လည်း သူ့ကို ခင်ဗျားရဲ့လောင်းရိပ်ကနေ ဖယ်ရှားပေးလိုက်ပေါ့"

"ဘာ! မင်း စကားပြော အတော်ရင့်လှချည်လား မိုးယံပိုင်"

"ကျွန်တော်ပြောနေတာ အမှန်တရားဗျ။ ကျွန်တော့်ချစ်သူကို သူ့နဂိုစိတ်, နဂိုပုံစံလေးအတိုင်းပဲ ပြန်လိုချင်တယ်။ ခင်ဗျားပုံစံသွင်းပေးလိုက်တဲ့ လွှမ်းနန္ဒာအဖြစ် မဖြစ်စေချင်ဘူး။ ခင်ဗျားကြောင့် ကျုပ်ကို ရန်သူလိုမြင်နေတဲ့ သူ့မျက်ဝန်းက မျက်မုန်းစိမ်းကြီးကို ဖယ်ရှားပေးပါ။ ကျုပ်လိုချင်တာ ဒါပဲ"

သူ့ကိုစိုက်ကြည့်လိုက်သည့် လူကြီး၏မျက်ဝန်းတို့ကို ပြန်စိုက်ကြည့်နေမိ၏။ အင်အားတွေ ပါလှချည်လား။ ဒီမျက်ဝန်း


www.burmeseclassic.com

www.burmeseclassic.com

တွေနဲ့ကြည့်ပြီး နန္ဒာ့ကို ဘယ်လောက်ထိ အမိန့်ပေး စေညွှန်ခဲ့တာပါလိမ့်။

ကိုယ်မှားတယ် နန္ဒာ၊ ကိုယ် အမှားကြီးကို မှားခဲ့တာပါပဲလား။ ကိုယ်သာ မင်းကို မထားပစ်ခဲ့ရင် Accident တစ်ခုနဲ့ အတူ သူနဲ့မင်း ဆုံခဲ့ရမှာမဟုတ်သလို သူသင်ပေးတဲ့အတိုင်း မင်း တစ်သွေမတိမ်း လိုက်နာဖြစ်ခဲ့မှာမဟုတ်ဘူးလေ။

အထူးသဖြင့် မောင့်ကိုချစ်တဲ့ မင်းရဲ့နူနယ်လွန်းတဲ့နှလုံးသားလေး မ,မာကျောခဲ့မှာကိုပါ။

"အလွဲကြီးကို လွဲနေတာပါလား။ ကိုယ်ပြောမယ် မိုးယံပိုင်, မင်းနဲ့လမ်းခွဲတဲ့နေ့မှာပဲ ကိုယ် သူနဲ့စတွေ့ဖြစ်ခဲ့တာ။ အေး, သူနဲ့မတွေ့ခင် အစကတည်းက ဝပ်ရှော့တစ်ခုမှာ ညီနန္ဒအောင်နဲ့ အစောကြီးရင်းနှီးထားတာပါ။ သူတို့မောင်နှမကို မြေတောင်မြှောက်ပေးခဲ့တယ်, ထိန်းမတ်ပေးခဲ့တယ်, လမ်းညွှန်ဆုံးမပေးခဲ့တယ်. . . အဲဒါပဲ။ မင်းထင်ထားသလို ကိုယ်က အပိုင်သိမ်းထားတာမဟုတ်ဘူး"

"ခင်ဗျားသာ ပုံမသွင်းခဲ့ရင်. . . ကျုပ်အပေါ်ရှိတဲ့ နန္ဒာ့





သဘောထားက ပြောင်းလဲသွားစရာမရှိဘူး ဦးဟိန်းကျော်ဇေ။ ခင်ဗျားအာဏာတစ်ခုတည်းရဲ့ ရိုက်သွင်းပေးမှုကြောင့် ခုဆို နန္ဒာ့ဆီမှာ ကိုယ်ပိုင်ဆုံးဖြတ်နိုင်တဲ့အစွမ်းတွေတောင် ပျောက်ဆုံးကုန်ပြီ။ နှလုံးသားရဲ့ဆန္ဒကို ဦးနှောက်က ပယ်ချတတ်အောင် ခင်ဗျားသင်ပေးခဲ့တာ။ သူ့သာ ခင်ဗျားလောင်းရိပ် မိမနေရင် ကျုပ်တို့ချစ်သူချင်း မနီးစပ်စရာ ဘာအကြောင်းမှမရှိဘူး။ အဲဒါ အသေအချာပဲ"

အဲလို!. . . လောင်းရိပ်တဲ့လား။ တစ်ခါမှမတွေးခဲ့ဖူးတဲ့ ခေါင်းစဉ်ပါပဲ။ ဘဝကို အဓိပ္ပာယ်ရှိရှိဖြတ်သန်းခဲ့တဲ့တစ်လျှောက်မှာ ကိုယ့်ကိုယ်ကို အပြစ်သားတစ်ယောက်လို တစ်ခါမှမမြင်ခဲ့မိတာလေ။

ပေးခဲ့တာအကုန်ပါပဲ၊ ဘာမှပြန်ယူလို့မှမရှိအောင် အဖြူစင်ဆုံးစေတနာနဲ့ သင်ကြားပြသပေးခဲ့တာပါ။ ဒီအစေ့လေးက နေ အညှောင့်လေးဘဝ, အဲဒီကတစ်ဆင့် အပင်လေးဘဝရောက်အောင် ပြုစုပေးခဲ့ပြီး အဲဒီအပင် မြင့်တက်မလာရအောင် ကိုယ်က အုပ်မိုးကာဆီးထားတဲ့အပင်ကြီးတော့ မဟုတ်ခဲ့ပါလေ။ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းဖြစ်ရင် ဒီအပင်လေးကို အစွမ်းသတ္တိတွေပေးနေတဲ့ နေမင်းကြီးသာ ဖြစ်နိုင်တာပါ။

"အဲဒီလိုဖြစ်အောင် မင်းလုပ်ခဲ့တာပဲ မိုးယံပိုင်"

"ဘာဗျ"

"သူယုံကြည်ခဲ့တဲ့ အဲဒီအချစ်ဆိုတာကို မင်းပဲ သတ်ပစ်ခဲ့တာပါ။ သူ့ရင်ထဲကို အမုန်းပျိုးမိအောင်လည်း မင်းလုပ်ခဲ့တာပဲ"

"မဟုတ်ဘူး"

"ဒေါက်! ဒေါက်! "

ဘယ်သူ တံခါးလာခေါက်တာပါလိမ့်။ မဝင်ခင်ကတည်းက ဘယ်သူမှမလာရလို့ အမိန့်ထုတ်ခဲ့တာပါ။ ဒီအမိန့်ကိုမနာခံဘဲ ဖီဆန်ရဲတာ ဘယ်သူများဖြစ်မှာလဲ။

"ကျုပ်တို့ခွဲခွာနေစဉ်မှာ ကျုပ်ကိုလွမ်းပြီး နာကျင်နေတာကို ဖြစ်မှာစိုးလို့ အခုလိုမေ့ဖို့ပြောပြီး လမ်းခွဲခဲ့တာပဲ ဦးဟိန်းကျော်ဖေ။ မုန်းဖို့ဆန္ဒမရှိလို့ အဲဒီစကားလုံးကို လုံးဝမပြောဖြစ်ခဲ့တာပဲ။ အခု ခင်ဗျားရဲ့နေ့စဉ်ရိုက်သွင်းပေးခဲ့တဲ့ Theory တွေ





ကြောင့်'ကျုပ်နှလုံးသားကို ရင်ဘတ်ထဲမှာ ထည့်ထားပြီး နှုတ်က ငြင်းဖယ်နေတာပါ။ အဲဒါကို ကျုပ်သိနေတယ်"

"လွန်းနန္ဒာရင်ထဲမှာ မင်းမရှိတော့ဘူး မိုးယံပိုင်"

တံခါးခေါက်သံက နောက်ထပ်နှစ်ချက် ထပ်ထွက်လာပြန်လေ၏။

❐❐❐



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

"ဒေါက်! ဒေါက်!"

"အဲဒီစကားကို ခင်ဗျားပြောစရာမလိုဘူး။ ခင်ဗျားနဲ့ဘာမှမတော်စပ်တဲ့နန္ဒာ့ကို ဒီ့ထက်ပိုပြီး မချုပ်ကိုင်ထားပါနဲ့"

ဟိန်းခနဲအော်သံနှင့်အတူ အခန်းထဲသို့ လွှမ်းနန္ဒာ ဝင်လိုက်ပါ၏။ ကြည့်စမ်း! ဦးကျော်ကို အော်ဟစ်ပြောဆိုနေတဲ့အထိ သူ ရဲတင်းလွန်းလှချည်လား။

"မိုးယံပိုင်"

"လွှမ်းနန္ဒာ, ဘာလို့ဝင်လာရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဝင်သင့်လို့ ဝင်လာတာပါ ဦးကျော်၊ လွန်းနဲ့ပတ်သက်တဲ့ကိစ္စမှာ ဦးကျော့်ကြားဝင်ဖို့မလိုပါဘူး။ လွန်းပြဿနာကို လွန်းပဲ ရှင်းပါ့မယ်"

"မင်းဝင်ပါစရာမလိုဘူး လွန်းနန္ဒာ၊ ခုချက်ချင်းထွက်သွားပါ"

"ဟင့်အင်း"

လွန်းက ဦးကျော့်တားနေသည့်ကြားမှ ဦးကျော်အနီးမှာ သွားရပ်လိုက်ပါ၏။ ပြောတော့ဖြင့် အေးအေးဆေးဆေးဆွေးနွေးနေသည်ဆိုပြီး ခုတော့ နှစ်ယောက်သားက မတ်တပ်ရပ်ပြီး အော်ဟစ်နေတာလေ။

"မင်းကို ငါပြောနေတယ် လွန်းနန္ဒာ၊ ခုထွက်သွားပါ"

"ခင်ဗျားကို ကျုပ်ပြောနေတယ်၊ နန္ဒာ့ကို အမိန့်မပေးပါနဲ့"

"ရှင်, ဦးကျော်ကို ဘာမှအော်ဟစ်ပြောစရာလိုဘူး မိုးယံပိုင်၊ ဦးကျော်က ရှင့်ထက်အသက်အများကြီး ကြီးတယ်ရှင့်"

"သိတယ်လေ, အဲဒီလောက် အသက်ကြီးလို့ မင်းလို





ချာတိတ်မလေးကို ဘယ်လိုသိမ်းသွင်းအမိန့်ပေးနိုင်မှန်း သိနေတာပေါ့။ မင်းလိုမလည်မဝယ်မိန်းကလေးကို ဘယ်လိုကြိုးကိုင်ရမလဲဆိုတာ သိလို့. . ."

"ရှင် မမိုက်ရိုင်းနဲ့နော်"

"မင်း, ဒီလူကြီးဘက်က နာစရာမလိုပါဘူး နန္ဒာရဲ့။ မင်းကြည့်ရမှာ ကိုယ့်တစ်မျက်နှာတည်းကိုပါ၊ မင်းချစ်တဲ့လူတစ်ယောက်တည်းကိုပဲ ကြည့်ပြောပါ"

သူမမျက်လုံးတို့ တောက်ပလာလေ၏။ ဒီလူကြီးကို ထိလို့ နာသတဲ့။ ဘာနာစရာရှိလို့လဲ. . . ကိုယ့်ကို အုပ်မိုးချုပ်ကိုင်ချယ်လှယ်နေမှန်းသိပါလျက်နဲ့ ငြိမ်နေရတယ်လို့။ တကယ်ဆိုရင် အသည်းချင်းထပ်တူပြုထားသည့်သူ့ဘက်မှာသာ သူမ ရပ်တည်သင့်တာလေ။

"ဒီမှာ, ရှင့်ဘက်ကို ဘာမှကြည့်ဖို့မလိုဘူး မိုးယံပိုင်။ ရှင်နဲ့ကျွန်မကိစ္စက ပြတ်ပြီးသား. . . ပြီးပြီရှင့်။ ကျောခိုင်းပြီးမှ မျက်နှာချင်းပြန်ဆိုင်ချင်ရအောင် ရှင်ဖြတ်ခဲ့တဲ့ကြိုးမှာ ကျွန်မ ဆက်ရာမချည်ချင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



“နန္ဒာ. . .”

“တော်တော့ လွန်းနန္ဒာ၊ အေးအေးဆေးဆေးရှင်း
ရတဲ့ပြဿနာကို ဒီ့ထက်ပိုမကြီးပါစေနဲ့”

ဦးကျော်က လွန်းလက်မောင်းကို ဆွဲထားပြီး တားမြ
လေသည်။ သူ့မျက်လုံးများက ဦးကျော်ကိုင်လိုက်သည့် လွန်း
လက်မောင်းနေရာကို စူးစူးရဲရဲစိုက်ကြည့်လိုက်ပါသည်။ ‘ရည်း
စားလူလု,အူနုကျွဲခတ်’ ဆိုသည့်စကားပုံကိုများ သတိရသွားလေ
ပြီလား။

“ခင်ဗျားကြီး,အဲဒါဘာလုပ်တာလဲ၊ လွှတ်လိုက်စမ်း!”

“မိုးယံပိုင်, ရှင်နော်၊ ဒီလောက်ပြောနေတဲ့ကြားထဲက”

“လွှတ်ဆို. . . နန္ဒာ့အသားကို ထိရလောက်အောင်
ခင်ဗျားက တန်လို့လား’

“ဘာ!. . .”

“ရှင့်ပါးစပ် ပိတ်တော့နော်”

“မပိတ်နိုင်ဘူး နန္ဒာရဲ့၊ ဒီလိုဒုက္ခိတလူကြီးဘက်က မ
ဘာကြောင့်နာနေရတာလဲ”





“နာတော့ဘာဖြစ်လဲ၊ ကျွန်မစိတ်ကို ကျွန်မပိုင်တယ်။
ရှင်ဝေဖန်စရာမလိုပါဘူး။ အခုချက်ချင်း ရှင်ထွက်သွားပါ မိုးယံ
ပိုင်”

သူက အသားတွေ တဆတ်ဆတ်တုန်ကာ လွန်းနှင့်
ဦးကျော်ကို တွေတွေကြီးကြည့်နေလေ၏။ ပစ်တုန်းကတော့ ပစ်
ပြီး အခုမှတန်ဖိုးတကြီးပြန်လုနေတာပါပဲလား။ လွှင့်ပစ်ပစ္စည်း
န်ရင် ဘယ်သူမဆို ကောက်ယူပိုင်ဆိုင်ခွင့်ရှိပါတယ် မိုးယံပိုင်
ယ်။

“မင်း. . . မင်း, ဦးဟိန်းကျော်ဇေကိုချစ်နေပြီလား နန္ဒာ”

“ဘယ်လို! မင်းဘယ်လိုပြောလိုက်တယ်”

“ဟုတ်တယ်, ချစ်တော့ ဘာဖြစ်လဲ၊ ရှင်နဲ့မှမဆိုင်တာ။
ကျွန်မလိုလွတ်လပ်တဲ့လူတစ်ယောက်က ကိုယ်ချစ်ချင်တဲ့ဘယ်
သူ့ကိုမဆို ချစ်ခွင့်ရှိပါတယ်။ အဲဒါကို ရှင်သိရင် ဒီ Hotel က
 အမြန်ဆုံးထွက်သွားပါတော့”

“နန္ဒာ. . . မင်း”

ဦးကျော် ဘာမှမပြောရသေးခင် အဖြစ်အပျက်က လျှပ်



www.burmeseclassic.com

www.burmeseclassic.com



ပြက်သည့်နှယ် လျှင်မြန်စွာဖြစ်ပျက်သွားလေ၏။ ဘာမပြောညာ မပြောဖြင့် ခြေလှမ်းကျဲကျဲလှမ်းလာသည့်သူက ဦးကျော်အ ရင်ဘတ်ကိုဆွဲကာ မျက်နှာကို ထိုးချလိုက်လေ၏။ ရုတ်တရ မို့ လွန်း အသံပင်မထွက်ဘဲ မင်သက်ကြည့်နေစဉ် တုတ်ကော တခြား လူတခြားဖြစ်ကာ ကြမ်းပေါ်၌ ဦးကျော် လဲကျသွား သည်။

အို! နှုတ်ခမ်းမှာ သွေးစွန်းသွားပါရော့လား။

''ရှင်. . . ရှင်, ဘယ်လိုလုပ်လိုက်တာလဲ၊ မိုက်ရိုင်း ချည်လား''

''အဲဒါ ကျုပ်ချစ်သူကို လုတဲ့အတွက် ပြစ်ဒဏ်ပဲ ဦ ဟိန်းကျော်ဖေ၊ ခင်ဗျားက အတော်တရားကျတဲ့လူကြီးကိုး။ လိုဒုက္ခိတဖြစ်လို့ ခင်ဗျားမိန်းမနဲ့ကွာရှင်းခဲ့ရတာတောင် နောင် မရဘဲ ကျုပ်ချစ်သူကို အပိုင်စည်းရုံးနိုင်လောက်တဲ့အထိ. . .''

''မဟုတ်ဘူး. . . လုံးဝမဟုတ်ဘူး''

''ဦးကျော်''

''ခင်ဗျားငြင်းနေစရာ မလိုပါဘူးဗျ။ ကျုပ်ဆိုတဲ့ကော





က ကိုယ့်အသည်းနှလုံးကို အလွယ်တကူအလျော့ပေးမှာမှမဟုတ် တာ။ လာ, နန္ဒာ၊ မောင့်နောက်လိုက်ခဲ့တော့''

''အို! လွှတ်နော်, မလိုက်ဘူး''

လက်ကောက်ဝတ်ကို ဆုပ်ကိုင်ဆွဲခေါ်လိုက်သည့်သူ့ လက်ထဲမှ လွန်း ရုန်းကန်ဖယ်ရှားနေ၏။ ဦးကျော်က ဆိုဖာခုံ ကို အားပြုကာ ရပ်နိုင်ရန် ကြိုးစားချိန်မှာ သူ အတင်းဆွဲခေါ်ရာ ဆီ လွန်း ပါနေပြီလေ။

''ရှင့်ကိုလွှတ်လို့ပြောနေတယ်နော်''

''နန္ဒာ, မောင့်ကိုချစ်တဲ့စိတ်လေးတစ်ခုတည်းနဲ့ပဲ ဆုံး ဖြတ်ပါ''

''မလိုဘူး. . . ရှင့်နောက်မလိုက်နိုင်ဘူးနော်။ လွှတ်လို့ ပြောနေတယ်''

''မလွှတ်ဘူးကွာ''

''ကဲ!. . .''

ဖြန်းခနဲမြည်သံနှင့်အတူ သူ့ပါးတစ်ဖက် ရဲရဲနီသွားလေ ၏။ ရိုက်တယ်. . . သူအသက်တမျှချစ်တဲ့ ချစ်သူက သူ့ပါးကို



www.burmeseclassic.com

www.burmeseclassic.com

ရက်ရက်စက်စက်ကြီး ရိုက်တယ်တဲ့လား။ မင်းဘယ်လိုလဲ နန္ဒာ၊ ပြောတော့ဖြင့် မောင့်စိတ်တိုင်းကျချည်း လိုက်လျောပေးနိုင်ခဲ့ပါ လျက် ခုတော့ မောင့်ကိုဆန့်ကျင်ပြီး နာကျင်ခြင်းတွေပါ ပေးပါ ရောလား။

"မင်း. . . မင်း, မောင့်ကိုရိုက်တယ်"

"ရိုက်တယ်လေ, ရိုက်တော့ဘာဖြစ်လဲ၊ အဲဒါ ရှင်နဲ့တန် တဲ့အရာပဲ မိုးယံပိုင်။ နောက်ထပ် ရှင့်အတွက် ကျွန်မလက်ဆောင် ထပ်ပေးလိုက်ပါဦးမယ်။ အဲဒါကတော့ ရှင့်ကို ကျွန်မ ခါးခါးသည်း သည်းမုန်းတယ်ဆိုတာပဲ"

"ဟာ. . . နန္ဒာ"

"ရှင်ထားပစ်ခဲ့တဲ့ဒဏ်ရာနဲ့ လွှမ်းနန္ဒာအောင်ဆိုတာ သေ ဆုံးသွားပြီ မိုးယံပိုင်။ ရှင် အစိမ်းသက်သက် ရိုက်ချိုးခဲ့တဲ့ဒဏ် ရာလောက်နဲ့ တစ်ဘဝစာသေဖို့ လုံလောက်ခဲ့ပါတယ်။ ရှင့်နဲ့ပတ် သက်ခဲ့သမျှအရာအားလုံးကို ဟောဒီရင်ဘတ်ထဲကရော, ဒီခေါင်း ထဲကပါ အပြီးဆွဲထုတ်ခဲ့ပြီးပြီ။ ဘာဆိုဘာမှမကျန်အောင် ရှင်း ပြီးသွားပြီ မိုးယံပိုင်။ သူစိမ်းတစ်ယောက် ဖန်တီးပျိုးထောင်ပေးခဲ့





လို့ နောက်တစ်ဘဝအဖြစ် ကျွန်မ လူပြန်ဖြစ်ခဲ့ရတာပါ။ ဒါကြောင့် ရှင်နဲ့မသက်ဆိုင်တော့တဲ့ဘဝသစ်က ကျွန်မကို နောင် ဘယ်တော့ မှမနှောက်ယှက်ပါနဲ့တော့"

"နန္ဒာရယ်"

"ရှင်ဘယ်လိုပဲ ကြိုးစားကြိုးစား, ကျွန်မကို စိတ်ပြန် လည်လာလိမ့်မယ်လို့ ထင်မထားပါနဲ့ မိုးယံပိုင်။ ကျွန်မကို ရှင် ထိတာထက် ကျွန်မ လေးစားမြတ်နိုးရတဲ့လူကို ထိတာက ပိုနာ တယ်။ ဟောဒီရင်ကို နောက်ထပ်ဆွဲဖွဲ့သလိုအထိ တဆစ်ဆစ် နာတယ်ဆိုတာ ရှင်သိထားပါ"

"လွှမ်းနန္ဒာ"

မျက်နှာကိုအုပ်လျက် အခန်းတွင်းမှ သူပြေးထွက်သွား လေတော့၏။ အဆုံးသတ်ပါပြီ မောင်ရယ်၊ လွှမ်းဘဝမှာ တစ်ဦး တည်းကိုသာ မြတ်မြတ်နိုးနိုးနဲ့ချစ်ခဲ့မိတာပါ။ အဲဒီလူတစ်ယောက် ကပဲ လွှမ်းရင်ကို ရက်ရက်စက်စက်ရိုက်ချိုးပြီး နှလုံးသားကို ချေမွ ပစ်ခဲ့တာလေ။

အသက် (၁၉)နှစ်အရွယ်ကို အချစ်ဖြစ်တည်လာအောင်



www.burmeseclassic.com

www.burmeseclassic.com


မောင်ပဲ သင်ကြားပေးခဲ့သလို ဒဏ်ရာတွေနဲ့ ကျန်ရစ်ခဲ့အောင်လည်း မောင်ပဲ ဖန်တီးပေးခဲ့တာပါကွယ်။ အချစ်ဆိုတာ ပေးဆပ်အနစ်နာခံခြင်းလို့ ဆိုရိုးရှိကြပေမယ့် တကယ်တမ်းလက်တွေ့မှာ ကိုယ့်ရင်ကို နာကျင်စေတဲ့လူကို ဘယ်လိုများ ပြန်ချစ်နိုင်မှာတဲ့လဲ။

ခံစားလွယ်တတ်တဲ့နှလုံးသားကို မာကျော ခက်ထန်လာအောင် မောင်ပဲ သင်ပြပေးခဲ့တာပါကွယ်။ ဦးကျော် ဖန်တီးပေးခဲ့တာမဟုတ်မှန်း မောင်မသိနိုင်ပေမယ့် လွှန်းကတော့ သိနေတာပါလေ။

"လွှန်းနန္ဒာ"

ပစ္စက္ခအခြေအနေကို စိတ်က ရုတ်ချည်းပြန်ရောက်လာရ၏။ အခန်းထဲမှာ တိတ်ဆိတ်ငြိမ်သက်နေရာမှ ဦးကျော်၏အသံ ညြည်ကြီး ထွက်လာတာကိုး။

လွှန်းလှည့်ကြည့်လိုက်စဉ် ဆက်တီကျောမှီကို လက်တစ်ဖက်ကိုင်လျက် တုတ်ကောက်ကို ခဲရာခဲဆစ်လှမ်းယူနေသည့် ဦးကျော်ကို တွေ့လိုက်ရပါသည်။ မတော်တဆ Accident ဖြစ်ပြီး ခြေတစ်ဖက်မသန်ခဲ့တဲ့လူတစ်ယောက်ကို စွန့်ပစ်သွားခဲ့တဲ့ မိန်းမ။ ဒုက္ခိတ, တစ်ခုလပ်ဘဝနဲ့ ဦးကျော် အဘယ်မျှ နာကျင်ကြေကွဲ ခံစားခဲ့ရမှာပါလဲ။

သူတစ်ပါးကို အားမကိုးဘဲ ဒီတုတ်ကောက်ကိုသာ အားပြုပြီး ဘဝကို ရှေ့ဆက်လှမ်းခဲ့တဲ့ ဒီလူ့ကိုယ်ထဲကို အဘယ်အရာကများ ခွန်အားအဖြစ် စီးဆင်းစေခဲ့သလဲဆိုတာကို လွှန်းသိချင်ပါရဲ့။

တုတ်ကောက်လေးရှိရာဆီသို့ လျှောက်သွားကာ လွှန်းကောက်ယူလိုက်ပါ၏။ သာမန်လူတွေအတွက်တော့ ဒါဟာ တုတ်တစ်ချောင်းပဲဖြစ်ကောင်းဖြစ်နေမှာပါ။ သို့သော် ဦးကျော်အတွက်ကတော့ဖြင့် အားထားအသုံးပြုရာ တန်ဖိုးကြီးပစ္စည်းတစ်ခုဖြစ်နေတာလေ။

"မင်း ဘာဆက်လုပ်ချင်သလဲ"

"ဦးကျော်ရဲ့တုတ်ကောက်ကလေးပဲ ဖြစ်ပါရစေ"

"ဘာ! "

လွှတ်ခနဲပြောထွက်သွားတာမို့ လွှန်းကိုယ်လွှန်းလည်း



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩနေသလို ဦးကျော်ကိုလည်း အထိတ်တလန့် မော့ကြည့်လိုက်မိပါ၏။ တောင်းပန်ရမှာလား. . . ဟင့်အင်း, လွှမ်းရဲ့ဗလာဟင်းလင်းဖြစ်နေတဲ့ ရင်ခွင်ကျယ်ကြီးထဲမှာ ဦးကျော် ရှိနေတာ ဘယ်လောက်ကြာပြီလဲ။ ဒါကို ဦးကျော် သိနိုင်ပါ့မလားဟင်။

"လွှမ်းနန္ဒာအောင်, မင်း. . . မင်း, ဘာပြောလိုက်တယ်"

"စိတ်ထဲရှိတဲ့အတိုင်း ပြောလိုက်မိတာပါ ဦးကျော်။ လွှမ်းမညာတတ်မှန်း ဦးကျော်သိပါတယ်"

"မပြောနဲ့!"

"ဘာဖြစ်လို့လဲ, မှားနေလို့လား၊ ဒါမှမဟုတ် လွှမ်းက, လွှမ်းက. . ..အသည်းကွဲနေတဲ့ကောင်မလေးဖြစ်နေလို့လား ဦးကျော်"

"တိတ်စမ်း! မင်းရဲ့စိတ်ကို ပြန်တည့်မတ်စမ်း။ ဒီအပိုစကားတွေ ပြောတတ်အောင် မင်းကို ဘယ်သူက သင်ပေးထားသလဲ။ အချိန်ကုန်ခံ, ခွန်အားအကုန်ခံ, ဦးနှောက်အခြောက်ခံပြီး ဒီလိုစကားမျိုးတွေ ပြောရသလား။ မင်းကိုယ်မင်း မရှက်ဘူးလား. . . ဟင်"





ဟင့်အင်း. . . ချစ်တာ ရှက်စရာမှမဟုတ်ဘဲ ဦးကျော်။ အချစ်ကို ရှက်စရာလို့မြင်နေရင် ဒီကမ္ဘာကြီးမှာ လူစဖြစ်ခွင့်ရတဲ့ အာဒံနဲ့ဧဝကစပြီး လူသားမျိုးနွယ်တွေ ရှိလာနိုင်မှာမဟုတ်ဘူးလေ။

ဒါဖြင့် ဦးကျော်ရင်ထဲမှာရော, ကွာရှင်းပေးခဲ့ရတဲ့မိန်းမကို လူမပြောနဲ့၊ ဓာတ်ပုံလေးတောင် အမှတ်တရမရှိ။ စကားထဲထည့်မပြောခဲ့တာ မချစ်လို့လား။ ဘယ်လိုပဲငြင်းဆန်ငြင်းဆန် 'ဒေါ်မေမြတ်နိုး'ကို ဦးကျော် နည်းနည်းလေးတော့ ချစ်ခဲ့မှာအမှန်ပါလေ။

"လွှမ်း ဘာမှားလို့လဲ"

"မှားတာပေါ့, မှားတာမှ အကြီးကြီးကို မှားနေတာ။ ငါကတော့. . . ငါကတော့ စေတနာတွေ ဗလပွထားပြီး မင်းတို့ချစ်သူနှစ်ဦးကို ပြန်ပေါင်းရပါစေဆိုပြီး"

"လွှမ်း, သူ့ကိုမချစ်ဘူး"

"လွှမ်းနန္ဒာ"

"သူ့ကိုချစ်ခဲ့တဲ့အချစ်တွေက ကုန်သွားပြီ ဦးကျော်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမရှိတော့တာ။ အခု လွှမ်းရင်ထဲမှာ ဘယ်သူရှိနေသလဲ။ ဘယ်သူ့ကို နေရာပေးထားသလဲ။ ဒါကို ဦးကျော့်သိရဲ့လား''

တုတ်ကောက်ကို ဦးကျော့်လက်ထဲ ထည့်ပေးကာ လက်ဖမိုးကို အုပ်ထားလျက် ပြောလိုက်စဉ် ဦးကျော့်မျက်လုံးများက ရူးရူတောက်ပလာလေ၏။ စိတ်ဆိုးသတဲ့. . . အသက်(၂၇)နှစ်အရွယ်လေး, ဦးကျော့်ထက် (၁၃)နှစ်ငယ်တဲ့ကောင်မလေးရဲ့ ရင်တွင်းစကားတွေကို ဦးကျော့် မယုံကြည်ဘူးတဲ့လားကွယ်။

''တောက်! မင်းကို ငါသင်ပေးခဲ့တာ အဲဒီသင်ခန်းစာမဟုတ်ဘူး လွှမ်းနန္ဒာရဲ့။ ဘဝဆိုတာ ဘာလဲ, အဲဒီဘဝကို ဘယ်လိုရှင်သန်အောင် လုပ်ရမလဲဆိုတာတွေ ထပ်ခါထပ်ခါ သင်ပေးထားလျက်နဲ့ မင်းခေါင်းထဲ ဘယ်ကအမှိုက်တွေ ဝင်လာတာလဲ။ ထုတ်လိုက်စမ်း! ခုချက်ချင်း အဲဒီအတွေးဆိုးတွေ, ယုတ်ညံ့တဲ့ စိတ်တွေကို ဖယ်ပစ်လိုက်''

လွှမ်း တွေတွေကြီးမော့ကြည့်နေမိ၏။ ဦးကျော့်ကို ဆုပ်ကိုင်ထားသည့်လက်အစုံကိုလည်း ဖယ်မပေးဖြစ်ပါလေ။ အားကိုးခဲ့မိပါတယ်၊ လေးစားခဲ့တာလည်း အမှန်ပါ။ အဲဒါတွေရဲ့နောက်





ကွယ်မှာ တဖြည်းဖြည်းအမြစ်တွယ်လာမိတဲ့ ငြိတွယ်ခြင်းတွေကို ဘယ်သူက မြင်နိုင်လို့လဲ။ ဆယ်ကျော်သက်အရွယ်တုန်းကလို မြင်မြင်ချင်း ရင်ခုန်စိတ်နဲ့ ချစ်ခဲ့တာမျိုးမဟုတ်ရပါဘူး။ တစ်စစနဲ့ အနည့်ယိုင်တည်မြဲတဲ့ချစ်ခြင်းမျိုးနဲ့ ချစ်မိခဲ့ရတာပါ ဦးကျော့်။ ဘယ်သောအခါမှ မပျောက်ပြယ်တဲ့ တွယ်တာမှုတွေ တစ်ပွေ့တစ်ပိုက်နဲ့ပါကွယ်။

''ဘဝဆိုတာ တိုက်ပွဲမှန်ခဲ့ရင် အဲဒီတိုက်ပွဲကို ဆင်နွှဲဖို့ပေါ့ လို့လိမ့်မယ် ဦးကျော့်။ အဲဒီခွန်အားဆိုတာ ချစ်ခြင်းကလွဲပြီး ဘာဖြစ်နိုင်မှာတဲ့လဲ။ အဲဒီအချစ်ကို လွှမ်း ဒူးထောက်အရှုံးပေးလိုက်ပြီ ဦးကျော့်။ ရင်ဘတ်ထဲမှာ ဘာမှမကျန်တော့ဘူး, အကုန်ပဲ''

လက်အစုံကို ရိုက်ဖယ်ခြင်း ခံလိုက်ရလေ၏။ ငြင်းပယ်တယ်တဲ့လား။ ဒီကောင်မလေးရဲ့ ရင်ထဲကစကားတွေကို ဥပေက္ခာပြုရက်တယ်ပေါ့။ ဘာကြောင့်လဲ ဦးကျော့်။

လွှမ်းက မပြည့်စုံလို့လား။ တစ်ချိန်ကလည်း ဒီလိုအခြင်နိမ့်တဲ့မိန်းကလေးကို လူတစ်ယောက်က ချန်ထားရစ်ခဲ့ပြီးပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



အခုရော, ဦးကျော်ကပါ ချန်ရစ်ခဲ့မလို့လားကွယ်။

"မင်းမျက်နှာကို ငါ မကြည့်ချင်တော့ဘူး, လွှမ်းနန္ဒာအောင်"

ပြောပြီပေါ့လေ, အထင်သေးတာလည်း ဖြစ်နိုင်ပါတယ်။ မတန်ဘူးပေါ့နော်။ ဟုတ်ပါတယ်လေ, လွှမ်းလို အညတရကောင်မလေးကို ဒီလိုအဆင့်အတန်းရှိလာအောင် မြှင့်တင်ပေးခဲ့တဲ့ဦးကျော်က ဘယ်အလေးထားနိုင်ပါ့မလဲ။ လူဆိုတာ ဒူးနေရာ,ဒူးတော်နေရာ,တော် ဆိုတဲ့ဆောင်ပုဒ်ကို လွှမ်း တမင်မေ့ထားခဲ့တာမှမဟုတ်တာကွယ်။

"သွားမှာပါ, ဦးကျော်မမြင်ချင်တဲ့ ဒီမျက်နှာကို ဘယ်တော့မှမတွေ့စေရပါဘူး. . . ဒီဘဝမှာပါမက, နောက်ဘဝထိပါ မတွေ့စေရဘူးလို့ လွှမ်း ကတိပေးပါတယ်။ ဒါပေမဲ့ ဦးကျော်သိထားဖို့က လွှမ်းပြောခဲ့တာ အမှန်ဆိုတာပါပဲ။ လွှမ်း,သွားတော့မယ် ဦးကျော်"

"လွှမ်းနန္ဒာ"

တိုးသဲ့သဲ့ခေါ်လိုက်သံက နောက်ဆုံးပါပဲ။ Hotel ထဲ





မှ ဘယ်လိုပြေးထွက်ခဲ့မှန်းပင် မသိတော့။ ကားစက်နှိုးပြီး လမ်းပေါ်ကိုရောက်စဉ် မိုးက အပြိုးကြီးစွာဖြင့် သဲသဲမဲမဲရွာချလိုက်လေ၏။ ကားက လူရှင်းသည့်နေရာမှာ ထိုးရပ်သွားပါသည်။ 'ဆီကုန်ပြီ' ဟု Sign ပြပြီးနောက် မျက်ရည်လည်ရွဲဖြင့် သူမ ဟား ကိုက်ရယ်လိုက်မိတော့၏။

ကုန်ပါပြီ. . . တကယ်လည်း ကုန်သွားတာပါ။ လွှမ်းနန္ဒာအောင်ဆိုတဲ့ စက်ရုပ်မလေးလည်း သံပတ်ကုန်ပြီး ဒီနေရာမှာ ငုတ်တုပ်လေး ထိုင်နေရပြီလေ။ မိုးက အရမ်းသည်းနေတာမို့ ကားပေါ်မှမဆင်းဖြစ်သေးဘဲ ကက်ဆက်ခလုတ်ကို နှိပ်လိုက်မိပါသည်။

သွားမယ်ဆိုမှတော့ အဝေးဆုံးကို ထွက်သွားသင့်တာပေါ့နော်။ သို့သော် လွှမ်းခြေလှမ်းတွေက ရွေ့နိုင်ပါ့မလား။

**"လွင့်မျောလိုက်တိုင်း အချစ်ဝိညာဉ်ဆီ ယှူငင်ဆွဲဆောင် × × × မချစ်တတ်ခဲ့တဲ့အချစ်တစ်ခု အနိုင်ယူသွား× × × အတွေးများထဲက သိနေပြီ× × × ဖွင့်ပြောပြဖို့တော့ ခက်နေပြီ× × × ချစ်တဲ့မိန်းကလေးတစ်ယောက်ရဲ့ အိပ်မက်ကလေးပါကွယ်× × ×**



www.burmeseclassic.com

www.burmeseclassic.com



တို့ နည်းနည်းလေးချစ်နေပြီ× × × မညာပါ တို့ဘဝလေးကိုယူ× × × ဒီမှာ မိန်းကလေးမို့ ဟန်ဆောင်တာ အပြစ်မယူစေချင်ဘူး× × ×

နည်းနည်းလေးချစ်နေပြီ× × × မညာပါ တို့ဘဝလေးကိုယူ× × × ရင်မှာ ဆုံးရှုံးမှုနဲ့နေနိုင်ပြီ အချစ်အတွက်ပဲလေ× × ×

အလွမ်းအဆွေးတောင် မတွေးချင်ဘူးလေ× × × တကယ်ကြောက်စရာ× × × အချစ်တစ်ခုတည်းနဲ့ အားလုံးရင်ဆိုင်မယ် × × × ရင်မှာဖောပန်းလွှန်းတဲ့အချစ်တွေကို အတူအပြုံးလေးများနဲ့ ဆီးကြိုမှာ× × × မိန်းကလေးအချစ်မို့ ဖျော့ရင်းချစ်နေမယ်× × ×

တို့ နည်းနည်းလေးချစ်နေပြီ× × × မညာပါ တို့ဘဝလေးကိုယူ× × × ဒီမှာ မိန်းကလေးမို့ ဟန်ဆောင်တာ အပြစ်မယူစေချင်ဘူး× × ×

နည်းနည်းလေးချစ်နေပြီ× × × မညာပါ တို့ဘဝလေးကိုယူ× × × ရင်မှာ ဆုံးရှုံးမှုအတွက် ရင်ဆိုင်မှာလား× × ×

ပြန်စဉ်းစားကြည့်တော့လည်း× × × သိပ်ချစ်ခဲ့ဖူးတာ မီးလိုပူ× × × ရင်မှာခိုဝင်နေပြီအချစ် မလွန်ဆန်နိုင်ဘူး× × × ထူး





ဆန်းလွှန်းတဲ့အချစ်ကမ္ဘာထဲ× × × ပြေးထွက်လို့ သွားချင်တယ် × × × ဒါတွေရင်ဆိုင်နိုင်အောင် အချစ်ရယ် ကူညီဦး× × ×

တကယ်ဆိုရင် နည်းနည်းလေးချစ်နေပြီ× × × မညာပါ တို့ဘဝလေးကိုယူ× × × ဒီမှာ မိန်းကလေးမို့ ဟန်ဆော ်တာ အပြစ်မယူစေချင်ဘူး× × ×

နည်းနည်းလေးချစ်နေပြီ× × × မညာပါ တို့ဘဝလေးကိုယူ× × × ရင်မှာ ဆုံးရှုံးမှုအတွက် ရင်ဆိုင်မှာလား× × ×

တကယ်ဆိုရင် နည်းနည်းလေးချစ်နေပြီ× × × မညာပါ တို့ဘဝလေးကိုယူ× × × ဒီမှာ မိန်းကလေးမို့ ဟန်ဆောင်တာ အပြစ်မယူစေချင်ဘူး× × ×

နည်းနည်းလေးချစ်နေပြီ× × × မညာပါ တို့ဘဝလေးကိုယူ× × × ရင်မှာ ဆုံးရှုံးမှုအတွက် ရင်ဆိုင်မှာလား× × × ”

ဟုတ်ပါတယ်၊ အများကြီးလိုချင်ပေမယ့် နည်းနည်းလေး ပြန်ချစ်ရင်လည်း လွန်း ကျေနပ်ပါတယ် ဦးကျော်။ ဦးကျော်ပြော ခဲ့တုန်းကတော့ ‘အချစ်’ဆိုတာ ‘အတ္တ’ကနေ အခြေခံတာတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအတွက်ကြောင့် လောဘဖြစ်လာပြီး လူတွေဟာ ဘာမဆိုလို ချင်တပ်မက်မှုတွေ ဖြစ်ကုန်တာတဲ့လေ။

မဟုတ်ပါဘူး ဦးကျော်၊ လွှန်းရဲ့ချစ်ခြင်းက အတ္တကင်း ပါတယ်လေ. . . ဦးကျော်ချစ်သည်ဖြစ်စေ၊ မချစ်သည်ဖြစ်စေ၊ ဥပေက္ခာပြုသည်ဖြစ်စေ၊ ဘာဖြစ်ဖြစ် အကုန်လုံးကို လွှန်းလက်ခံ ပေးနိုင်ပါတယ်။

ကိုယ့်တက်က အနစ်နာခံပြီး ဘာကိုမှမမျှော်လင့်ဘဲ ပေး ဆပ်ခဲ့တဲ့ ဦးကျော်ရဲ့နှလုံးသားကို လွှန်း့ချစ်တာ၊ အဖြူရောင် စေတနာကို ချစ်တာ၊ လေးစားအားကိုးချင်စဖွယ် ဥပဓိရုပ်ကို ချစ်တာ. . . ဒါပါပဲ။

ပိုင်ဆိုင်ခွင့်တွေ ဘာမှမလိုပါဘူး။ တောင်းဆိုချင်တာ တစ်ခုလေးပဲ ရှိပါတယ်. . .

ကျေးဇူးပြု၍ လွှန်းကို နည်းနည်းလေးလောက် ပြန်ချစ် ခဲ့ရင် ဒီဘဝမှာ လူဖြစ်ရကျိုးနပ်မှာပါ ဦးကျော်ရယ်။

❐❐❐



အခန်း (၂၉)

အရိပ်သော်မျှ မတွေ့ရတော့ပါ။

ကြမ်းကျွံတာက အကြောင်းမဟုတ်, နှုတ်ကျွံတော့ ပြင် ရ ခက်ချေပြီ။ စိတ်ဆိုးပြီး ပြောတုန်းက ပြောခဲ့မိပြီး အခု ဘယ် လိုဆက်လုပ်ရမှာလဲ။

“မင်းမျက်နှာကို မကြည့်ချင်တော့ဘူး”

နာသွားရှာမှာပေါ့။ အရင်က ဘယ်လောက်ပဲပြောပြော မနာတတ်တဲ့ကောင်မလေးက သူ့ကိုတွယ်တာမိချိန် ဖွင့်ပြောစဉ် မှာ သူ့ ရက်ရက်စက်စက်ပြောထွက်ခဲ့တာလေ။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခန်း Phone ခေါ်တော့လည်း ကိုင်မည့်လူမရှိ (ညီက ခရီးထွက်သွားတာ ပြန်မရောက်သေး)။ သူလိုက်သွားကြည့်တော့လည်း လူမရှိသည့်တိုက်ခန်းက မှောင်မည်းတိတ်ဆိတ်ကာ ဖုန်တွေပင် တက်နေချေပြီ။

Hotel ကိုရော. . . သူမ အလုပ်လာမဆင်းပါလေ။ ကမ္ဘာ့ထီတစ်လှည့် Hotel တစ်လှည့် သွားနေရတာမို့ ပင်ပန်းသော်ငြား အကြောင်းမဟုတ်။ အကြောင်းက လွန်းနန္ဒာအောင် ပျောက်ကွယ်သွားတာက အဓိကကျနေတာပါ။

ဘယ်ဆီကိုများ ရောက်နေသလဲ၊ နည်းနည်းလောက်သည်းခံပါဦးလား။ အရင်လို သူငေါက်လိုက်တိုင်း နှုတ်ခမ်းရှုံ့ မျက်ရည်ဝဲရုံထက် မပိုတဲ့အမူအရာကိုတောင် လုပ်မပြနိုင်တော့ဘူးပေါ့လေ။

ငါ ဘယ်လိုရှာရမှာလဲ လွန်းနန္ဒာ. . .

"ကိုကြီး"

"ဟင်"

ခရီးက ပြန်ရောက်ရောက်ချင်း သူ့ထံရောက်လာသည့်





ညီကို ဝမ်းသာအားရကြိုလိုက်မိ၏။ ဆက်တိုက်မှ ရုတ်တရက် ထလိုက်တာမို့ တုတ်ကောက်ကို အားမပြုမိဘဲ ယိုင်ထိုးသွားတာမို့ ညီက သူ့ကိုပြေးကူ ဖေးမပေးလေသည်။

ဒုက္ခိတဘဝပါကွယ်. . . ဒီလိုဘဝနဲ့ လူတောမတိုးနိုင်ဘူးလို့ယူဆပြီး 'မေ့'ရဲ့စွန့်ပစ်ကွာရှင်းခြင်းကို ကိုယ်ခံခဲ့ရတာပါ။ ဒါဖြင့် အသက်ကရော, နားသယ်စပ်မှာ ဘော်ငွေရောင်ဆံစတွေ ကျို့တို့ကျဲတဲထိုးထွက်နေတဲ့လူကြီးကိုမှ ချစ်သတဲ့။

ဘယ်လိုအမြင်မျိုးနဲ့ ကြည့်ခဲ့ပါသလဲ. . .

"ဖြည်းဖြည်း ကိုကြီး. . . ဖြည်းဖြည်း။ ထိုင်နေရင် ရရဲ့သားနဲ့ ဘာဖြစ်လို့ ထရတာလဲ။ ကျွန်တော် ရောက်ပြီပဲဟာ"

"ညီ. . . ညီ"

ခရီးရောက်မဆိုက် ပြန်ရောက်လာသည့်ညီကို ဒီသတင်း မည်သို့ပြောရမည်နည်း။ အားကိုးရာဆိုပြီး ကိုယ့်ကိုယ်ကို မတ်မတ်ရပ်ခဲ့တဲ့လူက အခုတော့ ခွန်အားတွေ ဆုတ်ယုတ်နေသည့်နှယ်လေ။ ခုံမှာ ပြန်ထိုင်လိုက်မိစဉ် နှုတ်ဖျားမှ တီးတိုးပြောမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မရှိတော့ဘူး"

"ဗျာ!. . . ဘာမရှိတာလဲ ကိုကြီးရဲ့"

"လွန်းနန္ဒာ"

"ညီမလေး မရှိတော့ဘူး၊ ဘာဖြစ်လို့လဲ"

"ပြဿနာအကြီးအကျယ်ဖြစ်တယ်၊ ငါ့ခေါင်းတွေ ထူပူနေပြီ"

"စိတ်အေးအေးထားပါ ကိုကြီးရဲ့၊ ဖြည်းဖြည်းပြောပါ"

"တိုက်ခန်းမှာလည်း မရှိတော့ဘူး၊ အလုပ်ကိုလည်း မလာဘူး၊ Phone လည်း လုံးဝဆက်လို့မရဘူး။ ဒီမှာ အရမ်းစိတ်ပူနေပြီ"

ညီနန္ဒအောင် စိတ်ထဲမှ ပြုံးလိုက်မိ၏။ လွန်းအကြောင်း သူ့ဆီ Phone ဆက်ပြောစဉ်ကတော့ ညီမဖြစ်သူကို အတော်စိတ်ဆိုးမိခဲ့တာလေ။ လူကြီးကို မရိုမသေပြောထွက်လို့ ကရုဏာဒေါသတွေ ဖြစ်ခဲ့ရတာပါ။

အခု လူကြီးကိုယ်တိုင်က ညီမလေးအပေါ်မှာ စေတနာတွေ ရေစီးကမ်းပြိုသလိုဖြစ်နေတော့တာကို။





"ရှာပေးပါဦး၊ ငါရှာတာလည်း နှံ့နေပြီ"

"သူဘယ်မှာရှိသလဲဆိုတာ ကျွန်တော် သိပါတယ် ကိုကြီးရဲ့။ သိပ်လည်း စိတ်ပူမနေပါနဲ့"

"တကယ်လား"

"ဟုတ်ကဲ့, ကျွန်တော်တစ်ယောက်လုံး ရှိနေသေးတာ၊ သူထင်ရာ ဘယ်စိုင်းပါ့မလဲ ကိုကြီးရယ်။ ရှူးရှူးမိုက်မိုက်အရွယ်လေးမှ မဟုတ်တော့တာကို"

"သွားရအောင်"

"ဘယ်ကိုလဲ"

"သူ့ဆီကိုပေါ့၊ မင်းပဲသိတယ်ဆို"

ကဲ, မပြောချင်တော့ပါဘူး။ ခရီးပန်းလာတဲ့လူကို ပေးမနားဘဲ ဆက်ခိုင်းနေတော့တာလေ။ ဩော်, အချစ်က အရာရာကို မမြင်ရလေအောင် ဖုံးကွယ်ထားနိုင်စွမ်းရှိသည့်ကိုး။

"ငါက. . . ငါက စေတနာနဲ့ သူတို့ချစ်သူနှစ်ယောက်ကို ပေါင်းဖို့လုပ်ပေးတာ၊ ဝေဒနာပဲဖြစ်တယ်"

ကားပေါ်တက်ရင်း ပြောသည့်စကားကလည်း [illegible]



www.burmeseclassic.com

www.burmeseclassic.com



တိကပေါက်ချာ။ စိတ်တွေ ယောက်ယက်ခတ်နေတယ်ဆိုတာ ဒါမျိုးကိုခေါ်တာပဲ ထင်ပါရဲ့။ ပြောတော့ဖြင့် ကြီးကြီးကျယ်ကျယ်၊ အငယ်တွေကို ဆုံးမပြီး ဦးဆောင်နိုင်တဲ့ခေါင်းဆောင်လို မော်ဝင့်လို့။ ခုတော့ စစ်ရှုံးတဲ့သုံ့ပန်းလို အချစ်ဆိုတဲ့နတ်ဆိုးရဲ့ခြေရင်းမှာ သူ ဝပ်တွားခယနေရပါရောလား။

"လွန်းက မိုးယံပိုင်ကို လွန်ခဲ့တဲ့ (၈)နှစ်ကတည်းက မေ့သလောက်ဖြစ်နေပါပြီ ကိုကြီးရဲ့။ ကျွန်တော်လည်း သူစိတ်ပြောင်းနေတာကို မရိပ်မိသေးဘူး. . . ဖြည်းဖြည်းချင်းမှ သိလာတာ။ သူ, ကိုကြီးကိုစွဲလန်းနေပြီဆိုတဲ့အကြောင်းပေါ့"

ခပ်မဲ့မဲ့လေး ပြုံးလိုက်မိပါ၏။ မတန်ဘူးလို့ ကိုယ်က ယူဆမိခဲ့တာ မင်းကိုငဲ့လို့ပါ။ အခုတော့ မင်းက မင်းကိုယ်မင်း သိမ်ငယ်စိတ်နဲ့ တကယ်ပဲ ရှောင်ပုန်းသွားရတယ်လို့။ ခက်ပါ့, လွန်းနန္ဒာရယ်။

"ရောက်ပြီ"

ရင်ထဲ ထိတ်ခနဲဖြစ်သွားရ၏။ ဒါ သူလျှို့ဒါန်းထားတဲ့ မိဘမဲ့ကလေးပြုစုစောင့်ရှောက်ရေးဂေဟာပါလား။ ကြည့်စမ်း!





သူမ ဒီမှာရှိနေလိမ့်မယ်လို့ သူ ဘာလို့မတွေးမိခဲ့တာပါလိမ့်။

ကလေးတွေ ပြေးလွှားဆော့ကစားနေသည့်မြင်ကွင်းကို ကြည့်ရင်း ဝင်းထဲ ဝင်လာခဲ့၏။ သစ်ပင်ရိပ်အောက်မှာ ကော်ဇောခင်းလျက် ပုံပြင်နားထောင်နေသည့်အုပ်စုလေးရှိရာဆီ သူ ဖြည်းဖြည်းချင်း လျှောက်လာခဲ့မိသည်။

ဆံပင်တိုလေးတွေက လေတိုက်လိုက်တိုင်း လွင့်ခနဲဖြစ်ကာ မသေမသပ်လေး ပြန့်ကျလေ၏။ လက်ဟန်ခြေဟန်ဖြင့် ပုံပြင်ပြောနေသည့် သူမမျက်နှာထက်မှာ အပြုံးတို့ ဝေဆာလို့ပါလေ။

အဘယ်မျှချစ်စရာကောင်းလိုက်ပါသလဲ။ မျက်နှာအမူအရာကြည့်ရုံမျှဖြင့် အတွင်းစိတ်ဖြူစင်မှုကို သိသာစေတာလေ။ သူမရင်ခွင်ထဲမှာ ကလေးတစ်ယောက် ထိုင်နေသလို, တင်ပလ္လင်ချိတ်ထိုင်ထားသည့်ပေါင်ပေါ်မှာ လက်ထောက်ပြီး မှောက်လျက်လေး လှဲနေသည့်ကလေးက နှစ်ယောက်။ ရှေ့မှာစုပြုံပြီး ထိုင်နေသည့်ကလေးတွေကလည်း အားလုံးပင် ဆယ်ယောက်မကပါချေ။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် သူရှိရာဆီ လှမ်းကြည့်လိုက်သည့်မျက်နှာ၊ အံ့သြမင်သက်သွားသည့်အပြုံး၊ တောက်ပလင်းလက်လာသည့် မျက်ဝန်းများ။ ပြီးနောက် ကလေးတွေကို တစ် စုံတစ်ခုပြောလိုက်ပြီး ဖိနပ်ပင် မစီးတော့ဘဲ သူ့ထံပြေးလာသည့်မိန်းကလေးကို ဝမ်းသာလှိုက်လှဲမှု၊ နွေးထွေးကြင်နာမှု၊ ယုယတွယ်တာမှုတို့ဖြင့် ဆီးကြိုထွေးဖက်ထားလိုက်မိတော့၏။ ။

ပြီးပါပြီ။



'အချစ်' ဆိုတာ
ပေးသူက ပေး
ယူသူက ယူပြီး
သာတူညီမျှ ရှိနေမှသာ
သစ္စာ အပြစ်
တည်မြဲနိုင်မယ်မှန်း
'မောင်'
သိနိုင်ပါစေ

www.burmeseclassic.com